The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .12, NO .24 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 25 , 2012



## ဈေးကွက်ရှိသည့် မြေပဲများ စိုက်ပျိုးထုတ်လုပ်၍

## အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး နည်းလမ်းများကြံဆကြိုးပမ်းဖို့ အချိန်တန်

စာ - 14





3
Automatic လိုင်စင်စနစ်နဲ့ စီးပွားရေးကျင့်ဝတ်

4
တရုတ်နိုင်ငံက ထိုင်းဆန်တန်ချိန် တစ်သန်း ပိုမိုဝယ်ယူသွားမယ်

6
ပါကစ္စတန်မှာ ကုလားပဲဈေး စတင်ကျဆင်းလာ

17
တစ်ရက် ကြံတန် ၄၀၀၀ နဲ့ ၆၀၀၀ ကြား
ကြိတ်ဝါးနိုင်မယ့် ခေတ်မီသကြားစက်ကို AFTA အမီ တည်ဆောက်မယ်







စာ - 20

## အာဆီယံ- ဂျပန် နှင့် အာဆီယံ - ကိုရီးယား ကုန်စည်ပြပွဲများ

Graphic Design Kaung Si Thar

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် ငွေကြေးနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကျင်းပ



ရခိုင်ပြည်နယ်အတွင်းရှိ အတိဒုက္ခရောက်နေသော ဒေသခံပြည်သူများအတွက် ငွေကြေးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကုန်သည်/စက်မှု အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း အထွေထွေအတွင်းရေးမှူး ဦးခင်မောင်အေးနှင့် ဗဟို အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူများနဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ အလှူရှင်များ စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ကြပါသည်။

အဆိုပါ အခမ်းအနား၌ ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မှ အမှာစကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်မှစပြီး၊ ဖြစ်ပွားခဲ့တဲ့ ဆူပူအကြမ်းဖက်သူများကြောင့် အခက်အခဲများနဲ့ ကြုံတွေ့နေရတဲ့ ဒေသခံ ပြည်သူများ လတ်တလော ရပ်တည်နေထိုင် စားသောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး၊ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဒါ့အပြင် ဒေသခံ ပြည်သူများအတွက် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဖြည့်ဆည်း ထူထောင်ဆောင်ရွက်ပေးဖို့ လိုအပ်တဲ့အတွက် နိုင်ငံတော်အစီအစဉ်များ၊ ချမှတ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရ အနေဖြင့် ရခိုင်ပြည်နယ်အတွက် ဆူပူအကြမ်းဖက်မှုများကို တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အခြေအနေမှာ ပြန်လည်တည်ငြိမ် အေးချမ်းလျက် ရှိနေပါကြောင်း၊ဒီအခြေအနေကိုပိုမိုကောင်းမွန်အေးချမ်းသော အခြေအနေများ ဖြစ်ပေါ်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ ဒီအတွက် ပြည်သူတစ်ရပ်လုံးမှ တည်ငြိမ်အေးချမ်းရေးအတွက် အားလုံး တက်တက်ကြွကြွ ပါဝင် ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ် အေးချမ်းမှု ပျက်ပြားမှုကြောင့် နစ်နာဆုံးရှုံးခံရတဲ့ ဒေသခံ ပြည်သူများသို့ လတ်တလော နေထိုင်စားသောက်ရေး အဆင်ပြေစေရေးနဲ့ ရေရှည် ပြန်လည်တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးစီးပြီး၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ညီနောင်အသင်းအဖွဲ့များ၊ပုဂ္ဂလိကအလှူရှင်များမှ စာနာထောက်ထားပြီး၊ စေတနာအပြည့်အဝဖြင့် လှူဒါန်းခြင်း ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း အတတ်နိုင်ဆုံးပံ့ပိုး ကူညီထောက်ပံ့သွားမှာဖြစ်ပါကြောင်းပြောကြားပါသည်။ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေမှ အမှာစကား ပြောကြားရာတွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် အခက်အခဲများ ကြုံတွေ့နေရတဲ့ ဒေသခံပြည်သူများအတွက် ကုန်သည်စက်မှု အသင်းချုပ်နှင့် မြန်မာနိုင်ငံ ဘဏ်များအသင်းတို့မှ ဦးဆောင်၍ငွေကြေးနှင့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခြင်းမှာ အလွန်ပင် အားရကျေနပ်ဖွယ်ဖြစ်ပြီး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူအားလုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ လိုကြောင်းပြောကြားခဲ့ပါသည်။လှူဒါန်းသည့် ငွေကြေးအပြင် ပစ္စည်းမျိုးစုံ ဖြစ်သော ဆန်၊ ဆီနဲ့ စားသောက်ကုန်မျိုးစုံ၊ ဆေးမျိုးစုံ၊ ဆပ်ပြာ၊ ဖိနပ်နှင့်အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများပါဝင်ပြီး လက်ရှိ ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နေတဲ့ မီးသတ်နဲ့ ကြက်ခြေနီ အပါအဝင် စေတနာ ဝန်ထမ်းများအတွက် ကျန်းမာရေးနဲ့ လုပ်ငန်းများ လုပ်ဆောင်ရာမှာအထောက်အကူ ပြုစေဖို့ လက်အိတ်(၂၀၀)တို့ကိုလည်း လှူဒါန်းပေးအပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယ ဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရခိုင် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ သံအမတ်ကြီး (ငြိမ်း)ဦးလှမောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနဲ့ ကုန်သည်စက်မှု အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့မှ လက်ခံခဲ့ကြပြီး၊ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ နဲ့ ပတ်သက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပါသည်။

ဆက်လက်၍ အလှူငွေနှင့်ပစ္စည်းများကို လှူဒါန်းခဲ့ရာတွင် မြန်မာနိုင်ငံဘဏ်များအသင်းကိုယ်စား၊ အထွေထွေအတွင်းရေးမှူးနှင့်သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးမှ ကျပ်သိန်း ၃၆၃၀၊ ကုန်သည်/စက်မှုအသင်းချုပ်နာယက ဦးအောင်ကိုဝင်းမှ သိန်း ၁၅၀၀၊ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ နှင့် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်မှ ကျပ်သိန်း ၅၀၀ နှင့် လက်အိတ်အစုံ ၂၀၀၊ ရွှေတောင်ဖွံ့ဖြိုးရေး ကုမ္ပဏီလီမိတက်၏ အမှုဆောင်အရာရှိချုပ် ဦးအောင်ဇော်နိုင်မှ ကျပ်သိန်း ၂၀၀၀၊ ကံကောင်းခြင်း ရတနာကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်စိန်မှ ကျပ်သိန်း ၁၀၀၀၊ Ever Winner ကုမ္ပဏီမှ ကျပ်သိန်း ၁၀၀၀ တို့ကိုလည်းကောင်း၊ ဦးကိုကိုကြီး၊ အုပ်ချုပ်မှုဒါရိုက်တာ (Capital နှင့် Diamond Star ကုမ္ပဏီ)၊ ဦးထွန်းမြင့်နိုင်၊ အုပ်ချုပ်မှုဒါရိုက်တာ (အေးရှားဝေါလ် ကုမ္ပဏီ)၊ ဦးကျော်နိုင်ဦး၊ နာယက( Naing Group ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးကိုကိုထူး၊ ဥက္ကဋ္ဌ (မြန်မာ့ စက်မှုဆိပ်ကမ်းကုမ္ပဏီ)နှင့် ဦးနေဝင်းထွန်း၊ ဥက္ကဋ္ဌ၊ (သတ္တုနှင့်သယံဇာတရေးရာကော်မတီ၊ အမျိုးသားလွှတ်တော်)၊ ဦးကိုကိုထွေး၊ ဥက္ကဋ္ဌ (တော်ဝင်မိသားစုကုမ္ပဏီ) တို့မှ ကျပ်သိန်း ၅၀၀ စီကို လည်းကောင်း၊ ဒေါက်တာမြဟန် ဥက္ကဋ္ဌ ( Fortune International ကုမ္ပဏီ)၊ ဦးချစ်ခိုင်၊ ဥက္ကဋ္ဌ (ဒေင်ဂရုဖ်ကုမ္ပဏီ)၊ ဦးသိန်းဝင်း+ဒေါ်နီနီ သားသမီးမြေးတစ်စု (ရွှေသံလွင် မိသားစု ကုမ္ပဏီ)နှင့် ကျောက်မျက် လုပ်ငန်းရှင်များအသင်းတို့မှ ကျပ်သိန်း ၃၀၀ စီကိုလည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်သန်းဦးမှ ကျပ်သိန်း ၂၈၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၀၀၊ မြန်မာနိုင်ငံဆီ ကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ကိုယ်စား ဥက္ကဋ္ဌ ဦးသိန်းဟန်မှ ဆီပိဿာ ၁၁၀၀ အပါအဝင်၊ ကုန်သည်/စက်မှုအသင်းချုပ်လက်အောက်ရှိ ညီနောင်အသင်း အဖွဲ့များနှင့် လုပ်ငန်းရှင် စုစုပေါင်း (၆၁)ဦးတို့မှ ငွေသား အလှူငွေကျပ် ၁၅၀၃၂ ဒသမ ၅ သိန်းနှင့် ပစ္စည်းတန်ဖိုး ကျပ် ၁၃၄၀ ဒသမ ၄၆ သိန်းအပါအဝင် စုစုပေါင်း တန်ဖိုးကျပ် ၁၆၃၇၂ ဒသမ ၉၆ သိန်း လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## Automatic လိုင်စင်စနစ်နဲ့ စီးပွားရေးကျင့်ဝတ်

နိုင်ငံတစ်ခုရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ကုန်သွယ်မှုကဏ္ဍကို Engine oF Growth လို့တောင် တင်စားကြပါတယ်။ ဒါ့ကြောင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများက တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့မှုတွေဆောင်ရွက်ပေးနေသလို၊ နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းများရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့လည်း လိုက်လျောညီထွေဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်ထဲကပဲ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပို့ကုန်နဲ့သွင်းကုန် အမယ်အချို့ကို Automatic လိုင်စင်စနစ်နဲ့ ဆောင်ရွက်ပေးနေပြီလို့ ဝမ်းသာဖွယ်ရာ ကြားသိရပါတယ်။ ဒါနဲ့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန်ရှိသူ တစ်ဦးကို စုံစမ်းကြည့်တော့ "Automatic လိုင်စင်စနစ်ဆိုတာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ အာဆီယံရဲ့ သဘောတူညီချက်တွေအရ လုပ်နေတာပါ။ အပြင်မှာ တချို့က ဒီလုပ်ငန်းရဲ့သဘောသဘာဝကိုမသိဘဲ ပြောနေတာတွေရှိပါတယ်။ Automatic လိုင်စင်စနစ်ဆိုတာ လိုင်စင်လျှောက်စရာမလိုတော့ဘူးဆိုပြီး မှားပြီးပြောနေကြတာတွေ ရှိပါတယ်။ တစ်ကယ်တော့ Automatic လိုင်စင်စနစ်ဆိုတာ လိုင်စင်လျှောက်ထားမှုပေါ်မှာ စိစစ်ဆောင်ရွက်တဲ့ အချို့ကိစ္စရပ်တွေကို လျှော့ပေါ့ပေးလိုက်တဲ့ သဘောပါ။ အဓိက ကတော့ ဈေးနှုန်းနဲ့ အရေအတွက်ကို သက်ဆိုင်ရာကုမ္ပဏီကလျှောက်တဲ့အတိုင်း ခွင့်ပြုပေးတာပါ"လို့ ရှင်းပြပါတယ်။

သူကပဲ ဆက်ပြီး "အရင်တုန်းက ဈေးနှုန်းတို့၊ အရေအတွက်ကို စိစစ်ရတာလည်း အချို့လုပ်ငန်းရှင်တွေက အခွန်ရှောင်လိုတဲ့သဘောနဲ့ နိုင်ငံတကာပေါက်ဈေးတွေထက် ဈေးလျှော့ပြီး ပို့ကြ၊ သွင်းကြတာတွေရှိလို့ လိုအပ်ချက်အရ စိစစ်ခဲ့တာပါ"လို့ဆိုပါတယ်။

အခု Automatic လိုင်စင်စနစ်ကျင့်သုံးတော့ ဈေးနှုန်းတွေ မှန်မှန်ကန်ကန်နဲ့ လျှောက်လာပြီလားလို့မေးတော့ "အများစုကတော့ မှန်မှန်ကန်ကန် ဆောင်ရွက်ပါတယ်။အချို့ကတော့ ဒီလိုဖြေလျှော့ပေးတာကို ကိုယ်ကျိုးအတွက် အသုံးချတဲ့သဘောတွေ တွေ့နေရပါတယ်။ ဥပမာအနေနဲ့ပြောရရင် သွင်းကုန်ပိုင်းမှာ ကုမ္ပဏီအတော်များများက ကိုယ်တင်သွင်းနေကြ ပစ္စည်းကိုပဲ သွင်းတာများပါတယ်။ ဒီပစ္စည်းအမယ်ကိုပဲ Automatic လိုင်စင်စနစ်နဲ့လျှောက်တော့ အရင်မူလလျှောက်တဲ့ဈေးရဲ့ ၁၀ ရာခိုင်နှုန်းတောင် မရှိတဲ့ဈေးနဲ့ လျှောက်လာတာတွေ့ရတယ်။ အချို့ကတော့လည်း အရင်ပုံမှန်လျှောက်တဲ့ ဈေးရဲ့တစ်ဝက်ကိုပဲ လျှောက်ကြတယ်။ ဌာနကတော့ လျှောက်တဲ့အတိုင်း လိုင်စင်ခွင့်ပြုပေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုမဖြစ်သင့်တဲ့ ဈေးတွေနဲ့ လျှောက်တဲ့ကိစ္စရပ်တွေကို အကောက်ခွန်ဦးစီးဌာနကိုပေးပို့ပြီး သဘောထားမှတ်ချက် ရယူဆောင်ရွက်နေပါတယ်"လို့ရှင်းပြပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ အဆင့်လိုက်ချမှတ်ဆောင်ရွက်နေချိန်မှာ ဌာနဆိုင်ရာတွေပိုင်းက အချိန်အခါအလိုက် အဆင့်လိုက် ပြုပြင်ပြောင်းလဲမှုတွေဖော်ဆောင်နေတာ တွေ့ရပါတယ်။ ဒီအချိန်မှာ လုပ်ငန်းရှင်ပြည်သူအပိုင်းကလည်း ပြုပြင်ပြောင်းလဲမှု လမ်းကြောင်းပေါ်မှာ စီးပွားရေး ကျင့်ဝတ် သိက္ခာနဲ့အညီ ပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် Reform Process က အောင်မြင်မယ်လို့ယုံကြည်ကြောင်းပါခင်ဗျား။

**ဆြာသန်း**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်းအဖွဲ့**
မောင်တိုင်ပင်၊ အောင်စိုး(MPM)
**စာတည်းမှူးချုပ်**
သန်းအောင်ကျော်
**တွဲဖက်စာတည်းမှူးချုပ်**
ဝင်းမြင့်
**အုပ်ချုပ်ရေးမှူး**
တင်အေး
**စာတည်းအဖွဲ့**
မောင်ပုဆိုးကြမ်း၊
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊
ချိုသက်မှူ၊ ခင်သီတာအေး
**ဘာသာပြန်စာတည်း**
ညဏ်တင်
**လက်ထောက်စာတည်း**
ခင်မောင်မောင်အုန်း၊ ခိုင်ဇာဝင်း၊
နီလာသိန်း၊ ချောစုမာ၊ ခင်ခင်သော်
**သတင်းထောက်များ**
ငှုးငှုး(မန္တလေး)၊ ထွန်းလှိုင်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
မောင်မောင်အေး(ပခုက္ကူ)၊ ဇေခိုင်(တောင်ကြီး)၊
စိုးဦး(ကျုံပျော်)၊ အေးအေးခိုင်(ဟသ်ာတ)၊ TT (ပဲခူး)၊
ဝင်းဝင်းခိုင်(ပြည်)၊ မိမိအေး(ပြည်)၊ ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်) လှဦး(ပြည်)၊
စိုးငြိမ်း(လက်ပံတန်း)၊မင်းအောင်(လှိုင်ကော်)၊ စိုးမြင့်(မော်လမြိုင်)၊
**Proof & Layout Design ကြီးကြပ်**
သီသီချို၊ ဇင်မာ
**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်
**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး
**ဖြန့်ချိရေး**
စိုးသန်း၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃
**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ ခင်စုစုလှိုင်၊ စိမ့်မွန်၊ အိအိဇော်မင်း
ဖြူအိ၊ သီရိဝင်း၊ သိန်းငွေးစိုး၊ မြတ်ဆုလှိုင်၊ ဖြူဖြူအိ
**Layout Design & Graphic Design**
CJ Design Group
ကောမတ်စ်ဂျာနယ် ပုံနှိပ်တိုက်

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၆-၂၀၁၂ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၆၀၅ | ၆၀၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၉၅ | ၅၉၀ | ▽ | ၄၁၀ | ၄၀၅ | ▽ | ၄၂၀ | ၄၂၀ | □ | ၄၆၅ | ၄၆၀ | ▽ |
| ဆန်ဖြူ ၁၀% | - | ၅၇၅ | □ | ၄၀၅ | ၄၀၀ | ▽ | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | ၅၈၀ | □ | ၃၉၅ | ၃၉၀ | ▽ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | - | ၅၇၀ | □ | ၃၇၀ | ၃၆၅ | ▽ | ၃၇၀ | ၃၇၀ | □ | ၄၁၀ | ၄၁၀ | □ |
| ကောက်ညှင်းဆန် | ၆၀၀ | ၆၀၀ | □ | - | - | - | ၅၁၀ | ၅၁၀ | □ | ၄၇၅ | ၄၇၅ | □ |

*Source: riceonline.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၆-၂၀၁၂ ဒေါ်လာ/တန်

| | တောင်အမေရိက | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၇၅ | ၅၇၅ | □ | ၅၈၀ | ၅၈၀ | □ | ၅၈၀ | ၅၈၀ | □ |
| ဆန်ဖြူ ၁၀% | ၅၆၅ | ၅၆၅ | □ | ၅၇၀ | ၅၇၀ | □ | ၅၇၀ | ၅၇၀ | □ |
| ဆန်ဖြူ ၁၅% | ၅၅၀ | ၅၅၀ | □ | - | - | - | - | - | - |

*Source: riceonline.com, reuters*

## နယ်စပ်စခန်းများရှိ ဆန်ဈေးနှုန်းများ

(၂၂-၆-၂၀၁၂) ကျပ်/အိတ်

| စဉ် | စခန်းအမည် | အမျိုးအမည် | ယခုဈေး | ယခင်ဈေး | ပြောင်းလဲမှု | % |
|---|---|---|---|---|---|---|
| ၁ | မူဆယ် | ပေါ်ဆန်း | ၃၉၆၀၀ | ၃၉၆၀၀ | □ | - |
| ၂ | ချင်းရွှေဟော် | ပေါ်ဆန်း | ၄၈၀၀၀ | ၄၈၀၀၀ | □ | - |
| ၃ | မြဝတီ | ဧည့်မထ | ၁၉၂၀၀ | ၁၉၂၀၀ | □ | - |
| ၄ | တာချီလိတ် | ဧည့်မထ | ၂၆၄၀၀ | ၂၇၆၀၀ | ▽ | ၅ |
| ၅ | မြိတ် | ပေါ်ဆန်း | ၃၃၆၀၀ | ၃၃၆၀၀ | □ | - |
| ၆ | ကော့သောင်း | ပေါ်ဆန်း | ၃၈၄၀၀ | ၃၉၆၀၀ | ▽ | ၃ |
| ၇ | စစ်တွေ | ပေါ်ဆန်း | ၂၆၄၀၀ | ၂၆၄၀၀ | □ | - |
| ၈ | မောင်တော | ဧည့်မထ | ၁၆၈၀၀ | ၁၆၈၀၀ | □ | - |
| ၉ | တမူး | ရောမင်း | ၁၆၈၀၀ | ၁၆၈၀၀ | □ | - |

### ပြည်တွင်း ဆန်ပိုဒေသမြို့ကြီးများ၏ (၂၂-၆-၂၀၁၂)ရက်နေ့ ဆန်စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ပြည် | ၃၃၁၂ | □ | ၁၂၇၀၀ | □ | - | - | ၂၄၀၀၀ | □ |
| ပုသိမ် | ၃၃၁၀ | △ | ၁၃၅၀၀ | □ | ၆၁၃၃ | □ | ၂၇၅၀၀ | □ |
| ပဲခူး | ၃၁၀၀ | △ | ၁၂၃၀၀ | △ | ၄၇၀၀ | □ | ၂၁၀၀၀ | □ |
| ရွှေဘို | ၄၀၀၀ | □ | ၁၅၅၀၀ | □ | ၈၀၀၀ | □ | ၂၈၅၀၀ | □ |

### ပြည်တွင်းဆန်လိုဒေသမြို့ကြီးများ၏ (၂၂-၆-၂၀၁၂)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| နေပြည်တော် | ၃၆၀၀ | □ | ၁၄၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ရန်ကုန် | ၃၂၅၀ | □ | ၁၃၅၀၀ | △ | - | - | ၂၂၅၀၀ | □ |
| မန္တလေး | ၃၉၀၀ | □ | ၁၅၅၀၀ | □ | - | - | ၂၆၀၀၀ | □ |
| မကွေး | ၅၀၀၀ | △ | ၁၅၅၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မော်လမြိုင် | ၃၆၀၀ | □ | ၁၄၅၀၀ | □ | ၆၀၀၀ | □ | ၂၃၀၀၀ | □ |
| လွိုင်ကော် | ၄၉၈၀ | □ | ၁၈၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၁၅၀၀၀ | □ | - | - | ၂၆၀၀၀ | □ |
| ဘားအံ | ၃၆၀၀ | □ | ၁၄၅၀၀ | △ | - | - | ၂၂၀၀၀ | △ |
| တောင်ကြီး | - | - | ၁၅၅၀၀ | △ | - | - | ၃၀၀၀၀ | □ |

## တရုတ်နိုင်ငံက ထိုင်းဆန်တန်ချိန် တစ်သန်း ပိုမိုဝယ်ယူသွားမယ်

တရုတ်ပုဂ္ဂလိကကုန်သည်များက ထိုင်းဆန်တန်ချိန် ၃ သိန်းဝယ်ယူထားပြီးတဲ့အပြင် ယခုနှစ်ထိုင်းနိုင်ငံနဲ့ အစိုးရအချင်းချင်း ကုန်သွယ်မှုတစ်ခုအရဆန်တန်ချိန်တစ်သန်းထက်မနည်း ဝယ်ယူဖို့ တရုတ်နိုင်ငံက သဘောတူညီကြောင်း ထိုင်းစီးပွားကူးသန်းဝန်ကြီးဌာနမှ ထုတ်ပြန်ပြောကြားပါတယ်။ တရုတ်နိုင်ငံဟာ ထိုင်းနိုင်ငံမှာ အခြေခံအဆောက်အဦလုပ်ငန်းများ ချဲ့ထွင်ဖို့နဲ့ ထိုင်းနိုင်ငံအတွင်းမှာ အများပြည်သူဆိုင်ရာ ရေမီး ဖြန့်ဖြူးရေးလုပ်ငန်းတွေမှာလည်း စိတ်ဝင်စားနေတယ်လို့ ထိုင်း စီးပွားကူးသန်း ဝန်ကြီးမှ ထုတ်ဖော်ပြောကြားပါတယ်။

တရုတ်နိုင်ငံက ထိုင်းမှာ အခြေခံအဆောက်အဦဆိုင်ရာ စာချုပ်များချုပ်ဆိုစဉ်က ပါဝင်တဲ့အချက်တွေ့နဲ့ အညီ ယခုနှစ်မှာ ထိုင်းဆန်တန်ချိန် တစ်သန်းထက် ပိုမိုဝယ်ယူဖို့ သဘောတူညီခဲ့ပြီးကြောင်း ဝန်ကြီးကဆိုပါတယ်။ ဒ့ါအပြင် နှစ်စဉ် တရုတ်နိုင်ငံကို ထိုင်းဆန်တန်ချိန် ၂ သန်းရောင်း ချရမယ့် စာချုပ် အပြီးသတ် ရေးဆွဲမယ့် ၂ နိုင်ငံအကြား ပူးတွဲလုပ်ငန်းအဖွဲ့ တစ်ခုကိုလည်း မကြာမီ ဖွဲ့စည်းမှာဖြစ်ကြောင်း ပြောကြားပါတယ်။

ပြည်တွင်း အပေါင်ခံအစီအစဉ်အရ ဝယ်ယူဈေး မြင့်တက်မှုကြောင့် ယခုနှစ်ထိုင်းဆန်တင်ပို့မှု ကျဆင်းခဲ့ရာ ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၈ ရက်အထိ တင်ပို့မှု ပမာဏဟာယခင်နှစ်တင်ပိုခဲ့တဲ့ တန်ချိန် ၅ ဒသမ ၄၈ သန်းကနေ တန်ချိန် ၃ ဒသမ ၀၄ သန်းကို ၄၄ ရာခိုင်နှုန်းနီးပါးကျဆင်းခဲ့ပါတယ်။ **လမင်း၊ Source:oryza.com**

## ထိုင်းနိုင်ငံ စပါးအပေါင်ခံအစီအစဉ်ကြောင့် ဈေးနှုန်းကြီးမြင့်မှုအရ ထိုင်းဆန်တင်ပို့သူများ ကမ္ဘောဒီးယားမှာ လုပ်ငန်းချဲ့ထွင်လာ

ထိုင်းနိုင်ငံရဲ့ ဆန်စပါးအပေါင်ခံအစီအစဉ်ကြောင့် နိုင်ငံတကာဈေးကွက်မှာ ထိုင်းဆန်များယှဉ်ပြိုင်နိုင်ခြင်း မရှိတော့လို့ ထိုင်းဆန်တင်ပို့သူများဟာ ဆန်တင်ပို့နိုင်ရေး အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံမှာ လုပ်ငန်းချဲ့ထွင်လာကြပါတယ်။ အစိုးရက တောင်သူတွေကို ဈေးမြင့်ပေးပြီး စပါးဝယ်ယူတဲ့ အတွက် ထိုင်းဆန်တင်ပို့သူတွေအနေနဲ့ ထိုင်းဆန်ကို များများ ဝယ်ယူဖို့ရော၊ ရောင်းချဖို့ရော မလုပ်နိုင်ဖြစ်လာကြတယ်လို့ ဆန်တင်ပို့သူများက ဆိုပါတယ်။

အပေါင်ခံအစီအစဉ်ကို ၂၀၁၃ တိုင် ဆက်လက် လုပ်ဆောင်နေမှာဖြစ်ပြီး၊ လက်ရှိဝယ်လက်ဈေးကွက် အတွင်းကို ထိုင်းဆန်တွေရောင်းချဖို့ အလျှင်မလိုဘူးလို့ ထိုင်းအစိုးရက ဆိုပါတယ်။ ဒါပေမဲ့ အစိုးရက ချမှတ်ထားတဲ့ စောင့်ကြည့်မှုဝါဒကို ထိုင်းဆန်တင်ပို့သူများ မပါဝင်ကြဘူးလို့ ဆိုပါတယ်။ အဲဒီ အစားဆန်တင်ပို့သူများ အနေနဲ့ ဆန်ဈေးချိုတဲ့ ကမ္ဘောဒီးယားနိုင်ငံရဲ့ဆန်ကြိတ်ခွဲမှုလုပ်ငန်းတွေမှာ အကျိုးအမြတ်ရဖို့ ကြိုးစားနေကြတယ်လို့ သိရပါတယ်။

ကမ္ဘောဒီးယားနိုင်ငံက ၎င်းတို့ရဲ့ဆန်အရည်အသွေးကို ထိုင်းနဲ့ဗီယက်နမ်ဆန်တွေထက်ပင် ပိုသာအောင် မြှင့်တင်ပေမဲ့ နိုင်ငံအတွင်းမှာရှိတဲ့ ဆန်စက်နဲ့ပြုပြင်ထုတ်လုပ်တဲ့ အဆောက်အဦများကတော့ ထိုင်းနဲ့ဗီယက်နမ် တို့ထက် နောက်ကျ ကျန်နေသေးတယ်လို့သိရပါတယ်။ ထိပ်တန်း ပုဂ္ဂလိကဆန်တင်ပို့သူများထဲမှ တစ်ဦးမှာ ကမ္ဘောဒီးယားနိုင်ငံမှာ ဆန်စက်တစ်လုံးတည်ဆောက်နေပြီဖြစ်ပြီး၊ လာမယ့်နှစ်မှာ ၎င်းစက်မှ ဆန်များကို စတင် တင်ပို့နိုင်တော့မှာ ဖြစ်ပါတယ်။ အများစုကို ဥရောပနိုင်ငံကို တင်ပို့မယ်လို့သိရပါတယ်။

ယင်းဆန်စက်အသစ်မှ ၂၀၁၃ မှာ ဆန်တန်ချိန် တစ်သန်းခန့် ထုတ်လုပ်မယ်လို့ ဆန်တင်ပို့သူများမှဆိုပါတယ်။ ၎င်းတို့အနေနဲ့ ကမ္ဘောဒီးယားဆန်ကို အခွန်ကင်းလွတ်ခွင့်ပြုထားတဲ့ အီးယူအတွင်း ဈေးကွက်ရှာဖွေဖို့ မျှော်လင့်ထားကြောင်းလည်း ပြောကြားပါတယ်။

**လမင်း**

*Source: oryza.com*

## ဗီယက်နမ်မှ ဆန်တန်ချိန် ၁၀၀၀၀၀ တင်သွင်းသည့် ဖိလစ်ပိုင်

ဗီယက်နမ်တောင်ပိုင်း ကောက်ပဲသီးနှံကော်ပိုရေးရှင်း (Vina Food Z) က ဆန်တစ်တန်ကို အမေရိကန် ဒေါ်လာ ၄၀၀ နဲ့ ဖိလစ်ပိုင်နိုင်ငံကို တန်ချိန် ၁၀၀၀၀၀ တင်ပို့ဖို့ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သတင်းရရှိပါတယ်။

ဗီယက်နမ် သတင်းဌာန ကိုယ်စားလှယ်ရဲ့ အစီရင်ခံစာအရ ယခုလနောက်ပိုင်းမှာ အများစုကို သင်္ဘောနဲ့ တင်ပို့နိုင်ဖို့ မျှော်မှန်းထားကြောင်း ဖော်ပြထားပါတယ်။ ဗီယက်နမ်တောင်ပိုင်း ကောက်ပဲသီးနှံကော်ပိုရေးရှင်းက ယခုနှစ်ပို့ကုန်တန်ချိန် ၅၀၀၀၀၀ တင်ပို့ဖို့ နိုင်ငံတော်အနေနဲ့ စီမံထားရာ နောက်ထပ်တန်ချိန် ၂၀၀၀၀ တင်ပို့ရေး စာချုပ်ချုပ်ဆိုဖို့ မျှော်လင့်နေပါတယ်။

နှစ်နိုင်ငံအစိုးရသဘောတူညီချက်တွေအရ ဗီယက်နိုင်ငံမှ ဆန်တွေကို ဖိလစ်ပိုင်ကို စာချုပ်ပါအတိုင်းပုံမှန် တင်ပို့လျက်ရှိပါတယ်။ ဒါပေမဲ့ ဈေးနှုန်းယှဉ်ပြိုင်နိုင်ဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ကိုယ်တိုင်ဈေးကွက်ရှာဖွေဖို့ ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ အစိုးရရဲ့ စာချုပ်ချုပ်ဆိုမှုမူဝါဒကို လွန်ခဲ့တဲ့ (၂)နှစ်ကျော်ကတည်းက ပြောင်းလဲခဲ့ပြီးဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံအနေနဲ့ မေလမှာ တန်ချိန် ၇၈၈၂၉၆ တင်ပို့ခဲ့ပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီ နောက်ပိုင်း အမြင့်မားဆုံး တင်ပို့ နိုင်ခဲ့တဲ့လလည်း ဖြစ်တယ်။ ဗီယက်နမ်ရဲ့ ဆန်တင်ပို့မှုမှာ ယခုနှစ် ပထမ(၅)လအတွင်းတန် ၂ ဒသမ ၅ သန်းအထိ တင်ပို့ ခဲ့ပြီးလည်းဖြစ်တယ်။

*ပပ၊ Source: internet*

## အိန္ဒိယအစိုးရက စပါးရဲ့ အနိမ့်ဆုံးထောက်ပံ့ဝယ်ဈေးကို တိုးမြှင့်

အိန္ဒိယအစိုးရက လယ်သမားတွေဆီမှ စပါးဝယ်ယူရာမှာ ပေးတဲ့အနိမ့်ဆုံး ထောက်ပံ့ဈေး (Minimum Support Prices-MSP) ကို ၁၆ ရာခိုင်နှုန်း (ဒါမှမဟုတ်) တစ်ကွမ်တယ်လ်ကို ၁၇၀ ရူပီး (သို့) တစ်တန်ကို ကန်ဒေါ်လာ ၃၀ တိုးမြှင့်ပေးလိုက်တယ်။ ဒါကြောင့် Grade A အဆင့် စပါးတစ်တန်ကို အိန္ဒိယရူပီး ၁၂၈၀ (တစ်တန်ကို ကန်ဒေါ်လာ ၂၃၀ ဝန်းကျင်) အထိပေးပြီး ဝယ်ယူသွားမှာဖြစ်တယ်လို့ သိရတယ်။

ဒါပေမဲ့ ဆန်အတွက် MSP နှုန်းထားက အခြားသီးနှံတွေအတွက်ပေးတဲ့ MSP နှုန်းထားထက် နည်းတယ်လို့ သိရတယ်။ အိန္ဒိယပြည်တွင်းဆန်သိုလှောင်ထားမှု မြင့်မားခြင်း၊ MSP နှုန်းထား အနည်းငယ်သာတိုးပေးခြင်းနဲ့ နိုင်ငံတကာ ဆန်ဈေးနှုန်းတွေ အားနည်းနေခြင်းတို့က အိန္ဒိယလယ်သမားတွေကို စပါးတိုးမြှင့်စိုက်ပျိုးလိုစိတ်ကို အားနည်းစေလိမ့်မယ်လို့ သုံးသပ်ကြတယ်။

*Source:oryza.com၊ ပပ*

## မတ်ပဲ

### မတ်ပဲတင်ပို့မှု တန် တစ်သောင်းအောက်ကို လျော့ကျလာ

ပင်လယ်ရေကြောင်းက မတ်ပဲတင်ပို့မှုမှာ ယခုတစ်ပတ်အတွင်း တန်တစ်သောင်းအောက်ကို လျော့ကျလာခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၁၂၀၀၀ ကျော်တင်ပို့ခဲ့ရာမှ ယခုတစ်ပတ် (ဇွန် ၁၁-၁၅ ရက်) အတွင်းမှာ တန်ချိန် ၉၁၀၀ ကျော်သာ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်သီတင်းပတ်များက ပြည်ပအဝယ်လျော့ကျတဲ့အတွက် ယခုသီတင်းပတ်တွေမှာ တင်ပို့မှုကျဆင်းလာတာ ဖြစ်ပါတယ်။ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်ဇွန် ၁၅ ရက်အထိမတ်ပဲစုစုပေါင်း တင်ပို့ ပြီးစီးမှုမှာ တန်ချိန် ၁၅၇၀၀၀ ကျော်ရှိပြီး ကန်ဒေါ်လာ ၈၅ သန်း ကျော်ဝင်ငွေ ရရှိကြောင်း သိရပါတယ်။ ယခင်ဘဏ္ဍာနှစ် ကာလတူမှာ တန်ချိန် ၁၅၄၀၀၀ ကျော် တင်ပို့ခြင်းမှ ကန်ဒေါ်လာ ၁၄၀ သန်းကျော်ရရှိလို့ ယခုနှစ်ကာလတူမှာ ပမာဏ အနည်းငယ်ပိုမိုပေမဲ့ ဝင်ငွေမှာ ကန်ဒေါ်လာ ၅၅ သန်းကျော်လျော့ကျကြောင်း သိရပါတယ်။ လက်ရှိရောင်းဝယ်မှုအရ လာမယ့်သီတင်းပတ်တွေမှာတော့ တင်ပို့မှု ပုံမှန်ဖြစ်လာနိုင်ကြောင်း ခန့်မှန်းရပါတယ်။

MIRT - MAPT

### ရန်ကုန် FOB ဈေးကွက်မှာ မတ်ပဲရောင်းဝယ်မှု အားပြန်ကောင်းလာ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင် FOB ဈေးကွက်မှာ ယခုတစ်ပတ် မတ်ပဲရောင်းဝယ်မှု အားပြန်ကောင်းလာခဲ့ပါတယ်။ အိန္ဒိယဝယ်လက်အဝယ်ပြန်လိုက်လာတဲ့အတွက် ဈေးကွက်မှာ အရောင်းအဝယ်သွက်နေပါတယ်။ ဒါပေမဲ့ အိန္ဒိယ ရူပီးဈေးက ဆက်လက်နိမ့်ကျနေတာကြောင့် မတ်ပဲဈေးက တက်သင့်သလောက် များများမတက်ဘူးလို့ သိရပါတယ်။ ဇွန် ၁၅ ရက်မှ ၂၁ ရက်အတွင်း မတ်ပဲ SQ ၊ FAQ အခွံချွတ် စုစုပေါင်း တန်ချိန် ၂၅၀၀၀ ကျော် အရောင်းအဝယ်စာချုပ်နိုင်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ SQ မှာ အရည်အသွေးကြောင့်အပြင် ဈေးနှုန်းကွာဟမှုများတာကြောင့် FAQ များသာ အရောင်းအဝယ်များသလို မတ်ပဲ FOB ဈေးမှာလည်း FAQ တစ်မျိုးသာ ပိုကြောင်းသိရပါတယ်။

ဇွန် ၂၂ ရက်မတ်ပဲ FOB ဈေးများအနေနဲ့ မတ်ပဲအသစ် SQ တစ်တန် ကန်ဒေါ်လာ ၅၅၀-၅၇၀၊ မတ်ပဲအဟောင်း FAQ တစ်တန် ကန်ဒေါ်လာ ၄၈၀-၅၀၀ ၊ SQ တစ်တန် ကန်ဒေါ်လာ ၅၁၀-၅၃၀ နဲ့ ယခင်သီတင်းပတ်တွေလိုဘဲ ငြိမ်နေပေမဲ့ မတ်ပဲအသစ် FAQ မှာ ယခင်တစ်ပတ်က ကန်ဒေါ်လာ ၄၉၅-၅၁၅ ရှိရာမှ ယခုတစ်ပတ်မှာတော့ ကန်ဒေါ်လာ ၅၀၀-၅၂၀ ကို တိုးလာကြောင်း သိရပါတယ်။

MIRT - MAPT

### ယခုတစ်ပတ် အိန္ဒိယဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ်တိုး

အိန္ဒိယပြည်တွင်းဈေးကွက်တွေမှာ ယခင်တစ်ပတ်က မတ်ပဲဈေးအနည်းငယ်လျော့လာရာမှ ယခုတစ်ပတ်မှာ အဝယ်ပြန်လိုက်လာလို့ ဈေးအနည်းငယ် တိုးလာခဲ့ပါတယ်။ ပဲထုတ်လုပ်ရာဒေသမှ ပဲအဝင်နည်းပေမဲ့ လက်လီ ဈေးကွက်မှာ ဝယ်လိုအားတက်တာကြောင့် လက်ကားဈေးများ မြင့်တက်လာခြင်းဖြစ်တယ်လို့ သိရပါတယ်။ အိန္ဒိယအချို့ဒေသတွေမှာ ရာသီဥတု ခြောက်သွေ့နေဆဲဖြစ်လို့ ပဲစိုက်ပျိုးမှုမှာလည်း နှေးကွေးနေတယ်လို့ သိရပါတယ်။ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မှာ မတ်ပဲစိုက်ပျိုးပြီးစီးမှုက ဟက်တာ ၁၀၀၀ ခန့်သာရှိလို့ ယခင်နှစ်ကာလတူနဲ့ ယှဉ်ရင် ၆၆ ဒသမ ၆ ရာခိုင်နှုန်းလျော့ကျတယ်လို့ သိရပါတယ်။ တမီလ်နာဒူးပြည်သူရောင်းချရေးကော်ပိုရေးရှင်း (TNSC )မှ မတ်ပဲခွဲခြမ်းတန် တစ်သောင်းဝယ်ယူဖို့ တင်ဒါခေါ်ယူထားတဲ့အတွက် မတ်ပဲဈေးကောင်းနိုင်ကြောင်း ခန့်မှန်းကြပါတယ်။ ဈေးကွက်တွေမှာဖြစ်ပေါ်တဲ့ ဈေးနှုန်းများ နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်-

ဒေါ်လာ/ တန်

| | ၂၁-၆-၁၂ | ၂၀-၆-၁၂ | ၁၉-၆-၁၂ | ၁၈-၆-၁၂ |
|---|---|---|---|---|
| မွန်ဘိုင်း(မြန်မာမတ်ပဲ) | ၅၇၂ | ၅၇၃ | ၅၆၇ | ၅၇၁ |
| အင်ဒိုရီ | ၅၈၄ | ၅၈၁ | ၅၇၉ | ၅၈၄ |
| ချန်နိုင်း | ၅၇၉ | ၅၈၁ | ၅၇၉ | ၅၈၄ |

MIRT(MAPT)

### ဟသ်ာတမတ်ပဲဈေးမြင့်ပြီး တင်ပို့မှု လျော့

ဟသ်ာတပဲဈေးကွက် မတ်ပဲဈေးမှာ ယခင်တစ်ပတ်က တစ်တင်းကို ၁၂၂၀၀ ကျပ်ဈေးနဲ့အရောင်းအဝယ် ဖြစ်ခဲ့ပြီး၊ ယခုတစ်ပတ်မှာ ၁၂၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ပြုလုပ်ကြတာကြောင့် ဈေးအနည်းငယ်မြင့်လာ ပါတယ်။ မတ်ပဲဈေးမြင့်တက်လာသော်လည်း ကုန်စည်ဒိုင်မှာ ပဲအရောင်းအဝယ်ဖြစ်မှုမှာ နည်းပါးသွားပြီး၊ တင်ပို့မှု လည်းယခင်တစ်ပတ်ထက် လျော့နည်းသွားကြောင်း တွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်ကုန်သည်ကြီးများရဲ့ ဈေးပေးဝယ်ယူမှုကြောင့် ပဲစီးဆင်းမှုမှာ တစ်နေ့ကို ပျမ်းမျှအိတ် ၁၅၀၀ ခန့် တင်ပို့နိုင်တယ်လို့ သိရပါတယ်။

**အေးအေးခိုင်**

## ပဲစင်းငုံ

### ပဲစင်းငုံ တင်ပို့မှု စံချိန်တင်တိုးလာ

ပဲမျိုးစုံ ပင်လယ်ရေကြောင်းက တင်ပို့တဲ့အနက် ပဲစင်းငုံတင်ပို့မှုက ယခုတစ်ပတ်မှာ စံချိန်တင်တိုးလာခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၁၂၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာ တန်ချိန် ၁၄၅၀၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ ၂၀၁၂-၁၃ ဘဏ္ဍာနှစ် ဇွန် ၁၅ ရက်အထိ ပဲစင်းငုံ စုစုပေါင်း တန်ချိန် ၇၉၀၀၀ ခန့်တင်ပို့ခဲ့ခြင်းမှ ကန်ဒေါ်လာ ၄၄ သန်းကျော်ရရှိကြောင်း သိရပါတယ်။ ယခင်ဘဏ္ဍာနှစ်ကာလတူမှာ တန်ချိန် ၃၈၀၀၀ ကျော်တင်ပို့ခြင်းမှ ကန်ဒေါ်လာ ၂၉ သန်းနီးပါး ရရှိခဲ့လို့ ယခုနှစ်ကာလတူမှာ ၁ ဆခန့် ပိုတင်နိုင်ကြောင်း သိရပါတယ်။ လတ်တလော ရောင်းဝယ်မှု အခြေအနေအရ လာမယ့် သီတင်းပတ်တွေမှာလည်း တင်ပို့မှုဆက်လက်အားကောင်းနိုင်ကြောင်း ခန့်မှန်းရပါတယ်။

MIRT - MAPT

### ရန်ကုန် FOB ဈေးကွက်မှာ ပဲစင်းငုံ အဝယ်သွက်လို့ ဈေးမြင့်လာ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင် FOB ဈေးကွက်မှာ ယခုတစ်ပတ် ပဲစင်းငုံကို ပြည်ပဝယ်လက်အဝယ်သွက်နေတယ်လို့ သိရပါတယ်။ ပြည်ပဝယ်လက်အဝယ်သွက်လျက်ရှိလာတဲ့အတွက် တချို့ကုန်သည်များက လက်ကျန်နည်းလာပြီဖြစ်သလို ဈေးပိုမိုလာမယ့် ခန့်မှန်းချက်အရ ရောင်းချမှုနည်းလာတယ်လို့ သိရပါတယ်။ အိန္ဒိယပြည်တွင်းမှာ ပဲစင်းငုံလက်ကျန်နည်းနေပြီး တင်ဒါခေါ်ယူမှုများလည်းရှိလို့ ပြည်ပဝယ်လက် အဝယ်သွက်နေခြင်းဖြစ်ကြောင်း သိရပါတယ်။

ဇွန် ၁၅ ရက်မှ ၂၁ ရက်အတွင်း ပဲစင်းငုံဖြူနီ၊ အဖြူ တန်ချိန် ၁၂၀၀၀ ခန့် အရောင်းအဝယ်စာချုပ်ခဲ့ကြောင်း သိရပါတယ်။ အဝယ်တက်လာတာကြောင့် ပဲစင်းငုံနီအသစ်ရော အဟောင်းပါ FOB ဈေးမြင့်တက်လာခဲ့ပါတယ်။

ဒေါ်လာ/တန်

| | ပဲစင်းငုံအသစ် | | ပဲစင်းငုံအဟောင်း | |
|---|---|---|---|---|
| | အနီ | အဖြူ | အနီ | အဖြူ |
| ၂၂-၆-၁၂ | ၆၀၀-၆၂၀ | ၅၁၀-၅၃၀ | ၅၆၀-၅၈၀ | ၄၄၀-၄၆၀ |
| ၁၅-၆-၁၂ | ၅၈၀-၆၀၀ | ၄၉၀-၅၁၀ | ၅၄၀-၅၆၀ | ၄၂၀-၄၄၀ |

MIRT(MAPT)

### ပဲစင်းငုံအတွက် အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း မြှင့်တင်တဲ့အတွက် အိန္ဒိယဈေးကွက်မှာ ဈေးပိုလာ

အိန္ဒိယနိုင်ငံမှာ ပဲစင်းငုံအတွက် အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း တိုးမြှင့်ခြင်းက ပဲစင်းငုံဈေးနှုန်းထပ်မံ မြင့်တက်စေဖို့ဖြစ်စေတယ်လို့ ကုန်သည်တစ်ဦးက ဆိုပါတယ်။ မိုးရာသီအတွင်း ဝယ်လိုအားမြင့်တက်ဖွယ်ရှိပြီး ပြည်ပတင်သွင်းမှုအပေါ်ကို မှီခိုမှုပိုမိုလာတဲ့အတွက် ပဲစင်းငုံဈေးနှုန်း ဆက်လက်ခိုင်မာဖွယ်ရှိတယ်လို့ သိရပါတယ်။ ကီရာလာ၊ တမီလ်နာဒူနဲ့ ကာနာတာကာတို့က ပဲစင်းငုံဝယ်ယူမယ့်တင်ဒါများခေါ်ယူခြင်းကြောင့် တင်သွင်းပဲစင်းငုံ ဈေးမြင့်တက်လာနေပါတယ်။ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မှာ ပဲစင်းငုံစိုက်ပျိုးမှု ဟက်တာ ၅၀၀၀ ပြီးစီးလို့ ယခင်နှစ် ကာလတူနဲ့ ယှဉ်ရင် ၉၂ ရာခိုင်နှုန်းလျော့ကျကြောင်း သိရပါတယ်။ ဈေးကွက်တွေမှာဖြစ်ပေါ်တဲ့ ဈေးနှုန်းများ နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်။

ဒေါ်လာ/ တန်

| | ၂၁-၆-၁၂ | ၂၀-၆-၁၂ | ၁၉-၆-၁၂ | ၁၈-၆-၁၂ |
|---|---|---|---|---|
| မွန်ဘိုင်း | ၆၇၈ | ၆၇၆ | ၆၆၁ | ၆၇၅ |
| ဒေလီ | ၆၇၃ | ၆၇၁ | ၆၆၁ | ၆၆၆ |
| ချန်နိုင်း | ၆၅၆ | ၆၆၂ | ၆၆၁ | ၆၆၆ |

MIRT(MAPT)

### မြင်းခြံဇုန် ပဲစင်းငုံဈေးကွက်

မြင်းခြံခရိုင်မှာ ပဲစင်းငုံကို အဓိကထား စိုက်ပျိုးခဲ့ရာမှ စိုက်ဧကပေါင်း ၂၈၀၀၀၀ ဧက စိုက်ပျိုးဖို့ လျာထားတဲ့အနက် ၁၁၅၆၀၀ ဧက စိုက်ပြီးခဲ့ပါပြီ။ ဒီလအကုန်မှာ အားလုံးစိုက်ပြီးမယ်လို့ တောင်သူများက ဆိုပါတယ်။ ပဲစင်းငုံဈေး မှာလည်း ယခင်လထက် ဈေးအနည်းငယ်မြင့်လာပါတယ်။ ယခင်လက တစ်ပိဿာ ၇၀၀ ကျပ်၊ ယခုလမှာ ၇၃၀ ကျပ် ဈေးရှိလာပါတယ်။ တောင်သူရဲ့သဘာဝက သီးနှံပေါ်ပေါ်ခြင်း ရောင်းတဲ့ ဓလေ့ကြောင့် တောင်သူလက်ကျန် မရှိတော့ဘဲ ကုန်သည်များထံမှာသာ လက်ကျန်ရှိနေပါသေးတယ်။ ကုန်သည် များမှာလည်း ငွေကြေးအင်အားတောင့်တဲ့ကုန်သည်များထံမှပဲ ပဲစင်းငုံတွေက နောက်ဆုံးစုမိနေတယ်။ အဲဒီကုန်သည်ကြီးများထံမှ ရန်ကုန်ကုမ္ပဏီများမှ တိုက်ရိုက်ဝယ်ယူကြပါတယ်။ လောလောဆယ်ကုန်သည်ကြီး များထံမှ ပဲစင်းငုံလက်ကျန်တန်ချိန် ၃၀၀၀ ကျော်ရှိနေပါသေးတယ်လို့ ကုန်သည်တစ်ဦးကပြောပါတယ်။

**တင်ဇော်ထွေး**

## ပဲလွန်းဖြူ

### ပဲလွန်းဖြူ တင်ပို့မှုရော ရောင်းဝယ်မှုပါ လျော့လာ

ပြည်တွင်းဈေးကွက်တွေမှာ လက်ကျန်နည်းလာပြီဖြစ်တဲ့ ပဲလွန်းဖြူကို တင်ပို့မှုရော ရောင်းဝယ်မှုပါ လျော့လာတာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းက ပဲလွန်းဖြူတန်ချိန် ၇၀၀ တင်ပို့မှုရှိခဲ့ပြီး ယခုတစ်ပတ် (ဇွန် ၁၁-၁၅ ရက်) အတွင်းမှာ တန် ၆၀၀ ကျော်ကို ထပ်မံလျော့ကျ တင်ပို့ခဲ့ပါတယ်။ ဇွန်လ ၁၅ ရက်အထိ ၂၀၁၂-၁၂ဘဏ္ဍာနှစ်အတွင်း ပဲလွန်းဖြူ တင်ပို့မှုမှာ တန်ချိန် ၁၂၈၀၀ ခန့်ရှိပြီး ကန်ဒေါ်လာ ၉ သန်း ကျော်ရရှိကြောင်းသိရပါတယ်။ ယခင်နှစ် ကာလတူမှာ တန်ချိန် ၉၆၀၀ ခန့် တင်ပို့ခြင်းမှ ကန်ဒေါ်လာ ၈ ဒသမ ၆ သန်းကျော်ရရှိခဲ့လို့ ယခုနှစ်ကာလတူမှာ တန်ချိန် ၃၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

ရန်ကုန် FOB ဈေးကွက်မှာလည်း လက်ကျန် ပဲလွန်းဖြူများ အရောင်းအဝယ်ပြုလျက်ရှိရာ ဇွန် ၁၅ ရက်မှ ၂၁ ရက် အတွင်းမှာ တန်ချိန် ၆၉၀ ခန့် အရောင်းအဝယ်စာချုပ်နိုင်ခဲ့ကြောင်း သိရပါတယ်။ လက်ကျန်နည်းပြီး ပြည်ပအဝယ်ရှိပေမဲ့ ရန်ကုန် FOB ဈေးမှာ ပြောင်းလဲခြင်းမရှိကြောင်း သိရပါတယ်။ ဇွန် ၂၂ ရက်မှာ ပဲလွန်းဖြူ FAQ တစ်တန် ကန်ဒေါ်လာ ၆၆၀-၆၈၀ ရှိပြီး SQ မှာ ကန်ဒေါ်လာ ၇၉၀-၈၁၀ ရှိကြောင်း သိရပါတယ်။

MIRT - MAPT

### မူဆယ်က အနည်းငယ် အပို့ ပိုတဲ့ ပဲလွန်းဖြူ

မူဆယ် ၁၀၅ မိုင်မှ တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ သုညဒသမ ၀၂၈ သန်းတန်ဖိုးရှိ ပဲလွန်းဖြူ ၄၂ တန်ခွဲကို ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ မိမိဘက် မြေပြင်ဈေးမှာ တစ်တန်ကို ၆၂၅၀၃၃ ကျပ် ရှိနေပြီး ဈေးမြင့်နေပါတယ်။ တစ်ဖက်နိုင်ငံဈေး သိသိသာသာ ပြောင်းလဲမှုမရှိဘဲ တစ်တန် ကန်ဒေါ်လာ ၇၄၄ ဒေါ်လာ ရှိနေပါတယ်။

***MIRT - DOBT***

### လက်ကျန်နည်းလို့ ပြည်ပဲလွန်းဖြူ ဈေးမြင့်

ပြည်ပဲဈေးကွက်အတွင်း ပဲလွန်းဖြူဈေးမှာ ပဲလက်ကျန်နည်းလာခဲ့ပေမယ့် ဈေးနှုန်းအနေနဲ့ ဈေးပြန်မြင့်လာပြီး၊ ပဲတစ်တင်းကို ၁၆၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။အရောင်းအဝယ်ကတော့ နေ့တိုင်းမဖြစ်ဘဲလက်လီသမားများ အဝယ်ရှိမှသာ ၁၄ အိတ် - ၁၅ အိတ်ခန့် ရောင်းဝယ်မှုရှိခဲ့ကြောင်း သိရပါတယ်။

**မိမိအေး**

# ပဲတီစိမ်း

## ပင်လယ်ရေကြောင်းက ပဲတီစိမ်းတင်ပို့မှု ဆက်လက်ကျဆင်း

ပင်လယ်ရေကြောင်းက ပဲတီစိမ်းတင်ပို့မှုမှာ ယခုတစ်ပတ်လည်း ဆက်လက်ကျဆင်းလာပါတယ်။ ဇွန် ၁၁ ရက်မှ ၁၅ ရက်အထိတစ်ပတ်အတွင်းတန်ချိန် ၂၃၀၀ ကျော်သာ တင်ပို့နိုင်ခဲ့ပါတယ်။ တရုတ်ဘက်ကို တင်ပို့ဖို့ ဝယ်လိုအားနည်းလာပြီး အိန္ဒိယကို တင်ပို့မှုအချို့သာရှိတယ်လို့ သိရပါတယ်။ ၂၀၁၂-၁၃ ဘဏ္ဍာနှစ် ဇွန်လ ၁၅ ရက်အထိ ပဲတီစိမ်း စုစုပေါင်း တင်ပို့ပြီးစီးမှုအနေနဲ့ တန်ချိန် ၉၁၀၀၀ ကျော်ရှိပြီး ရရှိတဲ့ဝင်ငွေမှာကန်ဒေါ်လာ ၆၇ သန်းကျော်ရရှိကြောင်း သိရပါတယ်။ ယခင်ဘဏ္ဍာနှစ် ကာလတူမှာ တန်ချိန် ၇၅၀၀၀ ကျော် တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၈၅ သန်းခန့် ရရှိခဲ့လို့ ယခုနှစ်ကာလတူမှာ ပမာဏ ပိုမိုပေမဲ့ ဝင်ငွေလျော့ကျကြောင်း သိရပါတယ်။

MIRT - MAPT

## ရန်ကုန် FOB ဈေးကွက်မှာ ပဲတီစိမ်း အရောင်းအဝယ်နည်း

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ပဲတီစိမ်းအရောင်းအဝယ်နည်းပါးလျက်ရှိပါတယ်။ ဇွန် ၁၅ ရက်မှ ၂၀ ရက်အထိ တစ်ပတ်အတွင်းမှာ အချို့ရက်များသာ အရောင်းအဝယ်ဖြစ်ခဲ့လို့ စုစုပေါင်း တန် ၁၁၀၀ ကျော်သာ အရောင်းအဝယ်စာချုပ်နိုင်ခဲ့ကြောင်း သိရပါတယ်။ အိန္ဒိယဝယ်လက်အချို့သာရှိပြီး ပြည်တွင်းမှာလည်း လက်ကျန်မများတော့ကြောင်း သိရပါတယ်။ အခြားပဲဈေးများ မြင့်တက်ပေမဲ့ ဝယ်လိုအားပါးနေတဲ့ ပဲဖြစ်လို့ ပဲတီစိမ်း FOB ဈေးမှာ ငြိမ်နေပါတယ်။ ဇွန်လ ၂၂ ရက်မှာ ပဲတီစိမ်း FAQ အညာ၊ ပခုက္ကူ တစ်တန် ကန်ဒေါ်လာ ၆၅၀-၆၇၀၊ ရွှေဝါအသေး တစ်တန် ကန်ဒေါ်လာ ၈၀၀-၈၂၀ နဲ့ ရွှေဝါအကြီး တစ်တန် ကန်ဒေါ်လာ ၈၈၀-၉၀၀ ရှိကြောင်း သိရပါတယ်။

MIRT - MAPT

## ပဲတီစိမ်းလည်း အပို့လျော့တဲ့ နယ်စပ်

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၉၅၆၅ သန်းတန်ဖိုးရှိ ပဲတီစိမ်း ၂၉၁၅ တန်ကို ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ တစ်ဖက်အိမ်နီးချင်းတရုတ်နိုင်ငံသို့ အပို့ရှိခဲ့ပါတယ်။ ယခင် အပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်လျှင် ၆၁၅ တန်ခန့်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မိမိဘက်မြေပြင်ဈေးအနည်းငယ်ဈေးမြင့်လျက်ရှိသော်လည်း တစ်ဖက်နိုင်ငံဈေးကျလျက်ရှိတာ တွေ့ရပါတယ်။

| | မိမိဘက်(ကျပ်/တန်) | | | | တစ်ဘက်နိုင်ငံ(ဒေါ်လာ/တန်) | | |
|---|---|---|---|---|---|---|---|
| ယခု | ယခင် | ပြောင်းလဲမှု | % | ယခု | ယခင် | ပြောင်းလဲမှု | % |
| ၆၉၁၀၈၃ | ၆၈၇၄၅၁ | ၃၆၃ △ | ၀.၅ | ၈၂၃ | ၈၃၇ | ၁၄ ▽ | ၁.၇ |

MIRT (DOBT)

## ဝယ်လိုအား တိုးလာတာကြောင့် အိန္ဒိယပဲတီစိမ်းဈေးတိုးလာ

အိန္ဒိယပြည်တွင်းဈေးကွက်တွေမှာ ယခုတစ်ပတ်လက်လီ အဝယ်တက်လာပြီး ပဲထွက်ရှိရာဒေသများမှပဲအဝင်နည်းတဲ့အတွက် ပဲတီစိမ်းဈေးတိုးလာပါတယ်။ အိန္ဒိယကုန်သွယ်ရေးနဲ့ စက်မှုလက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ ဧပြီ ၁၁ ရက်မှ မတ် ၁၂ ရက်အထိ မတ်ပဲနဲ့ ပဲတီစိမ်းတန်ချိန် ၁ ဒသမ ၁၂ သိန်း တင်သွင်းခဲ့ကြောင်းသိရပါတယ်။ နိုင်ငံရဲ့ အချို့ဒေသတွေမှာ ခြောက်သွေ့နေတဲ့အတွက် ပဲစိုက်ပျိုးမှု နှေးကွေးလျက်ရှိရာ အင်ဒရာပရာဒေ့ရှ်မှာ ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုဟာ ဟက်တာ ၁၀၀၀ သာရှိလို့ ယခင်နှစ်ကာလတူ စိုက်ပျိုးမှုထက် ၉၆ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျကြောင်း သိရပါတယ်။ ဈေးကွက်တွေမှာ ဖြစ်ပေါ်တဲ့ ဈေးနှုန်းများ နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်-

ဒေါ်လာ/ တန်

| | ၂၁-၆-၁၂ | ၂၀-၆-၁၂ | ၁၉-၆-၁၂ | ၁၈-၆-၁၂ |
|---|---|---|---|---|
| မွန်ဘိုင်း(ပဲတီရွှေဝါ) | ၇၉၈ | ၇၈၈ | ၇၈၆ | ၇၉၂ |
| ချန်နိုင်း(ပဲတီရွှေဝါ) | ၇၈၀ | ၇၈၈ | ၇၈၆ | ၇၉၂ |
| ဒေလီ | ၇၀၉ | ၇၁၆ | ၇၁၄ | ၇၂၀ |

MIRT(MAPT)

## မိုးပဲသစ်များ ထွက်ပေါ်ကာနီးသော်လည်း ပဲဟောင်းဈေးငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ဈေးကွက်အတွင်း ဆောင်းသီးနှံပဲမျိုးစုံများမှာ လက်ကျန်နည်းလာခဲ့ပြီဖြစ်သလို ပဲတီစိမ်းသီးနှံဟာလည်း တိုင်းအတွင်းရှိ မြို့နယ်အားလုံးမှာ စိုက်ပျိုးမှု မရှိဘဲ ပြည်ခရိုင်အတွင်း မြို့နယ်အချို့မှာသာ စိုက်ပျိုးမှုရှိခဲ့တာကြောင့် ဒေသတွင်း ထွက်ရှိမှုနည်းခဲ့ပါတယ်။ ဒါကြောင့် ဈေးကွက်အတွင်း ပွဲရုံများမှာ လက်ကျန် အသင့်အတင့်သာရှိခဲ့ပြီး၊ တစ်ခါတစ်ရံမှသာ ရန်ကုန် ဝယ်လက်အပေါ် မူတည်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲတီစိမ်းဈေးနှုန်းမှာ တစ်တင်း ၁၅၅၀၀ ကျပ်နဲ့ ယခင်အပတ်က ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ဇူလိုင်လ အတွင်း မိုးပဲတီစိမ်းသစ်များ ဈေးကွက်ကိုဝင်ရောက်နိုင်ကြောင်း ပွဲရုံများမှ သိရှိရပါတယ်။

**ခင်ဆွေဝင်း**

# ကုလားပဲ

## ကုလားပဲရောင်းဝယ်မှုရော တင်ပို့မှုပါ ဆက်လက်ကျဆင်း

ယခုတစ်ပတ်မှာလည်း ကုလားပဲရောင်းဝယ်မှုရော တင်ပို့မှုပါ ဆက်လက်ကျဆင်းနေပါတယ်။ ယခင်တစ်ပတ်က ကုလားပဲတန် ၂၁၀၀ ကျော်တင်ပို့ခဲ့ပြီး ယခုတစ်ပတ် (ဇွန် ၁၁-၁၆ ရက်) အတွင်းမှာလည်း တန်ချိန် ၁၅၀၀ ကိုသာ ထပ်မံလျော့ကျတင်ပို့ခဲ့ပါတယ်။ ၂၀၁၂-၁၃ ဘဏ္ဍာနှစ် ဇွန် ၁၅ ရက်အထိ ကုလားပဲဖြူလုံးကြီး စုစုပေါင်း တန်ချိန် ၃၄၀၀၀ ကျော်တင်ပို့ခြင်းမှ ကန်ဒေါ်လာ ၂၅ သန်းခန့်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူမှာ တန်ချိန် ၂၄၀၀၀ ကျော်တင်ပို့ခြင်းမှ ကန်ဒေါ်လာ ၁၈ သန်းကျော်ရရှိလို့ ယခုနှစ်ကာလတူမှာ ပမာဏရော တန်ဖိုးပါ ပိုမိုကြောင်း သိရပါတယ်။

ရန်ကုန် FOB ဈေးကွက်မှာ ယခုတစ်ပတ် ကုလားပဲတန်ချိန် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြည်တွင်းလက်ကျန်နည်းပါးလာပြီဖြစ်လို့ လာမယ့်သီတင်းပတ်တွေမှာလည်း အရောင်းအဝယ်လျော့နိုင်ကြောင်း သိရပါတယ်။ ရန်ကုန် FOB ဈေးမှာ ပြောင်းလဲမှုမရှိဘဲ ဇွန် ၂၂ ရက်မှာလည်း FAQ တစ်တန် ကန်ဒေါ်လာ ၈၀၀-၈၂၀ ရှိကြောင်း သိရပါတယ်။

MIRT - MAPT

## အရောင်းအဝယ်ပါးလို့ အိန္ဒိယကုလားပဲဈေး အပြောင်းအလဲနည်း

အိန္ဒိယပြည်တွင်းဈေးကွက်တွေကို ကုလားပဲဝင်ရောက်မှုရှိနေပေမဲ့ အရောင်းအဝယ်ပါးတဲ့အတွက် ယခုတစ်ပတ်ဈေးအပြောင်းအလဲနည်းပါတယ်။ ကြိုပွိုင့်ဈေးလည်း လျော့ကျတယ်လို့ သိရပါတယ်။ ဈေးကွက်တွေကို စုစုပေါင်း တစ်ရက် ကုလားပဲအိတ် ၈၀၀၀၀- ၈၅၀၀၀ ခန့်ဝင်ရောက်တယ်လို့ သိရပါတယ်။ ဧပြီလ ၁၁ ရက်မှ မတ်လ ၁၂ ရက်အထိ ကုလားပဲ တန်ချိန် ၂ ဒသမ ၀၃ သိန်းတင်သွင်းခဲ့ကြောင်း သိရပါတယ်။ ဒါပေမဲ့ ပဲစိုက်ပျိုးမှု နှေးကွေးနေတဲ့ သတင်းတွေအရ တောင်သူများနဲ့ ကုန်သည်တချို့က ဈေးတက်မယ်မှန်းပြီး ရောင်းချမှု နည်းနေတယ်လို့ သိရပါတယ်။ ဈေးကွက်တွေမှာ ဖြစ်ပေါ်တဲ့ ဈေးနှုန်းများ နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်-

ဒေါ်လာ/ တန်

| | ၂၁-၆-၁၂ | ၂၀-၆-၁၂ | ၁၉-၆-၁၂ | ၁၈-၆-၁၂ |
|---|---|---|---|---|
| မွန်ဘိုင်း | ၇၈၀ | ၇၈၈ | ၇၈၆ | ၇၉၂ |
| ဒေလီ | ၇၄၀ | ၇၆၁ | ၇၅၄ | ၇၆၀ |
| ကန်ပါ | ၇၈၃ | ၇၈၈ | ၇၆၈ | ၇၇၄ |

MIRT(MAPT)

## ကုလားပဲဈေးကွက် အမြင့်ဈေးနဲ့ အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် ဇွန်လတတိယပတ် ကုလားပဲဈေးကွက်အနေနဲ့ မန္တလေး၊ ရန်ကုန်နဲ့ ဒေသတွင်းလုပ်ငန်းသုံး သမားတွေ အဝယ်ဆုံလို့ ကုလားပဲမျိုးစုံတက်ဈေးနဲ့ အရောင်းအဝယ်သွက်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်ကဆိုပါတယ်။ ကုလားပဲရိုးရိုးကတော့ ပစ္စည်းလက်ကျန်နည်းလို့ ဈေးမတက်နိုင်တဲ့ရက်တွေရှိခဲ့ပေမဲ့ တစ်တင်း ၁၇၉၀၀ ကျပ် အမြင့်ဆုံးပေါက်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့တဲ့ တစ်တင်းပေါက်ဈေး အနိမ့်အမြင့်အားဖြင့် ထိုင်ဝမ် ၁၉၁၀၀ ကျပ် မှ ၁၉၈၀၀ ကျပ်၊ V2 ၁၉၂၀၀ ကျပ်မှ ၂၀၂၀၀ ကျပ်၊ 929 က ၁၉၄၀၀ ကျပ်မှ ၂၀၁၀၀ ကျပ် အသီးသီးဈေးဖြစ်ပေါ်ခဲ့တာတွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် ယခုတစ်ပတ်အတွင်း ထိုင်ဝမ်နဲ့ 929 အိတ် ၇၀၀၀ မှ ၁၀၀၀၀ ကြားနဲ့ V2 အိတ် ၇၀၀၀ မှ ၈၀၀၀ ကြားဖြစ်ခဲ့တယ်လို့ သိရပါတယ်။ စီးဆင်းမှုအနေနဲ့ ရန်ကုန်ကို အိတ် ၅၀၀၀ ရေကြောင်းခရီးဖြင့် တင်ပို့ခဲ့ကြပြီး၊ မုံရွာဆိပ်ကမ်းမှာ ဆိုက်ကပ်လာတဲ့ ကုန်တင်ရေယာဉ်တွေနဲ့ ဆက်လက်တင်ပို့နိုင်ဖွယ်ရှိတယ်လို့ သိရပါတယ်။

**ထွန်းလှိုင်**

## ပါကစ္စတန်မှာ ကုလားပဲဈေး စတင်ကျဆင်းလာ

ပါကစ္စတန်နိုင်ငံ ကရာချိရဲ့ လက်လီလက်ကားဈေးကွက်တွေမှာ ကုလားပဲဈေးက စတင်ကျဆင်းလာပြီလို့ သိရပါတယ်။ ယခင်နှစ်က ရာသီဥတု ဆိုးဝါးတဲ့အတွက် စိုက်ပျိုးထားတဲ့ အပင်များပျက်စီးခဲ့ရပြီး၊ ပန်ဂျပ်မှာ နှစ်စဉ် အထွက်နှုန်းကျဆင်းခဲ့ကာ လွန်ခဲ့တဲ့ ၃ လအတွင်း ဈေးနှုန်းကြီးမြင့်ခဲ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်များမှာ ပြည်တွင်းမှာ ပဲအမြောက်အမြားအထွက်ပိုခဲ့လို့ ဈေးနှုန်းကို ထိန်းချုပ်နိုင်ခဲ့ပေမယ့် ယခုနှစ်မုတ်သုံမိုးမတိုင်မီထိတော့ ပဲဈေးက မြင့်တက်နေခဲ့ပါတယ်။

ပဲကုန်သည်များနဲ့ သိုလှောင်သူများက ဥပုသ်လရောက်ဖို့ ၂၅-၃၀ ရက်မှာ ပုံမှန်အဝယ်တက်နိုင်တဲ့အတွက် ဈေးမြင့်မယ်မှန်းခဲ့ပေမယ့် ဈေးကွက်တွေမှာ ကုလားပဲဝယ်ယူမှု မရှိခဲ့တာကြောင့် ဈေးနှုန်းကျဆင်းခဲ့ပါတယ်။ ဈေးနှုန်းကြီး မြင့်ခြင်းကြောင့် နေ့စဉ်စားသုံးနေတဲ့ ၎င်းတို့ရဲ့ဝယ်ယူမှုကိုလျှော့ချခဲ့ကြတယ်လို့သိရပါတယ်။ ပြည်တွင်းကုလားပဲဈေးက တစ်ကီလို ရူပီး ၉၆ မှ ၉၄ (ကန်ဒေါ်လာ ၁ ဒသမ ၀၁ မှ သုည ဒသမ ၉၉)ကို ကျဆင်းခဲ့ပြီး၊ တင်သွင်းကုလားပဲဈေးက ရူပီး ၉၂ မှ ၉၀ (ကန်ဒေါ်လာ သုည ဒသမ ၉၇ မှ သုည ဒသမ ၉၅)ကို ကျဆင်းခဲ့ပါတယ်။

ကုလားပဲဈေးဟာ မျှော်မှန်းမထားတဲ့နှုန်း တစ်ကီလို ရူပီး ၉၈-၁၀၀ (ကန်ဒေါ်လာ ၁ ဒသမ ၀၄ - ၁ ဒသမ ၀၆)အထိ မြင့်တက်ခဲ့တာကြောင့် ကုလားပဲထုတ်ကုန်ဈေးများလည်း ကြီးမြင့်ခဲ့ရပါတယ်။ ကုလားပဲမှုန့်ဈေးဟာ လက်ကားဈေးကွက်မှာ တစ်ကီလို ရူပီး ၁၁၀ (ကန်ဒေါ်လာ ၁ ဒသမ ၁၆)ရှိပြီး၊ လက်လီဈေးမှာ ရူပီး ၁၂၀ (ကန်ဒေါ်လာ ၁ ဒသမ ၂၇)နဲ့ ယခင်က မကြုံဘူးတဲ့ဈေးကို ရောက်ရှိခဲ့ပါတယ်။

ဥပုသ်ကာလအတွင်းနဲ့ မတိုင်မီမှာ ကုလားပဲဈေးက ဝယ်ယူစားသုံးနိုင်တဲ့ တစ်ကီလို ရူပီး ၅၀-၆၀ (ကန်ဒေါ်လာ သုည ဒသမ ၅၃ - သုည ဒသမ ၆၃)နဲ့တည်ငြိမ်နိုင်တယ်လို့ ပဲတင်သွင်းသူများခေါင်းဆောင် တစ်ဦးက ဆိုပါတယ်။ ဥပုသ်လမှာ နေ့စဉ်အဓိက စားသုံးတဲ့ ကုလားပဲပြုတ်လပ်ရခြင်းမှာ ပဲရောင်းဝယ်သူ၊ သိုလှောင်သူများကဈေးအတက်မှာရောင်းချဖို့ အမြောက်အမြား သိုလှောင်ထားကြခြင်းကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။ ဈေးကွက်တွေမှာ လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းဝယ်ယူမှု သိသိသာသာ ကျဆင်းခဲ့တဲ့အတွက် ကုလားပဲနဲ့ ဆက်စပ်ထုတ်ကုန် ဈေးများလည်း ကျဆင်းပြီလို့ Gol ဈေးကွက်မှ ပဲလက်လီရောင်းချသူတစ်ဦးက ဆိုပါတယ်။ ပြည်သူတွေဝယ်ယူမှုမရှိရင် နောက်ရက်အနည်းငယ်မှာလည်း ဈေးထပ်ကျမှာဖြစ်လို့ စားသုံးသူများကိုဈေးနှုန်းဝန်ပိမှုလည်း သက်သာလာမယ်လို့ဆိုပါတယ်။



**ယမင်းခင်**၊Source: daily times

# ချင်း

## မိုးရွာလာလို့ ချင်းဉမတွေ ဖော်ပြီ

ကလောမြို့နယ်၊ ပင်းတယမြို့နယ်တွေက ချင်း(ဉမ)တွေဖော်နေတာကြောင့် ချင်းကပုံမှန်အဝင်ရှိနေပါတယ်။ မိုးကလည်း အတော်ရွာလာပြီဖြစ်တာကြောင့် အရင်တစ်ပတ်ကလောက်တော့အဝင်မများပါဘူး။ ချင်း(ဉမ)က မြေကြီးထဲမှာ အကြာကြီး အထားမခံပါဘူး။ ၄-၅ လလောက်ကြာရင်တော့ ပုပ်ပြီးခြောက်သွားတာကြောင့် မဖော် မဖြစ်ဖော်ကြရပါတယ်။ ဉမကလည်း မိုးရွာမှသာ ဖော်လို့ရတဲ့သီးနှံဖြစ်ပါတယ်။ ချင်းတက်တွေကတော့ အစောဆုံး သီတင်းကျွတ်လောက်မှသာ ဈေးကွက်ကို စပြီးဝင်လာမှာဖြစ်ပါတယ်။ အခုဖော်နေတဲ့ ချင်း(ဉမ)တွေကို ပွဲစားတွေက ပွဲခယူပြီး ရောင်းနေတာကြောင့် တစ်ပိဿာကို ၁၄၀ ကျပ် - ၁၅၀ ကျပ်ဈေးရှိပါတယ်။ ချင်းတက်ဈေးကတော့ မြေနီအလှတစ်ပိဿာကို ၂၀၀ ကျပ် - ၂၃၀ ကျပ်ဈေးရှိပြီး၊ မြေဖြူချင်းတွေကတော့ တစ်ပိဿာ ၁၇၀ ကျပ် - ၁၈၀ ကျပ်ဈေးရှိပါတယ်။

ချင်းခြောက်ကတော့ တစ်ပိဿာ ၆၀၀ ကျပ် - ၇၀၀ ကျပ်ဈေးသာရှိပြီး၊ လောလောဆယ်တော့ အရောင်း အဝယ်အေးနေပါတယ်။ (ချင်းစို)ကတော့ ချင်းထိုးသမားတွေ ဝယ်ယူနေတာကြောင့် ပုံမှန်အဝင်ရှိသလို ပုံမှန် အရောင်းရှိတယ်လို့ အောင်ပန်းချင်းပွဲရုံတွေက သိရပါတယ်။ **ဧခိုင်**

# မန်ကျည်းသီး

## မန်ကျည်းယခင်တစ်ပတ်ထက် အပို့ လျော့

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ထိုင်းနိုင်ငံကို မန်ကျည်း၂၅တန်နဲ့ စင်ကာပူနိုင်ငံကို မန်ကျည်း ၁၃၂ တန် ကိုသီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန် ၁၀ ရက်မှ ၁၆ ရက်အတွင်းတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် နှစ်ရာ့ခြောက်ဆယ်ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်တစ်ရာကျော်အပို့လျော့ခဲ့ပါတယ်။ FOB ဈေးကတော့ ယခင်တစ်ပတ်ကတစ်တန်ကို ကန်ဒေါ်လာ ငါးရာကျော် ရရှိခဲ့ပေမဲ့ ဒီတစ်ပတ်မှာတော့ ကန်ဒေါ်လာ လေးရာ့လေးဆယ်ကျော်သာ ရှိတာကြောင့် စုစုပေါင်းပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ခြောက်သောင်းကိုးထောင် ကျော်ရရှိခဲ့ပါတယ်။ ***MIRT (DOT)***

## မန်ကျည်းမှည့် အစေ့ပါ တန် ၁၀၀ နီးပါး အပို့ရှိ

ကန်ဒေါ်လာ သုညဒသမ ၀၇၉ သန်းတန်ဖိုးရှိ မန်ကျည်းမှည့်အစေ့ပါ ၉၉ တန်ခန့်ကို ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိ ကာလအတွင်းမှာအပို့ရှိခဲ့ပါတယ်။ ယခင်အပတ်နဲ့နှိုင်းယှဉ်လျှင်တန် ၄၀ ခန့် အပို့လျော့ခဲ့တယ်လို့သိရပါတယ်။

MIRT(DOBT)

# ကြက်သွန်နီ

## မလှိုင်ကြက်သွန်နီ အထွက်လျော့မယ်မှန်း

မလှိုင်မြို့နယ်အနေနဲ့ ယခုနှစ် ကြက်သွန်နီစိုက်ပျိုးနိုင်မှုမှာ ယခင်နှစ်ထက် လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခုနှစ် စိုက်ဧက ၃၂၀၀ ကျော်ဖြစ်ပြီး၊ ယခင်စိုက်ဧကမှာ ၃၈၀၀ ကျော်ဖြစ်ပါတယ်။ ယခုနှစ်မှာ စိုက်ဧက လျော့နည်းသလို စိုက်ပျိုးချိန်နဲ့ အပင်ဖြစ်ထွန်းချိန်မှာ အချိန်အခါမဲ့ မိုးရွာသွန်းတဲ့အတွက် အထွက်နှုန်းလည်း ကျဆင်းခဲ့ပါတယ်။ ဈေးနှုန်းအနေနဲ့ နှိုင်းယှဉ်ပြရင် ယခင်နှစ်ကာလတူမှာ ကြက်သွန်နီ တစ်ပိဿာ (ဂွန်) ၃၀၀ ကျပ်ရှိပြီး၊ ယခုနှစ်မှာ ဂွန်တစ်ပိဿာ ၅၀၀ ကျပ်ဖြစ်ပါတယ်။ စိုက်ဧကလျော့နည်းခြင်း၊ အထွက်နှုန်းလည်း လျော့နည်းတဲ့အတွက် လှောင်လက်များကြိုက်ဈေးစောင့်နေကြောင်း သိရပါတယ်။ ***ရဲမြင့်သန်း***

## အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးဌာနမှ ကြက်သွန်နီ ကုန်သွယ်ရေးစနစ်ကိုတိုးမြင့်

အင်ဒိုနီးရှားနိုင်ငံမှာ ပြည်တွင်းကြက်သွန်နီဈေးတည်ငြိမ်စေဖို့အတွက် ပိုမိုသင့်တော်တဲ့ တင်သွင်းချိန် ဇယားချမှတ်ခြင်းဖြင့် ကြက်သွန်နီကုန်သွယ်ရေးအစီအစဉ်များ တိုးမြင့်မယ်လို့ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြောကြားပါတယ်။ ပြည်တွင်းဈေး ကျဆင်းဖို့ ဖိအားဖြစ်စေတဲ့ ပိုလျှံမှုမရှိရအောင် ရိတ်သိမ်းရာသီကျော်လွန်မှသာ တင်သွင်းခွင့်ပြုသွားမှာ ဖြစ်ကြောင်း၊ ဇွန် ၁၅ ရက်မှာ ပြည်တွင်းကုန်သွယ်ရေး ညွှန်ကြားရေးမှူးချုပ် Gunaryo က ပြောကြားပါတယ်။

ပြည်တွင်းထုတ်လုပ်မှု မလုံလောက်တဲ့အချိန်မှသာ တင်သွင်းခွင့်ပြုဖို့ကြိုးစားမှာဖြစ်ကြောင်း၊ စားသုံးသူများ လိုအပ်ချက်ပြည့်မီပြီး ဈေးတည်ငြိမ်အောင် ကြိုးစားသွားမှာဖြစ်ကြောင်း ၎င်းက ပြောကြားပါတယ်။ လွန်ခဲ့တဲ့နှစ်များအတွင်း ကြက်သွန်နီဟာ တင်သွင်းမှုသိသိသာသာ မြင့်တက်ခဲ့တဲ့ ကုန်စည်တစ်မျိုးဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှာ တန်ချိန် ၇၃၂၇၀ တင်သွင်းခဲ့ရာမှ ၂၀၁၁ မှာ ၂ ဆပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းမှုကြောင့် ရောင်းချမှုမှာ ပိုလျှံလာခဲ့လို့ ရိတ်သိမ်းရာသီကာလအတွင်း ကြက်သွန်နီဈေး ကျဆင်းခဲ့ပါတယ်။

စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားချက်အရ တစ်နှစ်ကို ကြက်သွန်နီတန်ချိန် ၁ ဒသမ ၀၆ သန်း ဝန်းကျင် လိုအပ်ပြီး ယင်းပမာဏအနက် တန်ချိန် ၈၈၆၁၂၀မှာ အိမ်ထောင်စုစားသုံးမှုဖြစ်ကြောင်းသိရပါတယ်။ နိုင်ငံတစ်ဝန်း ကြက်သွန်နီထုတ်လုပ်ရေးစင်တာများအဖြစ် ဆောင်ရွက်ခဲ့ပေမဲ့ ၈၀ ရာခိုင်နှုန်းကျော်မှာ ဂျားဗားကျွန်းမှ ထွက်ရှိကြောင်း သိရပါတယ်။ ***ယမင်းခင်၊ Source: The Jakarta Post***

# နနွင်း

## နနွင်းတက်ရော နနွင်းပါ အပို့ ပို

မူဆယ် ၁၀၅ မိုင်မှ ကန်ဒေါ်လာ သုည ဒသမ ၃၆၅ သန်းတန်ဖိုးရှိ နနွင်းတက် ၂၃၆ တန်နဲ့ကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းတန်ဖိုးရှိ နနွင်းခေါင်း ၂၄ တန်ကို ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ ယခင်အပတ်ကထက် နနွင်းတက် ၆၂ တန်နဲ့ နနွင်းခေါင်း ၉ တန် အပို့ပိုခဲ့ပါတယ်။

MIRT(DOBT)

## ရှမ်းနနွင်း အရောင်းအဝယ်အေးဆဲ

ရှမ်းနနွင်းကတော့ ခပ်အေးအေးသာအရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်တွင်းသုံးအတွက် ဈေးပတ်သမားတွေ ဝယ်လာတာကြောင့် အဝယ်နည်းနည်းဖြစ်လာတယ်လို့ သိရပါတယ်။ ဈေးကွက်မှာတော့ အမှုန့်ကြိတ် ဖို့နဲ့ ပရဆေးအတွက် အရည်အသွေးကောင်းတဲ့ နနွင်းကိုရွေးဝယ်ပြီး ခြင်ဆေးခွေပြုလုပ်ဖို့အတွက် နနွင်းညံ့တွေ ဝယ်ယူနေကြပါတယ်။ အရောင်းက မသွက်တော့ အဝင်ကလည်း နည်းနည်းသာရှိပါတယ်။ အချို့တွေကလည်း ဈေးမကြိုက်လို့ မရောင်းကြပါဘူး။ ဒီတစ်ပတ်နနွင်းဈေးက ပင်လောင်းနနွင်းတစ်ပိဿာ ၄၀၀ ကျပ် - ၄၅၀ ကျပ်၊ ပင်းတယ၊ တောင်ပို့လ နနွင်းက ၆၀၀ ကျပ် - ၇၀၀ ကျပ်နဲ့ ဆင်တောင်နနွင်းက ၉၀၀ ကျပ် - ၁၀၀၀ ကျပ်ဈေးရှိပါတယ်။ ဇွန် ၁ ရက်မှ ၁၉ ရက်အတွင်း ရန်ကုန်နေပြည်တော်၊ မော်လမြိုင်၊ မုံရွာ၊ ပြည်စတဲ့ မြို့များသို့ ပိဿာချိန် ၇၄၈၀၀ စီးဆင်းတယ်လို့ သိရပါတယ်။ **ဧခိုင်**

## အိန္ဒိယနိုင်ငံမှာ နနွင်းလက်ငင်းဈေး မြင့်တက်

အိန္ဒိယနိုင်ငံ နနွင်းဈေးကွက်ကို အရည်အသွေးကောင်းနနွင်း ဝင်ရောက်မှုရှိလာတာကြောင့်နနွင်းလက်ငင်းဈေးတိုး လာကြောင်းသိရပါတယ်။ ဈေးကွက်ထိန်းသိမ်းရေးကော်မတီနဲ့ အီးရော့သမဈေးကွက်အသင်းမှာ နနွင်းဈေးက တစ်တန် ရူပီး ၃၀၀၀(ကန်ဒေါ်လာ ၅၃)အထိသိသိသာသာမြင့်တက်ခဲ့ပါတယ်။ဒါပေမယ့်အခြားဈေးကွက် ၂ ခုဖြစ်တဲ့ အီးရော့နနွင်း ကုန်သည်များအသင်းဈေးဝင်းနဲ့ လယ်ယာထွက်ကုန်သမအဖွဲ့အစည်းဝင်းမှာတော့ တစ်တန် ရူပီး ၈၀၀ (ကန်ဒေါ်လာ ၁၄) ကျဆင်းခဲ့ကြောင်း သိရပါတယ်။

ဝင်ရောက်လာတဲ့ အရည်အသွေးကောင်း နနွင်းတွေကို လှောင်လက်များနဲ့ ကုန်သည်အချို့ဝယ်ယူမှုကြောင့် ဈေးတိုးလာခြင်း ဖြစ်တယ်လို့ အီးရော့နနွင်းကုန်သည်များအသင်းဥက္ကဋ္ဌ မစ္စတာအာကေဗွိရာဗီရှန်ကာမှ ပြောကြားပါတယ်။ အရည်အသွေးကောင်း နနွင်းများအတွက် ဒေလီနဲ့ ပန်ဂျပ်မှ အထူးမှာယူမှုတွေ လက်ခံထားတာကြောင့် ကုန်သည်များကို နနွင်းကောင်းများ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

အချို့ကုန်သည်တွေကတော့ အမှုန့်ကြိတ်စက်များအတွက်အသုံးပြုဖို့ နနွင်းများဝယ်ယူကြတယ်လို့ ဆိုပါတယ်။ တမီလ်နာဒူးသမဝါယမဈေးကွက်အဖွဲ့(Tanfed)မှတစ်ဆင့် အစိုးရက တောင်သူတွေဆီက နနွင်းတိုက်ရိုက် ဝယ်ယူမယ်လို့ ကြေညာတဲ့တိုင် ယခုအခါဝယ်ယူမှုမရှိဘူးလို့ဆိုပါတယ်။ နနွင်းစိုက်ပျိုးသူများကလည်း Tanfed ကို တစ်တန်ရူပီး ၄၀၀၀၀(ကန်ဒေါ်လာ ၇၁၂) ဈေးနဲ့ မရောင်းလိုဘူးလို့ ဆိုပါတယ်။ အကယ်လို့ တစ်တန်ရူပီး ၇၀၀၀၀ (ကန်ဒေါ်လာ ၁၂၄၇)ထိ မြင့်မှသာ အစိုးရဝယ်ယူမှုကို စဉ်းစားမယ်လို့ တောင်သူများက ဆိုပါတယ်။

အီးရော့ကုန်သည်များအသင်းဈေးဝင်းမှာ နနွင်းလက်ချောင်းဈေး တစ်တန် ရူပီး ၂၂၆၇၀ - ၃၆၉၄၀ (ကန်ဒေါ်လာ ၄၀၄-၆၅၈)ရှိပြီး နနွင်းဥဈေးက ရူပီး ၂၁၈၉၀-၃၅၁၄၀(ကန်ဒေါ်လာ ၃၉၀-၆၂၆)ရှိကြောင်း သိရပါတယ်။

**လမင်း**၊ Source: oryza.com

# ကြက်သွန်ဖြူ

## ကြက်သွန်ဖြူတင်ပို့မှု အော်ဒါများ သိသိသာသာကျဆင်း၊ တရုတ်အစိုးရမှ သက်သာခွင့်များ ဆောင်ရွက်ပေးမယ်လို့မျှော်လင့်

ကြက်သွန်ဖြူဈေးနှုန်းမြင့်တက်တာကြောင့် ဇွန်အတွင်း တရုတ်ကြက်သွန်ဖြူတင်ပို့အော်ဒါများ ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ပြည်ပတင်ပို့မှု မြင့်တင်ဖို့အစိုးရက ဦးစားပေးမူဝါဒအချို့ကို ထုတ်ပေးနိုင်တယ်လို့ စီးပွားကူးသန်းဝန်ကြီးဌာနမှ ဇွန်လ ၂၀ ရက်မှာ ပြောကြားပါတယ်။ လတ်ဆတ်ကြက်သွန်ဖြူ တင်ပို့ဈေးက ဇွန် ၁၀ ရက်မှာ တစ်တန် ကန်ဒေါ်လာ ၁၆၈၈ ရှိလို့ ယခင် တစ်နှစ် ထက် ၇၅ ရာခိုင်နှုန်းမြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။

လတ်ဆတ်ကြက်သွန်ဖြူဈေးနှုန်းမြင့်တက်မှုက အေးခဲကြက်သွန်ဖြူဈေးကိုပါ မြင့်တက်စေခဲ့ရာမေလမှာ တစ်တန် ကန်ဒေါ်လာ ၇၂၀ ရှိရာမှယခုလမှာကန်ဒေါ်လာ ၉၂၁ ထိ မြင့်တက်ခဲ့တယ်လို့ဆိုပါတယ်။ဈေးနှုန်း မြင့်တက်ခြင်းနဲ့ ပြည်ပဝယ်လက်များမှာလည်း သိုလှောင်လက်ကျန်များနေခြင်းတို့ကြောင့် ကြက်သွန်နီတင်ပို့ဖို့ မှာယူမှုများဟာ ယခုလ ယခုအချိန်မှာ သုံးပုံတစ်ပုံ ကျဆင်းခဲ့တယ်လို့ ဆိုပါတယ်။

တစ်ချိန်ထဲမှာ ကြက်သွန်ဖြူတင်ပို့မှု အကျိုးအမြတ်လည်း ကျဆင်းခဲ့ပါတယ်။ ရှန်ဒေါင်းပြည်နယ် Xinxiang ဒေသမှ ကြက်သွန်ဖြူတစ်တန် တင်ပို့ခြင်းမှ ရရှိတဲ့ အကျိုးအမြတ်က ယွမ် ၈၀-၁၀၀ (ကန်ဒေါ်လာ ၁၂ ဒသမ ၆ - ၁၅ ဒသမ ၇၅) ရှိလို့ ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်းကျဆင်းခဲ့တယ်လို့ ဆိုပါတယ်။ ယင်းဒေသမှ ကြက်သွန်ဖြူ တင်ပို့မှုဟာ တရုတ်တစ်နိုင်ငံလုံး တင်ပို့မှုရဲ့ သုံးပုံတစ်ပုံနီးပါးရှိတယ်လို့ သိရပါတယ်။

ကြက်သွန်ဖြူတင်ပို့မှုမြင့်တင်မှုအနေနဲ့ ကြက်သွန်တင်ပို့သူများ အားတက်စေဖို့နဲ့ ပြည်ပတင်ပို့မှု လုပ်ထုံး လုပ်နည်း ရိုးရှင်းဖို့ ဦးစားပေးမူဝါဒအချို့ကို ဆောင်ရွက်နိုင်တယ်လို့ ဝန်ကြီးဌာနကဆိုပါတယ်။ အရှေ့တောင်အာရှနဲ့ ဥရောပနိုင်ငံများကို ကြက်သွန်ဖြူတင်ပို့လေ့ရှိပေမယ့် ယခုနှစ်ပြည်ပဝယ်လက်များက တရုတ်ကြက်သွန်ဖြူ ဈေးမြင့်တက် နေတဲ့အတွက် မှာယူမှုများရပ်တန့်ခဲ့တယ်လို့ Jinxiang ရှိ လတ်ဆတ်သစ်သီးနဲ့ ဟင်းသီးဟင်းရွက် အအေးခံ ကော်ပိုရေးရှင်းမန်နေဂျာ Sui Yunyu မှ ပြောကြားပါတယ်။

လက်ရှိမှာတော့အင်ဒိုနီးရှားက တရုတ်ကြက်သွန်ဖြူအများဆုံး တင်သွင်းသူဖြစ်ပြီး၊ အဲဒီနောက်မှာ အမေရိကန်က ဒုတိယအများဆုံး တင်သွင်းတယ်လို့ ဝန်ကြီးဌာနက ဆိုပါတယ်။ ဒါပေမယ့် ဧပြီလအတွင်းမှာ အမေရိကန်နိုင်ငံတကာ ကုန်သွယ်ရေးကော်ပိုရေးရှင်းမှ ပြောကြားရာမှာ တရုတ်နိုင်ငံမှ လတ်ဆတ်ကြက်သွန်ဖြူ တင်သွင်းမှုနဲ့ ပတ်သက်လို့ anti-dumping အခွန်ကို ၃၇၆ ဒသမ ၆၇ ရာခိုင်နှုန်းထိ ဆက်လက်မြှင့်တင်ထားမယ်လို့ ဆိုပါတယ်။ တရုတ်ပို့ကုန်များ အမေရိကန်ကို ကန့်သတ်ဖို့ အဲဒီဆုံးဖြတ်ချက်ကို ဆက်လက်ထားရှိမယ်လို့ Sui က ဆိုပါတယ်။

အချို့လေ့လာဆန်းစစ်သူများ ပြောကြားချက်အရ ပြည်တွင်းကြက်သွန်ဖြူဈေးဟာ ဆက်လက်မြင့်တက်နိုင်တယ်လို့ ဆိုပါတယ်။ယခုနှစ်ဈေးနှုန်းမြင့်တက်မှုကအဓိကအားဖြင့် ၂၀၁၁ မှာဈေးနိမ့်ကျခြင်းကြောင့် နိုင်ငံရဲ့ ကြက်သွန်ဖြူစိုက်ဧရိယာ လျော့ကျခြင်းနဲ့ မကြာသေးခင်က ရှန်ဒေါင်းပြည်နယ်မှာ မိုးရွာသွန်းခဲ့ခြင်းကြောင့် ဖြစ်တယ်လို့ တရုတ်စီးပွားကူးသန်းရဲ့ ထုတ်လုပ်မှု တိုးမြင့် ဖြန့်ဝေရေးစင်တာမှ လယ်ယာထွက်ကုန် သုတေသီ Guo Liye မှ ပြောကြားပါတယ်။

ဝန်ကြီးဌာနရဲ့ နောက်ဆုံးစာရင်းတွေအရ မကြာသေးခင်အတွင်း ကြက်သွန်ဖြူဈေးနှုန်းကြီးမြင့်မှု စတင်ခဲ့တယ်လို့ ဆိုပါတယ်။လွန်ခဲ့တဲ့သီတင်းပတ် (ဇွန်လ ၁၁ ရက်မှ ၁၇ ) ကြက်သွန်ဖြူဈေးက ယခင်တစ်ပတ် ထက် ၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။ ယမင်းခင်၊Source: Global Times

# ကျောက်သင်ပုန်းတွေ စားကြပေတော့

ဦးဟန်ထွန်း(အခွန်)





"သင်းတို့ ကိတ်မုန့်စားကြပေတော့" (Let them Eat Cakes) ဟူသော အသုံးအနှုန်းသည် ပြင်သစ်တော်လှန်ရေးကာလတွင် ရိက္ခာ(ပေါင်မုန့်) ပြတ်လပ်သဖြင့် အော်ဟစ်တောင်းဆိုကြသည့် ပြည်သူများကို ပြင်သစ်ဘုရင်လူဝီ-၁၆၏ မိဖုရားကြီး မာရီအန်တွိုင်းနက် (Marie Antoinette, 1755-93)က "စားစရာပေါင်မုန့်မရှိရင် ကိတ်မုန့်စားနေကြပေတော့"ဟု မိန့်တော်မူခဲ့သည်ဟူသော သမိုင်းတင်ခဲ့သည့် အဆိုစကားကို နှောင်းလူတို့က သရော်ထေ့ငေါ့ရေးသားရာတွင် ရည်ညွှန်းပြုသုံးစွဲတတ်ကြသည်။

ယမန်နှစ်ဇူလိုင်လတွင် အာဏာရလာသော ထိုင်းဝန်ကြီးချုပ် ယင်းလပ်ရှင်နာဝပ် အစိုးရအဖွဲ့သစ်က ကျောင်းစတက်သည့် ကလေးသူငယ်အားလုံးကို ကျောက်သင်ပုန်း ကွန်ပျူတာများ (Tablet Computers) ထောက်ပံ့ပေးမည်ဟု ဆိုခဲ့သည်။ မစ္စယင်းလပ်၏"ကလေးတစ်ယောက် ကွန်ပျူတာတစ်လုံး"အဆိုသည် ရွေးကောက်ပွဲအတွက် မဲဆွယ်ရာတွင် မဲအများဆုံးရအောင် ဆွဲဆောင်နိုင်သည့် တစ်ခုတည်းသောမက်လုံးဖြစ်ခဲ့သည်။ လွန်ခဲ့သည့်ရက်သတ္တပတ်အနည်းငယ်က တရုတ်ကုမ္ပဏီတစ်ခုနှင့် ကျောက်သင်ပုန်းကွန်ပျူတာ လုံးရေ ၄၀၀၀၀၀ ပေးသွင်းရန် အရောင်းအဝယ် စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။ ဇွန်လ ၇ ရက်နေ့မှာတော့ ပထမအသုတ် ကွန်ပျူတာအချို့ကို ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသည့် ကျောင်းသားအုပ်စုတစ်စုသို့ ဝန်ကြီးချုပ်ယင်းလပ်က ပေးအပ်ခဲ့သည်ဟု ဆိုသည်။

ကျောက်သင်ပုန်းကွန်ပျူတာကို အလေးပေးဆောင်ရွက်နေခြင်းသည် ထိုင်းနိုင်ငံပညာရေး၏ ပိုမိုနက်ရှိုင်းဆိုးဝါးစွာ ထိခိုက်နေသော ပြဿနာများကို သတိပြုနေရခြင်းမှ လမ်းကြောင်းပြောင်းသွားစေသည်ဟု အချို့ကဝေဖန်ကြသည်။ ကျောင်းတက်နိုင်သည့် ကလေးဦးရေ အချိုးအစားမှာ ယခင်ဆယ်စုနှစ်ကထက် ပိုမိုများပြားလာခဲ့သော်လည်း ထိုကလေးသူငယ်များ သင်ယူရရှိသည့် ပညာအရည်အသွေးကတော့ ကျဆင်းလာခဲ့သည်။ စာသင်ကျောင်းများသို့ ငွေကြေးခွဲဝေချထားမှု များပြားလာခဲ့သော်လည်း ကျောင်းသားများ၏ ပညာသင်ယူ တတ်မြောက်မှု ကျဆင်းလျက်ရှိသည်။ ထိုင်းနိုင်ငံသည် အသုံးစရိတ် ခန့်မှန်းခြေငွေစာရင်း(ဘတ်ဂျက်)၏ ၂၀ ရာခိုင်နှုန်းကို ပညာရေးအတွက် ခွဲဝေသုံးစွဲလျက်ရှိသည်။ အခြားကဏ္ဍအားလုံးထက် ပိုမိုသုံးစွဲထားခြင်းဖြစ်သည်။ ပညာရေးအသုံးစရိတ်ကို လွန်ခဲ့သည့် ဆယ်စုနှစ်ကထက် နှစ်ဆကျော် ပိုမိုသုံးစွဲခဲ့သည့်တိုင် ပညာရေးရလဒ်များမှာ ပိုမိုဆိုးဝါးလာခဲ့သည်။ နိုင်ငံတစ်ခုလုံးအနေဖြင့်ဖြစ်စေ၊ အရှေ့တောင်အာရှဒေသအတွင်းမှ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ဖြစ်စေ ပိုမိုကျဆင်းလာခြင်းဖြစ်သည်။

> တစ်ကမ္ဘာလုံး အင်္ဂလိပ်စာကျွမ်းကျင်မှု အနေဖြင့် ထိုင်းနိုင်ငံသည် ၅၆ နိုင်ငံအနက် အဆင့် ၅၄ တွင်ရှိနေသည်။ အာရှဒေသတွင် ဒုတိယ အနိမ့်ဆုံးအဆင့်ဖြစ်သည်. . .

ယခုနှစ် အစောပိုင်းတွင် အစိုးရစုံစမ်းရေးအဖွဲ့က တင်သွင်းသည့်အစီရင်ခံစာ၌ "အမျိုးသားစံချိန်စာမေးပွဲရလဒ်များအရ အင်္ဂလိပ်စာ၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်များတွင် ကျောင်းသားများ၏ ရမှတ်များ အကြီးအကျယ် ကျဆင်းနေသည်"ဟု ဖော်ပြထားသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်မှ မကြာသေးမီက နောက်ဆုံးထုတ်ပြန်ခဲ့သော တစ်ကမ္ဘာလုံး ယှဉ်ပြိုင်နိုင်စွမ်းအစီရင်ခံစာတွင် ထိုင်းနိုင်ငံ၏ ကျန်းမာရေးနှင့် အခြေခံပညာရေးသည် အဆင့် ၃၈ တွင်သာရှိကြောင်း ဖော်ပြခဲ့သည်။ ဒေသအတွင်းမှ ဗီယက်နမ်နှင့် အင်ဒိုနီးရှားကဲ့သို့နိုင်ငံများ၏အောက်တွင် ရောက်နေခြင်းဖြစ်သည်။ ဆင်းရဲနွမ်းပါးသော ကမ္ဘောဒီးယားတစ်နိုင်ငံတည်းသာ စွမ်းဆောင်မှု ပိုညံ့သည့်နိုင်ငံအဖြစ် ရှိတော့သည်။

နိုင်ငံတကာက အသိအမှတ်ပြု လေးစားခံရသည့် အိုအီးစီဒီနိုင်ငံများက ကြီးမှူးပြုလုပ်သည့် အရည်အချင်းစစ် (PISA) စာမေးပွဲတွင် ထိုင်းနိုင်ငံ၏အဆင့်မှာ ၂၀၀၃ ခုနှစ်မှစတင်၍ တိုးတက်မှုမရှိသလောက် တန့်နေခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှာ အောက်ခြေအဆင့်မှ မြင့်တက်လာခဲ့သည်။ အခြားယှဉ်ပြိုင်မှု နှိုင်းယှဉ်ချက်အစီရင်ခံစာတစ်ခုတွင် တစ်ကမ္ဘာလုံး အင်္ဂလိပ်စာကျွမ်းကျင်မှုအနေဖြင့် ထိုင်းနိုင်ငံသည် ၅၆ နိုင်ငံအနက် အဆင့် ၅၄ တွင် ရှိနေသည်။ အာရှဒေသတွင် ဒုတိယအနိမ့်ဆုံးအဆင့်ဖြစ်သည်။ ဝင်ငွေအတန်အသင့်မြင့်နေသည့် ထိုင်းနိုင်ငံသည် အလယ်အလတ်ဝင်ငွေထောင်ချောက် (Middle-income trap)မှ လွတ်မြောက်ချင်သော်လည်း ဖော်ပြပါ အချက်အလက်များအရ စိတ်ပျက်ဖွယ် ဖြစ်နေသည်။ အခြေခံ အရေး၊ အဖတ် ကျွမ်းကျင်သော အလုပ်သမားရရှိရန်ခက်ခဲကြောင်း ထိုင်းအလုပ်ရှင်များက ငြီးငြူကြသည်။ လုံလောက်သော အရည်အချင်းနှင့်မပြည့်စုံသည့် အလုပ်သမားများကို အသုံးပြုထုတ်လုပ်နေရသဖြင့် ထုတ်လုပ်မှုစွမ်းရည် ထိခိုက်ကျဆင်းရသည်။

ပညာရေးအသုံးစရိတ်အများစုသည် ကျောင်းဆရာများ၏ လစာထဲ ရောက်သွားသည်။ ကျောင်းဆရာ၏ လစာသည် တက္ကသိုလ်တွင် အလုပ်ဝင်စကထိကတစ်ဦး၏ လစာထက်ပင် ပိုများနေသည်။ သို့တိုင်အောင် သင်ကြားရေးစွမ်းရည်မှာ နောက်ပြန်ဆုတ်နေသည်ဟု ထိုင်းနိုင်ငံဖွံ့ဖြိုးရေး သုတေသနသိပ္ပံမှ ပညာရှင်တစ်ဦးကဆိုသည်။ စာသင်ကျောင်းတစ်ကျောင်း၏ စွမ်းဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များကို ကျောင်းသားမိဘများက သိခွင့်ရှိစေရမည့်အပြင် ကျောင်းဆရာ၏လစာကို ကျောင်းသား၏ ပညာအရည်အချင်း ရလဒ်နှင့် ချိတ်ဆက်ထားသင့်သည်ဟုလည်း ထိုပညာရှင်က သုံးသပ်သည်။

အခြေအနေမကောင်းသော ကျောင်းများကို ပိတ်ပြီး၊ ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးသင့်သည်ဟု တိုက်တွန်းမှုများလည်းရှိသည်။ ထိုသို့ပြုပြင်ပြောင်းလဲရေး အခြေခံအယူအဆသည် လစာကောင်းကောင်း ရရှိနေကြသည့် ကျောင်းဆရာ ၄၀၀၀၀၀ ကျော်အား စိန်ခေါ်လိုက်ခြင်းပင်ဖြစ်သည်။ ကျောင်းနေ ကလေးသူငယ်တိုင်းကို ကျောက်သင်ပုန်းကွန်ပျူတာ တစ်လုံးစီပေးခြင်းသည် အင်မတန်ကျေနပ်ဖွယ်ကောင်းသည့် ပဋ္ဌလက် အတတ်ပညာတစ်ရပ်ဖြစ်သည်။ သို့သော်လည်း အရည်အသွေးမြင့်မားသည့် ပညာရေးအတွက် သော့ချက်တော့ ဖြစ်နိုင်မည်မဟုတ်ဟု ဆိုပါသည်။

***Ref;The Economist.***

# ဗီယက်နမ်သစ်တင်ပို့သူများအတွက် ယခုနှစ်မှာ သစ်အဝယ်အော်ဒါများတိုးတက်

ယမင်းခင်

ဗီယက်နမ်နိုင်ငံရှိ အဓိကသစ်အချောထည် ထုတ်လုပ်သူအားလုံးနီးပါးဟာ ယခုဇွန်လကုန်အထိ ပြည်ပစာချုပ်များ အပြည့်အဝချုပ်ဆိုထားပြီးဖြစ်လို့ ယခုနှစ်သစ်တင်ပို့မှုမှာ ကန်ဒေါ်လာ ၄ ဘီလီယံထိရောက်ရှိကာ ယခင်နှစ်ရရှိတဲ့ ကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံထက် အနည်းငယ်ပိုမိုရရှိမယ်လို့ ဟိုချီမင်းမြို့တော် လက်မှုနဲ့ သစ်လုပ်ငန်းအသင်း (HAWA) ဥက္ကဋ္ဌ Nguyan Chien Thang မှ ပြောကြားပါတယ်။ ဒါပေမဲ့ များစွာသော ပြည်တွင်းသစ်အချောထည်ပြုလုပ်သူများဟာ ငွေအရင်းအနှီးအခက်အခဲနဲ့ ထုတ်လုပ်မှုစရိတ်မြင့်တက်ခြင်းတွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ၎င်းမှပြောကြားပါတယ်။

အရေးကြီးတဲ့ အချက်တစ်ခုကတော့ ပြည်တွင်းထုတ်လုပ်သူများဟာ ဈေးကွက်ရှာဖွေရေးလုပ်ငန်းများ တိုးမြှင့်ဖို့နဲ့ ၎င်းတို့ထုတ်ကုန်ဒီဇိုင်းများတိုးတက်ဖို့ ဆောင်ရွက်သင့်တယ်လို့ဆိုပါတယ်။ အချိန်အတော်ကြာအောင် ပြည်ပတင်ပို့မှုနည်းခဲ့ပြီးနောက် မကြာသေးခင်အတွင်း သစ်ထုတ်ကုန်ပြည်ပတင်ပို့ဖို့ အော်ဒါများဟာ ပမာဏရော၊ တန်ဘိုးပါမြင့်တက်ခဲ့တယ်လို့ Binh Duong ပရိဘောဂအသင်း (Bifa) ဥက္ကဋ္ဌ Vo Truong Thanh မှ ပြောကြားပါတယ်။

ငွေအရင်းအနှီးခက်ခဲခြင်းနဲ့ ကုန်ကြမ်းရောင်းချမှု ပြတ်လပ်ခြင်းတို့ကြောင့် အသေးစားနဲ့ အလတ်စား လုပ်ငန်းရှင်များစွာဟာ ထုတ်လုပ်မှုလျှော့ချခြင်းရှိသလို အချို့မှာလည်း အလုပ်ရုံပိတ်တာတွေရှိတဲ့အတွက် ရောင်းချမှုမလုံလောက်ကာ ပြည်ပတင်ပို့မှုလျော့ကျခဲ့တယ်လို့ Thanh မှဆိုပါတယ်။ ယခုနှစ်အတွက်ကတော့ ငွေအရင်းအနှီးတိုးတက်ဖို့ အထောက်အကူဖြစ်စေတဲ့ဈေးနဲ့ ပြည်ပတင်ပို့မှု တိုးတက်လာလို့ ဗီယက်နမ်သစ်တင်ပို့ ထုတ်လုပ်သူများအတွက် အချိန်ကောင်းဖြစ်နေတယ်လို့ ၎င်းကဆိုပါတယ်။

ယခုနှစ် အဓိကတင်ပို့တဲ့ဈေးကွက်များမှာ အာဆီယံနဲ့ တောင်အမေရိကနိုင်ငံများဖြစ်တယ်လို့ HAWA မှဆိုပါတယ်။ အထူးသဖြင့် ဂျပန်နိုင်ငံကို ဗီယက်နမ်သစ်ထုတ်ကုန် ပြည်ပတင်ပို့မှုတန်ဘိုးဟာ ၂၀၁၁ နှစ်ကုန်နောက်ပိုင်း ၂၇ ရာခိုင်နှုန်းမြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။ ဂျပန်နိုင်ငံမှာ ငလျင်နဲ့ဆူနာမီဖြစ်ပြီးနောက်ပိုင်း ဆောက်လုပ်ရေး ပရောဂျက်များကြောင့် သစ်လိုအပ်ချက်မြင့်တက်လာလို့ ဝင်ငွေဆက်လက်တိုးတက်လိမ့်မယ်လို့ Thang မှဆိုပါတယ်။

တစ်ချိန်တည်းမှာ တရုတ်ထုတ်ကုန်များနဲ့ ဈေးနှုန်းယှဉ်ပြိုင်ကမ်းလှမ်းတဲ့ ပြည်တွင်းထုတ်လုပ်သူများနဲ့ အမေရိကန် ဖောက်သည်များလည်း စာချုပ်များ ချုပ်ဆိုထားတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ယခုနှစ် သစ်ထုတ်ကုန်တင်ပို့မှု စုစုပေါင်းတန်ဖိုးဟာ မနှစ်ကထက်ပိုပြီး ကန်ဒေါ်လာ ၄ ဘီလီယံထိရရှိဖို့ မျှော်လင့်ကြောင်း ပြောကြားပါတယ်။

သစ်လုပ်ငန်းကဏ္ဍဟာ သစ်ကုန်ကြမ်းအလုံအလောက် ရောင်းချဖို့လည်း ရည်မှန်းလျက်ရှိကြောင်း သိရပါတယ်။ သစ်တောလုပ်ငန်းအတွက် နိုင်ငံတော်ဖွံ့ဖြိုးရေးဗျူဟာအရ ၂၀၂၀ မှာ ပြည်တွင်းသစ်လိုအပ်ချက်ရော၊ ပြည်ပတင်ပို့ဖို့ရော ဖြည့်ဆည်းနိုင်လိမ့်မယ်လို့ ဗီယက်နမ်သစ်နဲ့သစ်တောထုတ်ကုန်အသင်းဥက္ကဋ္ဌ Nguyen Ton Quyen မှ ပြောကြားပါတယ်။

ဆိုလိုတာကတော့ ၂၀၂၀ တိုင်အောင် ပြည်တွင်းထုတ်လုပ်သူများဟာ ပြည်ပတင်ပို့ဖို့အတွက် ကုန်ကြမ်းများကို ဈေးအမြင့်နဲ့ ဆက်လက်တင်သွင်းနေရဦးမယ့်သဘော ဖြစ်ပါတယ်။ ဒါကြောင့် သစ်အချောထည် ထုတ်လုပ်သူများအနေနဲ့ အခြားနိုင်ငံများမှ သစ်ထုတ်ကုန်ထုတ်လုပ်သူများထက် ၎င်းတို့ရဲ့ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ဖို့ အဖြေရှာကြိုးစားသွားရမှာဖြစ်ကြောင်း Quyen မှ ဆိုပါတယ်။

***Source: VOU***

# ဓာတ်ဆီ/ ဒီဇယ်ဆီ

## ဓာတ်ဆီရော ဒီဇယ်ပါ အသွင်းပိုလျက်ရှိ




ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိ ကာလအတွင်းမှာ နယ်စပ်ကုန်သွယ်ရေး စခန်းများမှ ကန်ဒေါ်လာ သုည ဒသမ ၇၇၈ သန်းတန်ဖိုးရှိ ဒီဇယ်ဆီ ၁၉၅၈၈၀ ဂါလန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၂၀၉ သန်းတန်ဖိုးရှိ ဓာတ်ဆီ ၅၄၉၂၆ ဂါလန် အသွင်း ရှိခဲ့ပါတယ်။

***MIRT(DOBT)***

## ပြည်တွင်း လက်လီအရောင်းဈေး

ပြည်တွင်းစက်သုံးဆီ လက်လီအရောင်း တစ်ဂါလန်ဈေးကတော့ အောက်ပါ အတိုင်း ဖြစ်ပါတယ်-

ဇွန်လ ၂၀၁၂

| ရက် | ဓာတ်ဆီ(ကျပ်) နေပြည်တော် | ဓာတ်ဆီ(ကျပ်) ရန်ကုန် | ဓာတ်ဆီ(ကျပ်) မန္တလေး | ဒီဇယ်(ကျပ်) နေပြည်တော် | ဒီဇယ်(ကျပ်) ရန်ကုန် | ဒီဇယ်(ကျပ်) မန္တလေး |
|---|---|---|---|---|---|---|
| ၁၈ | ၄၂၀၀ | ၃၉၀၀ | ၄၁၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ |
| ၁၉ | ၄၁၀၀ | ၃၉၀၀ | ၄၁၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ |
| ၂၀ | ၄၁၀၀ | ၃၉၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ |
| ၂၁ | ၄၁၀၀ | ၃၉၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ |
| ၂၂ | ၄၁၀၀ | ၃၉၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ |

ရန်ကုန် ပုဂ္ဂလိက စက်သုံးဆီဆိုင်များ၏ စက်သုံးဆီ အရောင်းဈေးနှုန်းများ မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

ဇွန်လ ၂၀၁၂

| ရက် | အောက်တိန်း(ကျပ်) | ဓာတ်ဆီ(ကျပ်) | ဒီဇယ်(ကျပ်) | အဆင့်မြင့်ဒီဇယ်(ကျပ်) |
|---|---|---|---|---|
| ၁၈ | ၃၉၀၀ | ၃၅၅၀ | ၃၉၀၀ | ၃၉၀၀ |
| ၁၉ | ၃၈၀၀ | ၃၅၅၀ | ၃၈၀၀ | ၃၈၅၀ |
| ၂၀ | ၃၈၀၀ | ၃၅၅၀ | ၃၈၀၀ | ၃၈၅၀ |
| ၂၁ | ၃၈၀၀ | ၃၅၅၀ | ၃၈၀၀ | ၃၈၅၀ |
| ၂၂ | ၃၈၀၀ | ၃၅၅၀ | ၃၈၀၀ | ၃၈၅၀ |

***MIRT-DOT***

## ၁၆-၆-၂၀၁၂ မှ ၂၂-၆-၂၀၁၂ ထိ နယ်စပ်စခန်းများမှ ဈေးကွက်အတွင်းရှိ ဓာတ်ဆီ၊ ဒီဇယ်ဆီ ပျမ်းမျှ ပေါက်ဈေးနှုန်းများ

| စဉ် | နယ်စပ်စခန်း | ရေတွက်ပုံ | ဓာတ်ဆီဈေးနှုန်း | ဒီဇယ်ဈေးနှုန်း |
|---|---|---|---|---|
| | တရုတ် | | (ကျပ်) | (ကျပ်) |
| ၁။ | မူဆယ် | ဂါလန် | ၃၈၅၀ | ၄၀၅၀ |
| ၂။ | လွယ်ဂျယ် | ဂါလန် | ၄၂၀၀ | ၄၁၅၀ |
| ၃။ | ချင်းရွှေဟော် | ဂါလန် | ၄၀၀၀ | ၄၀၀၀ |
| | ထိုင်း | | (ကျပ်) | (ကျပ်) |
| ၁။ | ကော့သောင်း | ဂါလန် | ၃၉၀၀ | ၃၅၀၀ |
| ၂။ | မြဝတီ | ဂါလန် | ၄၀၀၀ | ၄၀၀၀ |
| ၃။ | တာချီလိတ် | ဂါလန် | ၃၈၀၈ | ၃၈၆၅ |
| | အိန္ဒိယ | | (ကျပ်) | (ကျပ်) |
| ၁။ | တမူး | ဂါလန် | ၄၇၀၀ | ၄၃၅၀ |
| | ဘင်္ဂလားဒေ့ရှ် | | (ကျပ်) | (ကျပ်) |
| ၁။ | စစ်တွေ | ဂါလန် | ၄၄၀၀ | ၃၅၀၀ |
| ၂။ | မောင်တော | ဂါလန် | ၅၅၀၀ | ၄၂၀၀ |



## ငွေလဲစင်တာထက် ပြင်ပငွေဈေးကွက်တွင် ဝယ်ဈေးမြင့်မားနေ

အမေရိကန်ဒေါ်လာနှင့် မြန်မာငွေ လဲလှယ်နှုန်းထားသည် ငွေလဲစင်တာများက ဝယ်ယူသည့်နှုန်းထက် ပြင်ပငွေဈေးကွက်က ဝယ်ယူသည့် နှုန်းထားက မြင့်မားနေကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်းတွင် ဗဟိုဘဏ်မှ သတ်မှတ်သည့်ဈေးနှုန်းမှာလည်း နေ့စဉ်တက်လာခဲ့ရာ ယခုတစ်ပတ်ငွေ ဈေးပိတ်ချိန်တွင် ဗဟိုဘဏ်သတ်မှတ်ဈေးသည် ၈၅၅ ကျပ်ဖြစ်ခဲ့သည့်အတွက် ငွေလဲစင်တာများတွင် ရောင်းဈေး ၈၆၂ ကျပ် ဝယ်ဈေး ၈၅၁ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။

သို့သော် ပြင်ပငွေလဲဈေးကွက်တွင်မူ ရောင်းဈေး ၈၆၅ကျပ် ဝယ်ဈေး ၈၆၃ ကျပ်ဖြင့် ဈေးဖွင့်ခဲ့ရာ ငွေလဲသူများမှာ ပြင်ပငွေလဲဈေးကွက်တွင်သာ သွားရောက် ရောင်းချကြကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ ကျွန်တော်တို့ ဈေးကွက်ထဲကို ငွေလဲတဲ့သူတွေ ခါတိုင်း ရက်တွေထက် ပိုပြီးလာကြတယ်။ ငွေလဲစင်တာတွေက ကျွန်တော်တို့အပြင်ထက် ၉ ကျပ်နည်းနေတဲ့အခါကျတော့ ကျွန်တော်တို့ဆီမှာ လာရောင်းကြတာများတယ်။ ငွေလဲစင်တာနဲ့ ကျွန်တော်တို့ အပြိုင်လိုဖြစ်နေတာပေ့ါ။ ကျွန်တော်တို့က ဟောင်း နွမ်းငွေတွေပါဝယ်တဲ့အခါကျတော့ ဒီကိုပဲလာရောင်းကြတာ များတယ်။ ဒါပေမယ့် ဗဟိုဘဏ်က ဒီလိုလုပ်နေတာ သူတို့ဥပဒေထုတ်ဖို့အတွက် ခြေလှမ်းပြင်နေတာ။ တကယ်လို့ ဥပဒေထုတ်ပြီးသွားလို့ရှိရင် ဒေါ်လာမှန်သမျှ အတုကလွဲရင် အကုန်ဝယ် တော့မှာ။ ဒါဆိုရင် သေချာတဲ့ သူတို့ဆီမှာပဲ အရောင်းအဝယ်လုပ်ကြမှာ။ အဲဒီ အချိန်ရောက်ရင်တော့ ကျွန်တော်တို့က တစ်ကျပ်စား နှစ်ကျပ်စားဘဝ ရောက် တော့မှာ"ဟု ပြင်ပငွေလဲဈေးကွက်အတွင်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

အမေရိကန်ဒေါ်လာဈေးကွက်သည် ဇွန် ၁၈ရက်က ရောင်းဈေး ၈၅၅ ကျပ်၊ ဝယ်ဈေး ၈၄၅ ကျပ်သာရှိခဲ့ ရာမှ ဇွန် ၂၂ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၈၆၂ ကျပ် ဝယ်ဈေး ၈၅၁ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်ကိုတွေ့ရသည်။

ပြင်ပငွေဈေးကွက်တွင်မူ ဇွန် ၁၈ ရက်က ရောင်းဈေး ၈၄၈ ကျပ် ဝယ်ဈေး ၈၄၆ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း ဇွန် ၂၂ ရက်တွင် ရောင်းဈေး ၈၆၅ ကျပ် ဝယ်ဈေး ၈၆၃ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်ကို တွေ့ရသည်။ ***မယ်သီတာ***

## မြန်မာ့ရွှေဈေး အတက်ဘက်သို့ ဦးတည်နေရာမှ ပြန်လည်ကျဆင်းခဲ့

ယခုတစ်ပတ်အတွင်း မြန်မာ့ရွှေဈေးသည် အတက်ဘက်သို့ ဦးတည်နေရာမှ ကမ္ဘာ့ရွှေဈေး ရုတ်တရက်ကျဆင်းမှုကြောင့် ပြန်လည်ကျဆင်းခဲ့ကာ အကျဘက်သို့ပင်ပြန်လည်ဦးတည်နေခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ဒီတစ်ပတ်ရွှေဈေးက တကယ့်ကို အတက်ဘက်ကို ဦးတည်နေခဲ့တာ။ ပြည်တွင်းမှာ ဒေါ်လာဈေးက နေ့စဉ် အတက်ပြနေတော့ ရွှေဈေးလည်း အကျမရှိနိုင်ဘူးလို့ သုံးသပ်နေကြတာ။ ဒါပေမယ့် ကမ္ဘာ့ရွှေဈေးက ဒီနေ့တစ်နေ့တည်းမှာကို ကျသွားတာ။ မနေ့က (ဇွန် ၂၁ ရက်) တစ်အောင်စကို ၁၆၀၂ ဒေါ်လာ ရှိသေးတယ်။ ဒီနေ့ ဈေးဖွင့်မယ်ဆိုတော့ ကမ္ဘာ့ရွှေဈေးက ၁၅၇၀ ဒေါ်လာအထိ ကျသွားခဲ့တာ။ ဒေါ်လာဈေးတက်နေပေမယ့် ကမ္ဘာ့ရွှေဈေးကျသွားပြီဆိုတော့ မြန်မာ့ရွှေဈေးကလည်း ရုတ်တရက်ကျသွားတာပဲ။ မနေ့ကဆိုရင် အခေါက်ရွှေတစ်ကျပ်သားကို ကျပ် ၇၂၂၀၀၀ ရှိတယ်။ ဒီနေ့လည်းကျရော တစ်ကျပ်သားကို ကျပ် ၇၁၀၀၀၀ ပဲရှိတော့တာ။ တစ်နေ့တည်းကို တစ်သောင်းလောက်ကျသွားတာ။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ အရင်တုန်းကတော့ ဒေါ်လာဈေးက ကျနေတဲ့အတွက် မြန်မာ့ရွှေဈေးက လိုက်ပြီးကျခဲ့တာ။ အခုကတော့ ဒေါ်လာဈေးတက်နေတဲ့ အတွက် ရွှေဈေးက ထင်သလောက်ကျသွားမှာမဟုတ်ပါဘူး"ဟု ရွှေကုန်သည်တစ်ဦးက ဆိုသည်။

မြန်မာ့ရွှေဈေးသည် ဇွန်လဆန်း ပိုင်းက ကျပ်ခုနစ်သိန်းစွန်းစွန်းသာ ရှိခဲ့ရာမှ ယခုလ တတိယပတ်အတွင်းတွင် တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီးမှ ဇွန် ၂၂ ရက်တွင် ပြန်လည်ကျရိပ်ပြခဲ့ခြင်း ဖြစ်သည်။

***မယ်သီတာ***

## Currency Exchange Rate

**JUNE 22, 2012**
**Base Currency is United States Dollar - USD**

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 0.99 |
| BDT Bangladesh Taka | 81.90 |
| CAD Canada Dollars | 1.03 |
| CNY China Yuan Renminb | 6.37 |
| EUR Euro | 0.80 |
| HKD Hong Kong Dollars | 7.76 |
| INR India Rupees | 56.83 |
| IDR Indonesia Rupiahs | 9410.00 |
| JPY Japan Yen | 80.43 |
| MYR Malaysia Ringgits | 3.19 |
| PKR Pakistan Rupees | 94.45 |
| PHP Philippines Pesos | 42.47 |
| RUB Russia Rubles | 33.34 |
| SGD Singapore Dollars | 1.28 |
| KRW South Korea Won | 1157.39 |
| LKR Sri Lanka Rupe | 132.93 |
| THB Thailand Baht | 31.81 |
| GBP United Kingdom Pounds | 0.64 |
| VND Vietnam Dong | 20900.00 |

***Source : xe.com***

## World Gold Price

**June 2012** **(USD/OZ)**

| Date | NY | London | Zurich |
|---|---|---|---|
| 18 | 1617 | 1618 | 1621 |
| 19 | 1627 | 1627 | 1627 |
| 20 | 1620 | 1620 | 1620 |
| 21 | 1602 | 1600 | 1601 |
| 22 | 1561 | 1562 | 1565 |

## Domestic Gold Price

**Kyats(Thousand)**

| Date | Yangon | Mandalay |
|---|---|---|
| 18-6-2012 | 722.00 | 715.50 |
| 19-6-2012 | 724.70 | 724.10 |
| 20-6-2012 | 724.50 | 724.00 |
| 21-6-2012 | 721.50 | 721.00 |
| 22-6-2012 | 716.00 | 715.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန် ၂၀၁၂ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 18 | 6.36 | 31.43 | 81.84 | 55.69 |
| 19 | 6 .36 | 31.43 | 81.86 | 56.00 |
| 20 | 6 .36 | 31.49 | 81.75 | 55.91 |
| 21 | 6 .37 | 31.65 | 81.90 | 56.42 |
| 22 | 6.37 | 31.81 | 81.90 | 56.83 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 18-June | 28.50 | 1942.53 | 1927.97 | 7674.24 | 1491.00 |
| 19-June | 28.86 | 1923.04 | 1906.02 | 7638.18 | 1487.00 |
| 20-June | 28.41 | 1930.43 | 1907.58 | 7675.36 | 1481.00 |
| 21-June | 27.41 | 1896.38 | 1882.50 | 7538.72 | 1452.00 |
| 22-June | 26.78 | 1855.39 | 1837.47 | 7371.84 | 1423.00 |

***Source:kitco.com***

## Energy NYMEX 22-6-2012

| | Price | Change | Change % |
|---|---|---|---|
| Brent Crude Futr (USD/bbl) | 89.79 | 0.56 | 0.63 |
| Gas Oil Fut (ICE) (USD/MT) | 811.50 | -5.00 | -0.61 |
| Gasoline Rbob Fut (Cent/gal) | 254.07 | 1.54 | 0.61 |
| Heating Oil Futr (Cent/gal) | 2.59 | 0.008 | 0.31 |
| Natural Gas Futr (USD/MMBtu) | 256.37 | 1.36 | 0.53 |
| WTI Crude Future (USD/bbl.) | 78.51 | 0.31 | 0.40 |

# ဓာတ်မြေသြဇာ

## ထိုင်း၊ ရုရှားနဲ့ တရုတ်မှ မြေသြဇာများတင်သွင်း

ပင်လယ်ရေကြောင်းလမ်းမှ ယခင်တစ်ပတ်မြေသြဇာတန်ချိန် ၁၄၀၀ ကျော်တင်သွင်းခဲ့ပြီး ဒီတစ်ပတ်ဖြစ်တဲ့ ဇွန် ၁၀ ရက်မှ ၁၆ ရက်တာကာလအတွင်း မြေသြဇာတန်ချိန် ၁၁၉၀၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သုံးသိန်းကျော်ဖိုးကို တင်သွင်းခဲ့ပါတယ်။ ရုရှားနိုင်ငံမှ ကွန်ပေါင်းမြေသြဇာက ၃၉၂ တန်၊ ထိုင်းနိုင်ငံမှ ဓာတ်ဆား တန် ၁၅၀ နဲ့ အခြားမြေသြဇာက ၂၄ တန်၊ တရုတ်နိုင်ငံမှ မြေသြဇာက ၆၂၄ တန် တင်သွင်းခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေသြဇာအဝင်က တန်ချိန် နှစ်ရာကျော်အဝင်လျော့ခဲ့ပါတယ်။ ***MIRT (DOT)***

## နယ်စပ်မှ ဓာတ်မြေသြဇာတန် ၁၁၂၀၀ ခန့် အသွင်းရှိ

ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၂ သန်းကျော်တန်ဖိုးရှိ ဓာတ်မြေသြဇာ ၁၁၁၉၀ တန် အသွင်းရှိခဲ့ပါတယ်။ ယခင်အပတ်ကထက် တန် ၂၅၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့ပါတယ်။ ကော့သောင်းနဲ့ မြိတ်နယ်စပ်များမှ အသွင်းလျော့နည်းခဲ့ပြီး မြဝတီနယ်စပ်မှ ယခုအပတ်မှာ အသွင်းမရှိခဲ့တဲ့အတွက် ဓာတ်မြေသြဇာတင်သွင်းမှု လျော့နည်းခဲ့ခြင်းဖြစ်ပါတယ်။ ယခုအပတ် နယ်စပ်အလိုက်တင်သွင်းမှုတွေကတော့ မူဆယ်မှ ၁၀၅၃၄ တန်၊ ရိဒ်မှ ၄၁၅ တန်ကျော်၊ မြိတ်မှ တန် ၁၂၀၊ ကော့သောင်းမှ တန် ၁၀၀ နဲ့ တာချီလိတ်မှ တန် ၂၀ အသီးသီးဖြစ်ပါတယ်။ မူဆယ်နယ်စပ်မှ အများဆုံးတင်သွင်းတဲ့ ဓာတ်မြေသြဇာတွေကတော့ ယူရီးယား၊ ကွန်ပေါင်း (၁၀း၁၀း၅)၊ နိုက်တြိုတ်ပိုတက်ရှ်၊ ကွန်ပေါင်း (၁၅း၅း၅)၊ တီစူပါဖော့စဖိတ်နဲ့ စင်ဂဲလ်စူပါဖော့စဖိတ်တို့ဖြစ်ကြပါတယ်။ ရိဒ်မှ ပိုတက်ရှ်ဓာတ်မြေသြဇာ ပုံမှန်တင်သွင်းလျက်ရှိပါတယ်။ ***MIRT(DOBT)***

## ဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်ရှိနေတဲ့ ဓာတ်မြေသြဇာ

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မိုးများလာတာကြောင့် ဓာတ်မြေသြဇာက အရောင်းပါးလာတယ်လို့ အရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ အရောင်းပါးပေမဲ့ ဈေးကတော့မကျဘဲ ယခင်တစ်ပတ် ဈေးအတိုင်းပဲငြိမ်နေတယ်လို့ ဆိုပါတယ်။ ပုလဲအသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်)က ၂၄၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (ထိုင်း) က ၃၅၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (ပန်းရောင်) က ၃၁၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) က ၃၀၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၄၀၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ) တရုတ် က ၁၁၅၀၀ ကျပ်ဈေးနဲ့ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ မြေသြဇာက ယခင်တစ်ပတ်ကတည်းက အရောင်းအေးနေတာ ဒီနေ့ထိပါပဲလို့သိရပါတယ်။ အရောင်းအေးပေမဲ့ ဈေးကတော့ အနည်းငယ်တက်တယ်။ ဈေးတက်ရတာကလည်း ဝယ်ရင်းဈေးတက်ရတာကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား-ပုလဲက ၁၂၀၀ကျပ်၊ တီစူပါ ၁၆%က ၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) က ၂၀၀၀ ကျပ် ဈေးတက်ပြီး ကျန်မြေသြဇာဈေးက ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) (ရွှေတောင်-တရုတ်)က ၂၁၀၀၀ ကျပ်၊ ယူရီးယား (ပုလဲ-ပန်းဖူး) က ၂၀၅၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) က ၉၀၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၀၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၆၀၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၄၅၀၀ ကျပ်၊ ဓါတ်ဆား(တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၃၀၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၀၀၀ ကျပ်နဲ့ မြားကမ္ဘာ ၁၅၀၀၀ ကျပ်တို့ဖြစ်ကြောင်း သိရ ပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်မြေသြဇာက အရောင်းပုံမှန်ရှိတယ်လို့ အရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ အရောင်းပုံမှန်ရှိနေပေမဲ့ ဈေးကတော့ အနည်းငယ်ကျလာပါတယ်။ ယူရီးယား(ပန်းဖူး)က တစ်အိတ်ကို ခုနှစ်ရာကျပ်ဈေးကျပြီး၊ တီစူပါအမျိုးအစား မြေသြဇာက တစ်အိတ်ကို တစ် ရာကျပ်မှ နှစ်ရာကျပ်ဈေးကျပြီး ကွန်ပေါင်းမြေသြဇာက တစ်အိတ်ကို သုံး ရာကျပ်ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မြေသြဇာဈေးက ယူရီး ယား(ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ (GTSP ၄၆%-တရုတ်) ၂၀၄၀၀ ကျပ်၊ တီစူပါ (GSSP ၁၆%-တရုတ်) ၈၈၀၀ ကျပ်၊ တီစူပါ (GTSP ၁၂%-တရုတ်) က ၈၁၀၀ ကကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (တရုတ်) ၃၇၅၀၀ ကျပ်နဲ့ ကွန်ပေါင်း ၁၀း၁၀း၅ က ၁၃၈၀၀ ကျပ်ဈေးနှုန်းတွေရှိတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာက အရောင်းပုံမှန်ရှိနေပေမဲ့ ယူရီးယားနဲ့ ပိုတက်မြေသြဇာတွေက ယခင်တစ်ပတ်ဈေးထက် အနည်းငယ် မြင့်လာပါတယ်လို့ အရောင်း ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ တီစူပါနဲ့ ကွန်ပေါင်းမြေသြဇာက ယခင်တစ်ပတ်ဈေးထက် နှစ်ထောင်ကျပ် ဈေးကျလာပါတယ်။ ဒီတစ်ပတ်မြေသြဇာဈေးတွေက ယူရီးယား(ကမ္ဘာလုံး-တရုတ်) ၂၁၇၀၀ ကျပ်၊ ယူရီးယား(နေရွက်လှေ) က ၁၃၀၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ ပိုတက်(ထိုင်း)က ၃၈၀၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (နေရွက်လှေ) က ၃၈၃၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ (အမ်-တရုတ်) ၃၅၆၀၀ ကျပ်နဲ့ ကွန်ပေါင်း ၁၅း၇း၁၈ ၃၃၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဓာတ်မြေသြဇာက အရောင်းသွက်တယ်လို့ ဆိုပါတယ်။ ဒီအချိန်က နှမ်း၊ မြေပဲစိုက်ပြီး မြေသြဇာကျွေးချိန်ရောက်ပြီမို့ အရောင်းက ကောင်းလာပြီး ဈေးကအတက်မရှိဘဲ ငြိမ်နေတယ်လို့ သိရပါတယ်။ ငြိမ်နေတဲ့ မြေသြဇာတွေထဲမှ အာမို ၁၆း၁၆း၈ က တစ်အိတ်ကို ၅၀၀ ကျပ်ဈေးမြင့်ပြီး တောင်သူမက ၅၀၀ ကျပ် ဈေးကျလာပါတယ်။ ဒီတစ်ပတ် မြေသြဇာဈေးနှုန်းတွေက မြားကမ္ဘာ-တရုတ် (၁၂း၁၃-အပြာ) ၁၆၀၀၀ကျပ်၊ ဆင် ၁၀း၁၀း၅ က ၁၆၀၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၅၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၆၈၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၃၀၀၀ ကျပ်၊ ယူရီး ယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ(မြားနီ-တရုတ်) ၂၂၀၀၀ ကျပ်၊ တောင်သူမက ၁၅၅၀၀ ကျပ်၊ ပိုတက် ၂၃၅၀၀ ကျပ်နဲ့ အောင်ကမ္ဘာ ၁၀း၁၀း၅ က ၁၈၀၀၀ ကျပ်ဈေးတွေနဲ့ အရောင်းအဝယ်ရှိနေတယ်လို့ သိရပါတယ်။

***MIRT (DOT)***

# ဘိလပ်မြေ

## ပင်လယ်ရေကြောင်းလမ်းမှ ဘိလပ်မြေတန်ချိန် ကိုးသောင်းကျော်တင်သွင်းခဲ့

ပြည်တွင်းကို ပင်လယ်ရေကြောင်းလမ်းမှ ဘိလပ်မြေတင်သွင်းမှုက ယခင်တစ်ပတ်ထက်ပိုခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်သွင်းမှုက တန်ချိန် နှစ်သောင်းလေးထောင်ကျော်ရှိခဲ့ပါတယ်။ ဒီသီတင်းတစ်ပတ်ဖြစ်တဲ့ ဇွန် ၁၀ ရက်မှ ၁၆ ရက်တာကာလအတွင်း ဘိလပ်မြေတန်ချိန် ၉၈၁၁၈ ဒသမ ၁၅၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၈၂ သိန်းကျော်ဖိုးကို တင်သွင်းခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဘိလပ်မြေတင်သွင်းမှုက တန်ချိန် ခုနစ်သောင်းကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့ ဘိလပ်မြေများမှာ ထိုင်းနိုင်ငံဘက်မှဖြစ်ပြီး မောင်းတိန်းဘိလပ်မြေ တန် ၇၄၀၀၊ စိန်တံဆိပ်ဘိလပ်မြေ တန်ချိန် ၅၇၀၀ နဲ့ အခြားတံဆိပ်မျိုးစုံ ဘိလပ်မြေတန်ချိန် ၈၅၀၁၈ ဒသမ ၁၅ တန်ဖြစ်ပါတယ်။ ***MIRT (DOT)***

## နယ်စပ်မှ ဘိလပ်မြေအသွင်းလျော့

မိုးတွင်းကာလ ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်နားချိန်ဖြစ်တဲ့အတွက် ဝယ်လိုအားအခြေအနေ ပေါ်မူတည်ပြီး ယခုအပတ်မှာ ဘိလပ်မြေအသွင်းလျော့လာတာ တွေ့ရပါတယ်။ ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၁၅၉ သန်း တန်ဖိုးရှိ ဘိလပ်မြေ ၁၈၁၈ တန် တင်သွင်းခဲ့တာဖြစ်ပါတယ်။ မူဆယ်မှ ၁၂၃ တန်၊ ချင်းရွှေဟော်မှ ၁၇၈ တန်၊ မြိတ်မှ တန် ၁၅၀ နဲ့ တာချီလိတ်မှ ၁၃၆၇ တန်တင်သွင်းမှု ရှိခဲ့ပါတယ်။ မြိတ်နယ်စပ်မှ သိသိသာသာ အသွင်းလျော့ခဲ့ပြီး ချင်းရွှေဟော်စခန်းမှလည်း အနည်းငယ် လျော့နည်းခဲ့ပါတယ်။ တာချီလိတ်နဲ့ မူဆယ်စခန်းများမှ အသွင်းပိုခဲ့ပါတယ်။ ***MIRT(DOBT)***

## ဈေးပုံမှန်လေးနဲ့ ဈေးကွက်အတွင်းရှိနေတဲ့ ဘိလပ်မြေ

**မော်လမြိုင်**ဈေးကွက်မှာ ဘိလပ်မြေက အရောင်းပါးလာတယ်လို့ အရောင်းဆိုင်မှဝန်ထမ်းတစ်ဦးက ဆိုပါတယ်။ အရောင်းအေးပေမဲ့ ဈေးက အတက်အကျမရှိဘဲ ငြိမ်နေတယ်လို့ပြောပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲကို စိန်(ထိုင်း)ပြန်လည်ဝင်ရောက်လာပါတယ်။ ဈေးကွက်မှာအရောင်းအဝယ်ဖြစ် နေတဲ့ဈေးက မြင်းခေါင်း (ဘိလပ်မြေ)တစ်အိတ်ကို ၃၆၀၀ ကျပ်၊ ဆင်(ထိုင်း) တစ်အိတ်ကို ၄၈၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး)က ၄၅၅၀ ကျပ်နဲ့ စိန်(ထိုင်း) ၄၆၅၀ ကျပ်တို့ဖြစ်ကြောင်း သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဘိလပ်မြေက ဈေးကွက်ထဲ အဝယ်ရှိသလောက် အဝင်လည်းရှိတယ်။ ဒါကြောင့် ဈေးကွက်ထဲမှာ ပစ္စည်း ပြတ်တာမျိုးမရှိဘူး။ အဝယ်လိုက်လာတာကြောင့် ဘိလပ်မြေဈေးကလည်း တစ်ရာဝန်းကျင် ဈေးမြင့်လာပြီး အရောင်းသွက်နေတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ အေသုံးလုံးဘိလပ်မြေက စက်ရုံထုတ်ဈေး အနည်းငယ် မြင့်လာတာကြောင့် ဈေးကွက်မှာလည်း အနည်းငယ်မြင့်လာရတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဘိလပ်မြေဈေးက အေသုံးလုံး ၅၆၀၀ ကျပ်၊ မြန်မာဆင် ၅၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၇၀၀ ကျပ်၊ စိန်(ထိုင်း) ၆၆၀၀ ကျပ်၊ ကျားခေါင်း ၅၅၀၀ ကျပ်နဲ့ မြင်းခေါင်း ၅၂၀၀ ကျပ်ဈေးတို့နဲ့ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ ဒီတစ်ပတ်ဘိလပ်မြေက အရောင်းပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် အရောင်းအေးနေပေမဲ့ ဒီတစ်ပတ်မှာတော့ အရောင်းရှိလာတယ်လို့ ပြောပါတယ်။ ရောင်းအားရှိပေမဲ့ ဘိလပ်မြေဈေးက အပြောင်းအလဲသိပ်မရှိပါဘူး။ ဆင်(ထိုင်း)ဘိလပ်မြေသာ တစ်ရာဝန်းကျင် ဈေးတက်ပြီး ကျန်ဘိလပ်မြေတွေက ယခင်တစ်ပတ်ဈေးအတိုင်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်အတွင်း ဈေးနှုန်းတွေက ခြင်္သေ့ ၅၀၀၀ ကျပ်၊ မြို့တော်ဘိလပ်မြေ ၄၈၀၀ ကျပ်၊ ကျားခေါင်းဘိလပ်မြေ ၅၀၀၀ ကျပ်၊ နဂါးဘိလပ်မြေ ၅၈၀၀ ကျပ်နဲ့ ဆင်(ထိုင်း) ၇၂၀၀ ကျပ်ဈေးနဲ့ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်**မှာ ဘိလပ်မြေက အရောင်းအဝယ်ဖြစ်တယ်လို့ အရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးကဆိုပါတယ်။ အရောင်းအဝယ်ဖြစ်ပေမဲ့ ဈေးကပြောင်းလဲမှုမရှိဘဲ ငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဘိလပ်မြေဈေးနှုန်းက ယခင်တစ်ပတ်ဈေးအတိုင်း ဆင်(ထိုင်း)က တစ်အိတ်ကို ၅၈၅၀ ကျပ်နဲ့ မြင်းခေါင်းဘိလပ်မြေက တစ်အိတ်ကို ၄၇၀၀ ကျပ်ပဲဖြစ်ပါတယ်။

**ရန်ကုန်ဘုရင့်နောင်ဈေးကွက်**မှာ ဘိလပ်မြေက အရောင်းပုံမှန်ရှိနေတယ်လို့ အရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးကဆိုပါတယ်။ ဒီတစ်ပတ်မှာတော့ ဘိလပ်မြေဈေးက ယခင်တစ်ပတ်တွေထက် ဈေးကျလာပါတယ်။ ဆင်ဘိလပ်မြေ တစ်အိတ်ကို ၅၁၀၀ ကျပ်၊ စိန်ဘိလပ်မြေတစ်အိတ်ကို ၅၀၀၀ ကျပ်နဲ့ မြင်းခေါင်းဘိလပ်မြေတစ်အိတ်ကို ၄၈၀၀ ကျပ်ဈေးတို့ဖြစ်ကြောင်း သိရပါတယ်။ ***MIRT (DOT)***

# နို့ဆီ၊ နို့စိမ်း

## ဒီတစ်ပတ်နို့ဆီအဝင်ပိုပြီး နို့စိမ်းအဝင်လျော့

နို့စိမ်း ၃၆၅ ဒသမ ၅၇ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာသုံးသိန်းကျော်ဖိုးနဲ့ နို့ဆီက OK တံဆိပ်နို့ဆီက ၂၅၃ ဒသမ ၀၁ တန်နဲ့ အခြားတံဆိပ် နို့ဆီ ၁၃၁ ဒသမ ၁၅ တန်ကို ဇွန် ၁၀ ရက်မှ ၁၆ ရက်တာကာလအတွင်း ပင်လယ်ရေကြောင်းလမ်းမှ မှာယူတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် တန်ချိန် ၁၈၀ ကျော်သာအဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၂၀၀ ကျော်အဝင်ပိုခဲ့ပါတယ်။ နို့စိမ်းက ယခင်တစ်ပတ်မှာ တန်ချိန် ၃၉၀ ကျော်အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၀ ကျော် အဝင်လျော့ခဲ့ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၂၇ ဒသမ ၂ တန်နဲ့ စင်ကာပူမှ ၁ ဒသမ ၄ တန်၊ စုစုပေါင်း ၂၈ ဒသမ ၆၀ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ကိုးသောင်းကျော်ဖိုးကို တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် သုံးတန်ကျော်သာ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့မှုန့်က ၂၅ တန်နီးပါး အဝင်ပိုခဲ့ပါတယ်။ ***MIRT (DOT)***

## နို့ဆီ၊ နို့စိမ်းနဲ့ နို့မှုန့် အသွင်းပို

ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၀၃၄ သန်းတန်ဖိုးရှိ နို့ဆီ ၃၅ တန်ကျော်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၁၁၅ သန်း တန်ဖိုးရှိ နို့စိမ်း ၁၁၇ တန်ကျော်ကို ကော့သောင်းနယ်စပ်မှ အသွင်းရှိခဲ့ရာ ယခင်အပတ်ကထက် နို့ဆီ ၃၂ တန်ခန့်နဲ့ နို့စိမ်း တန် ၄၀ နီးပါး အသွင်းပိုခဲ့တာ တွေ့ရပါတယ်။ ယခင်အပတ်က အသွင်းမရှိခဲ့ပေမယ့် မူဆယ်နယ်စပ်မှ ကန်ဒေါ်လာ သုည ဒသမ ၀၆၈ သန်းတန်ဖိုးရှိ နို့မှုန့် ၂၄ တန် ယခုအပတ်မှာ အသွင်းရှိခဲ့ပါတယ်။ ***MIRT(DOBT)***

## ပြည်တွင်းနို့ဆီ လက်လီဈေးများ

နို့ဆီအမျိုးမျိုးနဲ့ ပြည်တွင်းဖြစ်နို့ဆီတွေရဲ့ ဈေးကွက်အသီးသီး လက်လီဈေးတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

| နို့ဆီအမျိုးအမည် | နို့ဆီလက်လီဈေး ကျပ်/တစ်ဘူး ရန်ကုန် | မန္တလေး |
|---|---|---|
| ဒွန်း (နို့ဆီ) | ၇၆၀ | ၇၅၀ |
| ဒွန်း (နို့စိမ်း) | ၆၅၀ | ၆၂၅ |
| ဝမ်းတီးနို့ဆီ | ၆၄၀ | ၆၆၀ |
| အိုကေ(နို့ဆီ) | ၆၅၀ | ၆၁၅ |
| အိုကေ(နို့စိမ်း) | ၆၅၀ | ၆၀၀ |

***MIRT (DOT)***

# အချိုမှုန့်

## အချိုမှုန့်တင်သွင်းမှု နှစ်ဆနီးပါးပို

ဟင်းခတ်အချိုမှုန့်များ တင်သွင်းမှုမှာ ယခုအပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၄၉၈ သန်းတန်ဖိုးရှိ ၄၉၈ တန်ကျော် တရုတ်နယ်စပ်စခန်းများမှ အသွင်းရှိခဲ့ပါတယ်။ မူဆယ်မှ ၄၀၂ တန်နဲ့ ချင်းရွှေဟော်မှ ၉၆ တန် ဖြစ်ပါတယ်။ ယခင်အပတ်ကထက် ၂၇၂ တန်ခန့် အသွင်းပိုခဲ့ပါတယ်။

***MIRT(DOBT)***

# ပဲပုပ်

## တရုတ်ပဲပုပ်ဖတ်များ ဗီယက်နမ်ကို ရောင်း၊ မလေးရှားနိုင်ငံမှ ပြောင်းဝယ်ယူလို

ယခုတစ်ပတ်မှာ တရုတ်နိုင်ငံက ပဲပုပ်ဖတ်များ ယှဉ်ပြိုင်နိုင်တဲ့ဈေးနဲ့ ဗီယက်နမ်ကို ရောင်းချချိန်မှာ မလေးရှား နိုင်ငံက စက်တင်ဘာသဘော်တင်အတွက် ပြောင်းတန်ချိန် တစ်သိန်းဝန်းကျင်ဝယ်ယူဖို့ဈေးကွက်ညှိနှိုင်းမှုများ ပြုလုပ်နေပါတယ်။ ဖိလစ်ပိုင်နိုင်ငံရှိ တိရစ္ဆာန် အစာစက်များက C & F အစားအစာ တစ်တန် ကန်ဒေါ်လာ ၂၈၃နဲ့ တိရစ္ဆာန်ဂျုံ တန်ချိန် ငါးသောင်းဝယ်ယူခဲ့ပြီး၊ အိန္ဒိယနိုင်ငံကလည်း ဗီယက်နမ်နဲ့ အင်ဒိုနီးရှားကို ပြောင်းတစ်တန် ကန်ဒေါ်လာ ၂၅၅ ဝန်းကျင်နဲ့ ရောင်းချခဲ့ပါတယ်။

ပြည်တွင်းစားသုံးဖို့ အဓိကပဲပုပ်တင်သွင်းပြုပြင်တဲ့ တရုတ်နိုင်ငံက ကမ္ဘာ့ဈေးမြင့်နေတဲ့အတွက်လွန်ခဲ့တဲ့ သီတင်းပတ် အနည်းငယ်အတွင်း ဗီယက်နမ်ကို ပဲပုပ်ဖတ်အနည်းငယ်တင်ပို့ခဲ့တယ်လို့ ကုန်သည်များက ဆိုပါတယ်။ တရုတ်နိုင်ငံကတင်ပို့မှု သွက်နေပါတယ်။ ဒါပေမယ့် ပမာဏက အလွန်ပဲနည်းပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ် အတွင်းမှာ တန် ၅၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်သာ တင်ပို့ခဲ့ဖွယ်ရှိတယ်လို့ စင်ကာပူရှိ နိုင်ငံတကာကုန်သွယ်ရေး ကုမ္ပဏီတစ်ခုမှ ဆိုပါတယ်။တရုတ်ရဲ့ ဝယ်လိုအားဖြည့်ဆည်းရမှာဖြစ်လို့ ဗီယက်နမ်ကို တင်ပို့မှုက တစ်လထက် မပိုနိုင်ဘူးလို့ ဆိုပါတယ်။

အမေရိကန် ပဲပုပ်ဖတ်တစ်တန် ကန်ဒေါ်လာ ၅၄၀ နဲ့ ကမ်းလှမ်းပြီး၊ အိန္ဒိယက တစ်တန် ကန်ဒေါ်လာ ၅၅၀ ကမ်းလှမ်းစဉ်မှာတရုတ်နိုင်ငံကC & F တစ်တန် ကန်ဒေါ်လာ ၅၃၀ ဝန်းကျင်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြောင်းဈေးကွက်မှာမလေးရှားက စက်တင်ဘာအတွင်း တင်ပို့ဖို့ တန်ချိန် တစ်သိန်း ဝယ်ယူရေးညှိနှိုင်းနေဆဲမှာပင် ချက်ချင်းတင်ပို့ဖို့ အိန္ဒိယက ပြောင်းအနည်းငယ်လည်း ဝယ်ယူနေတယ်လို့ သိရပါတယ်။

ယခုတစ်ပတ်အတွင်း တောင်အမေရိက ပြောင်းများ အာရှကို ကမ်းလှမ်းရာမှာ ကြိုပွဲဝင့်ဈေးကွက်မှာ ရောင်းချမှုနည်းပြီး ဈေးမြင့်လာလို့ ယခင်တစ်ပတ်က တစ်တန် ကန်ဒေါ်လာ ၂၆၅ ဒသမ ၂၇၀ ရှိရာမှ ၂၈၀ ဝန်းကျင်ကို မြင့်တက်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံကတော့ ဈေးချိုချိုနဲ့ ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့၊ မလေးရှားကို ရောင်းချနေဆဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်အတွင်း အရောင်းအဝယ် ဖြစ်မှုအနေနဲ့ ဗီယက်နမ် တိရစ္ဆာန်အစာစက်ရုံ များဟာ အိန္ဒိယပြောင်း C & F တစ်တန် ကန်ဒေါ်လာ ၂၄၈ မှ ၂၅၅ ဝန်းကျင်နဲ့ တန်ချိန် ၅ သောင်းမှာယူထားကြောင်း သိရပါတယ်။

**ယမင်းခင်**

***Source: business recorder***

# နှမ်း/ မြေပဲ

## နှမ်းတင်ပို့မှု ဆက်လက်ရှိနေ

နှမ်းဟောင်းလက်ကျန်များ နည်းလာပြီဖြစ်လို့ ပြည်ပကို နှမ်းတင်ပို့မှုမှာ လျော့ကျလျက်ရှိပေမဲ့ ဆက်လက်အပို့ရှိနေပါတယ်။ ဇွန် ၁၁ ရက်မှ ၁၅ ရက်အတွင်းမှာ နှမ်းစုစုပေါင်း တန်ချိန် ၅၆၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့တဲ့ နိုင်ငံတွေကတော့ တရုတ်၊ တောင်ကိုရီးယား၊ စင်ကာပူနဲ့ မလေးရှားတို့ဖြစ်ပါတယ်။ ၂၀၁၂-၁၃ ဘဏ္ဍာနှစ် ဇွန် ၁၅ ရက်အထိ နှမ်းစုစုပေါင်း တင်ပို့ပြီးစီးမှုမှာ တန်ချိန် ၉၅၀၀ ကျော်ရှိပြီး ကန်ဒေါ်လာ ၁၄ သန်းကျော်ရရှိကြောင်း သိရပါတယ်။ ယခင်ဘဏ္ဍာနှစ်ကာလတူမှာ တန်ချိန် ၄၇၀၀ ကျော်တင်ပို့ခြင်းမှ ကန်ဒေါ်လာ ၇ ဒသမ ၆ သန်းခန့်ရှိလို့ ယခုနှစ်ကာလတူမှာ တစ်ဆခန့်ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

MIRT - MAPT

## နယ်စပ်မှ နှမ်း အပို့ပို

မူဆယ် ၁၀၅ မိုင်မှကန်ဒေါ်လာ ၁ ဒသမ ၂၃၆သန်းတန်ဖိုးရှိ နှမ်းနက် ၂၁၇ တန်ခန့်၊ နှမ်းဖြူတန် ၆၀၀ ဝန်းကျင်နဲ့ နှမ်းဖြူအခွံချွတ် ၉၈ တန်ခန့်ကို ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ ယခင်အပတ်နဲ့ နှိုင်းယှဉ်လျှင် နှမ်းနက် ၈၄ တန်၊ နှမ်းဖြူ တန် ၂၈၀ နဲ့ နှမ်းဖြူအခွံချွတ် ၄၅ တန် အပို့ပိုခဲ့ပါတယ်။ မူဆယ်နဲ့တစ်ဖက်နိုင်ငံရွှေလီဈေးများကို နှိုင်းယှဉ်ဖော်ပြပေး လိုက်ရပါတယ်။ မိမိဘက်နှမ်းဈေးရော တစ်ဖက်နိုင်ငံပေါက်ဈေးများပိုမိုလျက်ရှိပါတယ်-

| | မိမိဘက်(ကျပ်/တန်) | | | | တစ်ဘက်နိုင်ငံ(ဒေါ်လာ/တန်) | | | |
|---|---|---|---|---|---|---|---|---|
| | ယခု | ယခင် | ပြောင်းလဲမှု | % | ယခု | ယခင် | ပြောင်းလဲမှု | % |
| နှမ်းဖြူ | ၁၁၀၀၅၉၄ | ၁၀၈၁၆၉၉ | ၁၈၉၂၅ △ | ၁.၈ | ၁၃၁၁ | ၁၂၉၂ | ၁၉ △ | ၁.၅ |
| နှမ်းနက် | ၁၀၈၇၃၈၄ | ၁၀၆၈၅၂၈ | ၁၈၈၅၆ △ | ၁.၈ | ၁၂၉၅ | ၁၂၇၆ | ၁၉ △ | ၁.၅ |

MIRT (DOBT)

## မေလမိုးရွာမှုနည်းလို့ မြင်းခြံမိုးမြေပဲအစိုက်နေးသလို တောင်သာနှမ်းလည်း အစိုက်နေးနေ

မနှစ်က ဆောင်းမြေပဲစိုက်တောင်သူများ တစ်ဧက တင်း ၄၀၊ ၅၀ အထွက်နှုန်းကောင်းတဲ့အတွက် တစ်ဧကဝင်ငွေ တစ်သိန်းခွဲမှ နှစ်သိန်းအမြတ်ရရှိခဲ့ပါတယ်။ ဒီနှစ်မိုးရာသီ တောင်သူများမြေပဲစိုက်ပျိုးရန် စိတ်ဝင်စားမှု ရှိသော်လည်း မေလတွင် မိုးရွာသွန်းမှုနည်းတဲ့အတွက်မြင်းခြံမြို့နယ်မှာဇွန်လဆန်းမှာ ၆၅၅ ဧကသာ စိုက်ပျိုးနိုင်ကြောင်း သိရပါတယ်။ တောင်သာမြို့နယ်မှာလည်း ၂၀၁၂ မေလအထိ မိုးရွာသွန်းမှု မနှစ်ကထက် ၅ လက်မခန့်နည်းပါးလို့ နှမ်းစိုက်ပျိုးမှု ဧက ၉၀၀၀ ကျော်ခန့်သာ စိုက်ပျိုးနိုင်ပါတယ်။ နှမ်းတစ်ဧကအမြတ် ၃၅၀၀၀ ကျပ်ခန့်ရှိသော်လည်း ယခုနှစ်မှာ စိုက်ဧကအနည်းငယ်သာ စိုက်ပျိုးနိုင်သေးကြောင်းသိရှိရပါတယ်။ နောက်ထက် မိုး ၂ မိုးခန့်ရွာမှ ဆက်လက်စိုက်ပျိုးအောင်မြင်နိုင်မှာဖြစ်ပါတယ်။ ယခင်နှစ်မှာမိုးနှမ်းဧက ၇၆၀၀၀ ကျော် စိုက်ပျိုးနိုင်ကြောင်း သိရှိရပါတယ်။ **မိုးစိုးလွင်**

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၂ - ၆ -၂၀၁၂)နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Could Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၄၅၀.၇၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၆၃ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၇.၂၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၅၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| အကောက်ခွန် | (CIF x 818 x 5%) 612 | ၆၈.၈၃ |
| ကုန်သွယ်လုပ်ငန်းခွန် | (CIF x 818 x 5%) 612 | ၆၈.၈၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-) 612 | ၅၈.၉၁ |
| ဆိပ်ကမ်းကပ်ခ | (3x Earning ) 612 | ၄.၂၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၇၆.၇၄ |

**မှတ်ချက်**။
၁။ အထက်ပါတွက်ချက်မှုမှာ (၂၂-၆-၂၀၁၂)နေ့ (CIF ဈေး Cloud Point 8 ˚C Max ၁၀၁၀ ဒေါ်လာ၊ Earning ဈေး ၈၅၆ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ (၂၂-၆-၂၀၁၂)နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်၍ တွက်ချက်ထားပါသည်။
၅။ ငွေလဲနှုန်း ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ယခု ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စ၍ ခန့်မှန်း ၈၁၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

## ပြည်တွင်းဆီဈေးနှုန်းများ (၂၂-၆-၂၀၁၂) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၅၀၀ | ၃၅၀၀ | □ | ၂၈၀၀ | ၂၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၄၂၀၀ | ၄၂၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၆၉၀ | ၁၇၀၀ | △ |
| မန္တလေး | ၃၅၀၀ | ၃၆၀၀ | △ | ၂၉၀၀ | ၃၀၀၀ | △ | ၁၈၆၀ | ၁၈၃၀ | ▽ |
| ပဲခူး | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၃၀၀ | △ | ၁၇၅၀ | ၁၇၅၀ | □ |
| မကွေး | ၄၀၀၀ | ၃၉၀၀ | ▽ | ၂၉၀၀ | ၂၉၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၇၅၀ | ၃၇၅၀ | □ | ၃၁၀၀ | ၃၀၀၀ | ▽ | ၁၉၀၀ | ၁၉၀၀ | □ |
| တောင်ကြီး | ၃၅၀၀ | ၃၅၀၀ | □ | ၂၅၀၀ | ၂၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

***Source: mirt-mapt***

## ပွဲတော်အတွက် ဝယ်လိုအားရှိလို့ စားအုန်းဆီဈေး သီတင်းသုံးပတ်အတွင်း အမြင့်ဆုံးကို ရောက်ရှိ

အမေရိကန်ရာသီဥတု ပူပြင်းခြောက်သွေ့ခြင်းက စားဆီအဖြစ်ကြိတ်ခွဲဖို့ ပဲပုပ်ရရှိနိုင်မှုကျဆင်းမယ့် အလားအလာတွေရှိလာပြီးတဲ့နောက် ရင်းနှီးမြှုပ်နှံသူများက စားအုန်းဆီဝယ်လိုအား ပိုမိုလာတဲ့အတွက် ဇွန် ၂၀ ရက်မှာ မလေးရှား စားအုန်းဆီ ကြိုပွဲဝင့်ဈေးက သီတင်း သုံးပတ်နီးပါးအတွင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ဇန်နဝါရီလ ၁ ရက်မှ ၂၀ ရက်အတွင်းမှာ မလေးရှားဆီကို ပြောင်းလဲဝယ်ယူလာခြင်းနဲ့ မူဆလင် ဥပုသ်လအတွက် အဝယ်တက်ခြင်းတို့ကြောင့် မလေးရှားစားအုန်းဆီတင်ပို့မှုဟာ ယခင်လထက် ၁၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

အီးယူဇုန်အကြွေးပြဿနာနဲ့ ပတ်သက်လို့ကုန်သည်များဟာ ဂရိ ရွေးကောက်ပွဲအပြီးမှာ စိုးရိမ်မှုများ သက်သာရာရစေခဲ့ပြီး၊ စားအုန်းဆီဈေးဟာ ဇွန် ၁၁ ရက်နောက်ပိုင်း ရင်းဂစ် ၃၀၀၀(ကန်ဒေါ်လာ ၉၄၀) အထက်ကို ပထမအကြိမ်ရောက်ရှိခဲ့ပါတယ်။ ဥပုသ်လနီးကပ်လာတာနဲ့အမျှ ဝယ်လိုအား ဆက်ပြီးများနေဦးမယ်လို့ မလေးရှားမှ ကုန်သည်တစ်ဦးကဆိုပါတယ်။ ဥရောပမှာ မသေချာမှုတွေကြောင့် အစောပိုင်းက ကုန်စည်များရောင်း ချမှုကျဆင်းခဲ့ပါတယ်။ အီးယူ အကျပ်အတည်းက ဆက်ရှိနေဆဲဖြစ်ပေမယ့် ဂရိရွေးကောက်ပွဲမတိုင်မီလောက် မဆိုးဝါးတော့ဘူးလို့လည်း ဆိုပါတယ်။

ဘာစာမလေးရှားကုန်စည်ဒိုင်မှာ စက်တင်ဘာလ အခြေခံစံနှုန်း စားအုန်းဆီ ကြိုပွဲဝင့်ဈေးက ၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး၊ တစ်တန်ရင်းဂစ် ၃၀၄၁ (ကန်ဒေါ်လာ ၉၆၄)ကို ဇွန် ၁ ရက်နောက်ပိုင်းအမြင့်ဆုံးဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခုလပထမရက် ၂၀ အတွင်းမှာ မလေးရှားနိုင်ငံက စားအုန်းဆီ တန် ချိန် ၉၉၁၉၁၇ တင်ပို့ခဲ့ကြောင်း၊ ကုန်ပစ္စည်းစစ်ဆေးတဲ့ Intertek မှ သိရပါတယ်။

အမေရိကန်မှာ မိုးခေါင်ခြောက်သွေ့ခြင်းကြောင့် ပဲပုပ်အရည်အသွေး ထိခိုက်နိုင်တယ်လို့ အမေရိကန်စိုက်ပျိုး ရေးဌာနကဆိုပါတယ်။ ပဲပုပ်အထွက်လျော့ကျပါက ပဲပုပ်ဆီရောင်းချမှုနည်းမှာဖြစ်လို့ ဈေးသက်သာတဲ့ သန့်စင်ပြီး၊ စားအုန်းဆီကို ပြောင်းလဲဝယ်ယူလာနိုင်တယ်လို့ သိရပါတယ်။ အခြားဟင်းသီးဟင်းရွက်ဆီ ဈေးကွက်မှာ ဇူလိုင်လ ပို့ရမယ့် အမေရိကန် ပဲပုပ်ဆီဈေးက ၁ ရာခိုင်နှုန်း ကျော်ပိုမိုလာခဲ့ပြီး၊ တရုတ်နိုင်ငံဒေလီယံ ကုန်စည်ဒိုင်မှာ ၂၀၁၃ ဇန်နဝါရီ ပဲပုပ်ဆီစာချုပ်ဈေးမှာလည်း ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့တယ်လို့ သိရပါတယ်။

**ယုဇန**

Source: econ.mpou

## စားအုန်းဆီဈေးနှုန်းများ(၁၈-၆-၂၀၁၂ မှ ၂၂-၆-၂၀၁၂ နေ့ထိ)

*ရေတွက်ပုံ - ဒေါ်လာ*

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) Cloud Point 10˚C Max |
|---|---|---|
| (၁) | ၁၈-၆-၂၀၁၂ | ၁၀၁၅ |
| (၂) | ၁၉-၆-၂၀၁၂ | ၁၀၃၅ |
| (၃) | ၂၀-၆-၂၀၁၂ | ၁၀၄၅ |
| (၄) | ၂၁-၆-၂၀၁၂ | ၁၀၅၅ |
| (၅) | ၂၂-၆-၂၀၁၂ | ၁၀၃၀ |

***Source: ဆီကုန်သည်များအသင်း***

## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၂၂-၆-၂၀၁၂ **US$/Ton**

| | ငွေလဒုတိယပတ် | ငွေလတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၉၅၉.၀၀ | ၉၁၆.၅၀ | ▽ |
| **RBD P.Olein** | ၉၇၀.၅၀ | ၉၄၅.၀၀ | ▽ |
| **RBD P.Strarin** | ၉၃၇.၅၀ | ၈၉၄.၀၀ | ▽ |

***Source: econ.mpob***



# မြန်မာနိုင်ငံမှ ဧရာဝတီမြစ်ကြီးသည် သဘာဝကပေးသော စီးပွားရေးလက်ဆောင်ဖြစ်သည်ဆိုပါက

ကျော်မြင့်

မြန်မာနိုင်ငံအတွက် ရေမြေသဘာဝအခြေခံကပေးသော စီးပွားရေးလက်ဆောင်များမှာ တွင်းထွက်ကျောက်မျက်ရတနာ၊ သဘာဝဓာတ်ငွေ့၊ သစ်တောနှင့် ရေထွက်ပစ္စည်းများအပြင် ဧရာဝတီမြစ်ကြီးလည်း အပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်းရှိ မြစ်ဝကျွန်းပေါ်ဒေသသို့ သဘာဝအရ ရေလမ်းအားဖြင့် ဆက်သွယ်ပေးသော မြစ်ကြီးဖြစ်သည်။ ထို့ပြင် ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံမြောက်ပိုင်းမှ တောင်ဘက်သို့ စီးဆင်းလာရာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသရှိ ထင်ရှားသော ရှေးဟောင်းမြို့တော်များဖြစ်သည့် မန္တလေးနှင့် ပုဂံမြို့များကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

ပထဝီဘာသာရပ်အခြေခံဖြင့် စိစစ်လေ့လာပါက မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသ ကချင်ပြည်နယ် မြစ်ကြီးနားတွင် ဧရာဝတီမြစ်ဖျားပိုင်းရှိပြီး မေခနှင့် မလိခမြစ်နှစ်သွယ်သည် မြစ်ကြီးနားမြို့ မြောက်ဘက်တွင် ပေါင်းဆုံစီးဆင်းသည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်တောင်ကုန်းဒေသတွင် ဧရာဝတီမြစ်ဖျားအခြေခံ၍ တောင်ဘက်သို့စီးဆင်းလာရာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသသို့ဖြတ်သန်းပြီး ဧရာဝတီမြစ်အောက်ပိုင်းသည် မြန်အောင်မြို့ အောက်နားပိုင်းမှစ၍ မြစ်ခွဲပေါင်းများစွာဖြင့် မြစ်ဝကျွန်းပေါ်ကို တည်ဆောက်ထားသည်။ ထင်ရှားသော မြစ်ခွဲကြီးများမှာ ပုသိမ်မြစ် (ငဝန်မြစ်)၊ သက်ကယ်သောင်မြစ်၊ ရွှေးမြစ်၊ ပြန်မလေ့မြစ်၊ ပြင်စလူမြစ်၊ ဧရာဝတီမြစ်မကြီး၊ ဘိုကလေးမြစ်၊ ဖျာပုံမြစ်၊ သံဒိမြစ်၊ တိုးမြစ်တို့ဖြစ်ကြသည်။ မြစ်မခမြစ်သည် ပဲခူးရိုးမမှ စတင်စီးဆင်းလာပြီး အောက်ပိုင်းတွင် လှိုင်မြစ်၊ ရန်ကုန်မြစ်အဖြစ် ပင်လယ်တွင်းသို့ စီးဝင်သွားသည်။

## မြန်မာနိုင်ငံမှ ဧရာဝတီမြစ်ကြီးနှင့် ပတ်သက်သည့် ရှုခင်းများ








မြန်မာနိုင်ငံ၏ ရေမြေသဘာဝအခြေခံအရ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာ သီးနှံများကို မိုးရာသီ၊ မိုးနှောင်းကာလများတွင် အများအပြား စိုက်ပျိုးကြသဖြင့် မြန်မာနိုင်ငံ၏ စားသုံးဆီထုတ်လုပ်မှုတွင် အဓိကအားထားရသည့်ဒေသဖြစ်သည်။ ထို့အတူ မိုးရာသီကာလတွင် ပဲစင်းငုံ၊ ပဲတီစိမ်းကို စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် မိုးရွာသွန်းမှုများသဖြင့် မိုးရာသီကာလတွင် မတ်ပဲ၊ ပဲတီစိမ်း စိုက်ပျိုး၍ မရကြပေ။

ရန်ကုန်မှ ပင်လယ်ရေကြောင်းဖြင့် ပြည်ပသို့တင်ပို့မည့်သူများသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှ ထွက်ရှိသော ပဲစင်းငုံ၊ ထောပတ်ပဲ၊ ပဲယင်း၊ ကုလားပဲ၊ မြေထောက်ပဲ၊ အခြားပဲများ၊ နှမ်း၊ မြေပဲသီးနှံများကို အားထားကြရပါသည်။ ရန်ကုန်သို့ ကားလမ်း၊ ရေလမ်း၊ ရထားလမ်းဖြင့် သယ်ယူ၍ ရန်ကုန်မှတစ်ဆင့် ပြည်ပသို့တင်ပို့ ရောင်းချကြသည်။

ပြည်ပသို့ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချရာတွင် စိုက်ပျိုးရေးထွက်ကုန်များအား ထွက်ရှိသည့်ဒေသမှ ပြည်ပတင်ပို့သည်အထိ ထုပ်ပိုးသယ်ယူပို့ဆောင်စရိတ်များ ကုန်ကျပြီး စိုက်ပျိုးသူထံမှ ပြည်ပတင်ပို့ရောင်းချသူထံရောက်ရှိရန် အဆင့်ဆင့်လွှဲပြောင်းကုန်ကျစရိတ် (Transaction cost) များ တစ်နည်းအားဖြင့် ရောင်းဝယ်မှုကုန်ကျစရိတ် (Marketing cost)များ ဖြစ်ပေါ်ကုန်ကျပါသည်။ ရောင်းဝယ်မှုကုန်ကျစရိတ်တွင် သယ်ယူပို့ဆောင်စရိတ် (Transportation cost)သည် ပါဝင်မှုအများဆုံး တစ်နည်းအားဖြင့် ကုန်ကျမှု စရိတ်အများဆုံးဖြစ်သည်။

လွှဲပြောင်းကုန်ကျစရိတ် (Transactioncost) များ၊ တစ်နည်းအားဖြင့် ရောင်းဝယ်မှုကုန်ကျစရိတ် (Marketing cost)များလျော့နည်းပါက ထွက်ကုန်ရောင်းဈေးကို လျှော့ချနိုင်ပြီး ရောင်းဝယ်မှု ကုန်ကျစရိတ် (Marketing cost) များ ကုန်ကျမှုများလာပါက ထွက်ကုန်ရောင်းဈေးကိုမြှင့်၍ ရောင်းချမှသာ စီးပွားရေးတွက်ခြေကိုက်မည် ဖြစ်ပါသည်။





ဥပမာ အမေရိကန်ပြည်ထောင်စုသည် ပဲပုပ်ထုတ်လုပ်မှုနှင့် ပတ်သက်၍ ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ပြီး စိုက်ပျိုးထွက်ရှိရာဒေသမှ ပြည်ပတင်ပို့မှုတွင် ရေလမ်းကို အားထားအသုံးပြုသည်။ ကားလမ်းသည် သယ်ယူနိုင်သည့်ပမာဏမှာ ကားတစ်စီး ၁၁၂ တန် သယ်ယူနိုင်ပြီး သင်္ဘောဖြင့် (Barge) သယ်ယူပါက ၁၅၀၀ တန်ထိ သယ်ယူနိုင်သည်။ အမေရိကန်ပြည်ထောင်စုတွင် မစ်စစ္စပီမြစ် (Mississippi River) ကို အသုံးချ၍ သီးနှံ (Grain) သယ်ယူမှုကို လွယ်လာနိုင်ရန် ပုံဖြင့်ဖော်ပြထားပါသည်။ ဧရာဝတီမြစ်သည် မိုင်ပေါင်း ၁၃၄၈မိုင် (၂၁၇၀ ကီလိုမီတာ) ရှည်လျားသည်။ အမေရိကန်ရှိ မစ်စစ္စပီမြစ်သည် မိုင်ပေါင်း ၃၈၆၀ မိုင် (၆၂၁၂ကီလိုမီတာ) ရှည်သည်။ မည်သို့သော ရေယာဉ်ပုံစံဖြင့် မစ်စစ္စပီမြစ်တွင် စိုက်ပျိုးရေးထွက်ကုန်များ (ဂျုံ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း၊ နှံစားပြောင်း) သယ်ယူသည်ကို လေ့လာနိုင်ရန်ဖြစ်ပါသည်။

အမေရိကန်နိုင်ငံ၊ မစ်စစ္စပီမြစ် (Mississippi River) တွင် သီးနှံတန်ချိန် ၁၄၀၀ မက်ထရစ်တန်ကို သင်္ဘော (Barge) ဖြင့် သယ်ယူပုံ (Mississippi River Barges Carrying 1,400 Metric tone of Grain)



၂၀၀၈ ခုနှစ်တွင်အမေရိကန်၏ ပြည်ပပို့ကုန် သီးနှံ (GRAIN) များကို ရေလမ်းမှ သင်္ဘောဖြင့် သယ်ယူပို့ဆောင်မှု




မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ရန်ကုန်သို့ သယ်ယူရာတွင်- ကားလမ်း၊ ရထားလမ်း၊ ရေလမ်းဖြင့် သယ်ယူကြသည်။ ရောင်းဝယ်သူကုန်သည်များနှင့် ၂၀၁၂ ခုနှစ် ဇွန်လပထမပတ်အတွင်း ဆက်သွယ်မေးမြန်းချက်အရ


- ရေလမ်းဖြင့် သယ်ယူပါက ကုန်ကျစရိတ် အသက်သာဆုံးဖြစ်ပြီး အချိန်ကြာမြင့်သည်။ **'ရေလမ်းကြောင်းကောင်းပါက'** မန္တလေးမှ ရန်ကုန်သို့ ၁၂ ရက်ခန့် ကြာမြင့်တတ်ပြီး **'ရေလမ်းကြောင်း မကောင်းမွန်ပါက'** ၁၇-၂၀ ရက်ထိ ကြာမြင့်တတ်သည်။
- ကားလမ်းဖြင့်သယ်ယူပါက ကုန်ကျစရိတ်များသော်လည်း အချိန်ကုန်သက်သာသည်။ မန္တလေးမှ ရန်ကုန်သို့ တစ်ရက်သာ အချိန်ကာလကြာသည်။
- ရထားလမ်းဖြင့်သယ်ယူပါက ကုန်ရထားဆိုပါက ၅-၆ ရက် ကြာမြင့်တတ်သည်။
- မန္တလေးမှ ရန်ကုန်သို့တင်ပို့ရာတွင် ကားလမ်း၊ ရထားလမ်းဖြင့် တင်ပို့လေ့ရှိကြပြီး ရေလမ်းဖြင့် တင်ပို့မှုနည်းသည်ဟု သိရသည်။
- 'ပခုက္ကူမှ ရန်ကုန်သို့' ကားလမ်းဖြင့် တင်ပို့ပါက ပဲ ၃၀ ဒသမ ၅ ပိဿာ တစ်အိတ်ကို ၁၄၀၀ ကျပ်ကုန်ကျပြီး 'ရေလမ်းဖြင့်' တင်ပို့ပါက တစ်အိတ်ကို ၈၀၀ ကျပ် ကုန်ကျသည်။ ကားလမ်းဖြင့် ရန်ကုန်သို့တင်ပို့ပါက ၁ ရက်သာ အချိန်ကုန်ပြီး၊ ရေလမ်းဆိုပါက ရက်သတ္တ ၁-၂ ပတ် ကြာမြင့်တတ်သည်။
- ရေလမ်းဖြင့် သယ်ယူပါက ပစ္စည်းဆုံးရှုံးမှုကို ကာကွယ်နိုင်ရန်အတွက် အာမခံကြေးထားသည်ဟု သိရသည်။
- ပုသိမ်မှ မန္တလေးသို့ ရေလမ်းဖြင့် ဆန်တစ်အိတ် (၁၀၈ ပေါင်) ကို ၁၆၀၀ ကျပ် ကုန်ကျပြီး ကားလမ်းဖြင့် သယ်ယူပါက ပုသိမ်မှ ရန်ကုန် ၇၀၀ ကျပ်၊ ရန်ကုန် မန္တလေးသို့ ၁၅၀၀ ကျပ် စုစုပေါင်း ၂၂၀၀ ကျပ် ကုန်ကျပါသည်။

မြန်မာနိုင်ငံသည် ပဲမျိုးစုံကို ပြည်ပသို့တန်ချိန်အားဖြင့် တစ်သန်း တင်ပို့ရောင်းချလျက်ရှိရာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှ အဓိကစိုက်ပျိုးထွက်ရှိသည့် ပဲစင်းငုံ၊ ပဲယင်း၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပဲတီစိမ်းအညာရွှေဝါတို့ကို ရန်ကုန်သို့သယ်ယူပြီး ရန်ကုန်မှတစ်ဆင့် ပြည်ပသို့ ပင်လယ်ရေကြောင်းဖြင့် တင်ပို့ကြပါသည်။ ပြည်၊ ဟင်္သာတမှ မတ်ပဲကို ရန်ကုန်သို့ ကားလမ်းဖြင့်လည်းကောင်း၊ ရေလမ်းဖြင့် လည်းကောင်း သယ်ယူနိုင်သဖြင့် လွှဲပြောင်းကုန်ကျစရိတ် (Transaction cost) များ လျော့နည်းစေရန် ရေလမ်းဖြင့် အများအပြားသယ်ယူနိုင်ပါက ပြည်ပတင်ပို့ရောင်းချမှုအတွက် စီးပွားရေးတွက်ခြေကိုက်ခြင်း၊ ဈေးနှုန်းတွင် ယှဉ်ပြိုင်ရောင်းချနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

ဧရာဝတီမြစ်ရေကို သီးနှံစိုက်ပျိုးရေးအတွက် အသုံးချကြသည်။ မြစ်ရေကို ရေစုပ်စက်ကြီးများဖြင့် စုပ်တင်၍ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ကြသည်။ သို့သော် ရေလိုအပ်ချက်နည်းသော နှမ်း၊ မြေပဲ၊ နေကြာကို ရေသွင်းစိုက်ပျိုးပါက မြန်မာနိုင်ငံ၏စားသုံးဆီ ဖူလုံမှုကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။ ဧရာဝတီမြစ်ထဲသို့ စီးဆင်းသော ချောင်းများအချို့တွင် ကြက်သွန်နီစိုက်ပျိုးကြသဖြင့် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက် အရေးပါပါသည်။

ဧရာဝတီမြစ်မကြီးထဲသို့ ယင်းချောင်း၊ ပင်းချောင်း၊ ဆင်တဲဝချောင်း၊ မုန်းချောင်း၊ မန်းချောင်း စသည်တို့စီးဝင်ကြပြီး ယင်းချောင်း၊ ပင်းချောင်း၊ ဆင်တဲဝချောင်းများတွင် ကြက်သွန်နီ စိုက်ပျိုးကြပြီး သကြ်န်မတိုင်မီ နောက်ဆုံးထားနုတ်သိမ်း၍ ဈေးကွက်သို့ရောင်းချခြင်း၊ သိုလှောင်ခြင်းများပြုလုပ်ကြပြီး ချောင်းကြက်သွန်ဟု ခေါ်ဝေါ်ကြသည်။ ကြက်သွန်စိုက်ပျိုးသော ချောင်းများသည် မိုးရာသီတွင် မိုးရွာသွန်းပါက ရွာသောမိုးရေနှင့်အတူ ကြက်သွန်စိုက်ပျိုးရာတွင် သုံးခဲ့သော သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာများသည် ဧရာဝတီမြစ်ထဲသို့ စီးဝင်သွားပါတော့သည်။ မကွေးတိုင်းဒေသကြီးတွင်ရှိသော ဒေါင်းသေချောင်းသည် မိုးရွာပါက အလျင်အမြန် ရေများစီဆင်းလာပြီး ရေထဲတွင်သဲများ၊ မြေများပါဝင်လာပြီး ဧရာဝတီမြစ်ထဲသို့ စီးဆင်းသွားပါတော့သည်။ ဧရာဝတီမြစ်ထဲစီးဆင်းမှုတွင် သဲများ၊ မြေသားများ မပါဝင်ရေးကို အလေးပေး ဆောင်ရွက်ရန်လိုအပ်လာပါသည်။ ဤသို့ဆောင်ရွက်သေးခြင်းမရှိသဖြင့် ဧရာဝတီမြစ်တွင် သဲသောင်များ ပေါ်ထွန်းမှုများလာခြင်း၊ ရေစီးရေလာ ကောင်းမွန်မှုနည်းလာခြင်းကို အထူးသဖြင့် နွေရာသီတွင် ဖြစ်ပေါ်သည်ဟု ဒေသခံများက ပြောဆိုကြပါသည်။ ဧရာဝတီမြစ်ဘေးတွင်ရှိသော မြို့ကြီးများသည် ရေလမ်းအသုံးပြု၍ တစ်မြို့နှင့်တစ်မြို့ ကူးသန်းသွားလာကြသည်။ ဧရာဝတီမြစ်ကို အသုံးပြု၍ သစ်များ၊ ဝါးဖောင်များမျော၍ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ သယ်ယူမှုတွင်လည်း ဧရာဝတီမြစ်ကို အသုံးပြုကြသည်။ ထို့ကြောင့် ဧရာဝတီမြစ်သည် သီးနှံစိုက်ပျိုးရေး၊ သွားလာရေး၊ ကူသန်းရောင်းဝယ်ရေးကို အကျိုးပြုသည့် မြစ်ကြီးဖြစ်ပါသည်။

ဧရာဝတီမြစ်ကြီး အဓွန့်ရှည်ကြာစွာ တည်ရှိနိုင်ရေး၊ နိုင်ငံ၏ ပြည်ပပို့ကုန်များ ထွက်ရှိရာဒေသမှ ရန်ကုန်သို့ သယ်ယူစရိတ်သက်သာသော ရေလမ်းဖြင့် သယ်ယူနိုင်ရေးတွင် ဧရာဝတီမြစ်သည် အရေးပါသဖြင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်လာပါသည်။ နှစ်ကာလကြာစွာ ထိန်းသိမ်းခြင်းမပြုပါက ဧရာဝတီမြစ်ကြီးသည် သဘာဝကပေးသော စီးပွားရေးလက်ဆောင်တစ်ခုအဖြစ် အသုံးမချနိုင်သည့်အခြေအနေသို့ ရောက်ရှိသွားနိုင်ပါသည်။ ဧရာဝတီမြစ်ကြီး ထာဝရတည်တံ့ပြီး မြန်မာပြည်သူ ပြည်သားများ ရေရှည်အသုံးချနိုင်ရန်အတွက် မြန်မာပြည်သူပြည်သားများ၊ နည်းပညာကျွမ်းကျင်သူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုပညာရှင်များနှင့် နိုင်ငံတော်မှသက်ဆိုင်ရာ ဝန်ကြီးဌာနများပေါင်းစပ်၍ ဝိုင်းဝန်းကြိုးပန်းဆောင်ရွက်ရန် လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။


INN PAUK WA COMPANY LIMITED
IPW
General Trading & Tranportation Service
Our motto is
"To be dedicated to achieving high quality in everything we do"
GreenMung Bean
RedKidney Bean
Toor Whole (Red Lemon)
Toor Whole ( Shwe Bo)
Black Eyed Pea
Black Matpe (URAD)
RosePelun
Butter Beans
BoCate
Niger Seed
Sesame (Brown)
Sesame (White)
To Contact : No 26, 43rd Street, Botahtaung Township, Yangon, Myanmar. Tel : 095-1-202540, 298943, Fax : 095-1-202587
Web : www.innpaukwa.com, e-mail : www.innpaukwa@myanmar.com.mm
Head Office : No, 174, Well Street, KyeBinGyi Quater, Sittway Rakhine State, Myanmar. Tel : 095-43-23660, 23119, 23886
Brance Office : No 26, 43rd Street, Botahtaung Township, Yangon, Myanmar. Tel : 095-1-202540;298943, Fax :095-1-202587
Top Floo, Myanmar Livestock and Fisheries Development Bank Limited, Bogyote Street, Thandwe, Rakhine State, Myanmar Tel : 0095-43-65294
No :689, Two Storey Building Office, Oo Oak Ta Ma Street, MaungDaw, Rakhine State, Myanmar. Tel : 0095-1-3333103,3333104
The corner of Three Storey Building Office,(B) : Oo Mya Wah Street, MaungDaw, Rakhine State, Myanmar, Tel : 0095-1-3333101, 3333102
No 22, Bo Nah Mauk Street, Ah Soe Rah Quarter Kyaut Phyu, Myanmar. Tel : 0095-43-46305


G.M.C
မော်တော်ကား လေလံ ယာဉ်အို၊ယာဉ်ဟောင်းနှင့်သက်ဆိုင်ရာ
မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်ရရှိသူများအတွက်
အထူး ဝန်ဆောင်မှုပေးနေပါသည်။
ADDRESS : TAW WIN CENTRE, LEVEL-5,ROOM NO. 5017, YANGON.
HOT LINE : 0949591126, 0943088229
TEL : 01-8600058, 01-8600111 EXT : 5115 E-MAIL : gmccompany5@gmail.com


REVLON
NEW REVLON COLORSTAY™
16 HOUR EYESHADOW
ပြီးပြည့်စုံပြီး စွဲမက်ဖွယ် ညှို့အားပြင်းတဲ့
စွဲဆောင်မှုရှိသော မျက်ဝန်းတစ်စုံအတွက်
Revlon ရဲ့ 16 Hour
New Eyeshadow
REVLON COLORSTAY
REVLON COLORSTAY
REVLON COLORSTAY


REVLON
တောက်ပသော အရောင်အသွေး
နူးညံ့သော အထိအတွေ့ကြောင့်
အရူးအမူးစွဲလန်းသွားစေမယ့် . . .
NEW REVLON COLORBURST™ LIP BUTTER
နှုတ်ခမ်းသားများအား ပိုမိုနူးညံ့ချောမွတ်၍ ရက်ခြင်းရေဓာတ်
ပြည့်ပြည့်ဝဝရရှိသွားသကဲ့သို့ ခံစားရကြောင်း စမ်းသပ်သုံးစွဲသူ
အမျိုးသမီး ၉၄ % နှုန်းက ထောက်ခံခဲ့ကြသည်။
REVLON
REVLON
REVLON

# ဈေးကွက်ရှိသည့် မြေပဲများ စိုက်ပျိုးထုတ်လုပ်၍ အလုပ်အကိုင် အခွင့်အလမ်းနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး

## နည်းလမ်းများကြံဆကြိုးပမ်းဖို့ အချိန်တန်

ယုဇန

### ကမ္ဘာ့မြေပဲထက်ဝက်ခန့်ကိုသာ ဆီအတွက်အသုံးပြု

ကမ္ဘာမှာ အသုံးများတဲ့ဆီ ၁၀ မျိုးခန့်မှာ အပါအဝင်ဖြစ်တဲ့ မြေပဲဆီကို တစ်နှစ်ကမ္ဘာ့စားသုံးမှုက တန်ချိန် ၄ ဒသမ ၈၂ သန်းခန့်ရှိပါတယ်။ အသုံးအများဆုံး စားအုန်းဆီနဲ့ပဲပုပ်ဆီတွေကို ဟင်းချက်ဆီ၊ အလှကုန်မှအစ ဇီဝလောင်စာဆီအထိ အသုံးများပေမဲ့ မြေပဲဆီကိုတော့ စားသုံးဖို့သာအသုံးများပါတယ်။ မြေပဲအနေနဲ့ပြောရရင်တော့ မြေပဲအစိုအတောင့် အပြုတ်စားသလို၊ အတောင့်အခြောက်ကို လှော်ခြင်း၊ မြေပဲအဆန်ကို သွားရေစာမုန့်အမျိုးမျိုးအဖြစ် စားသုံးကြတဲ့အတွက် စုစုပေါင်း မြေပဲထုတ်လုပ်မှုရဲ့ ထက်ဝက်နီးပါးခန့်ကို မုန့်အမျိုးမျိုးနဲ့ သွားရေစာအဖြစ် မြေပဲဆန်ကိုအသုံးပြုပြီး မြေပဲထက်ဝက်ကျော်သာ မြေပဲဆီအဖြစ် အသုံးပြုတယ်လို့သိရပါတယ်။

### ကမ္ဘာမှာ မြန်မာက မြေပဲထုတ်လုပ်မှု ဆဋ္ဌမမြောက်

ကမ္ဘာတစ်ဝန်းမှာ မြေပဲကို တစ်နှစ် တန်ချိန် ၃၅ သန်းဝန်းကျင် ထုတ်လုပ်လျက်ရှိပြီး တရုတ်နိုင်ငံကတော့ တစ်နှစ်ကိုတန်ချိန် ၁၅ သန်းဝန်းကျင်ထုတ်လုပ်ကာ ကမ္ဘာမှာ အများဆုံးထုတ်လုပ်တဲ့နိုင်ငံဖြစ်ပါတယ်။ အဲဒီနှစ်မှာ အိန္ဒိယက တန်ချိန် ခုနစ်သန်းဝန်းကျင်နဲ့ ဒုတိယနေရာမှာရှိပြီး၊ မြန်မာနိုင်ငံက ကမ္ဘာမှာ ဆဋ္ဌမမြောက် မြေပဲထုတ်လုပ်မှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်နေတယ်လို့ အမေရိကန်စိုက်ပျိုးရေးဌာနက ထုတ်ပြန်တဲ့စာရင်းတွေအရ သိရပါတယ်။ အဓိက ထုတ်လုပ်သူလဲဖြစ်သလို တင်ပို့သူလဲဖြစ်တဲ့ နိုင်ငံတွေကတော့ အမေရိကန်၊ အာဂျင်တီးနား၊ ဆူဒန်၊ ဆီနီဂေါနဲ့ ဘရာဇီးတို့ဖြစ်ပါတယ်။ အဓိက တင်သွင်းသူတွေဖြစ်တဲ့ အီးယူ၊ ကနေဒါ၊ ဂျပန် စတဲ့နိုင်ငံတွေက ကမ္ဘာ့မြေပဲတင်သွင်းမှုရဲ့ ၇၈ ရာခိုင်နှုန်းခန့် နေရာယူထားပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အများဆုံးထုတ်လုပ်သူဖြစ်ပေမဲ့ ပြည်တွင်းမှာ အများဆုံးစားသုံးတာဖြစ်လို့ တရုတ်နဲ့ အိန္ဒိယနှစ်နိုင်ငံပေါင်းမှ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၄ ရာခိုင်နှုန်းအောက်သာရှိတယ်လို့ သိရပါတယ်။

### တရုတ်နိုင်ငံ မြေပဲ ဂ ရာခိုင်နှုန်းတင်ပို့

မိမိတို့မြေပဲဆန် အများဆုံးတင်ပို့နေရတဲ့ တရုတ်နိုင်ငံရဲ့ မြေပဲထုတ်လုပ်မှုကို လေ့လာကြည့်ရင် ၂၀၀၃ ခုနှစ်မှာ မြေပဲစိုက်ဧက ၁၂ သန်းကျော်မှ မြေပဲတန်ချိန် ၁၃ သန်းကျော် ထုတ်လုပ်ပြီး ၂၀၁၁ ခုနှစ်မှာ စိုက်ဧက ၁၁ ဒသမ ၆ သန်းကျော်မှ တန်ချိန် ၁၆ သန်းကျော် ထုတ်လုပ်ခဲ့တယ်လို့ သိရပါတယ်။ နိုင်ငံစုစုပေါင်းထုတ်လုပ်မှုရဲ့ ၄၇ မှ ၄၉ ရာခိုင်နှုန်းခန့်ကို ဆီအဖြစ် ကြိတ်ခွဲပြီး ၈ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းကိုတော့ မျိုးစေ့အဖြစ် ချန်ထားတယ်လို့ သိရပါတယ်။ စားသောက်ကုန်တွေမှာ အသုံးပြုတာတော့ ၃၆-၃၈ ရာခိုင်နှုန်းရှိပြီး ပြည်ပကိုတော့ ၇-၈ ရာခိုင်နှုန်းခန့် တင်ပို့တယ်လို့ သိရပါတယ်။

### တရုတ်နိုင်ငံရဲ့ မြေပဲတင်ပို့ဈေးကွက်များ

တရုတ်နိုင်ငံရဲ့ ပြည်ပတင်ပို့မှုကိုကြည့်ရင် ၂၀၀၅ ခုနှစ်မှာ တန်ချိန် ၇ ဒသမ ၇၄ သိန်းနဲ့ အများဆုံးတင်ပို့ခဲ့ပြီး ၂၀၁၁ ခုနှစ်မှာတော့ တန်ချိန် ၄ ဒသမ ၈၈ သိန်းခန့်သာ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မြေပဲကို ကုန်ကြမ်းအတိုင်းရော၊ အဆန်နဲ့ ပြုပြင်ထားတဲ့မြေပဲများပါ တင်ပို့လျက်ရှိပြီး၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း တင်ပို့တဲ့နိုင်ငံများကတော့ အီးယူကို ၂၃ ရာခိုင်နှုန်း၊ အာဆီယံနဲ့ အရှေ့အလယ်ပိုင်းကို ၁၇ ရာခိုင်နှုန်းစီ၊ ဂျပန်ကို ၁၃ ရာခိုင်နှုန်း၊ တောင်ကိုရီးယားကို ၆ ရာခိုင်နှုန်း၊ အမေရိကန်၊ ကနေဒါ၊ မက္ကစီကို စတဲ့နိုင်ငံတွေကို ၇ ရာခိုင်နှုန်း၊ ရုရှား၊ ယူကရိန်းကို ၈ ရာခိုင်နှုန်းနဲ့ အခြားနိုင်ငံများကို ၉ ရာခိုင်နှုန်း အသီးသီး တင်ပို့တယ်လို့ တရုတ် နိုင်ငံအကောက်ခွန်ဌာန စာရင်းအရ သိရပါတယ်။



### ကမ္ဘာ့လက်ကျန်နည်းလို့ မြေပဲဈေးမြင့်

ဈေးကွက်အနေအထားကို လေ့လာကြည့်မယ်ဆိုရင် မြေပဲထုတ်လုပ်တဲ့ အိန္ဒိယ၊ အမေရိကန်နဲ့ အခြားနိုင်ငံတွေမှာ ရာသီဥတုအရ မြေပဲအထွက်နှုန်း လျော့ကျလာတဲ့အတွက် ၂၀၁၁ ကမ္ဘာ့မြေပဲလက်ကျန်ဟာ ၁၄ နှစ်အတွင်း အနိမ့်ဆုံးကို ကျဆင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် အမေရိကန်မှာ မြေပဲဈေးက ၂ ဆမြင့်တက်ပြီး၊ အီးယူမြေပဲတင်သွင်းဈေးကလည်း ၆၀ ရာခိုင်နှုန်း မြင့်တက်ခဲ့တယ်လို့သိရပါတယ်။ နိုင်ငံတကာဈေးမြင့်တက်ခဲ့တဲ့အတွက် တရုတ်နိုင်ငံရဲ့ မြေပဲတင်ပို့ဈေးဟာလည်း ၂၀၁၁ ဇန်နဝါရီကနေ နိုဝင်ဘာလအတွင်းမှာ တစ်တန်ကန်ဒေါ်လာ ၁၃၀၀ နဲ့ ရောင်းဝယ်ခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၂ ဖေဖော်ဝါရီမှာတော့ ယခင်နှစ်ကုန်ထက် ၅ ရာခိုင်နှုန်းကျော်တိုးလာပြီး ပျမ်းမျှ တစ်တန်ကို ယွမ် ၁၁၅၀၀ (ကန်ဒေါ်လာ ၁၈၀၆) ထိ မြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။ နိုင်ငံတကာဈေးမြင့်တာရယ်၊ ပြီးခဲ့တဲ့နွေရာသီမှာ တစ်တန်ကို ယွမ် ၁၅၀၀၀ (ကန်ဒေါ်လာ ၂၃၅၆) ထိအောင် အမြင့်ဆုံးရောက်ရှိခဲ့တဲ့အတွက် တောင်သူတွေက ဈေးကောင်းကို စောင့်ဆိုင်းနေတဲ့အတွက်ရယ်တွေကြောင့် ဈေးမြင့်တက်လာခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဆီကြိတ်ခွဲသူတွေကတော့ အကျိုးအမြတ်ရရှိမှုနည်းလို့ ဒေသတွင်းမှာ မြေပဲတစ်တန် ယွမ် ၉၆၀၀-၉၈၀၀ (ကန်ဒေါ်လာ ၁၅၀၈-၁၅၃၉) ဈေးအတွင်းသာ ဝယ်ယူတယ်လို့ သိရပါတယ်။

### ယခုနှစ် ပထမနှစ်လအတွင်း မြန်မာမြေပဲတန် ၁၆၀၀၀ ကျော်တင်ပို့ပြီး

မြန်မာနိုင်ငံအနေနဲ့ ပြည်တွင်းဆီဖူလုံရေးကို အဓိကထားပြီး မြေပဲနဲ့ ဆီကြိတ်နှမ်းအချို့ကို အရင်ကပြည်ပ တင်ပို့ခွင့်မပြုခဲ့ပါဘူး။ ၂၀၁၁ ခုနှစ်မှာတော့ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူတွေ အကျိုးအမြတ်ပိုမိုစေရေးအတွက် မြေပဲဆန်၊ မြေပဲဆီနဲ့ ဆီကြိတ်နှမ်းတို့ကိုပါ တင်ပို့ခွင့်ပြုခဲ့ပါတယ်။ တင်ပို့ခွင့်ပြုပြီးတဲ့ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်အတွင်းမှာ ပင်လယ်ရေကြောင်းက ဗီယက်နမ်နဲ့ မလေးရှားကို တန် ၈၀ ခန့်သာတင်ပို့ခဲ့ပေမဲ့ နယ်စပ်ကုန်သွယ်မှုမှတဆင့် တရုတ်နိုင်ငံကို မြေပဲဆန် တန်ချိန် ၁၂၂၈၃ တန်နဲ့ မြေပဲအစိုတောင့် တန် ၂၃၃၉၊ စုစုပေါင်းတင်ပို့မှု တန်ချိန် ၁၄၆၂၂ တန်မှ စုစုပေါင်းဝင်ငွေ ကန်ဒေါ်လာ ၁၉ သန်းကျော် ရရှိခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၂-၁၃ ဘဏ္ဍာနှစ် ဧပြီနဲ့မေ နှစ်လအတွင်းမှာတော့ တင်ပို့မှုတိုးတက်လာပြီး တန်ချိန် ၁၆၀၀၀ ကျော်အထိ နယ်စပ်လမ်းကြောင်းက တင်ပို့ထားပြီးကြောင်း သိရပါတယ်။

### တရုတ်က ဝယ်လိုအားကောင်းတဲ့ မြေပဲဆန်

လက်ရှိမြေပဲဆန်တင်ပို့မှုနဲ့ပတ်သက်လို့ မူဆယ်ဒေသခံတစ်ဦး ပြောတာကတော့ “မြေပဲဆန်ကို အရင်က တင်ပို့ခွင့်မပြုခင်ကလည်း တရားမဝင် သွားနေကြတာဆိုတော့ ခုလိုတရားဝင်ခွင့်ပြုလိုက်တော့ တင်ပို့တဲ့ပမာဏ တရားဝင်ကိန်းဂဏန်းတွေ အနီးစပ်ဆုံးမှန်ကန်မှုရလာသလို ကုန်သည်တွေလဲ တရားဝင်လမ်းကြောင်းက လျှောက်လာနိုင်တဲ့ ကောင်းကျိုးတွေရလာပါတယ်။ အခုလပိုင်းဆိုရင် ၇ ရက်တစ်ပတ်ကို တန် ၃၀၀၀ ကျော် တင်ပို့နေတာ တွေ့ရပါတယ်။ ၃ ထောင်အောက်လျော့တဲ့ သီတင်းပတ်ကို မရှိဘူး၊ တရုတ်ကဝယ်လိုအားကောင်းနေတယ်။ တရုတ်မှာလည်း စားဆီပြဿနာတွေ ရှိလာတဲ့နောက်ပိုင်း မြေပဲဆီကို လူလတ်တန်းစားတွေ စားသုံးမှုများလာတယ်လို့ တရုတ်ဘက်က ကုန်သည်တွေကပြောကြတယ်။ မြေပဲဆန် အဖြူရော၊ အနီရောယူတယ်။ သူတို့ ဝယ်လိုအားကောင်းနေတဲ့ ကာလဆိုတော့ လက်ရွေးဆန်မှ မဟုတ်ပါဘူး။ အရည်အသွေးနိမ့်တာကလဲ ဝယ်တာတွေ့ရတယ်။ ဈေးကတော့ အရည်အသွေးပိုကောင်းရင် ဈေးပိုရတာပေါ့။ လက်ရှိ ရွှေလီဘက်မှာ မြေပဲဆန် တစ်တန်ကို ယွမ် ၁၀၉၀၀ (ကန်ဒေါ်လာ ၁၇၁၂ )ဈေးရှိတယ်။ သူတို့က အကောက်ခွန်ဆောင်ရတဲ့ ယွမ် ၃၀၀ (ကန်ဒေါ်လာ ၄၇ ) နုတ်ပြီး၊ ဒီဘက်မှာ ယွမ် ၁၀၆၀၀ (ကန်ဒေါ်လာ ၁၆၆၅ ) ၊ တစ်ပိဿာကျပ် ၂၃၀၀ကျော်လောက်နဲ့ဝယ်တယ်။ ဒါပေမဲ့ ဒီဘက်က ကုန်သည်တွေက ရွှေလီအရောက်ပို့ရတယ်။ ရွှေလီက အချို့ကုန်သည်တွေက သူတို့နီးစပ်ရာ ကုန်သည်တွေဆီက မြန်မာပဲဆီကို ဝယ်စားတာတွေရှိတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံက မြေပဲဆီများများတော့ ဝယ်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့က ကိုယ်ပိုင်စက်နဲ့ ကြိတ်ပြီး ပဲဖတ်ကို သုံးလိုတာကြောင့်ဖြစ်သလို မြေပဲဆန်ကို စားသောက်ကုန်တွေမှာလဲ အသုံးများတာကြောင့် ကုန်ကြမ်းအတိုင်း ဝယ်ယူတာပိုများမယ်ထင်ပါတယ်”လို့ ဆိုပါတယ်။

စာမျက်နှာ ၁၅ သို့



# ပြင်ဦးလွင် ပန်းမန်ဈေးကွက်



ပြင်ဦးလွင်မြို့နယ်မှာ မိုးပန်းနဲ့ နွေပန်းဆိုပြီး ရာသီချိန် နှစ်ချိန်မှာ ပန်းမန်တွေကို စိုက်ပျိုးကြပါတယ်။ ပန်းမန်အမျိုး အစားတွေကတော့ သစ္စာပန်း(ဟော်လန်)၊ အက်စတာ (မေမြို့ပန်း)၊ ဂန္ဓာမာ၊ ကီလိုဂန္ဓာမာ၊ ပန်းတိမ်မနိုင် စတဲ့ ပန်းမန်မျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြပါတယ်။


နွေပန်းကို ဒီဇင်ဘာ/ဇန်နဝါရီမှာစိုက်ပျိုးပြီး မတ်လကုန် ဧပြီလဆန်းမှာ စတင်ထွက်ပေါ်တာကြောင့် ဧပြီလလယ်လောက်မှာ တောင်သူတွေ နှစ်စဉ် ဈေးကောင်းရရှိတတ်ပါတယ်။ ပန်းမန်ဈေးနှုန်းတွေကတော့ ယခုနှစ် ဧပြီလလယ်မှာ အနိမ့်ဆုံးဈေး တစ်စည်း ၁၀၀၀ ကျပ်၊ ၁၂၀၀ ကျပ်မှ အမြင့်ဆုံးဈေး ၁၈၀၀ ကျပ်၊ ၂၀၀၀ ကျပ် ဈေးကောင်းရရှိကြပါတယ်။ ပုံမှန်ဈေးနှုန်းဆိုတာ ပန်းဈေးကွက်မှာ သတ်မှတ်လို့မရသလို ဈေးကွက်မရှိတာလည်း တွေ့ရပါတယ်။ အဓိကဖြန့်ဖြူးတင်ပို့နေတဲ့ မြို့ကြီးတွေဖြစ်တဲ့ ရန်ကုန်၊ မော်လမြိုင် စတဲ့ မြို့တွေမှာ မိုးရွာသွန်းတာများရင် ပန်းမန်ဈေးနှုန်းတွေ ကျတတ်ပြီး မြို့နယ်စိုက်ဧကတွေမှာ ပန်းအထွက်များရင်လည်း ဝယ်လိုအားထက် ပိုမိုထွက်ရှိနေလို့ ဈေးကွက်မှာ ပန်းမန်တွေ များပြားနေပြီး ရသလောက်နဲ့ ရောင်းချနေကြတာကြောင့် ဈေးနှုန်းကျဆင်းသွားတာလည်း ရှိပါတယ်။ ဈေးကောင်းရချိန်ထွက်တာကြုံရသလို၊ ဈေးကျချိန်ထွက်တာလည်း ကြုံရနိုင်တာမို့ ပန်းစိုက်တောင်သူတွေအနေနဲ့ အရှုံးဆိုတာ သိပ်မရှိဘူးလို့ဆိုရမှာဖြစ်ပါတယ်။ နောက်ပြီး ပန်းဆိုတာ တစ်ဧကစိုက်ပျိုးရင် တစ်ဧကလုံး တစ်ပြိုင်တည်းထွက်ပေါ်တာ မဟုတ်တဲ့အတွက် ရာသီမကုန်မချင်း ဈေးကောင်းနဲ့ ဆုံနိုင်သလို၊ အနိမ့်ဆုံးနဲ့လည်း ကြုံတွေ့ရတတ်ပါတယ်။

ပုံမှန်နှစ်စဉ် ဈေးကျချိန်ကတော့ မေလဆန်းမှာဖြစ်ပြီး၊ ယခင်နှစ်က ပန်းတစ်စည်းကို အနိမ့်ဆုံး ၄၀၀ ကျပ်၊ ၅၀၀ ကျပ်မှ အမြင့်ဆုံး ၈၀၀ ကျပ်၊ ၁၀၀၀ ကျပ် ဖြစ်ပါတယ်။ ယခုနှစ်မှာတော့ အနိမ့်ဆုံး ၂၀၀ ကျပ်၊ ၃၀၀ ကျပ်မှ အမြင့်ဆုံး ၄၀၀ ကျပ်၊ ၅၀၀ကျပ်ထိ ကျဆင်းခဲ့တာ တွေ့ရပါတယ်။

ယခု ဇွန်လလောက်မှာ ဈေးနှုန်းအနိမ့်ဆုံး ၄၀၀ ကျပ်၊ ၅၀၀ ကျပ်မှ အမြင့်ဆုံး ၇၀၀ ကျပ်၊ ၈၀၀ ကျပ် ဈေးပြန်တက်လာပါတယ်။ ဂန္ဓမာပန်း တစ်ဧကစိုက်ရင် ကုန်ကျစရိတ် (သိန်း ၂၀) ကုန်ကျပြီး၊ တစ်ဧကအထွက်ကတော့ ပန်းစည်းရေ ၄၃၀၀ ကျော်ထွက်ရှိလို့ ပျမ်းမျှ ယခုဈေးနှုန်းနဲ့တွက်ရင် အနိမ့်ဆုံး ၂၁ ဒသမ ၅ ကျပ်သိန်းရရှိမှာဖြစ်ပြီး၊ အမြင့် ဆုံးဈေးနဲ့တွက်ရင် ကျပ် ၃၀ ဒသမ ၁ သိန်းရရှိလို့ ပန်းစိုက်ပျိုးမှု အကျိုးအမြတ်ရရှိမှုကို ပန်းမန်ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနေတဲ့ ကျောက်ဖျာဒိုး ကျေးရွာမှ တောင်သူဦးမြင့်အောင်က ပြောပါတယ်။

***အောင်မင်းနိုင်***

*စာမျက်နှာ ၁၄ မှ အဆက်*



## ဈေးကွက်သဘောအရ ပစ္စည်းကောင်းရင် ဈေးကောင်းရလို့ ကောင်းတာမှ ရောင်းလို

မန္တလေးဈေးကွက်မှာ လတ်တလော မြေပဲလုံးဆန်ဈေးက တစ်ပိဿာ ၂၁၀၀-၂၂၀၀ ကျပ် ဝန်းကျင်ရှိပြီး ဆီဆန်က တစ်ပိဿာကျပ် ၁၈၅၀-၁၉၇၅ ဝန်းကျင်ရှိပါတယ်။ မေလဆန်းမှာ လုံးဆန်ဈေးက ကျပ် ၁၉၅၀-၂၁၅၀ ဝန်းကျင်ရှိပြီး ဆီဆန်က ကျပ် ၁၈၅၀-၁၉၀၀ ဝန်းကျင်ရှိနေလို့ ဒီလပိုင်းမှာ တရုတ်ဘက်ကို တင်ပို့မှု ပိုလာလို့ ဈေးအနည်းငယ်တက်လာတဲ့ သဘောရှိပါတယ်။ မြေပဲဆန်ဈေးတိုးလာတာနဲ့အညီ မြေပဲဆီဈေးကလည်း မေလဆန်းမှာ တစ်ပိဿာကျပ် ၃၄၀၀-၃၉၀၀ ရှိခဲ့ရာက ဇွန်လတတိယပတ်မှာတော့ ၃၆၀၀-၄၃၀၀ ကို တိုးလာခဲ့ပါတယ်။ ရေမြင့်တော့ ကြာမြင့်တဲ့ သဘောပါပဲ။ ဒါပေမဲ့ ဆီစက်ရပ်ဝန်းမှာတော့ မြေပဲဆန်တင်ပို့တဲ့နေရာမှာ လက်ရွေး၊ ပစ္စည်းအသန့်တွေ တင်ပို့တဲ့အတွက် ဆီစက်လုပ်ငန်းရှင်တွေအတွက် ပစ္စည်းကောင်းတဲ့ ကုန်ကြမ်းရရှိမှု နည်းလာတယ်ဆိုတဲ့ အသံတွေ ကြားလာရပါတယ်။ အရည်အသွေးနိမ့်တဲ့ ကုန်ကြမ်းတွေနဲ့ ကြိတ်ခွဲရတဲ့အတွက် ဆီထွက်နှုန်းနည်းပြီး ကုန်ကျစရိတ်ပိုလာတယ်လို့ဆိုပါတယ်။ ဒါပေမဲ့လည်းဈေးကွက်ရဲ့သဘောအရ ပစ္စည်းကောင်းရင် ဈေးကောင်းရတဲ့အတွက် ပြည်ပတင်ပို့ရာမှာလည်း ကုန်သည်တွေကတော့ ရနိုင်သမျှ ကောင်းတဲ့ပစ္စည်းကိုရွေးပြီး ရောင်းဝယ်နေဦးမှာ ဖြစ်ပါတယ်။

## လက်ရှိမြေပဲစိုက်ပျိုးမှု တိုးချဲ့လာ

မြန်မာနိုင်ငံမှာ မြေပဲစိုက်ပျိုးမှုဟာ တစ်နှစ်ကို ဧက နှစ်သန်းကျော်မှ မြေပဲဆန်တန်ချိန် တစ်သန်းကျော် ဝန်းကျင်ထွက်ရှိတယ်လို့ သက်ဆိုင်ရာဌာနစာရင်းတွေအရ သိရပါတယ်။ တစ်နှစ်ကို ဆောင်းနဲ့ မိုးနှစ်ကြိမ်စိုက်ပျိုးပြီး အများစုကိုတော့ ဆောင်းမြေပဲကို ပိုစိုက်ကြပါတယ်။ တချို့ဒေသတွေမှာတော့ နွေမှာလည်း ရေသွင်းပြီး စိုက်ပျိုးမှုအနည်းငယ်ရှိတာ တွေ့ရပါတယ်။ ဒီလအတွင်းမှာလည်း အချို့ဒေသတွေမှာ မိုးမြေပဲတွေ စစိုက်နေကြပါပြီ၊ ဈေးကောင်းရလာတဲ့အတွက် အချို့ဒေသတွေမှာ စိုက်ဧကတွေ တိုးစိုက်လာကြတာရှိပေမဲ့ နိုင်ငံအလယ်ပိုင်းဒေသတွေမှာတော့ လုံလောက်တဲ့ မိုးရေ မရသေးတဲ့အတွက် စိုက်ပျိုးမှုနှေးကွေးနေတယ်လို့ သိရပါတယ်။

## လိုအပ်ချိန်မှ ရွေးဝယ်ယူလို့ မရနိုင်ပါ

နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အရင်က ခွင့်မပြုဘဲထားခဲ့တဲ့ ကုန်စည်တွေကို ပြန်လည်တင်ပို့ခွင့်ပြုပြီးတဲ့နောက်မှာတော့ ပိတ်လိုက်ဖွင့်လိုက်ဆိုတဲ့ မတည်ငြိမ်တဲ့ မူဝါဒကို ကျင့်သုံးဖို့ဆိုတာကတော့ မလွယ်ကူတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ တောင်သူတွေလဲ ဈေးကောင်းရ၊ ဆီစက်လုပ်ငန်းရှင်တွေလည်း အရည်အသွေးကောင်းတဲ့ ကုန်ကြမ်းတွေ လုံလုံလောက်လောက် ရဖို့ဆိုရင်တော့ အရည်သွေးကောင်းမွန်တဲ့ မြေပဲမျိုးစေ့တွေနဲ့ အထွက်ပိုအောင်ဆောင်ရွက်ဖို့က အဓိက ကျနေပါတယ်။ ဒေသအလိုက် သင့်တော်တဲ့ ရေမြေနဲ့လိုက်ဖက်မယ့် မျိုးကောင်းတွေ ရရှိစိုက်ပျိုးနိုင်မှသာ အထွက်ကောင်းမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ဖို့ဆိုရင်တော့ တောင်သူတွေ ဘာစိုက်စိုက် ပစ်ထားပြီး လိုချိန်မှ ရွေးဝယ်ယူလို့ အဆင်မပြေနိုင်တော့ပါဘူး။ ပစ္စည်းကောင်း ဝယ်လိုသူများအနေနဲ့ တောင်သူတွေနဲ့ချိတ်ဆက်ပြီး ကန်ထရိုက်လယ်ယာစနစ်လို ဒါမှမဟုတ် မျိုးစေ့တွေ ဖြန့်ဝေပေးတဲ့ နည်းလမ်းတွေ ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။

## ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးရေး မဟာဗျူဟာ

အချို့နိုင်ငံတွေမှာဆိုရင် ဆီထွက်သီးနှံကို အုပ်စုတစ်ခုအနေနဲ့ အသင်းအဖွဲ့တွေဖွဲ့စည်းပြီး ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးဖို့ မဟာဗျူဟာတွေ ချမှတ်ဆောင်ရွက်တာသိရပါတယ်။ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် အိန္ဒိယမှာ ဆီထွက်သီးနှံနဲ့ ထုတ်ကုန်များ ထုတ်လုပ်တင်ပို့သူများအသင်းကနေပြီး မြေပဲအရည်အသွေး ကောင်းမွန်အောင် ပြည်နယ်အသီးသီးမှာ ချိတ်ဆက်ဆောင်ရွက်မှုတွေ ရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆီထွက်သီးနှံကဏ္ဍမှာ မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း ရှိပြီးဖြစ်တဲ့အတွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းအဖွဲ့ တစ်ခုဖွဲ့စည်းပြီး ယင်းအသင်းနှစ်ခုတို့မှ ပေါင်းစပ်ကာ သက်ဆိုင်ရာအစိုးရဌာနတွေနဲ့ ပူးပေါင်းပြီး အရည်အသွေးကောင်းတဲ့ မြေပဲဆန်များ တိုးတက်ထွက်ရှိရေး လိုအပ်တဲ့ထောက်ပံ့မှုတွေနဲ့အတူ တောင်သူတွေနဲ့ လက်တွဲဆောင်ရွက်သွားဖို့ မဟာဗျူဟာတွေ လိုအပ်မှာဖြစ်ပါတယ်။

## တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့ရေး ပြင်ဆင်ရမယ့် အချိန်

အိမ်နီးချင်း တရုတ်နိုင်ငံအနေနဲ့ ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်မှုမှာ မြေပဲအသုံးပြုမှုက ထုတ်လုပ်မှုရဲ့ ၃၈ ရာခိုင်နှုန်းလောက်ရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံက မြေပဲကုန်ကြမ်းတွေ တန်သိန်းချီပြီး တင်ပို့နေတဲ့နေရာမှာ တန်ဖိုးမြှင့်ထုတ်ကုန်တင်ပို့မှု ထက်ဝက်ခန့်အထိ တိုးတက်သွားနိုင်မယ်ဆိုရင် ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်း တိုးလာမှာဖြစ်သလို ဘေးထွက်ပစ္စည်းများ ပြည်တွင်းမှာ သုံးစွဲနိုင်တဲ့အပြင် တန်ဖိုးမြှင့်ထုတ်ကုန်ရဲ့ ပိုမိုတဲ့တန်ဖိုးတွေကြောင့် အကျိုးအမြတ်ပိုမိုကြီးမားလာမှာဖြစ်ပါတယ်။ တန်ဖိုးမြှင့်ထုတ်ကုန်တွေကို တရုတ်ကိုသာမကပါဘူး။ ဂျပန်၊ ကိုရီးယားအပြင် ဈေးကွက်တွေပွင့်လမ်းလာနေပြီဖြစ်တဲ့ အီးယူအထိပါ ခြေဆန့်နိုင်စေဖို့အတွက် ကြိုးစားရတော့မှာ ဖြစ်ပါတယ်။ လိုအပ်နေသေးတဲ့ နည်းပညာနဲ့ စက်ပစ္စည်းတွေကိုလည်း မကြာသေးခင်က သမ္မတကြီးရဲ့ မိန့်ခွန်းမှာပါရှိသလို မိမိနိုင်ငံ၊ မိမိပြည်သူတွေ အကျိုးရှိမယ့် လုပ်ငန်းများအတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများကို အမြန်ဆုံးဖိတ်ခေါ်ရမယ့် အလှည့်ပဲ ဖြစ်ပါတယ်။

## ပေါင်းစပ်ဖြည့်ဆည်းကာ အဖြေရှာ

နိုင်ငံတော်က တောင်သူတွေအကျိုးအတွက် မြေပဲဆန်ပြည်ပတင်ပို့ခွင့်ပြုခဲ့သလို ဆီစက်လုပ်ငန်းရှင်တွေ အလုပ်အကိုင် အခွင့်အလမ်းမဆုံးရှုံးရအောင် ပဲဆီ၊ နှမ်းဆီများလည်း တင်ပို့ခွင့်ပြုခဲ့ပါတယ်။ လိုအပ်တဲ့နည်းပညာနဲ့ အရင်းအနှီးအတွက်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုထားပြီးဖြစ်လို့ မြေပဲကုန်ကြမ်းများ လိုအပ်မှုအတွက် "ပေါက်ပင်ဘာကြောင့် ကိုင်း" ဆိုတာထက် လိုအပ်ချက်များ ပေါင်းစပ်ဖြည့်ဆည်းကာ အဖြေရှာကြမယ်ဆိုရင်ဖြင့် စိုက်ပျိုးထုတ်လုပ်သူများ တိုးတက်ထုတ်လုပ်လာနိုင်ပြီး ဆီစက်၊ ကုန်သည်၊ လုပ်ငန်းရှင်များလည်း အကျိုးရှိကာ နိုင်ငံတော်ရဲ့ ရည်မှန်းထားတဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ဆီထွက်သီးနှံကဏ္ဍက အောင်မြင်စွာ ပါဝင်နိုင်လိမ့်မယ်လို့ ယုံကြည်စွာ ရေးသားလိုက်ရပါတယ်။

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၂-၆-၂၀၁၂)

## မတ်ပဲ

| စဉ် | ကုန်စည်ဒိုင် | ရေတွက်ပုံ | ယခင် | ယခု | ပြောင်းလဲမှု |
|---|---|---|---|---|---|
| ၁ | ဘုရင့်နောင် | ၁ တန် | ၃၉၉၀၀၀ | ၄၂၆၀၀၀ | △ |
| ၂ | မုံရွာ | ၁ ပိဿာ | ၆၃၅ | ၆၃၅ | □ |
| ၃ | ပြည် | ၁ ပိဿာ | ၆၀၇ | ၆၂၅ | △ |
| ၄ | ဟသ်ာတ | ၁ ပိဿာ | ၆၁၃ | ၆၅၀ | △ |
| ၅ | မန္တလေး | ၁ ပိဿာ | ၅၈၃ | ၆၁၇ | △ |

ဆက်သွယ်ရန် ဖုန်း-၀၁-၆၈၀၉၁၀

### မတ်ပဲဈေးလှုပ်ပြီး အရောင်းအဝယ်ဖြစ်

**ဘုရင့်နောင်**ဈေးကွက်တွင် မတ်ပဲ (RC) ကို အိတ်စပို့ဝယ်လက်တွေက ဈေးကွက်ဖွင့်ချိန်မှာ တစ်တန်ကို ၄၀၆၀၀၀ ကျပ်နဲ့ အဝယ်ရှိရာက ဇွန် ၁၉ ရက်နေ့မှာ တစ်တန်ကို ၄၀၃၀၀၀ ကျပ်သို့ဈေးကျဆင်းခဲ့ပြီးနောက်ပိုင်းမှာ အိတ်စပို့ဝယ်လက်က ဈေးပေးအဝယ်ရှိလာတာကြောင့် ဇွန် ၂၀ ရက်နေ့မှာ ၄၁၄၀၀၀ ကျပ်သို့ ဈေးမြင့်ခဲ့ကာ ဇွန် ၂၂ ရက်နေ့မှာတော့ တစ်တန်ကို ၄၂၆၀၀၀ ကျပ်ဈေးသို့ထပ်မံဈေးမြင့်လာတာတွေ့ရပါတယ်။ အရောင်းဝယ်ဖြစ်မှုက တစ်ပတ်အတွင်း ၄၀၅၀ တန်ခန့်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **မန္တလေး**ဈေးကွက်မှာ မတ်ပဲ (ကုန်ကြမ်း)ကို ရန်ကုန်ဝယ်လက် အချို့နဲ့မြို့ခံပဲခွဲစက်များက ဝယ်အားပုံမှန်ရှိတာကြောင့် ယခင်ပတ်နဲ့စာရင်ဈေးမြင့်လာပြီး တစ်ပိသာကို ၆၁၇ ကျပ် (တစ်တန်ကို ၃၇၇၈၄၄ ကျပ်)ဈေးနဲ့ တစ် ရက်ကို အိတ် ၃၀၀ မှ ၅၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **ပြည်ဈေးကွက်**မှာ ယခင်အပတ်က တစ်ပိသာကို ၆၀၇ ကျပ် (တစ်တန်ကို ၃၇၁၇၂၀ ကျပ်)ဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာရန်ကုန်အဆွဲများလာတာကြောင့် တစ်ပိသာကို ၆၂၅ ကျပ် (တစ်တန်ကို ၃၈၂၇၄၃ ကျပ်) ဈေးနဲ့နေ့စဉ်အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မြို့ခံကုန်သည်တစ်ဦးက ဆိုပါတယ်။ **ဟသ်ာတဈေးကွက်**မှာ ဒီတစ်ပတ်မတ်ပဲက ဈေးကွက်သို့ အဝင်ပါးလာသလို ရောင်းသူကုန်သည်တွေထံမှာလည်း ပစ္စည်းလက်ကျန် နည်းလာတာကြောင့် အရောင်းအဝယ်ဖြစ်မှုပမာဏတွေ လျော့နည်းသွားတယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာကို ၆၅၀ ကျပ် (တစ်တန်ကို ၃၉၈၀၅၃ ကျပ်) ဈေးနဲ့ တစ်ရက်ကိုအိတ် ၁၀၀၀ မှ ၁၅၀၀ ကြားသာဖြစ်ခဲ့တယ်လို့ သိရပါတယ်။

## ပြောင်း

| စဉ် | ကုန်စည်ဒိုင် | ရေတွက်ပုံ | ယခင် | ယခု | ပြောင်းလဲမှု |
|---|---|---|---|---|---|
| ၁ | တောင်ကြီး | ၁ ပိဿာ | ၃၇၀ | ၃၉၀ | △ |
| ၂ | လားရှိုး | ၁ ပိဿာ | ၄၂၅ | ၄၄၀ | △ |
| ၃ | မူဆယ် | ၁ တန် | ၃၀၉၂၁၈ | ၃၁၂၇၈၁ | △ |
| ၄ | မန္တလေး | ၁ ပိဿာ | ၄၁၇ | ၄၄၄ | △ |

### ပြောင်းလက်ကျန်နည်းသလို ဈေးကလည်းကောင်းလာ

**တောင်ကြီးဈေးကွက်**မှာ ပြောင်းက လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်-မန္တလေးအဆွဲကတော့ ပုံမှန်ရှိတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးကအမြင့်မှာရှိ**နေကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာကို ၃၉၀ ကျပ်ဈေးနဲ့ တစ်ပတ်အတွင်း ပိသာချိန် ၂၅၂၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဒေသခံကုန်သည်တစ်ဦးက ဆိုပါတယ်။ **မူဆယ်ဈေးကွက်**မှာ ပြောင်းကဈေးကွက်သို့ အဝင်ပုံမှန်ရှိသလို တရုတ်အဆွဲကလည်းသွက်နေတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး အရောင်းအဝယ်ဖြစ်မှုပမာဏလည်း ပိုများခဲ့တယ်လို့ သိရပါတယ်။ **လားရှိုးဈေးကွက်**မှာ ပြောင်းကို တရုတ်ဝယ်လက်က ဝယ်လိုအားကောင်းပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေတယ်လို့ ဒေသခံပြောင်းကုန်သည်တစ်ဦးကဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာကို ၄၄၀ ကျပ်ဈေးနဲ့ တစ်ပတ်အတွင်း ပိသာချိန် ၃၅၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **မန္တလေးဈေးကွက်**မှာ ပြောင်းကို တရုတ်အဆွဲပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးနဲ့ အရောင်းများခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေနဲ့ တစ်ပိသာကို ၄၄၄ ကျပ်ဈေးနဲ့ တစ်ရက်ကို အိတ် ၃၀၀ မှ ၅၀၀ ကြားဖြစ်ခဲ့တယ်လို့ မြို့ခံပြောင်းကုန်သည်တစ်ဦးကဆိုပါတယ်။

## ပဲတီစိမ်း(အညာ)

| စဉ် | ကုန်စည်ဒိုင် | ရေတွက်ပုံ | ယခင် | ယခု | ပြောင်းလဲမှု |
|---|---|---|---|---|---|
| ၁ | မကွေး | ၁ ပိဿာ | ၉၅၀ | ၁၀၀၀ | △ |
| ၂ | မုံရွာ | ၁ ပိဿာ | ၁၀၅၃ | ၁၁၂၀ | △ |
| ၃ | မန္တလေး | ၁ ပိဿာ | ၁၁၀၂ | ၁၁၅၆ | △ |
| ၄ | ရေစကြို | ၁ ပိဿာ | ၁၀၁၆ | ၁၀၅၃ | △ |
| ၅ | ပခုက္ကူ | ၁ ပိဿာ | ၁၀၁၅ | ၁၀၃၆ | △ |

### ပဲတီစိမ်း အရောင်းအဝယ်ပုံမှန်ရှိလို့ ဈေးစွာလာ

**မန္တလေးဈေးကွက်**မှာ ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက်က အရည်အသွေးကိုကြည့်ပြီး အရည်အသွေးကောင်းရင် ကောင်းသလို ဈေးပေးအဝယ်ရှိပြီး အရည်အသွေးညံ့ပါက ဈေးနှိမ် အဝယ်ရှိနေတယ်လို့ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာကို အနိမ့်ဆုံး ၁၁၀၀ ကျပ်(တစ်တန်ကို ၆၇၃၆၂၉ ကျပ်)မှ အမြင့်ဆုံး ၁၁၅၆ ကျပ်(တစ်တန်ကို ၇၀၇၉၂၂ ကျပ်)ဈေးအတွင်း တစ်ရက်ကို အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့တယ်လို့ မြို့ခံပဲကုန်သည်တစ်ဦးက ဆိုပါတယ်။ **မကွေးဈေးကွက်**မှာ ပဲတီစိမ်းကို မန္တလေးဝယ်လက်က ဝယ်အားပုံမှန်ရှိတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်ပိသာကို ၁၀၀၀ ကျပ်(တစ်တန်ကို ၆၁၂၃၉၀ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၂၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **ရေစကြိုဈေးကွက်**မှာ ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်က အရည်အသွေးပေါ်မူတည်ပြီး ဈေးပေးအဝယ်ရှိတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာကို အနိမ့်ဆုံး ၉၄၅ ကျပ်(တစ်တန်ကို ၅၇၈၇၀၈ ကျပ်)မှ အမြင့်ဆုံး ၁၀၅၃ ကျပ်(တစ်တန်ကို ၆၄၄၈၄၆ ကျပ်)အတွင်း အိတ် ၇၀၀ ခန့်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ **ပခုက္ကူဈေးကွက်**မှာ ပဲတီစိမ်းကို မန္တလေးဝယ်လက်က ဝယ်အားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေတယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာ ၁၀၃၆ ကျပ် (တစ်တန်ကို ၆၃၄၄၃၆ ကျပ်) ဈေးနဲ့ တစ်ပတ်အတွင်း အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **မုံရွာဈေးကွက်**မှာ ပဲတီစိမ်းကြီးကို မန္တလေးအဆွဲကောင်းနေတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်ပိသာကို ၁၁၂၀ ကျပ် (တစ်တန်ကို ၆၈၆၄၈၉ ကျပ်) ဈေးနဲ့ တစ်ရက်ကိုအိတ် ၁၀၀၀ မှ ၁၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မြို့ခံကုန်သည်တစ်ဦးက ဆိုပါတယ်။

## ထိုင်ဝမ်(ကုလားပဲ)

| စဉ် | ကုန်စည်ဒိုင် | ရေတွက်ပုံ | ယခင် | ယခု | ပြောင်းလဲမှု |
|---|---|---|---|---|---|
| ၁ | မန္တလေး | ၁ ပိဿာ | ၁၀၁၃ | ၁၀၆၇ | △ |
| ၂ | မကွေး | ၁ ပိဿာ | ၉၉၅ | ၁၀၅၃ | △ |
| ၃ | မုံရွာ | ၁ ပိဿာ | ၁၀၀၅ | ၁၀၄၂ | △ |
| ၄ | အောင်လံ | ၁ ပိဿာ | ၁၀၀၀ | ၁၀၃၅ | △ |
| ၅ | မြင်းခြံ | ၁ ပိဿာ | ၁၀၀၀ | ၁၀၅၀ | △ |
| ၆ | ပြည် | ၁ ပိဿာ | ၁၀၁၀ | ၁၀၅၀ | △ |
| ၇ | ပခုက္ကူ | ၁ ပိဿာ | ၁၀၁၀ | ၁၀၁၀ | □ |

### ကုလားပဲကို ဒေသတွင်းခွဲစက်များနဲ့ ရန်ကုန်အဆွဲများလို့ ဈေးမြောက်

**မန္တလေးဈေးကွက်**မှာ ကုလားပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များက ဝယ်လိုအားသွက်လာတာကြောင့် ယခင် အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်ပိသာကို ၁၀၆၇ ကျပ်(တစ်တန်ကို ၆၅၃၄၂၀ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၆၀၀ မှ ၈၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးကကောင်းလာသလို လှောင်လက်တွေကလည်း တက်ဈေးမှာ အရောင်းများတာကြောင့် အရောင်းအဝယ်ဖြစ်မှုပမာဏတွေ ပိုများလာတယ်လို့ မြို့ခံပဲခွဲစက်လုပ်ငန်းရှင်တစ်ဦးကဆိုပါတယ်။ **မကွေးဈေးကွက်**မှာ ကုလားပဲကို မြို့ခံပဲခွဲစက်များက ဝယ်အားပုံမှန်ရှိတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်ပိသာကို ၁၀၅၃ ကျပ်(တစ်တန်ကို ၆၄၄၈၄၆ ကျပ်)ဈေးနဲ့ တစ်ရက်ကိုအိတ် ၂၀၀ မှ ၃၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **ပခုက္ကူဈေးကွက်**မှာ ဒီတစ်ပတ်ကုလားပဲကို မြို့ခံပဲခွဲစက်များနဲ့ ရန်ကုန်ဝယ်လက်က အဝယ်သွက်နေသလို လှောင်လက်ကုန်သည်များကလည်း အဆိုပါဈေးနဲ့ အရောင်းပုံမှန်ရှိနေတယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာကို ၁၀၁၀ ကျပ်(တစ်တန်ကို ၆၁၈၅၁၃ ကျပ်)ဈေးနဲ့ တစ်ပတ်အတွင်း အိတ် ၆၀၀ ခန့်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **အောင်လံဈေးကွက်**မှာ ကုလားပဲက ဈေးကွက်သို့ အဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်နဲ့ ခွဲစက်များကလည်း ဝယ်အားပုံမှန်ရှိခဲ့တယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာကို ၁၀၃၅ ကျပ်(တစ်တန်ကို ၃၆၆၈၂၃ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၂၅၀ ခန့်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **မုံရွာဈေးကွက်**မှာ ကုလားပဲက ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်၊ ဒေသတွင်းခွဲစက်နဲ့ အမှုန့်ကြိတ်စက်များက ဝယ်လိုအားမြင့်လာတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်ပိသာကို ၁၀၄၂ ကျပ်(တစ်တန်ကို ၆၃၈၁၁၀ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၁၀၀၀ နဲ့ အထက်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

## ပဲစင်ငုံနီ

| စဉ် | ကုန်စည်ဒိုင် | ရေတွက်ပုံ | ယခင် | ယခု | ပြောင်းလဲမှု |
|---|---|---|---|---|---|
| ၁ | ဘုရင့်နောင် | ၁ တန် | ၄၇၇၅၀၀ | ၅၂၇၀၀၀ | △ |
| ၂ | မန္တလေး | ၁ ပိဿာ | ၇၂၅ | ၈၀၀ | △ |
| ၃ | မုံရွာ | ၁ ပိဿာ | ၇၃၅ | ၈၂၀ | △ |
| ၄ | ပခုက္ကူ | ၁ ပိဿာ | ၇၃၀ | ၈၂၀ | △ |
| ၅ | မြင်းခြံ | ၁ ပိဿာ | ၇၂၀ | ၈၀၀ | △ |
| ၆ | အောင်လံ | ၁ ပိဿာ | ၇၂၅ | ၈၂၅ | △ |
| ၇ | မကွေး | ၁ ပိဿာ | ၇၂၅ | ၈၁၀ | △ |
| ၈ | ပြည် | ၁ ပိဿာ | ၇၂၀ | ၈၀၀ | △ |
| ၉ | ရေစကြို | ၁ ပိဿာ | ၇၃၀ | ၈၂၀ | △ |

### ပဲစင်ငုံနီ အရောင်းအဝယ်သွက်လို့ ဈေးဆက်လက်မြင့်လာ

**ဘုရင့်နောင်**ဈေးကွက်မှာ ပဲစင်ငုံနီ (RC) ကို ဈေးကွက်စဖွင့်ချိန်မှာ အိတ်စပို့ဝယ်လက်က တစ်တန်ကို ၄၉၅၅၀၀ ကျပ်ဈေးနဲ့ အဝယ်ရှိရာက နောက်ပိုင်းမှာ အိတ်စပို့ဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်အားပါသွက်လာတာကြောင့် ဇွန် ၂၀ ရက်နေ့မှာ တစ်တန်ကို ၄၉၈၅၀၀ ကျပ်သို့ဈေးမြင့်ခဲ့ပြီး ဇွန် ၂၂ ရက်နေ့မှာ တစ်တန်ကို ၅၂၇၀၀၀ ကျပ်ဈေးအထိ ထပ်မံ**ဈေးမြင့်တက်**ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးကောင်းလာတာနဲ့အမျှ လှောင်လက်ကုန်သည်တွေကလည်း တက်ဈေးမှာ အရောင်းများလာတယ်။ ဒါကြောင့် အရောင်းအဝယ်ဖြစ်မှုပမာဏလည်း ယခင်အပတ်နဲ့စာရင် ပိုများလာတယ်လို့ ပဲကုန်သည်တစ်ဦးကဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပတ်အတွင်း တန် ၄၄၆၀ ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **မန္တလေးဈေးကွက်**မှာ ပဲစင်ငုံနီကို ရန်ကုန်ဝယ်လက်၊ အခွံချွတ်စက်နဲ့ ပဲခွဲစက်များက ဝယ်လိုအားများလာတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်ပိသာကို ၈၀၀ ကျပ်(တစ်တန်ကို ၄၈၉၉၁၂ ကျပ်)ဈေးနဲ့ တစ်ရက်ကို အိတ် ၅၀၀ မှ ၇၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း မြို့ခံပဲကုန်သည်တစ်ဦးက ဆိုပါတယ်။ **မြင်းခြံဈေးကွက်**မှာ ပဲစင်ငုံနီကို ရန်ကုန်အဆွဲပုံမှန်ရှိတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာ ၈၀၀ ကျပ်(တစ်တန်ကို ၄၈၉၉၁၂ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၃၀၀ မှ ၅၀၀ ကြားဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ **ပြည်ဈေးကွက်**မှာ ယခင်အပတ်က တစ်ပိသာကို ၇၂၀ ကျပ်(တစ်တန်ကို ၄၄၀၉၂၀ ကျပ်)ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲစင်ငုံနီက ဒီတစ်ပတ်မှာ ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်အားပါများလာတာကြောင့် တစ်ပိသာကို ၈၀၀ ကျပ်(တစ်တန်ကို ၄၈၉၉၁၂ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၃၀၀ မှ ၄၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **မကွေးဈေးကွက်**မှာတော့ ပဲစင်ငုံနီကို ရန်ကုန်အဆွဲခပ်ပါးပါးသာရှိခဲ့တယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာကို ၈၁၀ ကျပ်(တစ်တန်ကို ၄၉၆၀၃၅ ကျပ်)ဈေးနဲ့ တစ်ရက်ကိုအိတ် ၁၀၀ ခန့်သာဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **ပခုက္ကူဈေးကွက်**မှာ ပဲစင်ငုံနီကို ရန်ကုန်အဆွဲပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးနဲ့ အရောင်းပုံမှန်ရှိခဲ့တယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိသာကို ၈၂၀ ကျပ်(တစ်တန်ကို ၅၀၂၁၅၉ ကျပ်)ဈေးနဲ့ တစ်ပတ်အတွင်း အိတ် ၆၅၀ ခန့်ဖြစ်ခဲ့တယ်လို့မြို့ခံကုန်သည်တစ်ဦးကဆိုပါတယ်။ **မုံရွာဈေးကွက်**မှာ ပဲစင်ငုံနီကို ရန်ကုန်အဆွဲသွက်လာတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်ပိသာကို ၈၂၀ ကျပ်(တစ်တန်ကို ၅၀၂၁၅၉ ကျပ်) ဈေးနဲ့ တစ်ရက်ကိုအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန်းမြန်မာပလာဇာတွင် ဒေသခံဈေးသည်မဟုတ်တဲ့ ဈေးသည်များ များလာ

မန္တလေးဈေးချိုတော် ဇရိယာရှိ မန်းမြန်မာပလာဇာမှာ ဈေးဝယ်များနဲ့ စည်ကားနေခြင်းကြောင့် ဒေသခံ မဟုတ်တဲ့ ဈေးသည်များ ရောင်းချသူများလာကြောင်း သိရပါတယ်။

“မန်းမြန်မာပလာဇာသက်တမ်းက ခြောက်နှစ်တာ ကာလရှိပြီ။ ရတနာပုံဈေးကြီး မီးလောင်သွားတော့ ဒီဘက်မှာ ပြောင်းရွှေ့လာကြရတာ။ ခုတော့ ဈေးရောင်းရတာ အထိုင်ကျသွားပြီ။ ဒီမှာက ဆိုင်ခန်းကျယ်တယ်။ သွားလမ်းလာလမ်းလည်းသာတယ်။ ဒီဈေးကိုလာရောင်းတဲ့သူတွေက လက်ကားသမားတွေများတယ်။ ဒါကြောင့် နယ်စုံကလည်း ဒီမှာပဲ လာဝယ်ကြတော့တယ်။ ဒီမှာစည်ကားနေတော့ ဈေးချိုတော် တိုက်တန်းဘက်ကဈေးသည်တွေကလည်း ဒီဘက်မှာဆိုင်ခွဲလာဖွင့်ကြတယ်။ တရုတ်နိုင်ငံဘက်က ကုန်တိုက်ရိုက်ဖြန့်တဲ့ ကုန်သည်တွေလည်း ဒီမှာ ဆိုင်ခန်းလာဖွင့်ကြတယ်။ ဈေးကြီးတစ်ဈေးလုံးကတော့ ၁၀၀ ရာခိုင်နှုန်းနီးနီးက တရုတ်ပစ္စည်းတွေချည်းပါပဲ။ ဒီမှာ ရွှေ့ပြောင်းဖွင့်လာတဲ့သူတွေက အထည်အလိပ်၊ Readymade အဝတ်အထည်၊ အိမ်သုံးပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်းတွေ၊ ကလေးသုံး အဝတ်အထည်နဲ့ အသုံးအဆောင်ပစ္စည်းတွေ လာရောင်းကြတယ်။ အရောင်းအဝယ်ကောင်းတော့ ဈေးသည်မဟုတ်ဘဲ ခုမှလာရောင်းတဲ့ ဈေးသည်တွေလည်း ရှိလာတယ်”လို့ မန်းမြန်မာပလာဇာရှိဈေးရောင်းသူတစ်ဦးက ပြောပါတယ်။

ယခုလဆန်းပိုင်းကစပြီး အရောင်းအဝယ်ပါးနေပြီး ဝါတွင်းကာလအတွင်း တောက်လျှောက် အရောင်းအဝယ်ပါးနိုင်ကြောင်း သိရပါတယ်။ အထည်ဈေးနှုန်းမှာ လဆန်းပိုင်းက ကျပ် ၁၀၀၀၀ တန် ထွက်ပေါ်မယ့်သတင်း ထွက်ပေါ်ခြင်းကြောင့် အထည်တစ်ကိုက်ကို ကျပ် ၄၈၀ တန် အစမှာ ကျပ် ၅၀၀ ဖြစ်ပြီး၊ နောက်ရက်များမှာ ဈေးပြန်ကျလာခဲ့ပါတယ်။ မန်းမြန်မာပလာဇာမှာ ဆိုင်ခန်းပေါင်း ၇၀၀ ခန်းရှိပြီး၊ အထည်အလိပ်မှာ အရောင်းအဝယ် အကောင်းဆုံးပစ္စည်းဖြစ်ကြောင်း သိရပါတယ်။

***ဇူးဇူး***

## မုံရွာ အိုင်စီတီပြပွဲနဲ့ ဈေးရောင်းပွဲတော်တွေကြောင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများပါ ရရှိစေပြီး ခေတ်မီတိုးတက်လာ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမမှာ 1st CHINDWIN ICT EXHIBITION 2012 ကို ဇွန်လ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ပြီး ဆဌမအကြိမ်မြောက် ကွန်ပျူတာနဲ့ မိုလ်ဘိုင်းဈေးရောင်းပွဲတော်ကို ဇွန် ၁၅ ရက်မှ ၁၇ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေး၊ မုံရွာမြို့ကြီးများရှိ ကုမ္ပဏီများမှ နောက်ဆုံးပေါ် ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းများ၊ Laptop အမျိုးမျိုး၊ Handset အမျိုးမျိုးနဲ့ Software များအပါအဝင် နည်းပညာပစ္စည်းမျိုးစုံကို ပြပွဲများအတွင်း ဈေးသက်သာစွာ အထူးဈေးနှုန်းနဲ့ရောင်းချပေးရာ ဝယ်ယူအားပေးသော ပရိသတ်များအား လက်ဆောင်ပစ္စည်းများပေးခြင်း၊ ကံစမ်းမဲအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါတယ်။

ပစ္စည်းသစ်တွေအနေနဲ့ ယခင်ကဆေးရည်နဲ့လာတဲ့ Printer များအစား Cartridge နဲ့လာတဲ့ Konica တံဆိပ် Printer များကို မိတ်ဆက်ပြသခဲ့သလို၊ ယခင် UPS ထက် ဈေးနှုန်းများစွာ မကြီးမြင့်ဘဲ၊ ကွန်ပျူတာ သုံးလုံးထိန်းပေးနိုင်တဲ့ UPS ဘက်ထရီတွေ၊ တစ်သက်တာအာမခံ မိုးကြိုးလျှပ်စီးကာကွယ်နိုင်တဲ့ ပလပ်ပေါက်တွေ၊ ကွန်ပျူတာအပြင်ဘက်ကနေ တွဲနိုင်တဲ့ External Harddisk တွေ၊ တစ်ပြိုင်နက်တည်း Phone သုံးလုံးကို အားသွင်းနိုင်တဲ့ Charger တွေ၊ Phone Card ထည့်ပြီး သုံးလို့ရမယ့် Tablet တွေကို လေ့လာခွင့်ရတဲ့အတွက် အစဉ်အမြဲတိုးတက်နေတဲ့ နည်းပညာခေတ်မှာ ဒေသခံတွေ ခေတ်နောက်ကျမကျန်ခဲ့တော့တဲ့ အကျိုးကျေးဇူးများရရှိခဲ့ပါတယ်။ ပြပွဲများကို လာရောက်ကြည့်ရှုသူများပေမယ့် ယခင်နှစ်များကလောက် ရောင်းအားမကောင်းခြင်းအပေါ် ပါဝင်ပြသခဲ့တဲ့ လုပ်ငန်းရှင်တစ်ဦးက ယခုလက်ရှိအချိန်မှာ လူအများစုက လက်ကိုင်ဖုန်းတွေ Handset တွေဝယ်ယူရင်းနဲ့ ငွေသုံးစွဲမှုများသွားလို့ ကွန်ပျူတာနည်းပညာပစ္စည်းများဘက်မှာ လျော့နည်းသွားတာဖြစ်နိုင်တယ်လို့ သုံးသပ်ပြောကြားခဲ့ပါတယ်။

နည်းပညာပြပွဲ၊ ဈေးရောင်းပွဲဆိုတာ ကုမ္ပဏီအမျိုးမျိုးရဲ့ ကုန်ပစ္စည်းတံဆိပ်တွေကို သုံးစွဲသူတွေရင်းနှီးအောင် ကြော်ငြာပေးခြင်းဖြင့် ရောင်းအားကောင်း၊ အကျိုးအမြတ်ရှိအောင် ဆောင်ရွက်ကြတာဖြစ်ပေမယ့် အခြားရည်ရွယ်ချက်ကောင်းတွေလည်း ရှိတာတွေ့ရပါတယ်။ ပြပွဲကရရှိလာတဲ့ ရန်ပုံငွေကို ကွန်ပျူတာနည်းပညာပြန့်ပွားရေးအတွက် အသုံးပြုရန်ရည်ရွယ်ပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ ကုမ္ပဏီကြီးများရဲ့ နည်းပညာ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ဒေသခံလူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ကြောင်း သိရှိရပါတယ်။ ***ရီလင်းထွန်း***

## နို့စားနွားမွေးမြူရေးဆိုင်ရာ ဟောပြောပွဲများမှ ဗဟုသုတရ၍ နွားသေဆုံးမှုလျော့ကျလာ

နို့စားနွားမွေးမြူရေးဆိုင်ရာ ဟောပြောပွဲများကြောင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတရ၍ နွားသေဆုံးမှုနှုန်း လျော့ကျလာကြောင်း သိရပါတယ်။

မွေးမြူရေးဆိုင်ရာ ဟောပြောပွဲများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်းကောင်း၊ FAO ကမ္ဘာ့ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ လည်းကောင်း၊ မွေးမြူမှုအများဆုံးရှိတဲ့ ကျေးရွာများသို့သွားကာ ကျန်းမာရေးဆိုင်ရာပညာပေးခြင်း၊ ကာကွယ်ကုသခြင်း၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းများ၊ ရောဂါလက္ခဏာများအကြောင်း အသိပေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကြောင့် ဗဟုသုတများရလာပြီး ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်လို့ သေဆုံးမှုလျော့ကျလာကြောင်း၊ မေထုန်သားစပ်နည်းသင်တန်းများ၊ မြက်ချဉ်ဖတ် ပြုလုပ်နည်းများ ကွင်းဆင်းပြသခြင်းများကြောင့် အစာရှားချိန်မှာ အစာမရှားဘဲ လွယ်ကူစွာရရှိခဲ့ရကြောင်း ဇွန် ၁၀ ရက်မှာ ကျင်းပပြုလုပ်တဲ့ ပုသိမ်ကြီးမြို့နယ်၊ သရက်ကိုင်းကျေးရွာမှ နို့စားနွားမွေးမြူရေးဆိုင်ရာ ဟောပြောပွဲမှာ မွေးမြူရေးလုပ်ကိုင်နေသူ ကျေးရွာသူ၊ ကျေးရွာသားများထံမှသိရပါတယ်။

“နွားရောဝက်ရော မနှစ်ကထက်စာရင် မဆိုးဘူး။ ခုလည်း ဖြစ်ထွန်းနေပါတယ်။ မနှစ်ကဆိုရင် အသားတင်ပြီး ခွာနာလျှာနာဖြစ်တော့ မအောင်မြင်ဘူး။ နွားရော၊ ဝက်ရော အသေအပျောက်များခဲ့တယ်။ ခုလို ဟောပြောပွဲတွေ နားထောင်ရတော့ ကိုယ့်တိရစ္ဆာန်ရဲ့ အခြေအနေ သိရတယ်။ ဒီနှစ်မှာ အသေအပျောက်လည်း နည်းလာတယ်။ ကျွန်မတို့ တစ်ရွာလုံးက စိုက်ပျိုးရေးရော၊ မွေးမြူရေးရော လုပ်ကိုင်ကြတယ်။ အစာပေါလို့ နွားမွေးရတာလည်း အဆင်ပြေတယ်။ ခုဆို သမဝါယမဝန်ကြီးဌာနက မိသားစုတစ်စုကို ကျပ် ၅၀၀၀၀ ချေးပေးတော့ ပုဂ္ဂလိကနဲ့ ဝယ်တဲ့သူတွေလည်း ဈေးပိုပေးလာတယ်”လို့ သရက်ကိုင်း ကျေးရွာသူအချို့က ပြောပါတယ်။

နွားအရှင်တစ်ကောင်ကို နွားနဲ့ နို့ထွက်နှုန်းပေါ်မူတည်ပြီး ကျပ် နှစ်သိန်းမှ ကျပ် ငါးသိန်းအထိ ဈေးပေါက်ပြီး၊ အချို့နွားများ ကျပ် ၂၅ သိန်းထိ ဈေးရှိကြောင်း သိရပါတယ်။

***ဇူးဇူး***



## တစ်ရက် ကြံတန် ၄၀၀၀ နဲ့ ၆၀၀၀ ကြား ကြိတ်ဝါးနိုင်မယ့် ခေတ်မီသကြားစက်ကို AFTA အမီ တည်ဆောက်မယ်

မြန်မာ့သကြား ဖွံ့ဖြိုးတိုးတက်ရေး၊ အများပိုင်ကုမ္ပဏီလီမိတက် (Myanmar Sugar Development Public Co.,Ltd) မှ တစ်ရက်ကို ကြံတန် ၄၀၀၀ နဲ့ ၆၀၀၀ ကြားကြိတ်ဝါးနိုင်မယ့် ခေတ်မီသကြားစက်ကို အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (AFTA) အမီတည်ဆောက်ဖို့ စီစဉ်လျက်ရှိကြောင်း သိရပါတယ်။

အဆင့်မြင့်သကြားစက်ကို ကသာခရိုင်၊ ကသာမြို့နယ် စကားကုန်းကျေးရွာအုပ်စုမှာ မြေဧက ၁၀၀ ကျော်မှာ စက်တည်ဆောက်ဖို့ မြေဝယ်ယူပြီး စီစဉ်လျက်ရှိကြောင်း သိရပါတယ်။ အဆိုပါ သကြားစက်မှာ ကြံတန် ၄၀၀၀ ကျော်ကြိတ်ဝါးနိုင်ခြင်းကြောင့် ပြည်တွင်းမှာ အကြီးဆုံးသကြားစက်ဖြစ်လာမှာဖြစ်ပြီး AFTA ဖြစ်လာပါက ပြည်ပဈေးကွက်နဲ့ယှဉ်ပြိုင်ထုတ်လုပ်နိုင်ဖို့ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါတယ်။

“ကသာမှာ ကြံစိုက်ဧက တစ်သိန်းကျော်ရှိပြီး၊ တစ်ဧကကို တန် ၂၀ ဝန်းကျင်ထွက်ရှိတော့ ကြံတန် သိန်း ၂၀ ကြိတ်ဝါးရမယ်။ ဒါမှ AFTA မှာ ယှဉ်ပြိုင်နိုင်မှာ။ လက်ရှိစက်တွေက တစ်ရက်ကို ကြံတန် ၂၀၀၀-၂၅၀၀ ကြား အများဆုံး ကြိတ်ဝါးနိုင်တော့ Export ဈေးကွက်မှာ မယှဉ်ပြိုင်နိုင်ဘူး။ ထုတ်လုပ်မှု စွမ်းအားမြင့်မှ ယှဉ်ပြိုင်ထုတ်လုပ်နိုင်မှာဖြစ်တယ်။ ခုမြေဝယ်ယူပြီး စက်တည်ဆောက်ခွင့်တင်ထားတယ်။ ပုံစံ ၁၀၅၊ ပုံစံ ၁၀၆ မြေပုံနဲ့ မြေရာဇဝင် ရေးကူးခွင့်ကျလာပြီ။ စက်ကို တရုတ်ဒါမှမဟုတ် ထိုင်းက စက်တည်ဖို့ကြည့်ထားတယ်။ တည်ဆောက်ခွင့်ကျလာပြီဆိုရင် အမြန်ဆုံး ၁၈ လ၊ အလွန်ဆုံး နှစ်နှစ်အချိန်ယူတည်ဆောက်ရမယ်”လို့ မန္တလေးမြို့ သကြားနဲ့ သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်းနာယကတစ်ဦးက ပြောပါတယ်။

မြန်မာ့သကြား ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ကို သကြားရောင်းဝယ်တဲ့ လုပ်ငန်းရှင်များ၊ ပေါင်းသကြားစက်ပိုင်များ၊ ခဲသကြားစက်ပိုင်များ၊ ကြံစိုက်တောင်သူများ၊ သကြားစက်ပိုင်များ၊ ပွဲရုံလုပ်ငန်းရှင်များနဲ့ စုပေါင်းဖွဲ့စည်းထားကြောင်း သိရပါတယ်။

ကသာမြို့နယ်ရှိ ကြံစိုက်ဧက တစ်သိန်းကျော်မှာ မောင်းကုန်းသကြားစက်ကို သွားရောက်ကြိတ်ခွဲရခြင်း၊ အဆိုပါ သကြားစက်မှာ ကြံစိုက်ဇရိယာနဲ့ မိုင် ၆၀ အကွာအဝေးမှာ တည်ရှိခြင်းကြောင့် ကြံစိုက်တောင်သူများမှာ သယ်ယူစရိတ်ကြောင့်စိုက်ပျိုးစရိတ်လျော့ပြီး၊ ကြံတစ်တန်ကို ယခင်နှစ်က ၁၃၀၀၀ ကျပ် - ၁၄၀၀၀ ကျပ် ဝန်းကျင်သာ ရရှိခဲ့ပါတယ်။ ကြံစိုက်ဇရိယာမှာ သကြားစက်ရုံတည်ရှိပါက စရိတ်ကုန်ကျမှုလျော့ပြီး၊ ကြံစိုက်နှုန်းမြင့်တက်လာမှာ ဖြစ်ကြောင်း သိရပါတယ်။ စက်ရုံတည်မယ့် နေရာတစ်ဝိုက်မှာ ကသာမြို့နယ်၊ မြင်းခံကွင်း၊ အင်းရွာကွင်း၊ ငအိုးတစ်ဝိုက်မှာ ကြံစိုက်ပျိုးမှုရှိကြောင်း သိရပါတယ်။ ***ဇူးဇူး***

## စဉ့်ကိုင်မြို့နယ်ရဲ့ နှမ်း

စဉ့်ကိုင်မြို့နယ်မှာ ယခုနှစ်နွေနှမ်းဧက ၁၅၀၀၀ စိုက်ပျိုးခဲ့ပါတယ်။ နွေနှမ်းစိုက်ပျိုးစဉ် မိုးရွာသွန်းမှုရှိခဲ့ပြီး၊ အပင်ပေါက်ချိန်နဲ့ သားခွဲချိန်မှာ ဧပြီလရွာသွန်းတဲ့မိုးကြောင့် အပင်အရွယ်အစား တစ်ပေ၊ တစ်ပေခွဲအထိရှိပြီး အပွင့်ဝင် စိမ်းစိုသန်စွမ်းလျက်ရှိပါတယ်။ မေလဆန်း ရေလိုအပ်ချိန် မိုးရွာသွန်းမှုရှိခဲ့လို့ နှမ်းပင်များ အောင်မြင်သော အနေအထားသို့ ရောက်ရှိလာခဲ့ပါတယ်။

သပြေရိုးရွာမှ နွေနှမ်း ငါးဧကစိုက်ပျိုးသော တောင်သူကြီး ဦးအောင်မောင်းက ယခုနှစ်နွေနှမ်း စိုက်ပျိုးချိန်မှ ယခုရိတ်သိမ်းတဲ့အချိန်ထိ မိုး၊ ရေ၊ လေ မှန်ကန်လို့ အကောင်းဆုံးဖြစ်နေပြီး ပန်းဖြိုင်ဖြိုင်ဝင်ချိန်မှာ မှန်တိုင်းမိုးအန္တရာယ်မှ လွတ်ကင်းခဲ့လို့ အထွက်နှုန်းကောင်းခဲ့ကြောင်း၊ ရိတ်သိမ်းပြီးစီးမှု သုံးဧကမှ နွေနှမ်း (နီညို) အထွက်နှုန်း တစ်ဧက ၁၂ တင်းကျော် ထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ်က ရာသီဥတုမကောင်းတာကြောင့် အထွက်နှုန်း ခြောက်တင်းထွက်ရှိပြီး၊ ယခုနှစ်မှာ ခြောက်တင်းကျော်ထွက်ကြောင်း အဆိုပါတောင်သူက ပြောပါတယ်။

***သီတာဦး***

# စီးပွားရေး အခွင့်အလမ်းသစ်များ ဖွင့်လှစ်ရန် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ တိုက်ရိုက်တွေ့ဆုံ



ထိုင်းနိုင်ငံမှ လူသုံးကုန်၊ စားသောက်ကုန်၊ စက်ပစ္စည်းများနဲ့ အထွေထွေသုံးပစ္စည်းများ ထုတ်လုပ်တဲ့ စက်ရုံပေါင်း ၅၀ မှ ထိုင်းစီးပွားရေး လုပ်ငန်းရှင်များဟာ စီးပွားရေး အခွင့်အလမ်းသစ်များဖွင့်လှစ်ရန် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြပြီး မြန်မာ့စီးပွားရေး လုပ်ငန်းများနဲ့ တိုက်ရိုက်တွေ့ဆုံပွဲကို ဇွန် ၂၁ ရက်က ရန်ကုန်တိုင်း ဒေသကြီး မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနဲ့ စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပထမထပ်ရှိ ခန်းမမှာ ကျင်းပခဲ့ပါတယ်။ ထိုင်း စက်မှုအသင်းချုပ်မှ ကြီးမှူးပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်း သံရုံး စီးပွားရေး ဌာနနဲ့ RUMFCCI တို့ ပူးပေါင်းကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။

တွေ့ဆုံပွဲကို ထိုင်းစီးပွားရေးရှင် ၈၀ ကျော်နဲ့ မြန်မာစီးပွားရေးရှင် ၁၀၀ ခန့် တက်ရောက်ခဲ့ကြပြီး မိမိလုပ်ငန်း ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါတယ်။ ထိုင်းစီးပွားရေး လုပ်ငန်းရှင်အဖွဲ့မှာ လိုက်ပါလာကြတဲ့ လုပ်ငန်း အမျိုးအစားတွေကတော့ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ Spa & အလှပြင်ဆိုင်သုံး ကုန်ပစ္စည်းများ၊ အဝတ်အထည်၊ ထုပ်ပိုးပစ္စည်းများ၊ ဖိုင်ကာဗာများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းနှင့် လုပ်ငန်းသုံး ပစ္စည်းများ၊ ကားပစ္စည်း၊ လျှပ်စစ်လူသုံး ပစ္စည်း (ထမင်းပေါင်းအိုး၊ အပ်ချုပ်စက်၊ အဝတ်လျှော်စက်၊ရေခဲသေတ္တာ၊ ပန်ကာ)၊ Car & Home Audio ပစ္စည်းများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးသုံးပစ္စည်းများ၊ ကားပစ္စည်း၊ ဆန်ပြည်ပတင်ပို့သူများ၊ Logistics နှင့် Distributor လုပ်ငန်း၊ ပိုးသတ်ဆေး၊ ငွေထည်နဲ့ ကျောက်မျက်လက်ဝတ်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့ ဖြစ်ကြပါတယ်။

မြန်မာနိုင်ငံမှာ မကြာမီအတည်ပြုပြဌာန်းတော့မဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုများ၊ သီလဝါစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းစတဲ့ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု အတွက် အခွင့်အလမ်းနဲ့ အလားအလာကောင်းများ ပေါ်ထွက်လာမှာကြောင့် ယခုကဲ့သို့ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များဟာ လာရောက်ခဲ့ကြတာလို့ သိရပါတယ်။

ဖွင့်ပွဲအခမ်းအနားမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနဲ့ စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဒုတိယဥက္ကဌဦးအောင်လွင်၊ ထိုင်းနိုင်ငံ စက်မှုလုပ်ငန်းရှင်အဖွဲ့ချုပ် ဒုတိယအထွေထွေအတွင်း ရေးမှူးချုပ် Mr. Jirabooli Vittayasing၊ ထိုင်း သံရုံးဝန်ကြီး၊ကိုယ်စားလှယ်အဖွဲ့ ဒုတိယ ခေါင်းဆောင် Mrs. Kallayana Vipattipumiprates တို့မှ အမှာစကားများအသီးသီးမြွက်ကြားခဲ့ကြပြီး RUMFCCI မှ သုတေသန အရာရှိ ဒေါ်နန်းစောနန္ဒာလှိုင်က မြန်မာနိုင်ငံမှာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းနဲ့ အလားအလာများကို ရှင်းလင်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။ MIRT (DOBT)



## မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်သိန်း ၂၃၀၀ ကျော် ထုတ်ချေးပြီး

မန္တလေးတိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တိုင်းဒေသကြီး ဆပ်ကော်မတီဥက္ကဌ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ ဆပ်ကော်မတီ အတွင်းရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး တိုင်းဒေသကြီး မန်နေဂျာ ဦးမျိုးသူနဲ့ တိုင်းဒေသကြီး အင်ဂျင်နီယာ ဦးဇေယျာဆွေတို့အဖွဲ့ဟာ ၂၀၁၂ ခုနှစ် ဇွန် ၁၆ ရက်နဲ့ ၁၉ ရက်များမှာ နွားထိုးကြီးမြို့နယ်၊ ဇေဒိတ်နဲ့ ထန်းတောကျေးရွာ၊ တောင်သာမြို့နယ် ဇရပ်ကြီးနဲ့ ဇေယျာသီရိကျေးရွာများကိုသွားရောက်ကာ လက်ရက်ကန်းလုပ်ငန်းရှင် ၄၇၇ ဦးအား တစ်ဦးကို ၅၀၀၀၀ ကျပ်နဲ့ လုပ်ငန်းပံ့ပိုးချေးငွေ ၂၃၈ ဒသမ ၅ သိန်းထုတ်ချေးပေးပြီးနောက် ကျေးရွာရှိ လုပ်ငန်းခွင်များကို သွားရောက်ကာ ကြည့်ရှုအားပေးခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာမှ ၂၀၁၂ ခုနှစ် ဇွန်အထိ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီမှ မြို့နယ် ၁၆ မြို့နယ်၊ ကျေးရွာ ၃၈ ရွာ၊ လုပ်ငန်းရှင် ၄၁၈၀ ဦး၊ လုပ်ငန်းအမျိုးအစား ငါးမျိုးတို့အား လုပ်ငန်း ပံ့ပိုးငွေကျပ်သိန်း ၂၃၄၃ ဒသမ ၅ သိန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရပါတယ်။

**ဇေယျာ**

## မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့ဆုံရန် ဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်မည်

HongKong Trade Development Council (HKTDC) မှ စီးပွားရေးလုပ်ငန်းရှင် ၇၀ ခန့်လိုက်ပါလာမဲ့ ဟောင်ကောင်စီးပွားရေး လုပ်ငန်းရှင်များအဖွဲ့ဟာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့ဆုံပွဲတစ်ရပ် ကျင်းပမယ်လို့ သတင်းရရှိပါတယ်။ တွေ့ဆုံပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၁၄း၀၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel Ball Room မှာ ကျင်းပမှာဖြစ်ပါတယ်။

ဟောင်ကောင် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့မှာ အထည်ချုပ်လုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်း၊ သတင်းအချက်အလက်နဲ့ နည်းပညာဆိုင်ရာများ၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများမှ စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလာကြမယ်လို့သိရပါတယ်။

တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်လိုသူများအနေနဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဖုံးအမှတ် ၂၁၄၃၄၄ မှ ၂၁၄၃၄၉ ထိသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း အသိပေးလိုက်ရပါတယ်။ K.K

## ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီနှင့် မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ ဆွေးနွေး

ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီမှ ဦးဆောင်တဲ့စီးပွားရေးလုပ်ငန်းရှင်များနဲ့ မန္တလေးတိုင်း ဒေသကြီး ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အသင်းမှ ဦးဆောင်တဲ့ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံတဲ့ အခမ်းအနားကို ဇွန် ၁၈ ရက်က Mandalay Hill Resort Hotel မှာ ကျင်းပ ပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီမှစီးပွားရေးလုပ်ငန်းရှင် ၁၀၀ ဦး၊ မန္တလေး တိုင်းဒေသကြီး စည်ပင်သာယာရေးရာဝန်ကြီး မြို့တော်ဝန် ဦးအောင်မောင်း၊ MRCCI ဥက္ကဌ ဦးအောင်ဝင်းခိုင်နဲ့ စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ဝန်းကျင်တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီမှ ဒုတိယဥက္ကဌ ငုယင်တီဟောင်က အဖွင့်အမှာစကား ပြောကြားပြီး၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးရာဝန်ကြီး၊ မြို့တော်ဝန် ဦးအောင်မောင်းက မန္တလေးမြို့ဟာ ယခင်က မင်းစိုက်ရာမြို့ဖြစ်ပြီး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတဲ့ အချက်အချာကျတဲ့ မြို့ဖြစ်ကြောင်း၊ မန္တလေးမြို့မှာ နည်းပညာနဲ့ ရင်းနှီးမြှုပ်နှံမှုများ ကုန်သွယ်မှုများပြုလုပ်ပါက ကြိုဆိုပါကြောင်း ပြောကြား ခဲ့ပါတယ်။ ဆက်လက်ပြီး MRCCI ဥက္ကဌ ဦးအောင်ဝင်းခိုင်က အနာဂါတ်ကာလမှာ အာဆီယံ နိုင်ငံ အချင်းချင်း တိုးတက်စွာ ပူးပေါင်းမည် ဖြစ်ရာ ဗီယက်နမ်နိုင်ငံဟာ မြန်မာနိုင်ငံနည်းတူ ဘာသာတရားကိုင်းရှိုင်းပြီး၊ စိုက်ပျိုးရေး၊ အခြေခံတဲ့နိုင်ငံဖြစ်ရာ ရေရှည်မှာ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ မြန်မာနိုင်ငံမှာ ယဉ်ကျေးမှုရှိတဲ့ လည်ပတ်စရာ နေရာများစွာရှိပြီး၊ ခရီးသွားများ စိတ်ဝင်စားမှု ရှိကြောင်း ပြောကြားခဲ့ပါတယ်။ ထို့နောက် ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုရဲ့ ကုန်သွယ်မှုတိုးမြှင့်ရေးစင်တာ (ITPC) မှ ဒါရိုက်တာ Mdm. Pho Nam Phuong က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှ စီးပွားရေးဆိုင်ရာ သွင်းကုန်၊ ထုတ်ကုန်များနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့နောက် ဗီယက်နမ် နိုင်ငံနဲ့ မြန်မာနှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင် အချင်းချင်းတွေ့ဆုံဆွေးနွေးကြရာ ဆန်စပါး သွင်းကုန်ထွက်ကုန်များ၊ မြန်မာရိုးရာ အစားအစာများ၊ မော်တော်ဆိုင်ကယ်များ၊ အဝတ်အထည်များ၊ အလှကုန်များ၊ လယ်ယာသုံးပစ္စည်းများ၊ စားသောက်ကုန်များ၊ အချိုရည်နဲ့ ခေါက်ဆွဲခြောက်ထုပ်များနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ ကြောင်း သိရပါတယ်။

**ဂျူးဂျူး**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၂-၂၀၁၃ မိုးစပါးရာသီအတွက် ကဥ္စနကျွန်းသာ အထူးပြုကုမ္ပဏီမှ တောင်သူများသို့ သွင်းအားစု စိုက်စရိတ်များ စတင်ပံ့ပိုး

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၂-၁၃ မိုးစပါးရာသီမှာ ဓနုဖြူမြို့နယ်ရှိ ကဥ္စနကျွန်းသာ ဆန်စပါး အထူးပြုကုမ္ပဏီမှစတင်၍ ဓနုဖြူ မြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူ ၁၀၅၅ ဦး၊ ကျေးရွာအုပ်စု ၉ ခု၊ စိုက်ဧက ၄၂၃၂ ဧကအတွက် မျိုးစပါးတင်း ၅၆၆၆ နဲ့ ဓာတ်မြေဩဇာ ၆၇၀၆ အိတ်အတွက် ပံ့ပိုးငွေကျပ်သိန်း ၁၆၇၄ ဒသမ ၉၇ သိန်း စိုက်ပျိုးစရိတ်အတွက် ၁၈၆၄ ဒသမ ၅၃ ကျပ်သိန်း စုစုပေါင်း ပံ့ပိုးငွေ ကျပ်သိန်း ၃၅၃၉ ဒသမ ၅၀ သိန်းပံ့ပိုးပြီးစီးကြောင်း သိရပါတယ်။

**မင်းမင်းဦး**

## မြိတ်မှ အသွင်းများတဲ့ စတော်ဘယ်ရီ ကရင်မ်ညှပ်ဘီစကစ်

စားသောက်ကုန် ငါးမျိုးအား FDA ထောက်ခံချက်နဲ့ တင်သွင်းခွင့်ပြုပြီးနောက် တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ အချိုမှုန့် အဓိကထားတင်သွင်းလျက်ရှိသော်လည်း ထိုင်းနယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေး စခန်းကတော့ ဘီစကစ်နဲ့ ခေါက်ဆွဲ သံဘူးများ သွင်းအားကောင်းနေပါတယ်။ ယခုဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၂၅၄၉ တန်ဖိုးရှိ စတော်ဘယ်ရီညှပ်ဘီစကစ် ၂၁၄၂ ကီလိုဂရမ်နဲ့ ကန်ဒေါ်လာ ၂၇၃၀ တန်ဖိုးရှိ ခေါက်ဆွဲ သံဘူး ၃၉၀၀ လီတာ အသွင်းရှိခဲ့ပါတယ်။

၃၀-၅-၂၀၁၂ မှ ၅-၆-၂၀၁၂ အထိကာလအတွင်းမှာ စတော်ဘယ်ရီကရင်မ်ညှပ်ဘီစကစ် ၁၂၆၀ ကီလိုဂရမ်နဲ့ ခေါက်ဆွဲဘူး ၃၉၀၀ တင်သွင်းခဲ့ရာ ယခုအပတ်မှာ ခေါက်ဆွဲဘူးတင်သွင်းမှုမပြောင်းလဲသော်လည်း ဘီစကစ် ကီလိုဂရမ် ၈၈၀ ကျော်အသွင်းပိုခဲ့ပါတယ်။

MIRT(DOBT)

## နယ်စပ်မျက်နှာစာစုံမှ ပရဆေး ကုန်သွယ်မှုရှိ

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂ ဒသမ ၃၇၂ သန်းတန်ဖိုးရှိ ပရဆေး ၁၃၆၆ တန် ကျော်၊ ချင်းရွှေဟော်မှ တန် ၄၀ နဲ့ မြဝတီမှ ၁၁ ဒသမ ၄၀၀ တန် အပို့ရှိခဲ့ပြီး တမူးမှ ၇ တန်ခန့် အသွင်းရှိခဲ့ပါတယ်။ နယ်စပ်အလိုက်တင်ပို့မှုတွေကတော့ **မြဝတီ**မှ ကံ့ကော်ပွင့်ခြောက် ၄ တန်၊ စမုံနက် ၂ တန်ကျော်နဲ့ ဆေးရွက်ကြီး ၅ တန်၊ **ချင်းရွှေဟော်**မှ ဒရင်ကောက်မြစ် တန် ၂၀ နဲ့ အုံတုံခေါက် တန် ၂၀၊ **မူဆယ်**မှ ဆီးဆံ၊ တောင်လုံးကျော်၊ အုံတုံခေါက်၊ ကြောင်ပန်းစေ့၊ ဒရင်ကောက်မြစ်၊ နန္ဒင်းခေါင်း၊ ကွမ်းသီးခွံ၊ ချင်းခြောက်၊ ဝဥခြောက်၊ စကားပန်းပွင့်ခြောက်၊ မန်ကျည်းမှည့် (အစေ့ပါ)၊ နန္ဒင်းတက်၊ နှမ်းနက်၊ ကြက်ဆူစေ့၊ ကွမ်းစားဂမုန်း၊ ချဉ်ပေါင်ဖာလာ(အခွံပါ)၊ နေလဲစေ့၊ မိကျောင်း ကွမ်းဖတ်စေ့၊ စမုံနက်၊ တောချင်းနဲ့ ဖန်ခါးသီးခြောက်တို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။ **တမူး**နယ်စပ်မှ တောင်လုံးကျော် ၅ တန်ကျော်၊ ဟင်းရိုင်းဖြူ သုည ဒသမ ၁၈ တန်နဲ့ ဇာတိပ္ဖိုလ်သီး ၁ တန် တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

ယခုအပတ်မှာ မူဆယ်မှ ပရဆေးတင်ပို့မှုမှာ တန် ၁၃၆၆ တန်ကျော်၊ ယခင်အပတ်ကထက် တန် ၆၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆီးဆံ၊ အုံတုံခေါက်၊ နန္ဒင်းခေါင်း၊ ကွမ်း



သီးခွံနဲ့ နှမ်းနက်တို့ ယခင်အပတ်ထက် အပို့ပိုတဲ့အပြင် ယခင်အပတ်က အပို့မရှိတဲ့ ကြက်ဆူစေ့၊ ကွမ်းစားဂမုန်း၊ ချဉ်ပေါင်ဖာလာ (အခွံပါ)၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ စမုံနက်၊ တောချင်းနဲ့ ဖန်ခါးသီးခြောက်များကို ယခုအပတ်မှာ အပို့ရှိခဲ့တာတွေ့ရပါတယ်။

MIRT(DOBT)

## သရက်သီးမှည့်ရော သရက်ပြားခြောက်ပါ တရုတ်နယ်စပ်မှ အပို့ရှိ

မြန်မာတရုတ်နယ်စပ်ရှိ မူဆယ်နယ်စပ်မှကန်ဒေါ်လာ သုည ဒသမ ၈၇၃ သန်းတန်ဖိုးရှိ သရက်သီးမှည့် ၃၁၃၈ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ကန်ဒေါ်လာသုညဒသမ ၀၂၅ သန်းတန်ဖိုးရှိ သရက်သီးတန် ၈၀ ကို ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ မူဆယ်နယ်စပ်မှ ကန်ဒေါ်လာသုညဒသမ ၀၉၁ သန်း တန်ဖိုးရှိ သရက်ပြားခြောက် ၉၃ တန်လည်းတင်ပို့မှုရှိခဲ့ပါတယ်။ တစ်နေ့ပျမ်းမျှ ၁၅ ကီလိုဂရမ်ပါ သရက်သီးဂျပ်ဖာ ၁၀၀၀၀ ဝန်းကျင်အဝင်ရှိပြီး အိတ်စွပ်သရက်များဈေးကောင်းလျက်ရှိပါတယ်။ အိတ်စွပ်စိန်တစ်လုံးဂျပ်ဖာ တစ်လုံးကို ယွမ် ၁၈၀ ကျော်၊ အိတ်စွပ်ရွှေဟသာ်ဂျပ်ဖာ တစ်လုံးကို ယွမ် ၁၂၀ မှ ၁၃၀၊ ရင်ခွဲသရက်များပင်အိတ်စွပ် ထားပါက ဂျပ်ဖာ တစ်လုံးကို ယွမ် ၅၀ ထိဈေးပေးနေတယ်လို့ သိရပါတယ်။ မူဆယ်နယ်စပ်မှ ကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်းတန်ဖိုးရှိ နာနတ်သီး ၁၁၉ တန်လည်း ဇွန်၁၃ ရက်မှ ၁၉ ရက်အတွင်းအပို့ရှိခဲ့ပါတယ်။

MIRT(DOBT)

## ထိုင်းနယ်စပ်မှ ရေထွက်ကုန် အပို့ပို



မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ၊ ကော့သောင်းနဲ့ မြိတ် နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁ ဒသမ ၂၅၁ သန်းတန်ဖိုးရှိတဲ့ ရေထွက်ကုန် ၁၀၂၂ တန်ကို ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိ ကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ ယခင်အပတ်ကထက် ၅၆ တန် အပို့ပိုခဲ့ပါတယ်။ နယ်စပ်အလိုက်တင်ပို့နိုင်မှုတွေကတော့ **မြဝတီ**မှ ငါးမျိုးစုံ ၅ တန်ကျော်၊ပုစွန် ၃တန်ခန့်နဲ့ကဏန်း၄တန်ဝန်းကျင်၊ **ကော့သောင်း**မှ ငါးမျိုးစုံ ၂၃ တန် ခန့်နဲ့ ပင်လယ်ဂဲ သုညဒသမ ၃ တန်နဲ့ **မြိတ်**မှ ငါးမျိုးစုံ ၄၀၄ တန်ခန့်၊ ရေခဲပုစွန် ၆ တန်၊ အေးခဲကင်းမွန်၊ ကင်းမွန်အသားလွှာ၊ ကင်းမွန် ကောင်လုံးသန့်၊ ကင်းမွန်ခေါင်း ၃၆ဒသမ ၃၆ တန်၊ ငါးမှုန့်တန် ၃၈၀၊ အေးခဲပုစွန် ၇၄ တန်ကျော်၊ အေးခဲ ကဏန်းပျော့ ၈ တန်ကျော်၊ ကဏန်းအသေး (အသေ) ၅ တန်ခန့်နဲ့ ငါးအသားလွှာ ၇၃ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

MIRT(DOBT)

## ကူမင်းမှ ပန်းများ မန္တလေး၊ ရန်ကုန်အထိဝင်ရောက်

ယူနန်ပြည်နယ် ကူမင်းမှလာတဲ့ ပန်းဂျပ်သေတ္တာများအဝင်ရှိနေပြီး မူဆယ်မှတစ်ဆင့် မန္တလေး၊ ရန်ကုန်ဈေးကွက်များအထိ ရောက်ရှိနေတယ်လို့ သတင်းရရှိပါတယ်။ ကာနေးရှင်းပန်းရောင်စုံ အဝင်ရှိနေတာဖြစ်ပြီး ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၁၅၆၇ တန်ဖိုးရှိ ပန်းဂျပ်သေတ္တာ ၁၀ တန်ခွဲခန့် အဝင်ရှိနေခဲ့ပါတယ်။ ဧပြီလမှ ဇွန် ၁၉ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၃၀၀၀၀ ကျော် တန်ဖိုးရှိ ကာနေးရှင်း ပန်း ၂၀၄ တန် အဝင်ရှိခဲ့ပါတယ်။ ဧပြီလမှာတော့ တင်သွင်းမှု အများဆုံးဖြစ်ပြီး တန် ၁၂၀ ကျော် အသွင်းရှိခဲ့တယ်လို့ သိရပါတယ်။

MIRT(DOBT)

## မူဆယ်မှဆန်၊ ဆန်ကွဲ၊ ကောက်ညှင်းဆန် အပို့ရှိ

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃ ဒသမ ၂၂၈၄ သန်းတန်ဖိုးရှိ ဆန် ၇၆၉၇ တန် ကျော်၊ ကန်ဒေါ်လာ သုညဒသမ ၀၁၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၃၈ တန်ခန့်နဲ့ ကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်းတန်ဖိုးရှိ ကောက်ညှင်းဆန် ၁၂ တန်ကို ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ ယခင်အပတ်ကထက် ဆန်ကွဲအပို့ပိုခဲ့ပြီး ယခင်အပတ်ကအပို့မရှိတဲ့ ကောက်ညှင်းဆန်ကို ယခုအပတ်မှာ တင်ပို့လာတာတွေ့ရပါတယ်။ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ကန်ဒေါ်လာ သုည ဒသမ ၁၂၁ သန်းတန်ဖိုးရှိ ကောက်ညှင်းစပါး ၄၆၇ တန်ကျော်အပို့ရှိခဲ့ပါတယ်။

MIRT(DOBT)

## တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်း တန် ၃၇၀ ကျော် တရုတ်နယ်စပ်မှ အပို့ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၆၅၅ သန်း တန်ဖိုးရှိ အမဲသား ၁၄၈ တန်ခန့်၊ ကျွဲနွားသားရေ ၉၁ တန်နဲ့ နွားဘေးထွက် ၅၃ တန်ကျော်နဲ့ ချင်းရွှေဟော် နယ်စပ်မှ ကန်ဒေါ်လာ သုည ဒသမ ၂၉၃ သန်းတန်ဖိုးရှိ အေးခဲအမဲသား တန် ၆၀၊ တိရစ္ဆာန်ဘေးထွက် ၂ တန်နဲ့ အမဲပြုတ်သား ၁၇ တန်ခန့်ကို ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိကာလ အတွင်းမှာ အပို့ရှိခဲ့ပါတယ်။

MIRT(DOBT)

## ရိဒ်နယ်စပ်မှ ဝက်အရှင် အပို့ပို



မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်နယ်စပ်မှ ကန်ဒေါ်လာသုညဒသမ ၀၂၉ သန်းတန်ဖိုးရှိ ဝက်အရှင် ၁၈၂၄၄ ကီလိုဂရမ်ကို ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိ ကာလအတွင်းမှာ အပို့ရှိခဲ့ရာ ယခင်အပတ်ကထက် ၅၀၇၉ ကီလိုဂရမ် အပို့ပိုခဲ့ပါတယ်။

MIRT(DOBT)

## ငါးရှဉ့် တန် ၁၉၀ ကျော် တရုတ်နယ်စပ်မှ ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ ကန်ဒေါ်လာ သုည ဒသမ ၈ သန်းကျော် တန်ဖိုးရှိ ငါးရှဉ့် ၁၉၁ တန်ကျော် အပို့ရှိခဲ့ပါတယ်။ မူဆယ်မှ တန် ၁၄၁ နဲ့ ချင်းရွှေဟော်မှ ၅၁ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ မူဆယ်နယ်စပ်မှ ကန်ဒေါ်လာ သုည ဒသမ ၄၀၇ သန်းတန်ဖိုးရှိ ရေချိုငါးမျိုးစုံ ၁၉၇ တန်နဲ့ကန်ဒေါ်လာ သုည ဒသမ ၂၆၅ သန်းတန်ဖိုးရှိ ကဏန်း ၉၄ တန်ကျော် အပို့ရှိခဲ့ပါတယ်။ ယခင်အပတ်ကထက် ငါးရှဉ့်နဲ့ ငါးမျိုးစုံအပို့ပိုခဲ့ပြီး ကဏန်းအပို့လျော့ခဲ့တယ်လို့ သိရပါတယ်။

MIRT(DOBT)

# အာဆီယံ-ဂျပန်နှင့် အာဆီယံ-ကိုရီးယား ကုန်စည်ပြပွဲများ

MMS

**အာဆီယံ-ဂျပန်စင်တာမှ ကြီးမှူးကျင်းပသည့် ကုန်စည်ပြပွဲများ**





အာဆီယံ-ဂျပန်စင်တာကို ၁၉၈၁ ခုနှစ်၌ စတင်တည်ထောင်ခဲ့ပြီး၊ မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်တွင် အဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။ အာဆီယံ-ဂျပန်စင်တာသည် နှစ်စဉ် Fashion Accessories၊ Foodex၊ Gift Show၊ Interior Lifestyle စသည့် ကုန်စည်ပြပွဲများကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ (ASEAN-Japan Centre-AJC) ခန်းမနှင့် အခြားပြပွဲခန်းမကြီးများတွင် ပြသလေ့ရှိပါသည်။ ဖော်ပြပါ ကုန်စည်ပြပွဲ များသို့ သွားရောက်ရန်အတွက် AJC မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သူများ မြန်မာနိုင်ငံသို့ လာရောက်ရွေးချယ်ပါသည်။ ရွေးချယ်ခြင်းခံရသည့် ကုမ္ပဏီများမှ တစ်ဦးစီကို လေယာဉ်လက်မှတ်၊ တည်းခိုနေထိုင်စရိတ်များကို AJC မှ ထောက်ပံ့ပေးပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဂျပန်နိုင်ငံ၏ စားသုံးသူအကြိုက် အရောင်၊ အရည်အသွေး၊ သုံးစွဲပုံနှင့် ဂျပန်ဈေးကွက်ကို ကြိုတင်သိရှိပြီး လိုက်လျောညီထွေဖြစ်စေမည့် ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန် ရည်ရွယ်လျက် စီးပွားရေးလုပ်ငန်းရှင်များကို စုစည်း၍ Capacity Building Programme စွမ်းအားစုတည်ဆောက်ရေးအစီအစဉ်ကို ၂၀၁၁ ခုနှစ်မှစတင်၍ ပထမဆုံးအကြိမ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစီအစဉ်ကို အာဆီယံနိုင်ငံများနှင့်ဂျပန်နိုင်ငံတို့တွင် ကျင်းပပြုလုပ်ပြီး ဈေးကွက်အတွင်း အမှတ်တံဆိပ်တည်ဆောက်မှု၊ ဂျပန်နှင့် နိုင်ငံတကာ ကုန်သွယ်မှုပြုရာတွင် လိုအပ်သည့် လက်မှတ်များ၊ ဒီဇိုင်းကဏ္ဍ၏အရေးပါပုံများကို အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်ပြီး လုပ်ငန်းရှင်များသိရှိအောင် ပညာပေးလေ့ရှိပါသည်။

**အာဆီယံ-ကိုရီးယားစင်တာမှ ကြီးမှူးကျင်းပသည့် ကုန်စည်ပြပွဲများ**

အာဆီယံ-ကိုရီးယားစင်တာကို ၂၀၀၉ ခုနှစ်တွင် ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် စတင်ထူထောင်ခဲ့ပါသည်။ အာဆီယံ-ကိုရီးယားစင်တာသည် နှစ်စဉ် Jewelry Show၊Seoul Gift Show၊ Foodex၊ Furniture Show စသည့် ကုန်စည်ပြပွဲများကို နှစ်စဉ်အလှည့်ကျ ကျင်းပလေ့ရှိပါသည်။ ဖော်ပြပါကုန်စည်ပြပွဲများသို့ သွားရောက်ရန် ရွေးချယ်ခြင်းခံရသည့် ကုမ္ပဏီများမှ တစ်ဦးစီကို လေယာဉ်လက်မှတ်၊ တည်းခိုနေထိုင်စရိတ်များကို AJC ကဲ့သို့ပင် ထောက်ပံ့ပေးပါသည်။ အဆိုပါ ကုန်စည်ပြပွဲများသည် Business to Business (B2B) ပုံစံဖြစ်ပြီး စီးပွားရေးလုပ်ငန်းအချင်းချင်း အဆက်အသွယ်ကောင်းများရရှိ၍ အရောင်းအဝယ် စာချုပ်များချုပ်ဆိုကြသဖြင့် မြန်မာ့ထွက်ကုန်ပစ္စည်းများ ဈေးကွက်ရရှိပြီး ပိုမိုတင်ပို့နိုင်စွမ်းရှိကြပါသည်။ ယခုနှစ်တွင် B 2 B အစား B2C(Business to Consumer) ပုံစံကို စတင်ကျင့်သုံးရန် လုပ်ငန်းစဉ်တစ်ခုကို AKC မှ စတင်ရေးဆွဲခဲ့ပါသည်။ အဆိုပါအစီအစဉ်အရ အာဆီယံ ၁၀ နိုင်ငံအနက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်း လေးနိုင်ငံကို ပထမဦးစားပေးရွေးချယ်၍ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၊ မြောင်ဒုံမြို့နယ်ရှိနာမည်ကြီးအမှတ်တံဆိပ်များကိုသာ ရောင်းချလေ့ရှိသည့် Shinsegae စူပါမားကတ်တွင် တစ်ခန်းလျှင် ၃၀ စတုရန်းမီတာအကျယ်အဝန်းရှိ ပြခန်းတွင် အာဆီယံတစ်နိုင်ငံလျှင် ကုမ္ပဏီ နှစ်ခုစီ ပါဝင်ပြသရမည်ဖြစ်ပါသည်။ ထို့အပြင် ကုန်ပစ္စည်းပြုလုပ်ပုံ အဆင့်ဆင့်ကို ပွဲသို့လာရောက်သူများအား လက်တွေ့သရုပ်ပြသရမည်ဖြစ်ပါသည်။ ထို့အပြင်ယခုနှစ်တွင် AKC ၏ လုပ်ငန်းစဉ်အသစ်ဖြစ်သည့် ကုန်ပစ္စည်းဈေးကွက်ဝင်ရောက်ရန်၊ ထုတ်ကုန်များ အရည်အသွေး တိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် ပုဂံမြို့၌ ယွန်းထည်များအပေါ် ဆေးခြယ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်ပါသည်။ ထိုသို့ ကျင်းပပေးခြင်းဖြင့် ပြည်တွင်းလုပ်ငန်းရှင်များ နည်းပညာများရရှိကာ နိုင်ငံခြားဈေးကွက်ဝယ်လိုအားရှိသည့် ပစ္စည်းများကို အဆင့်အတန်းမီမီ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် လက်မှုထည်ပစ္စည်းများ အရည်အသွေးမြင့်မားပြီး ဈေးကွက်ဝယ်လိုအားရှိသည့် နိုင်ငံများသို့ ထုတ်လုပ်တင်ပို့နိုင်စွမ်းရှိခြင်းကြောင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်များရရှိ၍ လူနေမှုဘဝ မြင့်မားလာပြီး တစ်ချိန်တည်းတွင် ဆင်းရဲမွဲတေမှုပပျောက်ရေးကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီရာလည်း ရောက်ပါသည်။

အချုပ်ဆိုရလျှင် AJC၊ AKC တို့သည် ဂျပန်၊ ကိုရီးယားဈေးကွက်ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာ လုပ်ငန်းရှင်များကို ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားဖြစ်ပါသည်။

**အသိပေးကြေညာခြင်းနှင့် လုပ်ငန်းရှင်များမှ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ**

အဆိုပါ AJC ၊ AKC ကုန်စည်ပြပွဲများအကြောင်းကို စီးပွား/ကူးသန်းဝန်ကြီးဌာနထုတ် Commerce Journal၊ Trade News နှင့် MRTV-4၊ နေ့စဉ်ထုတ်သတင်းစာတို့တွင် ထည့်သွင်းကြော်ငြာလေ့ရှိပါသည်။ စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များသည်အောက်ပါလုပ်ငန်းစဉ်များကိုအဆင့်ဆင့် လုပ်ဆောင်ရမည်ဖြစ်ပါသည်-

(၁) ပါဝင်ပြသလိုသည့် ကုမ္ပဏီလုပ်ငန်းရှင်များသည် နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့် တင်ရေးဌာန၊ ဖုန်း-၀၆၇-၄၀၈၄၁၁နှင့် ဖက်စ် ၀၆၇-၄၀၈၃၁၁ နှင့် UMFCCI (ပြပွဲ) ဌာနသို့ မေးမြန်း ဆက်သွယ်စုံစမ်းပြီး ဦးစွာ အမည်စာရင်းအဆိုပြုတင်သွင်းရမည်ဖြစ်ပါသည်။

(၂) အဆိုပါ အဆိုပြု ကုမ္ပဏီလုပ်ငန်းရှင်များ၏ အမည်စာရင်းများကို UMFCCI မှ စုစည်း၍ စီးပွား/ကူးသန်းဝန်ကြီးဌာနသို့ သတ်မှတ်ချိန်အမီ ကြိုတင်အကြောင်းကြားပါသည်။

(၃) AJC၊ AKC မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကုန်ပစ္စည်းကျွမ်းကျင်သူများ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် UMFCCI မှ တာဝန်ရှိသူများပူးပေါင်း၍ အဆိုပြု စာရင်းပေးထားသည့် စက်ရုံ၊ လုပ်ငန်း၊ပြခန်းများသို့ သွားရောက်၍ ဈေးကွက်ရရှိမှု၊ ထုတ်လုပ်နိုင်မှုစွမ်းရည်၊ ဈေးနှုန်း၊ ကုန်ပစ္စည်းဒီဇိုင်း၊အရည်အသွေးများကို သက်ဆိုင်ရာနိုင်ငံ၏ ဈေးကွက်နှင့် ကိုက်ညီမှုရှိ၊ မရှိ အသိအမှတ်ပြု လက်မှတ်စသည်တို့ကို လှည့်လည်စစ်ဆေး ကြည့်ရှုကြပါသည်။

(၄) သတ်မှတ်ထားသည့်အချက်များနှင့်ကိုက်ညီသည့်ကုမ္ပဏီများကို အကဲဖြတ်ရွေးချယ်လေ့ရှိပါသည်။ ရွေးချယ်ခံရသည့်ကုမ္ပဏီများကိုစီးပွားကူးသန်းကUMFCCIသို့အကြောင်းကြား၍ဖိတ်ကြားပါသည်။

(၅) ရွေးချယ်ခံရသည့် ကုမ္ပဏီများသည် Invoice၊ Packing List၊ Product Catalogue၊ လိုက်ပါမည့်သူ၏ နိုင်ငံကူးလက်မှတ်မိတ္တူများကို UMFCCI သို့ အချိန်မီပေးပို့ရပါသည်။

(၆) လုပ်ငန်းအဆင်ပြေချောမွေ့မှုရှိစေရန် ကုမ္ပဏီများမှ ပေးပို့သည့် အချက်အလက်များကို UMFCCI က စုစည်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အချိန်မီပြန်လည်ပေးပို့ရပါသည်။

(၇) ပြပွဲသို့ ပြသမည့်ကုန်ပစ္စည်းများကို ကြိုတင်၍ လေယာဉ် (သို့မဟုတ်) သင်္ဘောတင်နိုင်ရန်အတွက် (Open General License - OGL) ကို စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ထုတ်ပေးပြီးသင်္ဘောတင်ပို့ရပါသည်။

**အကြံပြုချက်**

မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်လုပ်သည့် ပစ္စည်းများသည် ပြည်တွင်း၌ ဈေးကွက် ဝယ်လိုအားရှိသော်လည်း အခြားဈေးကွက်သစ်တစ်ခုသို့ ရောင်းချမည်ဆိုလျှင် အဆိုပါဈေးကွက်ရှိ စားသုံးသူများ၏ အကြိုက် (Preference) ကို ဦးစွာလေ့လာပြီး စမ်းသပ်ထုတ်လုပ်သင့်ပါသည်။ AKC, AJC Project အရ ပြည်ပပြပွဲများတွင် ပါဝင်ပြသလိုသော ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီအမည်စာရင်းကို အဆိုပြုပြီး ရွေးချယ်သည့်နိုင်ငံ၏ ဒီဇိုင်း၊ အရွယ်အစားတို့ကို website များတွင် ကြိုတင်ကြည့်ရှုလေ့လာ၍ ကုန်ပစ္စည်းများအသစ်ထုတ်လုပ်ရန် လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် လူမျိုး တစ်မျိုးနှင့်တစ်မျိုး အကြိုက်မတူကြသောကြောင့် တရုတ်ဈေးကွက်၊ ဥရောပဈေးကွက်၊ ဂျပန်ဈေးကွက်စသည်ဖြင့် ဈေးကွက်အကြိုက်ထုတ်လုပ်ရန် လိုအပ်ပါသည်။

ဥပမာအားဖြင့် ဂျပန်တို့သည် seafood ကုမ္ပဏီများရွေးချယ်ရာတွင် ကိုယ်ပိုင်ငါးကန်များဖြင့် မွေးမြူထားခြင်းရှိ၊ မရှိ၊ ဖမ်းဆီးပြုပြင်ချိန်၊ အေးခဲချိန်စသည်ဖြင့် ကုန်ကြမ်းမှ ကုန်ချောဖြစ်သည်အထိ မှတ်တမ်းမှတ်ရာများထားရှိသည့် စနစ် (traceability ) ကို အမြဲဆန်းစစ်ပြီး သတ်မှတ်ထားသည့် Certificate များ ရှိ၊ မရှိ မေးမြန်းလေ့ရှိပါသည်။

မြန်မာနိုင်ငံတွင် ကျောက်စိမ်းအများအပြား ထွက်ရှိပါသည်။ ကျောက်စိမ်းနှင့် ထုတ်လုပ်သော ပစ္စည်းများသည် တရုတ်ဈေးကွက်အကြိုက်ဖြစ်ပါသည်။ သို့ရာတွင် ဂျပန်မိန်းမပျိုဖက်ရှင်အဖြစ် ဝတ်ဆင်ရန်လေးလံခြင်းကြောင့် နေ့စဉ်အလုပ်ခွင်တွင် အသုံးပြုရန်ဆီလျော်မှု မရှိသော်လည်း၊ ငွေထည်နှင့် တွဲဖက်၍ကျောက်စိမ်းများကို အလုံးသေးသေး ခပ်ကျဲကျဲပြုလုပ်ခြင်း၊ အသုံးအဆောင်ထက် လူသုံးကုန်ပစ္စည်းများဖြစ်သည့် အခန်းတွင်း အလှဆင်သည့်ပစ္စည်းများ၊ ထိုင်ခုံကူရှင်စသည့်ပစ္စည်းများကို ဂျပန်ဈေးကွက် အကြိုက် ထုတ်လုပ်နိုင်ပါက ပိုမိုသင့်တော်မည် ဖြစ်ကြောင်းအကြံပြု တင်ပြလိုက်ရပါသည်။



# အားနည်းတဲ့ ဥပဒေကြောင့် ထိုင်းဆန်စပါးလုပ်ငန်းမှာ ပြည်ပလုပ်ငန်းရှင်များ ဝင်ရောက်လုပ်ကိုင်မှုရှိနေ

လမင်း



ထိုင်းနိုင်ငံမှာ အာဆီယံတစ်ပြေးညီ ကုန်သွယ်မှုအရ နိုင်ငံရဲ့ ဆန်ကုန်သွယ်ရေးလုပ်ငန်းများနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ပြည်ပကုမ္ပဏီများ၊ အထူးသဖြင့် စင်ကာပူကုမ္ပဏီများရဲ့ ပြင်းထန်တဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ထိုင်းလယ်သမားနဲ့ ကုန်သည်များအနေနဲ့ ၎င်းတို့လုပ်ငန်းများဆုံးရှုံးရမယ့် အခြေအနေဖြစ်နေပါတယ်။ နိုင်ငံခြားသား လုပ်ငန်းဥပဒေအရ နိုင်ငံခြားသားများစွာဟာ စပါးစိုက်ပျိုးမှုတိုးမြှင့်ဖို့ မြေငှားရမ်းခြင်း သို့မဟုတ် ကိုယ်ပိုင်ဝယ်ယူခြင်းနဲ့ ထိုင်းနိုင်ငံအတွင်း ဆန်ကုန်သွယ်မှု တိုက်ရိုက်ဆောင်ရွက်ဖို့ အလွယ်တကူရှိနေပေမယ့် ထိုင်းနိုင်ငံသားတွေအတွက်တော့ ဆန်စပါးစိုက်ပျိုးခြင်းနဲ့ ကုန်သွယ်မှုတွေမှာ အကန့်အသတ် ဖြစ်နေတယ်လို့ ဆန်ကုန်သည်တစ်ဦးက ဆိုပါတယ်။

ပြည်တွင်းနဲ့ ပြည်ပလုပ်ငန်းရှင်များ ဆက်သွယ်ချိတ်ဆက်မှုဗျူဟာတစ်ခု ဖန်တီးနေတဲ့ စီးပွားကူးသန်းဝန်ကြီး ဌာနရဲ့တွေ့ဆုံဆွေးနွေးပွဲတစ်ခုမှာ ဆန်စပါးစိုက်ပျိုးတဲ့ ပိုင်ဆိုင်မှုတွေနဲ့ ကုန်သွယ်ရေးလုပ်ငန်းလည်ပတ်ဖို့အတွက် အထောက်အထား လက်မှတ်များကို အပူတပြင်းစစ်ဆေးခြင်းဖြင့် တိုင်းတစ်ပါးစိုက်ပျိုးမှုများနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေမှာ နိုင်ငံခြားသားလုပ်ကိုင်မှု ကာကွယ်ဖို့ ထိုင်းဆန်တင်ပို့သူများမှ အစိုးရကို တိုက်တွန်းခဲ့ကြောင်း သိရပါတယ်။

စင်ကာပူနဲ့ အခြားနိုင်ငံအချို့မှ ပြည်ပကုန်သည်များဟာ လယ်ကွင်းများအတွက် သင့်တော်တဲ့မြေဝယ်ယူဖို့ အခွင့်အရေးပေးထားတဲ့ ထိုင်းဥပဒေရဲ့ မှားယွင်းမှုမှာ ယခုအခါ အကျိုးအမြတ်ရယူနေပြီး၊ ထိုင်းနိုင်ငံအတွင်းမှာပင် ဆန်စပါးရောင်းဝယ်ရေးရုံးများ စတင်ဖွင့်လှစ်နေပြီလို့ သိရပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူများဖြစ်တဲ့ စင်ကာပူသားများအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဖြစ်တာနဲ့အညီ အလွယ်တကူ သွားလာလုပ်ကိုင်နေကြတယ်လို့ ဆိုပါတယ်။

အာဆီယံစီးပွားရေးအသိုက်အဝန်းက ယခုအခါ ထိုင်းလယ်သမားများနဲ့ ကုန်သည်တွေအတွက် စိန်ခေါ်မှုများ ဖန်တီးလျက်ရှိပါတယ်။ စင်ကာပူရင်းနှီးမြှုပ်နှံသူတွေဟာ ထိုင်းနိုင်ငံအနေနဲ့ ကန့်သတ်မှုတွေလုပ်ထားသင့်တဲ့ သီးနှံတွေမှာ ကုန်သွယ်မှုပြုဖို့ အာဆီယံဒေသတွင်း လွတ်လပ်တဲ့ကုန်သွယ်မှုတွေမှာ အမြတ်ထုတ်နေတယ်လို့ ဆိုပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်က အရှေ့အလယ်ပိုင်းမှ ပြည်ပရင်းနှီးမြှုပ်နှံသူအချို့ဟာ ထိုင်းနိုင်ငံမှာ လယ်ကွင်းများဝယ်ယူဖို့ ကြိုးစားတယ်လို့ ဝန်ကြီးဌာန အစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် အထူးစုံစမ်းစစ်ဆေးရေးဌာနနဲ့ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဌာနတို့မှတစ်ဆင့် အစိုးရက အဲဒီအကြောင်းအရာကို ယခုအချိန်ထိ စစ်ဆေးဖို့ မစီစဉ်ထားဘူးလို့ ဆိုပါတယ်။

ထိုင်းဆန်တင်ပို့သူအချို့ဟာ ယခုအခါ ထိုင်းလူမျိုးများ မဟုတ်ဘဲ အချို့ပြည်ပဆန်တင်ပို့သူတွေက အဖွဲ့ဝင်အဖြစ် ထိုင်းဆန်တင်ပို့သူများအသင်းမှာ ပါဝင်လိုကြတယ်လို့ အသင်းဥက္ကဋ္ဌ Korbsook Iamsuri မှ ပြောကြားပါတယ်။ ၎င်းမှ ပြောကြားရာမှာ ထိုင်းဆန်လုပ်ငန်းအတွက် အာဆီယံပေါင်းစည်းမှုက အသွားနှစ်ဖက်ပါတဲ့ ဓားတစ်ချောင်းပါပဲလို့ ဆိုပါတယ်။ အခြား အာဆီယံနိုင်ငံတွေကို ထိုင်းဆန်တင်ပို့သူများ ဈေးကွက်ချဲ့ထွင်ဖို့ တွန်းအားပေးနေသလို ပြည်ပကုန်သည်များက ထိုင်းဈေးကွက်ကို အလွယ်တကူထိုးဖောက်လာနိုင်တာကြောင့်လို့ ဆိုပါတယ်။

ထိုင်းနိုင်ငံ သုတေသနဖွံ့ဖြိုးရေးတက္ကသိုလ် (TDRI) မှ လေ့လာချက်အရ ဆန်စပါးကဏ္ဍမှာ တန်ဖိုး ကွင်းဆက်ဖွံ့ဖြိုးမှုမရှိခြင်းနဲ့ လွန်ခဲ့တဲ့ ၁၀ စုနှစ်အတွင်း ထိုင်းဆန်ထုတ်လုပ်မှုနဲ့ ဆန်လုပ်ငန်းမှာ ယှဉ်ပြိုင်နိုင်မှု နည်းလာပြီး၊ ဖွံ့ဖြိုးမှုလျော့လာအောင် အစိုးရအေဂျင်စီများနဲ့ ဆန်ကုန်သည်တွေ ပူးပေါင်းဆောင်ရွက်မှု အားနည်းတယ်လို့ သိရပါတယ်။ ထိုင်းဆန်တင်ပို့မှု ဆက်တိုက်ကျဆင်းနေခြင်းကြောင့် တောင်သူများ ဝင်ငွေနည်းပါးလာစေပြီး နှစ်စဉ်အစိုးရ အကူအညီလိုအပ်နေပါတယ်။

> စင်ကာပူနဲ့ အခြားနိုင်ငံအချို့မှ ပြည်ပကုန်သည်များဟာ လယ်ကွင်းများအတွက် သင့်တော်တဲ့မြေ ဝယ်ယူဖို့ အခွင့်အရေးပေးထားတဲ့ ထိုင်းဥပဒေရဲ့ မှားယွင်းမှုမှာ ယခုအခါ အကျိုးအမြတ်ရယူနေပြီး၊ ထိုင်းနိုင်ငံအတွင်းမှာပင် ဆန်စပါးရောင်းဝယ်ရေးရုံးများ စတင်ဖွင့်လှစ်နေပြီလို့ သိရပါတယ်. . .

စီးပွားကူးသန်းဝန်ကြီးဌာန ထောက်ပံ့မှုနဲ့ လေ့လာချက်ကနေ ထိုင်းဆန်လုပ်ငန်းဟာ ကမ္ဘာ့ဆန်ဈေးကွက်မှာ ယှဉ်ပြိုင်မှုကျပ်တည်းလာနေပြီး၊ ထိုင်းဆန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးတွေလည်း နောက်ကျကျန်နေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာ ထိုင်းဆန်ကုန်သွယ်မှု ယှဉ်ပြိုင်နိုင်မှုမရှိခဲ့တဲ့နောက် လယ်ယာကဏ္ဍမှ ဈေးကွက်ကဏ္ဍအထိ ဖွံ့ဖြိုးတိုးတက်ဖို့ တိကျသေချာလွယ်ကူပြီး၊ သိသာမြင်သာတဲ့ ဗျူဟာတစ်ခုချမှတ်ဖို့ လိုအပ်နေပြီလို့ TDRI၊ သုတေသနဒါရိုက်တာ Somchai Jitsuchon မှ ပြောကြားပါတယ်။ ဆန်စပါးကဏ္ဍဟာ စပါးအရည်အသွေးနိမ့်ခြင်း၊ စပါးအမျိုးအစားတစ်ခုစီအတွက် စိုက်ပျိုးမြေသင့်တော်မှုမရှိခြင်း၊ ဆည်မြောင်းစနစ် တိုးတက်မှု နှေးကွေးခြင်း၊ စပါးမျိုးစေ့ဖွံ့ဖြိုးမှုအားနည်းခြင်းနဲ့ အထွက်နှုန်းနိမ့်တဲ့အတွက် ထုတ်လုပ်မှုစရိတ် ပိုမိုကြီးမြင့်ခြင်းဆိုတဲ့ ပြဿနာပေါင်းများစွာနဲ့ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ချိတဲ့နေပြီလို့ ယင်းလေ့လာချက်က ပြဆိုထားပါတယ်။

စိုက်ပျိုးရေးနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနများ အပါအဝင် အစိုးရအေဂျင်စီများနဲ့ ဆန်တင်ပို့သူများဟာလည်း ဆန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးချိတ်ဆက်ပြီး၊ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှုမှာ အားလျော့တယ်လို့ ဆိုပါတယ်။ ထိုင်းဆန်၊ စပါးထုတ်လုပ်ရေးနဲ့ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု ကျဆင်းခြင်းတွေနဲ့အတူ ထောက်ပံ့ပေးတဲ့ ဈေးနှုန်း ပိုမြင့်တက်လာတာကြောင့် ထိုင်းဆန်ဈေးဟာ ယှဉ်ပြိုင်ဖက်နိုင်ငံပေါက်ဈေးများထက် တစ်တန်ကို ကန်ဒေါ်လာ ၁၀၀ ခန့် ပိုမိုကြီးမြင့်နေပါတယ်။ အဲဒီလို ဆန်ဈေးပိုမိုနေတဲ့အတွက် ထိုင်းဆန်ဈေးကွက်ဝေစုများ အခြားနိုင်ငံတွေကို ဆုံးရှုံးခဲ့ရပြီး၊ ဈေးကွက်သစ်များ ထိုးဖောက်ဖို့ ထိုင်းဆန် အခွင့်အလမ်းလည်း ကျဆုံးရတယ်လို့ Somchai က ဆိုပါတယ်။

ထိုင်းအစိုးရအနေနဲ့ နိုင်ငံဆန်တင်ပို့မှုမှာ ယှဉ်ပြိုင်နိုင်မှု နည်းလာခြင်းနဲ့ပတ်သက်လို့ ထောက်ပံ့ဈေးနှုန်း လွန်လွန်ကဲကဲ ပေးထားခြင်းကြောင့် ထိခိုက်မှုလျော့ပါးစေဖို့ ဆန်စပါးအပေါင်ခံ အစီအစဉ်ကို ပြန်လည်သုံးသပ်စဉ်းစားသင့်တယ်လို့ ဆိုပါတယ်။ အာဆီယံလွတ်လပ်တဲ့ ကုန်သွယ်မှုသဘောတူညီချက်များအပေါ် ပိုမိုအလေးထားသင့်ပြီး၊ စားသုံးတဲ့နိုင်ငံတစ်ခုချင်းစီရဲ့ လိုအပ်ချက်ဖြည့်ဆည်းနိုင်စေဖို့ ထိုင်းဆန်အဆင့်အတန်းတွေကိုလည်း ထင်ထင်ရှားရှား အတန်းစားခွဲသင့်တယ်လို့ ၎င်းကဆိုပါတယ်။

အဓိက ရာသီစပါးအထွက်နှုန်းဟာ လွန်ခဲ့တဲ့ ၁၀ စုနှစ်ကျော်ကထက် ယခုနှစ်မှာ တစ်ဟက်တာကို ၂ ဒသမ ၀၃၇ တန်ကို ၁၇ ဒသမ ၂၆ ရာခိုင်နှုန်းကျဆင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်က တစ်ဟက်တာ ၂ ဒသမ ၄၆၂ တန်နဲ့ ၂၀၁၀ မှာ ၂ ဒသမ ၅၂၅ တန်ထွက်ရှိခဲ့တယ်လို့ သိရပါတယ်။ ဆန်တင်ပို့မှုမှာလည်း ဇန်နဝါရီ ၁ ရက်မှ ဇွန် ၈ ရက်အထိ တန်ချိန် ၃ ဒသမ ၀၄ သန်းသာရှိလို့ ယခင်နှစ်တင်ပို့ခဲ့တဲ့ တန်ချိန် ၅ ဒသမ ၄၈ သန်းထက် ၄၄ ရာခိုင်နှုန်းထိ သိသိသာသာ ကျဆင်းခဲ့ပါတယ်။ အစိုးရအနေနဲ့ ဆန်ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုစွမ်းရည် သိသိသာသာကျဆင်းနေတဲ့ ပြဿနာကို အရေးတကြီးဖြေရှင်းဖို့ ပုဂ္ဂလိက ကဏ္ဍနဲ့အတူတကွ ဆောင်ရွက်သင့်တယ်လို့ Somchai က ဆိုပါတယ်။

၎င်းက ဆန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ထိုင်းဆန်တန်ဖိုးမြှင့်ထုတ်ကုန်မြှင့်တင်ရေး၊ ထောက်ပံ့ပို့ဆောင်မှု စွမ်းဆောင်ရည် တိုးတက်ရေး၊ နည်းပညာအသစ်များ အတွေးအခေါ်အသစ်များ အသုံးပြုခြင်း၊ အစိုးရရဲ့ ဆန်စပါးမူဝါဒများကို ပြန်လည်သုံးသပ်ခြင်းနဲ့ ဆန်တင်ပို့မှုနဲ့ လယ်ယာကဏ္ဍ တိုးတက်ရေး၊ အစိုးရနဲ့ လုပ်ငန်းရှင်များ သဘောတူညီချက်များ ချမှတ်ခြင်းဆိုတဲ့ ထိရောက်တဲ့ မဟာဗျူဟာ ခြောက်ခုကိုလည်း အကြံပြုထားကြောင်း သိရပါတယ်။

အစိုးရအနေနဲ့ ထိုင်းဆန်နဲ့ အခြားထုတ်ကုန်များ တင်ပို့မှုခိုင်မာရေးဗျူဟာ စဉ်းစားလိမ့်မယ်လို့ စီးပွားကူးသန်းဝန်ကြီးဌာနရှိ ကုန်သွယ်ရေးနဲ့ စီးပွားရေးမူဝါဒဗျူရိုမှ ဒါရိုက်တာ Benjawan Ratana-prayul မှ ပြောကြားပါတယ်။

**Source: Bangkok Post**



## ပြောင်း



### ပင်လယ်ရေကြောင်းက ပြောင်း ပြန်လည်တင်ပို့

ဇွန် ၁၀ ရက်မှ ၁၆ ရက်ထိကာလအတွင်းမှာ ပင်လယ်ရေကြောင်းမှ ပြောင်း ၂၇၅ တန် တန်ဖိုး ကန်ဒေါ်လာသုညဒသမ ၁၆၃ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က တင်ပို့မှုမရှိခဲ့ပဲ ယခုရက်သတ္တပတ်မှ ပြန်လည်တင်ပို့နိုင်ခြင်းဖြစ်ပါတယ်။ တင်ပို့တဲ့နိုင်ငံတွေကတော့ ဗီယက်နမ်ကို ၄၅ တန်နဲ့ စင်ကာပူကို တန် ၂၃၀ တင်ပို့တာပဲ ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးကတော့ လျော့နည်းပြီး တန် ၄၆၀၀ ကျော်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ FOB (ရန်ကုန်) ဈေးကတော့ ပြောင်းလဲမှုမရှိဘဲ ၁ တန်ကို ၂၇၅-၂၉၅ ဈေးပေါက်တယ်လို့ သိရပါတယ်။

KZW

### ပြောင်း အပို့လျော့တဲ့ မူဆယ်နယ်စပ်

မူဆယ် ၁၀၅ မိုင်လမ်းကြောင်းကြီးမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့တင်ပို့နေတဲ့ လယ်ယာထွက်ကုန် ပြောင်းဖူးစေ့များ ယခုအပတ်အဝင်နည်းနေပါတယ်။ တစ်နေ့ကို ပျမ်းမျှကားအစီး ၂၀ လောက်သာအဝင်ရှိနေ တယ်လို့ သိရပါတယ်။ ဇွန်လ ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၂၉၁ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၆၁၅ တန်ခန့်အပို့ရှိခဲ့ရာ ယခင်အပတ်ကထက် တန် ၉၀၀ ကျော် အပို့လျော့ခဲ့ပါတယ်။ မိမိဘက်ရောတစ်ဖက် နိုင်ငံပြောင်းဈေးများကျလျက်ရှိပါတယ် -

| | မိမိဘက်(ကျပ်/တန်) | | | တစ်ဘက်နိုင်ငံ(ဒေါ်လာ/တန်) | | | |
|---|---|---|---|---|---|---|---|
| ယခု | ယခင် | ပြောင်းလဲမှု | % | ယခု | ယခင် | ပြောင်းလဲမှု | % |
| ၃၁၁၉၅၅ | ၃၁၄၂၅၀ | ၂၃၀၃ ▽ | ၀.၇ | ၂၃၆၂ | ၂၃၉၂ | ၃၀ ▽ | ၁ |

MIRT (DOBT)

## သကြား

### အာရှရဲ့ သကြားအိုးကြီးဖြစ်ဖို့ ထိုင်းနိုင်ငံ ရည်မှန်း

ကမ္ဘာ့ဒုတိယသကြားအများဆုံးတင်ပို့တဲ့ ထိုင်းနိုင်ငံဟာ ၂၀၁၂-၁၃ မှာ သကြားထုတ်လုပ်မှုတန်ချိန် ၁၀ ဒသမ ၄ သန်းရှိမယ်လို့ခန့်မှန်းထားပြီး၊ အာရှနိုင်ငံတွေမှာ မြင့်တက်နေတဲ့ စားသုံးမှုအတွက်ရောင်းချဖို့ နှစ်စဉ်ထက် ပိုမိုထုတ်လုပ်ဖို့ ရည်မှန်းထားကြောင်း ထိပ်တန်း သကြားလုပ်ငန်းအရာရှိတစ်ဦးမှ ဆိုပါတယ်။ ယခုခန့်မှန်းမှုအသစ်က မေလမှာခန့်မှန်းထားတဲ့ သကြားတန်ချိန် ၁၀ ဒသမ ၂ သန်း- ၁၀ ဒသမ ၃ သန်းထက် ၁-၂ ရာခိုင်နှုန်းမြင့်တက် ကြောင်းသိရပါတယ်။

၂၀၁၁-၁၂ မှာ သကြားတန်ချိန် ၁၀ ဒသမ ၂ သန်းထိ စံချိန်တင်ထွက်ရှိရာမှ ယခုနှစ်မှာ ပိုမိုမယ်လို့ ဆိုပါတယ်။ ကြံစိုက်ဧရိယာကိုတိုးချဲ့ပြီး နှစ်စဉ်သကြား ပိုမိုထုတ်လုပ်ဖို့ရည်မှန်းကာ ပိုမိုကောင်းမွန်တဲ့ စိုက်ပျိုးနည်းပညာများကိုအသုံးချပြီး အာရှရဲ့ သကြားအိုးကြီးဖြစ်ဖို့ ရည်မှန်းထားတယ်လို့ ကြံနဲ့သကြားဘုတ် (OCSB) ရုံးမှ အထွေထွေအတွင်းရေးမှူး Prasert Tapaneeyangkul မှ ပြောကြားပါတယ်။

၂၀၁၂-၁၃ သီးနှံမှ ပြည်တွင်းစားသုံးဖို့အတွက် ပုံမှန်သကြားတန်ချိန် ၂ ဒသမ၂ သန်းမှ ၂ ဒသမ ၄ သန်းကို ပိုမိုသတ်မှတ်ဖွယ်ရှိပါတယ်။ အဲဒီလိုပိုမိုခြင်းအားဖြင့် ၂၀၁၃ မှာ ကမ္ဘာ့ဈေးကွက်ကိုရောင်းချဖို့ ထိုင်းနိုင်ငံမှာ သကြားတန်ချိန် ၈ သန်းခန့်ထိ ပိုလျှံမှုစံချိန်တင်မြင့်တက်လာမယ်လို့ဆိုပါတယ်။ ၂၀၁၁ ခုနှစ်အတွင်း ထိုင်းနိုင်ငံက သကြား တန်ချိန်၆ ဒသမ ၇၁ သန်းတင်ပို့ခဲ့ပြီး၊ ထွက်ရှိမှုမြင့်တက်ပြီး ဝယ်လိုအား ခိုင်မာနေတာကြောင့်ယခုနှစ်မှာတန်ချိန် ၇ သန်းအထိ နောက်ထပ်စံချိန်သစ် အနေနဲ့ တင်ပို့ဖွယ်ရှိတယ်လို့ဆိုပါတယ်။

ဒါပေမဲ့ Prasert ပြောကြားရာမှာ ထိုင်းသကြားလုပ်ငန်းဟာ ယုံကြည်မှုအပြည့်ရှိနေတယ်လို့ဆိုပါတယ်။ အခြားနိုင်ငံတွေထက် သကြားထုတ်လုပ်မှု အလွယ်တကူ တိုးမြှင့်နိုင်မှာဖြစ်ပြီး၊ သကြားမလုံလောက်တဲ့ အာရှနိုင်ငံတွေကို ရောင်းချနိုင်မယ်လို့ယုံကြည်နေပါတယ်။ဝယ်လိုအားဆက်လက်ခိုင်မာမှုရှိပြီး အထူးသဖြင့် တရုတ်နိုင်ငံက အဝယ်ဆက်ရှိမယ်လို့ ၎င်းမှဆက်လက်ပြောကြားပါတယ်။

**ယမင်းခင်**၊Business Recorder

## ရော်ဘာ

### ပင်လယ်ရေကြောင်းတင်ပို့မှု ထက်ဝက်သာရှိ

ဇွန် ၁၀ ရက်မှ ၁၆ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းမှ ရော်ဘာ ၁၁၉ တန်၊ တန်ဖိုး ဒေါ်လာ သုည ဒသမ ၃၆၁ သန်းဖိုး တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ယခင်ရက်သတ္တပတ်တင်ပို့မှုရဲ့ ထက်ဝက်ကျဆင်းခဲ့တာ တွေ့ရပါတယ်။ တင်ပို့မှုကတော့ မလေးရှားကို တန် ၈၀ နဲ့ ဖိလစ်ပိုင်ကို ၃၉ တန် တင်ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်။နယ်စပ်ကုန်သွယ်ရေးကတော့ တန် ၉၀၀ ကျော် တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ FOB (ရန်ကုန်) ဈေးကတော့ RSS-3 တစ်တန်ကို ဒေါ်လာ (၃၀၀၀-၃၁၀၀)နဲ့ RSS-5 တစ်တန်ကိုဒေါ်လာ (၂၉၀၀-၃၀၀၀)ကြား ဈေးပေါက် တယ်လို့ သိရပါတယ်။

K.Z.W

### နယ်စပ်မှ ရော်ဘာသစ်ခွဲသားလည်း အပို့ရှိ

မြန်မာတရုတ်နယ်စပ်စခန်းများဖြစ်တဲ့ မူဆယ်နဲ့ချင်းရွှေဟော်နယ်စပ်များမှ ယခုအပတ်မှာ ရော်ဘာ အပို့အားကောင်းလာတာတွေ့ရပါတယ်။မြန်မာထိုင်းနယ်စပ်ရှိမြိတ်စခန်းမှအပို့ကတော့ လျော့နည်းခဲ့ပါတယ်။ ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိကာလအတွင်း နယ်စပ်အလိုက်ရော်ဘာတင်ပို့မှုများမှာ **မူဆယ်**မှ ကန်ဒေါ်လာသုညဒသမ ၅၂၇ သန်းတန်ဖိုးရှိ RSS-3 ၁၀ တန်ခွဲနဲ့ MSR-50 ၁၅၃ တန်၊ **ချင်းရွှေဟော်**မှ ကန်ဒေါ်လာ ၂ ဒသမ ၁၉၇ သန်းတန်ဖိုးရှိ RSS-3 တန် ၃၇၀ ကျော်၊ MSR-20 တန် ၃၀၀ နဲ့ MSR-50 ၂၇ တန်ကျော်နဲ့ **မြိတ်**မှ ကန်ဒေါ်လာ သုညဒသမ ၁၆၅ သန်းတန်ဖိုးရှိ RSS-5 တန် ၅၀ အသီးသီးဖြစ်ပါတယ်။ ကန်ဒေါ်လာ ၂ ဒသမ ၈၈၉ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံတန် ၉၁၀ ကျော်ကို ယခုအပတ်မှာ တင်ပို့ခဲ့ခြင်းဖြစ်ပြီး ယခင်အပတ်တင်ပို့မှုထက် ၃၇၉ တန်ခန့် အပို့ပိုခဲ့ပါတယ်။

MIRT(DOBT)

### ယခုနှစ်အတွင်းရော်ဘာရောင်းလိုအား ပိုမိုလာနိုင်ပြီး ဈေးနှုန်းဆက်လက် ကျဆင်းဖွယ်ရှိသည် ခန့်မှန်း

ဇွန် ၁၉ ရက် အာရှရော်ဘာဈေးနှုန်းများ ယခင်သီတင်းပတ်ကနှုန်းထက် ပိုမိုမြင့်မားလာတယ်။ ဂရိရွေးကောက်ပွဲ ရလာဒ်အရ ဥရောပဒေသအတွင်း ဂရိနိုင်ငံဆက်လက်တည်ရှိနေမှာ သေချာသွားပြီဖြစ်လို့ ကမ္ဘာ့ စီးပွားရေးတိုးတက်မှုနှုန်းအတွက် စိုးရိမ်မှုတွေ လျော့ပါးသွားပြီး ကုန်စည်တွေကို ဝယ်လိုအားများလာတယ်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းပြန်လည်ဦးမော့လာခြင်း၊ မေ အတွင်း အိန္ဒိယရဲ့ ရော်ဘာထုတ်လုပ်မှုကျဆင်းပြီး ပြည်ပမှ တင်သွင်းမှုပမာဏ မြင့်မားလာခြင်း၊ ကမ္ဘာ့စီးပွားရေးနှေးကွေးနေမှုကြောင့် ကမ္ဘာအနှံ့ဗဟိုဘဏ်တွေက စီးပွား ရေးလှုံ့ဆော်မှုများ ပိုမိုဆောင်ရွက်ဖို့ ကြိုးပမ်းနေကြခြင်း၊ ထိုင်းအစိုးရက ရော်ဘာဈေးမြင့်မားရေးအတွက် စိုက်ပျိုးသူတွေဆီမှ ပြည်တွင်းပေါက်ဈေးထက်ပိုတဲ့နှုန်းနဲ့ ရော်ဘာတွေကို ဝယ်ယူနေခြင်းနဲ့ ထိုင်းနိုင်ငံ တောင်ပိုင်းဒေသမှာ မိုးရွာသွန်းမှုများနေပြီး ရော်ဘာစေးထုတ်လုပ်မှုကျဆင်းနေခြင်းတို့ကြောင့် ရော်ဘာဈေးနှုန်း ပြန်လည် ဦးမော့လာခြင်းဖြစ်တယ်။ ဇွန် ၁၂ ရက်ကတစ်တန်ကို ၃၃၄၈ ဒသမ ၅၀ ဒေါ်လာရှိနေတဲ့ ထိုင်းရော်ဘာ RSS-5 (မှိုင်းခံရော်ဘာအဆင့် - ၅) က ဇွန် ၁၉ ရက်မှာ ၃၄၄၆ ဒသမ ၅၀ ဒေါ်လာ အထိရောက်ရှိလာပြီး တစ်ပတ်အတွင်း ၉၈ ဒေါ်လာဈေးမြင့်လာတယ်။

ယခုသီတင်းပတ်အတွင်း ရော်ဘာဈေးနှုန်းဦးမော့လာသော်လည်း ယခုနှစ်အတွင်းရော်ဘာဈေးနှုန်းက ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလနှုန်းထားတွေနဲ့ယှဉ်ရင် ကျဆင်းလျက်ရှိတယ်။ အဓိကအကြောင်းရင်းမှာ ကမ္ဘာ့ရော်ဘာ ဝယ်ယူသုံးစွဲမှုအများဆုံး တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်နှုန်းက ၃ နှစ်အတွင်း အနှေးဆုံးနှုန်းနဲ့ သာ တိုးတက်နေခြင်း ကြောင့် ရော်ဘာဝယ်လိုအားကျဆင်းသွားပြီး ဈေးနှုန်းပါကျသွားခြင်းဖြစ်တယ်။

ဒ့ါအပြင် ရော်ဘာထုတ်လုပ်တဲ့ နိုင်ငံတွေရဲ့ ထုတ်လုပ်မှုက ဝယ်လိုအားထက်ပိုမိုလိမ့်မယ်လို့ ခန့်မှန်းလာကြခြင်း ကလည်း ရော်ဘာဈေးနှုန်းကို ဖိအားဖြစ်စေတယ်။ ၂၀၁၂ ခုနှစ် ပထမ ၆ အတွင်း ရောင်းလိုအားတန်ချိန် ၁၃၄၀၀၀ လျော့နည်းခဲ့သော်လည်း ဒုတိယ ၆ လ အတွင်း တန်ချိန် ၄၀၂၀၀၀ တန်ပိုမိုလိမ့်မယ်လို့ ခန့်မှန်းကြတယ်။ ဒါကြောင့် ရော်ဘာ ဈေး နှုန်း ဆက်လက်အားနည်းနေဦးမယ်လို့ ကုန်သည်တွေက သုံးသပ်ကြတယ်။

Source:Bloomberg.com, reuters၊ပပ

### ဗီယက်နမ်ရဲ့ရော်ဘာ မဟာဗျူဟာကို အတည်ပြု

ဗီယက်နမ်ရော်ဘာအုပ်စု (VRG) ရဲ့ နှစ်စဉ်ထုတ် လုပ်မှု ၁၅ ရာခိုင်နှုန်းတိုးမြှင့်ရန်နဲ့ အခွန်ရငွေ ၂၂ ရာခိုင်နှုန်းရရှိရန် ၂၀၁၅ စီးပွားရေးစီမံကိန်းကို ဝန်ကြီးချုပ်က သဘောတူ အတည်ပြုလိုက်ပြီလို့ သိရပါတယ်။ ၎င်းစီမံကိန်းအရ VRG က နှစ်စဉ်နိုင်ငံတော်ဘဏ္ဍာငွေဒေါင် ၃ ဒသမ ၅ ထရီလီယံ (ဒေါ်လာ ၁၆၈ သန်း) ရှာဖွေပေးနိုင်မယ်လို့ သိရပါတယ်။ ၎င်း စီမံကိန်းအရ VRG က ၎င်းရဲ့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်ကို ဗီယက်နမ်ဒေါင် ၁၅ ထရီလီယံ (ဒေါ်လာ သန်း ၇၂၀) သုံးစွဲမှာဖြစ်ပြီး ဗီယက်နမ်မှာရှိလုပ်သား ၇ သောင်းမှ ၈ သောင်းအထိအလုပ်အကိုင်ရရှိစေပြီး အခြားနိုင်ငံများမှလုပ်သားများပါဝင်လာရင်တော့စုစုပေါင်း လုပ်သားအင်အား ၂ သိန်းလောက် ၂၀၁၅ မှာ ရှိလာနိုင်ပါတယ်။ ၎င်းစီမံကိန်းအရ စုစုပေါင်းရော်ဘာစိုက်ဧရိယာ ဟတ်တာ ၅ သိန်းအထိ တိုးချဲ့မှာဖြစ်ပြီး ပြည်တွင်းမှာစိုက်ဧရိယာ ဟတ်တာ ၆ သောင်းနဲ့အခြားနိုင်ငံများမှာဟတ်တာ၆ သောင်း တိုးချဲ့စိုက်ပျိုးမှာဖြစ်တယ်လို့ သိရပါတယ်။ VRG က လာအိုနဲ့ ကမ္ဘောဒီးယားမှာလည်း တိုးချဲ့စိုက်ပျိုး အကောင်အထည်ဖော်မယ်လို့သိရပါတယ်။ VRG က အသစ်စိုက်ပျိုးတဲ့ ဧရိယာတွေမှာ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ဖို့အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေ အဆင်ပြေချောမွေ့စေမယ့် အစီအစဉ်ကို ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅ မှာ ထုတ်လုပ်မှုစုစုပေါင်း တန် ၄ သိန်းထိ ရောက်ရှိနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ ဒ့ါအပြင် ၎င်းမဟာဗျူဟာမှာ စက်မှုလုပ်ငန်းတွေအနေနဲ့ ရော်ဘာသုံး ပစ္စည်းတွေ ထုတ်လုပ်မှုကို တာယာ ၁ သန်း၊ မွေ့ယာနဲ့ အခြားကုန်ပစ္စည်း ၁၅၀၀၀ ခန့် နှစ်စဉ် ထုတ်လုပ်ဖို့လျာထားပါတယ်။ VRG က နိုင်ငံပိုင်အုပ်စုရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ရော်ဘာစိုက်ပျိုးရေး၊ ရော်ဘာကုန်ကြမ်း ထုတ်လုပ်ရေး၊ ရော်ဘာထုတ်ကုန် ထုတ်လုပ်ရေး ကဲ့သို့ စိုက်ပျိုးရေး၊ စက်မှုနဲ့ ဆောက်လုပ်ရေးကဏ္ဍတွေမှာ လုပ်ငန်းဆောင်ရွက်မှုရှိကြောင်းနဲ့ ဗီယက်နမ်မှာရော်ဘာ ဟတ်တာ ၂၆၃၆၂၇၊ ကမ္ဘောဒီးယားနဲ့ လာအိုမှ ဟက်တာ ၇၀၆၀၈ ထက် မနည်းဆောင်ရွက်မယ်လို့ သိရပါတယ်။ ဗီယက်နမ်ကကမ္ဘာ့ပဥ္စမမြောက်အများဆုံး ရော်ဘာထုတ်လုပ်တဲ့ နိုင်ငံဖြစ်ပါတယ်။

Suorce: VNA,K.Z.W



# အကောင်းဆုံး ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဆိုသည်မှာ

သိန်းမြင့်ဝေ

(အချုပ်ပိုတစ်ပါဒ်မှအဆက်– အပိုင်း ၁၄)

### ငွေကြေးရရှိနိုင်သည့် နေရာများ

ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (TPO) သည် လိုအပ်သောငွေကြေးကို နေရာအမျိုးမျိုး (Different sources) မှ ရရှိနိုင်ပါသည်။ နေရာအမျိုးမျိုးမှရရှိနိုင်သည့် ငွေကြေးများကို အပိုင်းနှစ်ပိုင်း ခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ အမျိုးသားဘတ်ဂျတ် (National budget) မှ ရရှိနိုင်သော ငွေကြေးများနှင့် အခြားနေရာများမှ ရရှိနိုင်သော ငွေကြေးများ (Funds derived from other sources) ဟူ၍ ဖြစ်သည်။

### အခြားနေရာများမှ ရရှိသော ငွေကြေးများ

ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် အမျိုးသားဘတ်ဂျတ်မှ ရရှိနိုင်သော ငွေကြေး/ရန်ပုံငွေများအပြင် အခြားဇာစ်မြစ်များမှလည်း ငွေကြေးများ ရရှိနိုင်ပါသည်။ အမျိုးသားဘတ်ဂျတ်မှ ရရှိခြင်းထက် အခြားဇာစ်မြစ်များမှ ငွေကြေး/ရန်ပုံငွေများရရှိခြင်းက ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အတွက် ပိုမိုကောင်းမွန်သည့် အနေအထားဖြစ်ပါသည်။ အဖွဲ့အတွက် ငွေကြေး/ရန်ပုံငွေများရရှိနိုင်သည့် အခြားဇာစ်မြစ်များ (Some possible sources) မှာ သွင်းကုန်ခွန်ကောက်ခံခြင်း (Levy on imports)၊ ပို့ကုန်ခွန်ကောက်ခံခြင်း (Levy on exports)၊ ဝန်ဆောင်ခများ (Charges for services)၊ ထည့်ဝင်ကြေးများ (Contributions) နှင့် အခြားဇာစ်မြစ်များ (Other sources) ဖြစ်သည်။

(က) **သွင်းကုန်ခွန်ကောက်ခံခြင်း**

ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အတွက် ငွေကြေး သို့မဟုတ် ရန်ပုံငွေတစ်ရပ်ကို ဖန်တီးရန်အလို့ငှာ သွင်းကုန်များအပေါ်တွင် သီးသန့်အခွန် (Special levy) ကောက်ခံနိုင်ပါသည်။ ဤကဲ့သို့ကောက်ခံရခြင်း၏ အဓိက အကြောင်းရင်းမှာ ပို့ကုန်တင်ပို့မှုမှရရှိသည့် ရငွေအများစုကို သွင်းကုန်တင်သွင်းရန်အတွက် သုံးစွဲရသောကြောင့်ဖြစ်သည်။ ထို့ပြင် ပို့ကုန်ကုန်သွယ်ရေး (Export trade) ကို ပိုမိုတိုးချဲ့လေ သွင်းကုန်ကဏ္ဍအတွက် သွင်းအားစုများ (Resources) ပိုမိုရရှိနိုင်လေဖြစ်သောကြောင့်ဖြစ်သည်။

ဤကဲ့သို့ သွင်းကုန်အပေါ် အကောက်ခွန်ကောက်ခံရာတွင် အကောက်ခွန်နှုန်း မြင့်မားစွာကောက်ခံရန် မလိုအပ်ကြောင်း ဖြစ်ရပ်အများစုအရ သိရှိရပါသည်။ သွင်းကုန်တန်ဖိုး၏ တစ်ရာခိုင်နှုန်းဝန်းကျင် (Around 1% of import values) ကောက်ခံပါက TPO ၏ အခြေခံလုပ်ဆောင်ချက်များကိုကာမိသည့် လုံလောက်သောငွေကြေးကို ဖန်တီးနိုင်သည်။ ဤနှုန်းသည် နိုင်ငံအများစုတွင် လက်ရှိကျင့်သုံးလျက်ရှိသော အကောက်ခွန်များ (Custom duties) နှင့်နှိုင်းယှဉ်ပါလျှင် နည်းပါးကြောင်း တွေ့ရှိနိုင်သည်။ ဤကဲ့သို့ အကောက်ခွန်နှုန်း နိမ့်ကျသောကြောင့် သွင်းကုန်ကဏ္ဍ သို့မဟုတ် သွင်းကုန်လုပ်ငန်းရှင်များက အလွယ်တကူလက်ခံနိုင်သည်။ အကောက်ခွန်နှုန်း နိမ့်ကျသော်လည်း သွင်းကုန်လုပ်ငန်းရှင်များက ပေးသွင်းကြမည်ဖြစ်သောကြောင့် TPO အတွက် လုံလောက်သော ရန်ပုံငွေကို ရရှိမည်ဖြစ်သည်။

(ခ) **ပို့ကုန်ခွန် ကောက်ခံခြင်း**

ပို့ကုန်များအပေါ်တွင် အကောက်ခွန် ကောက်ခံနိုင်သည့် သဘောသဘာဝ ရှိသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများစွာ၌ ပို့ကုန်ခွန်ကောက်ခံရန် အခက်အခဲဖြစ်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ယင်းနိုင်ငံများ၏ ထုတ်ကုန်များသည် ပြည်ပတင်ပို့ရာတွင် ယှဉ်ပြိုင်နိုင်စွမ်းအလွန်နိမ့်ကျနေသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် ပို့ကုန်ခွန်ကောက်ခံခြင်းက ပြည်ပတင်ပို့ရောင်းချမှုများကိုလည်း ကျဆင်းစေသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်း (Export Promotion Services) ကို ငွေကြေးဖြည့်ဆည်းပေးရန်အတွက် ပို့ကုန်ကဏ္ဍအပေါ် အကောက်ခွန်ကောက်ခံခြင်းသည် မှားယွင်းသည့် မဟာဗျူဟာ (Wrong strategy) ဖြစ်ကြောင်း တွေ့မြင်နိုင်သည်။

TPO အတွက် ငွေကြေးရရှိနိုင်သည့် ဇာစ်မြစ်များအဖြစ် သွင်းကုန်ခွန် သို့မဟုတ် ပို့ကုန်ခွန်ကောက်ခံခြင်းနှင့်ပတ်သက်သည့် နောက်ထပ် ယေဘုယျမှတ်ချက်များလည်း ရှိပါသည်။ ဥပမာ သွင်းကုန်ခွန် သို့မဟုတ် ပို့ကုန်ခွန်ကောက်ခံခြင်းက စုစုပေါင်းသွင်းကုန်တန်ဖိုး သို့မဟုတ် စုစုပေါင်းပို့ကုန်တန်ဖိုးကို သိသိသာသာကျဆင်းစေသည့် ဆိုးကျိုးကို ဖြစ်စေသည်။ အကျိုးဆက်အနေဖြင့် TPO ၏ ဝင်ငွေကို ဆက်လက်ကျဆင်းစေမည် ဖြစ်ပါသည်။

(ဂ) **ဝန်ဆောင်ခများ**

ဝန်ဆောင်ခများရယူခြင်းကို ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များအတွက် အဓိကဝင်ငွေဇာစ်မြစ်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝန်ဆောင်ခများရယူခြင်းသည် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အတွက် အဓိကဝင်ငွေဇာစ်မြစ်ဖြစ်ရခြင်းမှာ အောက်ပါအချက်များကြောင့် ဖြစ်သည်-

(၁) ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ပို့ကုန်မြှင့်တင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Export promotion services) ကို အခမဲ့ ဖြည့်ဆည်းပေးသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် Export promotion services အတွက် အခကြေးငွေကောက်ခံပါက ပို့ကုန်လုပ်ငန်းရှင်များသည် အဆိုပါဝန်ဆောင်မှုကို အသုံးမပြုနိုင်ခြေများသောကြောင့်ဖြစ်ပါသည်။ သို့သော် လုပ်ငန်းရှင်များသည် အစပိုင်းတွင်သာ ထိုအခကြေးငွေ/ဝန်ဆောင်ခကို ပေးချေရန် တုံ့ဆိုင်းလေ့ရှိသော်လည်း နောက်ပိုင်းတွင်၎င်းတို့အတွက်အမှန်တကယ် အကျိုးရှိကြောင်း သိရှိလက်ခံလာကြပါသည်။

(၂) TPO အတွက် ဝန်ဆောင်ခများ ကောက်ခံရယူခြင်းကို တဖြည်းဖြည်းချင်း ဆောင်ရွက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် TPO ဝန်ထမ်းသည် လုပ်ငန်းအတွေ့အကြုံများလာလေ ပိုမိုကောင်းမွန်ပြီး အရည်အသွေးရှိသည့် ဝန်ဆောင်မှုကိုပေးနိုင်လေ ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ပြင် အဆိုပါ ဝန်ဆောင်မှု အရည်အသွေး မြင့်မားခြင်းက ပို့ကုန်အသိုက်အဝန်း (Business community) ကို ကောင်းကျိုးပြုနိုင်သောကြောင့် ဖြစ်ပါသည်။

(၃) လုပ်ငန်းရှင်များအားကုန်စည်ပြပွဲများ(Trade fairs) တွင် ပူးပေါင်းပါဝင်စေခြင်းနှင့် ပါဝင်ပြသစေခြင်းအားဖြင့် ဝန်ဆောင်ခများ ကောက်ခံရရှိနိုင်ပါသည်။ အစပိုင်းတွင် TPO အနေဖြင့် ကုန်စည်ပြပွဲကို လုပ်ငန်းရှင်အားလုံး သို့မဟုတ် ပါဝင်သူအားလုံး၏ အသုံးစရိတ်များ/ငွေကြေးများဖြင့် ဆောင်ရွက်နိုင်သည်။ နောက်ပိုင်းတွင် ပို့ကုန်လုပ်ငန်းရှင်များ၏ အသုံးစရိတ်ကို ပိုမိုသုံးစွဲစေခြင်းအားဖြင့် ကုန်စည်ပြပွဲကို ကျင်းပနိုင်ပါသည်။

(၄) TPOသည်အရည်အသွေးရှိသော သီးသန့်စာစောင်၊ မဂ္ဂဇင်းနှင့် ဂျာနယ်ကဲ့သို့သော Specialized publication များ ထုတ်ဝေရောင်းချခြင်းအားဖြင့် ဝန်ဆောင်ခ သို့မဟုတ် ရန်ပုံငွေရရှိရန် ဆောင်ရွက်နိုင်သည်။ သို့သော်လည်း ထိုကဲ့သို့ ပုံနှိပ်ထုတ်ဝေခြင်းမှ ရရှိသောဝင်ငွေသည် TPO အတွက် အနည်းငယ်မျှသော ဝင်ငွေသာလျှင်ရရှိနိုင်သည်။ ပုံနှိပ်ထုတ်ဝေခြင်းက TPO အတွက် ဝင်ငွေများများ မဖန်တီးပေးနိုင်ကြောင်း ဆိုလိုပါသည်။

(ဃ) **ထည့်ဝင်ကြေးများ**

ထည့်ဝင်ကြေးများကို စေတနာအလျောက်ထည့်ဝင်ကြေးများ (Voluntary contributions) နှင့် မဖြစ်မနေ ထည့်ဝင်ရသည့်ထည့်ဝင်ကြေးများ (Mandatory contributions) ဟူ၍ နှစ်မျိုးတွေ့မြင်နိုင်သည်။ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့များသည် များသောအားဖြင့် စေတနာအလျောက် ထည့်ဝင်ကြေးများဖြင့် တည်ဆောက်သည့် အဖွဲ့အစည်းပုံစံမဟုတ်ပေ။ ထို့ကြောင့် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များသည် ပုံမှန်အဖွဲ့ဝင်များထားရှိပြီး ထည့်ဝင်ကြေးများကို ကောက်ခံနိုင်ပါသည်။ ထည့်ဝင်ကြေးများသည် ပို့ကုန်အသိုက်အဝန်း၏ ယုံကြည်မှု (Confidence of export community) အပေါ်တွင် များစွာမူတည်သည်။ ပို့ကုန်အသိုက်အဝန်း၏ ယုံကြည်မှုသည် TPO က ဖြည့်ဆည်းပေးသော ဝန်ဆောင်မှု အရည်အသွေးအပေါ်တွင် လည်းကောင်း၊ TPO အဖွဲ့ဝင်အဖြစ်မှရရှိသည့် အကျိုးအမြတ်များအပေါ်တွင်လည်းကောင်း မူတည်ပါသည်။ ထို့ကြောင့် TPO သည် အဖွဲ့ဝင်များကို ပုံနှိပ်ထုတ်ဝေသည့် စာစောင်၊ မဂ္ဂဇင်းနှင့် ဂျာနယ်များကို အခမဲ့ပေးခြင်းနှင့် သီးသန့် အကူအညီပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(င) **အခြားဇာစ်မြစ်/နေရာများ**

TPO အတွက် ရန်ပုံငွေ/ငွေကြေးများရရှိနိုင်သော အခြားဇာစ်မြစ်/နေရာများမှာ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကိုယ်ပိုင် အရင်းအမြစ်များ (Own resources of the institutions concerned)၊ ကုန်စည်ပြပွဲများ ပြုလုပ်၍ ငွေကြေးရှာဖွေလျက်ရှိသော အဖွဲ့အစည်းများ၊ ကုန်စည်များရောင်းချ၍ ဝင်ငွေဖန်တီးလျက်ရှိသော အဖွဲ့အစည်းများ၊ ယခင်စုဆောင်းထားသည့် ဝင်ငွေများဖြင့် ဝင်ငွေရရှိစေရန်ဆောင်ရွက်သော အဖွဲ့အစည်းများ စသည်တို့ဖြစ်ကြသည်။ ထို့ပြင် နိုင်ငံတကာနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ (International technical Cooperation programmes) သည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများရှိ TPO များအတွက် နောက်ထပ်အရေးပါသည့် ဇာစ်မြစ်ဖြစ်ပါသည်။

***(ဆက်လက်ဖော်ပြပါမည်)***

***Source: unctad***

## ထိုင်းနိုင်ငံရေးအခြေအနေနဲ့ စိုးရိမ်နေသော ဂျပန်နိုင်ငံစက်မှုလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံရေး လုပ်ငန်းရှင်များ

အမတကော်ပိုရေးရှင်းကုမ္ပဏီဥက္ကဋ္ဌ နိုင်းဝိဘွန်းကရုံဒစ်က နိုင်ငံရေးလောကမှာ ငြင်းခုံမှုများရှိလာသဖြင့် အနီရောင်အဖွဲ့နဲ့ အဝါရောင်အဖွဲ့ စတင်လှုပ်ရှားမှုများရှိလာခဲ့ကြောင်း၊ ယခုအချိန်မှာ ကုမ္ပဏီမှာလည်း ထိခိုက်မှုများကြုံတွေ့ရကြောင်း၊ ဒေသအတွင်းရှိရင်းနှီးမြှုပ်နှံရေးလုပ်ငန်းရှင်များနဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားတဲ့လုပ်ငန်းရှင်များဟာ နိုင်ငံရေးအခြေအနေပြင်းထန်မှု ရှိ/မရှိမေးမြန်းမှုများရှိနေကြောင်း၊ အထူးသဖြင့် ဂျပန်နိုင်ငံမှ စက်မှုလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းရှင်များ၊ ယာဉ်နှင့် ယာဉ်အပိုပစ္စည်းထုတ်လုပ်တဲ့ ကုမ္ပဏီများက မေးမြန်းခဲ့တာလို့ဆိုပါတယ်။

ထိုင်းနိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ခဲ့ဖူးသော ဂျပန်ကုမ္ပဏီများဟာ အထူးစိုးရိမ်နေကြကြောင်း၊ ထိုင်းနိုင်ငံရဲ့ အခြေအနေကို နားမလည်ကြောင်း၊ ကုမ္ပဏီနဲ့ သဘောတူလက်မှတ် ရေးထိုးရန်ပြင်ဆင်နေတဲ့ ဂျပန်ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းရှင် ၁၀ ဦးခန့်ဟာ ရက်ရွှေ့ဆိုင်းလိုက်ပြီး ကုမ္ပဏီမှ အခြေအနေအရပ်ရပ်အား မှန်းဆပေးရန်တောင်းဆိုခဲ့တယ်လို့ သတင်းများမှာ ဖော်ပြထားပါတယ်။

***Suorce:မတ်တီချွန်းသတင်းစာ***

***မြင့်ဦး***



# မဲခေါင်မြစ်ပေါ်ကဆည်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး



မောင်ပုဆိုးကြမ်း

လွန်ခဲ့တဲ့ ဒီဇင်ဘာလအတွင်းက ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေပါဝင်တဲ့ မဲခေါင်မြစ်ကော်မရှင် (Mekong River Commission - MRC) ဟာ လာအိုနိုင်ငံမြောက်ပိုင်း၊ ဆာရာဘူလီဒေသ၊ မဲခေါင်မြစ်ပေါ်မှာ ကြီးမားတဲ့ ဆည်ကြီးတစ်ခု တည်ဆောက်မယ့် လုပ်ငန်းကို ဖြစ်နိုင်ခြေရှိတဲ့ သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှုတွေ အသေအချာ စုံစမ်းလေ့လာပြီး အားလုံးသဘောတူညီမှု မရမချင်း ရပ်ဆိုင်းထားဖို့ တောင်းဆိုထားပါတယ်။

ယနေ့အချိန်အထိ မဲခေါင်မြစ်ကြီးပေါ်မှာ ဆည်တစ်ခုမျှ တည်ဆောက်ထားခြင်းမရှိသေးဘူးလို့ သိရပါတယ်။ ဒါပေမယ့် ယခုအခါ ထိုင်းနိုင်ငံက စီအိတ်ချ်ကန်ချောင် ဆောက်လုပ်ရေးလုပ်ငန်းကြီးဟာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံ အကုန်အကျခံပြီး ဆာရာဘူလီဒေသ၊ မဲခေါင်မြစ်ပေါ်မှာဆည်ကြီးတစ်ခု တည်ဆောက်ဖို့ ကန်ထရိုက်ရရှိခဲ့တယ်လို့ သိရပါတယ်။ အဲဒီလုပ်ငန်းကြီးက ဘန်ကောက်စတော့(ခ်) အိတ်(ချ်)ချိန်း ဈေးကွက်ကို လွန်ခဲ့တဲ့ မတ်လ ၁၅ ရက်နေ့က တရားဝင်ပြောကြားခဲ့ပါတယ်။ ဆည်ကြီးတည်ဆောက်ဖို့ အလုပ်သမားပေါင်း ၅၀၀၀ ကိုလည်း ငှားရမ်းထားပြီးဖြစ်တယ်လို့ဆိုပါတယ်။ အဲဒီသတင်းကို ကြားသိတော့ လာအိုနိုင်ငံနဲ့ ဆက်စပ်နေတဲ့ ကမ္ဘောဒီးယား၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံတွေကအစိုးရတွေနဲ့ သဘာဝထိန်းသိမ်းရေး NGO အဖွဲ့အစည်းတွေက အပြင်းအထန် ကန့်ကွက်လာကြပါတယ်။

ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီး လင်ကင်ဟိုက လာအိုနိုင်ငံကို ပြင်းထန်တဲ့ ကန့်ကွက်စာ တစ်စောင်ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ သူက လွတ်လပ်တဲ့စုံစမ်းမှုတွေ မပြီးမချင်း အဲဒီဆည်ကြီးတည်ဆောက်တဲ့လုပ်ငန်းကို ရပ်ဆိုင်းထားဖို့ တောင်းဆိုထားပါတယ်။

ယခုအခါ မဲခေါင်မြစ်ကော်မရှင် (MRC) ရဲ့ကြီးကြပ်မှုနဲ့ မဲခေါင်မြစ်ပေါ်မှာ ဆည်တွေ တည်ဆောက်ရေးနဲ့ပတ်သက်တဲ့ လေ့လာဖို့လိုအပ်တဲ့ ငွေကြေးရန်ပုံငွေကို ဂျပန်နိုင်ငံက ထုတ်ပေးဖို့ သဘောတူထားတယ်လို့ သိရပါတယ်။ ဗီယက်နမ်နိုင်ငံကလည်း ကမ္ဘောဒီးယားနိုင်ငံရဲ့ တောင်းဆိုချက်ကို အပြည့်အဝထောက်ခံကြောင်း ပြောကြားပြီး လာမယ့် ၁၀ နှစ်အတွင်း မဲခေါင်မြစ်ကြီးပေါ်မှာ ဘာဆည်မှမတည်ဆောက်ကြဖို့ ထပ်တလဲလဲ တောင်းဆိုခဲ့ပါတယ်။

> မဲခေါင်မြစ်ကြီးပေါ်မှာ ဆည်တွေကို တည်ဆောက်လာမယ်ဆိုရင် တသွင်သွင်စီးဆင်းနေတဲ့ မဲခေါင်မြစ်ရေပြင်ကြီးရယ်၊ အဲဒီမြစ်ကြောင်းတစ်လျှောက်နဲ့ မြစ်တွင်းမှာ ရှင်သန်ပေါက်ဖွားနေတဲ့ ထူးဆန်းတဲ့ဇီဝမျိုးကွဲတွေကို အန္တရာယ်ပြုလာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ယိုယွင်းပျက်စီးလာစေနိုင်ပါတယ်…

လာအိုအစိုးရအနေနဲ့ မိမိနိုင်ငံ ဆာရာဘူလီဒေသ၊ မဲခေါင်မြစ်ပေါ်မှာ ဆည်ကြီးတည်ဆောက်မှာကို MRC အဖွဲ့ဝင်တွေကို အကြောင်းကြားပြီး ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ဘူးလို့ သိရပါတယ်။ ၁၉၉၅ ခုနှစ်က မဲခေါင်မြစ်ကော်မရှင် သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးခဲ့ရာမှာ အဲဒီလို ဆည်တည်ဆောက်တဲ့လုပ်ငန်းမျိုးကို ဆောင်ရွက်ရင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ညှိနှိုင်းတိုင်ပင်ဖို့၊ အိမ်နီးချင်းနိုင်ငံတွေရဲ့ အရေးကို လေးစားကြဖို့ ပါဝင်ပါတယ်။

ထိုင်းနိုင်ငံရဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ (NGOS) ဟာ "မဲခေါင်မြစ်ကြီးကို ကယ်တင်ကြစို့ (Save the Mekong)" "ကြွေးကြော်သံနဲ့အတူ လာအိုနိုင်ငံမှာ မဲခေါင်မြစ်ပေါ်ဆည်ကြီးတည်ဆောက်တဲ့လုပ်ငန်းကန့်ကွက်တဲ့ လှုပ်ရှားမှုကို အဓိကဦးဆောင်လာခဲ့ပါတယ်။ အဲဒီ NGOS တွေဟာ လာအိုနိုင်ငံ ဗီယန်းရှင်းမြို့မှာ အခြေချတဲ့ မဲခေါင်မြစ်ကော်မရှင် (MRC) ရုံးချုပ်အနေနဲ့ အဲဒီဆည်ကြီးတည်ဆောက်တဲ့ လုပ်ငန်းကိစ္စကို နှုတ်ပိတ်နေတဲ့အတွက် ပြစ်တင်ဝေဖန်ခဲ့ပါတယ်။ MRC အနေနဲ့ ဆည်တည်ဆောက်မယ့်နေရာကို တောင် လေ့လာရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့ခြင်းမရှိဘူးလို့ ထောက်ပြခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံကတော့ "လာအိုနိုင်ငံအနေနဲ့ အဲဒီဆည်ကို ဆက်လက်တည်ဆောက်ဖို့ ကြိုးစားမယ်ဆိုရင် နိုင်ငံတကာတရားရုံးမှာ အမှုဖွင့်ပြီး တရားစွဲမယ်လို့ သတိပေးထားပါတယ်။ မဲခေါင်မြစ်ထိန်းသိမ်းရေးအုပ်စုရဲ့ ဥက္ကဋ္ဌဖြစ်သူ နီဝပ်လွိုင်းခေါကတော့ အကယ်၍လာအိုက ကန့်ကွက်မှုတွေကို လက်မခံဘဲ ဆက်လက်လုပ်ကိုင်နေမယ်ဆိုရင် ထိုင်းနဲ့ လာအိုနိုင်ငံတွေကို ဆက်သွယ်တည်ဆောက်ထားတဲ့ မဲခေါင်မြစ်ပေါ်က ချစ်ကြည်ရေးတံတားကို ပိတ်ပစ်ဖို့ပဲရှိတယ်"လို့ ပြောပါတယ်။

ဒီလိုသာ မဲခေါင်မြစ်ကြီးပေါ်မှာ ဆည်တွေကို တည်ဆောက်လာမယ်ဆိုရင် တသွင်သွင်စီးဆင်းနေတဲ့ မဲခေါင်မြစ်ရေပြင်ကြီးရယ်၊ အဲဒီမြစ်ကြောင်းတစ်လျှောက်နဲ့ မြစ်တွင်းမှာရှင်သန်ပေါက်ဖွားနေတဲ့ ထူးဆန်းတဲ့ဇီဝမျိုးကွဲတွေကို အန္တရာယ်ပြုလာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ယိုယွင်းပျက်စီးလာစေနိုင်ပါတယ်။ မဲခေါင်မြစ်ကြီးရဲ့ ဂေဟစနစ်ကိုပျက်ယွင်းလာစေပြီး အဲဒီမြစ်ကြီးတစ်လျှောက်မှာနေထိုင်နေကြတဲ့ အရှေ့တောင်အာရှနိုင်ငံတွေက ပြည်သူ ၆၅ သန်းအတွက် နေ့စဉ်စားသုံးနေတဲ့ ငါးဖမ်းတဲ့ လုပ်ငန်းကြီးကိုလည်း အန္တရာယ်ပြုလာနိုင်ကြောင်းပါခင်ဗျား။ ။

***Ref:"Opening the Floodgates" (The Economist)***

---

# မြန်မာ့ရော်ဘာ

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ပုံမှန်ကုန်သွယ်မှုမှ ရော်ဘာ တန်ချိန် ၄၆၀၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၃ သန်းကျော်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရော်ဘာ တန်ချိန် ၃၃၀၀၀ ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၀ သန်းကျော် တင်ပို့နိုင်ခဲ့သဖြင့် ကာလတူထက် တန်ချိန် ၁၂၈၀၀ ကျော်၊ တန်ဖိုး ၂၃ သန်းကျော် လျော့နည်းတင်ပို့ခဲ့သည်ကို တွေ့ရှိရပါသည်။

ဈေးကွက်ရရှိမှုအနေဖြင့် ရော်ဘာတင်ပို့နိုင်မှု စုစုပေါင်း၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အများဆုံးတင်ပို့နိုင်ခဲ့သည့် မလေးရှားနိုင်ငံသို့ ၆၅ ဒသမ ၂၅ ရာခိုင်နှုန်းမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၃၅ ဒသမ ၄၇ ရာခိုင်နှုန်းသို့ လျော့နည်းတင်ပို့ခဲ့သည်ကို တွေ့ရှိရပါသည်။ ဒုတိယအများဆုံး တင်ပို့ခဲ့သည့် စင်ကာပူနိုင်ငံသို့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၇၈ ရာခိုင်နှုန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၃၀ ဒသမ ၂၉ ရာခိုင်နှုန်း၊ တတိယအများဆုံး တင်ပို့နိုင်ခဲ့သည့် တရုတ်နိုင်ငံသို့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၁၈ ဒသမ ၂၇ရာခိုင်နှုန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၆ ဒသမ ၀၄ရာခိုင်နှုန်း၊ စတုတ္ထအများဆုံးတင်ပို့ခဲ့သည့် ဗီယက်နမ်နိုင်ငံသို့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၂၅ရာခိုင်နှုန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၃၅ ရာခိုင်နှုန်းသို့ အသီးသီး တိုးမြှင့်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ရော်ဘာ FOB ဈေးနှုန်းအနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် (ဧပြီလမှ အောက်တိုဘာလအထိ) တစ်တန်လျှင် ပျမ်းမျှ ကန်ဒေါ်လာ ၄၃၀၀ ဖြင့် အမြင့်ဈေးတွင်ရှိခဲ့ပြီး နိုဝင်ဘာလမှ ၂၀၁၂ ခုနှစ်၊ မတ်လအထိ တစ်တန်လျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၃၃၆၀ ဒေါ်လာသို့ ဈေးနှုန်း ကျဆင်းသွားခဲ့သည်ကို တွေ့ရှိရပါသည်။

ရော်ဘာတင်ပို့မှု လျော့နည်းခဲ့ရခြင်းမှာ ကမ္ဘာ့ရော်ဘာထုတ်လုပ်မှု ကျဆင်းခဲ့သည့်နည်းတူ မြန်မာ့ရော်ဘာထုတ်လုပ်မှုအနည်းငယ်ကျဆင်းခဲ့သဖြင့် တင်ပို့နိုင်မှု လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။ ဈေးနှုန်းအားဖြင့် အခြားရော်ဘာတင်ပို့သောနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေဆဲဖြစ်ပါသည်။ ပြည်တွင်း ရော်ဘာထုတ်လုပ်မှု အရည်အသွေး စံချိန်စံညွှန်းမမီသဖြင့် ဈေးလျှော့ရောင်းချနေရခြင်းဖြစ်ရာ မြန်မာ့ရော်ဘာများ ကမ္ဘာ့အရည်အသွေး အဆင့်အတန်းသတ်မှတ်ချက်နှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းအနေဖြင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့်ပူးပေါင်း၍ ပြည်ပမှပညာရှင်များဖိတ်ခေါ်ပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးထုတ်လုပ်သူများအား နည်းပညာများဖြန့်ဝေပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး တစ်စထက်တစ်စ ကုန်ကြမ်းအရည်အသွေး မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးများ ကြိုးပမ်းဆောင်ရွက်ပေးခြင်းဖြင့် ဈေးနှုန်း ပိုမိုရရှိလာမည်ဖြစ်ပြီး ပိုမိုတိုးမြှင့်တင်ပို့လာနိုင်မည်ဖြစ်ပါသည်။ ပို့ကုန်လုပ်ငန်းရှင်များအတွက် ပြည်ပသို့ တင်ပို့သည့် ဈေးနှုန်းများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဦးဆောင်မှုဖြင့် ဈေးကွက်နေ့စဉ်ပေါက်ဈေးများအတိုင်း လိုင်စင်လျှောက်ထားခွင့်ပြုပေးလျက်ရှိရာ ပို့ကုန်လုပ်ငန်းများ ပိုမိုမြန်ဆန်အဆင်ပြေ ချောမွေ့လာပြီဖြစ်ပါသည်။ ပြည်တွင်းတာယာထုတ်လုပ်မှု လုပ်ငန်းများတွင်လည်း လုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာမှုများ ရှိလာပြီဖြစ်သောကြောင့် ရော်ဘာကုန်ကြမ်း တင်ပို့မှုအနေဖြင့် နောင် အနာဂတ်တွင် လျော့ကျလာနိုင်သော်လည်း ပြည်တွင်းထုတ်တာယာများကို သုံးစွဲခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်လုပ်မှုစက်မှုလုပ်ငန်းများ တိုးတက်လာနိုင်တော့မည် ဖြစ်ပါသည်။

***Exp Mg Mg Lwin***

# ရိတ်သိမ်းချိန်လွန် နည်းပညာ ပညာပေးအစီအစဉ် (၁)

## ကာကွယ်ကြမယ် သိုလှောင်ရုံ မှိုအန္တရာယ်

သိုလှောင်ရုံမှိုဆိုတာ မရိတ်သိမ်းမီကွင်းထဲမှမတွေ့ရဘဲ သိုလှောင်တဲ့ကာလအတွင်းမှာမှ သီးနှံနှင့် အစေ့တွေကိုဖျက်ဆီးတတ်တဲ့မှိုတွေပဲ ဖြစ်ပါသည်။ ဆန်မှာဆိုပါက အဓိကတွေ့ရသော သိုလှောင်ရုံမှိုများမှာ Aspergillus နှင့် Penicillium မှိုမျိုးစိတ်တွေ ဖြစ်ပါသည်။ ရိတ်သိမ်း၊ ကိုင်တွယ်၊ သိုလှောင်မှုတို့တွင် အသုံးပြုသော ပစ္စည်းများ၌ မှိုမျိုးဥ (Spores) များရှိနေခြင်းအားဖြင့် သိုလှောင်သီးနှံများမှာ မှိုမျိုးဥများ ကူးစက်ခံရပြီး မြင့်မားသော အပူချိန်နှင့် အစိုဓာတ်တို့ကြောင့် မှိုပေါက်ပွား/ ပျံ့နှံ့နှုန်း မြန်ဆန်လာရပါသည်။ သိုလှောင်ရုံမှိုတွေ ဖြစ်ပွားမှုကို -

**(က) သီးနှံ၏သိုလှောင်စအချိန်တွင်ရှိသော အစိုဓာတ်**
**(ခ) အပူချိန်**
**(ဂ) သိုလှောင်စအချိန်တွင်ရှိသော သီးနှံ၏ အခြေအနေ**
**(ဃ) သိုလှောင်မည့်ကာလနှင့်**
**(င) သီးနှံပုံအတွင်းပိုးမွှားကျရောက်မှုပမာဏ** စသည့်အချက်များက လွှမ်းမိုးထားပါသည်။

သိုလှောင်သီးနှံတွေမှာ ၄င်းမှိုများ ပေါက်ပွားကြီးထွားနေခြင်းဖြင့်-

**(က) သီးနှံ၏မျိုးပွားနှုန်းကို ကျဆင်းစေခြင်း**
**(ခ) သီးနှံအလေးချိန် လျော့ကျခြင်း**
**(ဂ) သီးနှံရှိအာဟာရတန်ဖိုးများ လျော့ကျခြင်း**
**(ဃ) သီးနှံ၏စက်ကြိတ်အရည်အသွေး ကျဆင်းခြင်း**
**(င) သီးနှံ၏အနံ့ပျက်ယွင်းခြင်းနှင့်**
**(စ) သီးနှံ၏ အရောင် ပျက်ယွင်းခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။**

ထို့ကြောင့် စီးပွားရေးကိုလည်း သိသိသာသာ ထိခိုက်လာစေပါသည်။ ထို့အပြင် ၄င်းမှိုမှားမှ လူနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက် အလွန်အန္တရာယ်ကြီးမားသည့် မှိုဆိပ် (Mycotoxin) များကိုပါ ထုတ်ပေးနိုင်ပါသည်။

ထို့ကြောင့် သီးနှံများကို သိုလှောင်ရုံမှိုကျရောက်ခြင်းမှ ကာကွယ်ရန် (သို့မဟုတ်) သိုလှောင်ရုံမှိုကြောင့် ပျက်စီးဆုံးရှုံးခြင်းမှကာကွယ်ရန် အောက်ပါအချက်အချို့က အသုံးဝင်ပါလိမ့်မည်။

**(က) ရိတ်သိမ်းပြီးလျှင်ပြီးချင်း ဖြစ်နိုင်သမျှ မြန်မြန်အခြောက်ခံပါ။**
**(ခ) အစိုဓာတ် ၁၄ရာခိုင်နှုန်းနှင့်အောက်ရောက်မှ သိုလှောင်သင့်ပါသည်။**
**(ဂ) သီးနှံကို ပိုးမွှားများကင်းစင်အောင် ပြုလုပ်ပြီးမှ သိုလှောင်သင့်ပါသည်။**
**(ဃ) ပျက်စီးနေသော သီးနှံနှင့် အခြားမျိုးကွဲများကင်းစင်အောင်ပြုလုပ်ပြီးမှ သိုလှောင်ပါ။**
**(င) သီးနှံများကို ကာလတိုသာ သိုလှောင်သင့်ပါသည်။**
**(စ) သီးနှံရိတ်သိမ်း၊ ကိုင်တွယ်၊ ထိန်းသိမ်း၊ သိုလှောင်တဲ့ လုပ်ငန်းစဉ်အဆင့်တိုင်းမှာ အသုံးပြုသော ပစ္စည်းတွေဟာ သန့်စင်မှုရှိပြီး မှိုမျိုးဥ (Spore) များ ကင်းစင်နေရပါမည်။**
**(ဆ) သိုလှောင်ထားသည့် သီးနှံပုံအတွင်းရှိ အပူချိန်နှင့် အစိုဓာတ်ကို ထိန်းညှိပေးဖို့အတွက် လေမှုတ်သွင်းခြင်း (Aeration) လုပ်ငန်းကို ဆောင်ရွက်ရပါမည်။**
**(ဇ) မိမိသိုလှောင်ထားသောသီးနှံပုံကို အချိန်တစ်ခုသတ်မှတ်ပြီး ပုံမှန်စစ်ဆေးသင့်ပါသည်။**

အထက်ဖော်ပြပါ အချက်များသည် သိုလှောင်သီးနှံများ မှိုစွဲကပ်ပြီး ပျက်စီးဆုံးရှုံးခြင်းဖြစ်စဉ်ကို လျော့ကျစေနိုင်သော နည်းလမ်းကောင်းများ ဖြစ်ပါသည်။

***အိအိချော, Ref:Agricultural Engineering Unit doo from IRRI***

## ဟုမ်မာလီ အုံ့ဖွယ် ထိုင်းစပယ်ဆန်မွှေး

ဟုမ်မာလီဆိုတာ အရည်အသွေးမြင့် ထိုင်းစပယ်ရနံ့သင်းဆန်မွှေးပါ။ ကမ္ဘာပေါ်ရှိအရသာစစ်ဆေး ကျွမ်းကျင်သူများမှ အကောင်းဆုံးဟု အသိအမှတ်ပြုခံထားရတဲ့ ဆန်ဖြစ်ပါတယ်။ဒီဟုမ်မာလီဆန်ရဲ့ နှစ်သက်ဖွယ်ကောင်းမှုနဲ့ စားသုံးသူအကြိုက်ကိုဖြစ်စေတဲ့ အရည်အသွေးများကို လွန်ခဲ့တဲ့ အနှစ် ၅၀ကျော်လောက်ကတည်းက သဘာဝဆန်မွှေးထံမှ အမွေဆက်ခံ ရရှိထားခြင်းဖြစ်ပါတယ်။ စားသုံးသူများ၏ အကြိုက်ဖြစ်တဲ့ အဆင့်အတန်း အရည်အသွေးများနှင့်ပြည့်စုံအောင် မျိုးစပ်ထုတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဟုမ်မာလီဆန်ရဲ့ အရေးပါမှုကို ထိုင်းလယ်သမားများက ဂုဏ်ယူလျက်ရှိပြီး အစွမ်းကုန် အကောင်းဆုံးကြိုးစားထုတ်လုပ်နေပါတယ်။

ဟုမ်မာလီဆန် ဆင်းသက်လာတဲ့ စပါးမျိုးများကတော့ ကွာဒေါ့မာလီ (Khao Dawk Mali) ၁၀၅ နှင့်အာ ၁၅ (R15)တို့ဖြစ်ပါတယ်။စပါးနှစ်မျိုးစလုံးမှာ ထိုင်းဇာတိစပါးမျိုးများဖြစ်ပြီး ထိုင်းနိုင်ငံရေမြေသဘာဝရာသီဉတု အခြေအနေမှာသာ စိုက်ပျိုးနိုင်တာပါ။ ဒါပေမဲ့ မိုးရေသောက်လယ်မြေများဖြစ်တဲ့ အရှေ့မြောက်ဒေသမှာတော့ အကောင်းဆုံး စိုက်ပျိုးဖြစ်ထွန်းနိုင်ပါတယ်။နှစ်စဉ်ဆန်ဖြူတန် နှစ်သန်းထုတ်လုပ်ပါတယ်။ဒီပမာဏဟာ ပြည်တွင်းစားသုံးမှုအတွက်နဲ့ ပြည်ပအပြည်ပြည်ဆိုင်ရာဈေးကွက်အတွက်ပါ လုံလောက်ပါတယ်။

ရိုးရာထွန်ယက်စိုက်ပျိုးနည်းများဖြစ်တဲ့ လူအားဖြင့်ထွန်ယက်ခြင်း၊ မျိုးစေ့ချခြင်း၊ ဓာတုပိုးသတ်ဆေးမသုံးစွဲဘဲ ပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ လူအားဖြင့်ရိတ်သိမ်းခြင်းတို့ကြောင့် စားသုံးသူများက စပယ်ဆန်မွှေးဟာ အစားအစာလုံခြုံစိတ်ချရမှုရှိပြီး ကျန်းမာရေးနှင့်ညီညွတ်တယ်လို့ ယုံကြည်ကြပါတယ်။ ဒါ့အပြင် ဒီဆန်မွှေးရဲ့ အကောင်းဆုံးနဲ့ တစ်ပြေးညီ အရည်အသွေး စံချိန်စံညွှန်းများကို အာမခံချက် ကုန်သည်များအားပေးနိုင်ရန် ထိုင်းစီးပွားကူးသန်းဝန်ကြီးဌာနဟာ ထိုင်းနိုင်ငံစိုက်ပျိုးရေးဌာနနဲ့အတူပူးပေါင်းပြီး တရားဝင် ထိုင်းဟုမ်မာလီဆန်ရဲ့ အဆင့်အတန်း စံချိန်စံညွှန်းများကို ၁၉၉၈ ဖေဖော်ဝါရီလမှာ ရေးဆွဲသတ်မှတ်ထုတ် ပြန်ပေးခဲ့ပါတယ်။ ကိုယ်တိုင် ထိုင်းစပယ်ဆန်မွှေးကိုချက်၍ သုံးဆောင်ကြည့်ပါ။ သဘာဝမွှေးပျံ့တဲ့ စပယ်ရနံ့နဲ့ နူးညံ့အိထွေးပျော့ပျောင်းပြီး ပြည့်ဝကောင်းမွန်တဲ့ အာဟာရအရသာကို သင်ခံစားမိပါလိမ့်မယ်။

***စာမျက်နှာ ၃၅ သို့***

# ရိတ်သိမ်းချိန်လွန် နည်းပညာ ပညာပေးအစီအစဉ် (၂)

## ဆန်ဖြူဖြူ မစားသင့်ပါ

စွမ်းအင်တင်ဦး

***(ယခင်တစ်ပတ်မှ အဆက်)***

တစ်ကြိမ်ဖွပ်လျှင် ဖွဲနု ၁ မှ ၃ ရာခိုင်နှုန်းအထိထွက်အောင် ဖွပ်ထားသည်။ ကြိတ်ဖွပ်ပြီး ဆန်ဖြူဂရမ် ၁၀၀ တွင် ကျန်ရှိသည့် ဗီတာမင်မီလီဂရမ်ကို အောက်ဖော်ပြပါဇယားတွင် တွေ့နိုင်ပါသည်။

| ဗီတာမင် | လုံးတီး ဖွပ်သည့်ဆန် | ပထမ ဆန်ဖြူကျော်ကို ဖွပ်သည့်ဆန် | ဒုတိယ ဆန်ဖြူကျော်ကို ဖွပ်သည့်ဆန် | တတိယ ဆန်ဖြူကျော်ကို |
|---|---|---|---|---|
| ဆန်ဖြူ | | | | |
| B1 | 0.13 | 0.104 | 0.087 | 0.074 |
| နိုင်ယာစင် | 1.54 | 1.081 | 0.856 | 0.73 |
| B6 | 0.19 | 0.116 | 0.099 | 0.09 |
| B2 | 0.04 | 0.036 | 0.033 | 0.032 |
| ပေါင်းဆန် | | | | |
| B1 | 0.15 | 0.138 | 0.131 | 0.124 |
| နိုင်ယာစင် | 3.2 | 2.588 | 2.288 | 2.08 |
| B2 | 0.044 | 0.039 | 0.035 | 0.032 |

ယခုအခါ ဗီတာမင် B1 ချို့တဲ့မှုများ ဖြစ်နေသည်ဟူသော အခြေအနေကို ဆန်ဖြူလျှော့ကြိတ်ထားသော ဆန်ကိုစားခြင်းဖြင့်လည်းကောင်း၊ ပေါင်းဆန်စားခြင်းဖြင့်လည်းကောင်း ဖြေရှင်း၍ရပါသည်။ သုံးကြိမ်ကြိတ်ပြီး ဆန်ဖြူတွင် ပေါင်းဆန်က ဆန်ဖြူထက် ဗီတာမင် ၆၈ရာနှုန်းမျှ ပိုမိုရရှိနိုင်ကြောင်း ဇယားအရ သိရပါသည်။

ပေါင်းဆန် (Perboil Rice) ဟူသည်မှာ စပါးကို ရေနွေးတွင်စိမ်ရသည်။ ထို့နောက် ရေနွေးငွေ့နှင့် အပူပေးသည်။ ဆန်စေ့မှာ ကော်တစ်ပိုင်းဖြစ်သွားသည်။ ပေါင်းဆန် အမျိုးအစားအလိုက် ဆန်စေ့မှ ကော်ဖြစ်မှုနှုန်းထားများ ပြောင်းလဲသည်။ ထိုသို့ပေါင်းလိုက်သောအခါ ဖွဲနုခွံတွင်ရှိသော ဗီတာမင်များမှာ ဆန်စေ့ထဲသို့ ပျံ့နှံ့သွားသည်။ ဆန်စေ့တစ်ခုလုံးတွင် ပျံ့နှံ့နေသော အဆီများမှာ ဖွဲနုခွံသို့လာ ရောက်စုဝေးကြသည်။ ဆန်တွင်ရှိသော အကျိုးရာများ (SUN CRACK) များမှာ ပြန်ဆက်၍ ဆန်ကြိတ်သောအခါ ဆန်သားရရှိမှု ပိုမိုလာသည်။

ပေါင်းဆန်သည် ကျွန်ုပ်တို့နိုင်ငံ၏ တစ်ခါက ပြည်ပသို့တင်ပို့ခဲ့သော အဓိက ကုန်စည်ဖြစ်သည်။ ပြည်တွင်း စားသုံးမှုက မရှိသလောက်ပင်။ ကျွန်ုပ်တို့၏အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ် အိန္ဒိယ စသည်တို့မှာ ပေါင်းဆန်ကို စားကြသည်။ အဓိကအစားအစာလည်းဖြစ်သည်။ ပေါင်းဆန်ကို ကြိတ်ခွဲသောအခါ ကြိတ်ဖွပ်မှု သုံးကြိမ်၌ထွက်လာသော ဖွဲနုတွင်ရှိ ဗီတာမင်ပမာဏ၊ ဆန်တွင်ကျန်ခဲ့သော ဗီတာမင်ပမာဏတို့ကို အထက်တွင်တွေ့ခဲ့ပြီး ဖြစ်ပါသည်။

ပေါင်းဆန်စားသုံးသော အိမ်နီးချင်းနိုင်ငံများရှိ ကလေးများတွင် ဗီတာမင် B1 ချို့တဲ့မှုကြောင့် ဖြစ်ရသော ရောဂါများနည်းပါးပြီး ဆန်ဖြူစားသော ကျွန်ုပ်တို့နိုင်ငံ ကလေးငယ်တို့မှာ ဗီတာမင် B1 ချို့တဲ့သောရောဂါများ ပိုမိုဖြစ်ပေါ်နေကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ အစီရင်ခံစာတွင် ဖော်ပြထားသည်ဟုသိရပါသည်။ ပေါင်းဆန်ထုတ်လုပ် စားသင့်ကြောင်းကို တိုက်တွန်းထားသည်ဟု ဆိုပါသည်။ ထိုအခြေအနေကြောင့် ကျွန်ုပ်တို့နိုင်ငံမှာ ဆန်စက်ပညာရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များသည် ပေါင်းဆန်ထုတ်လုပ်ရန် ကြိုးပမ်းမှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဝမ်းသာဖွယ် သတင်းစကားကြားသိရပါသည်။ အချို့မှာ နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း သိရပါသည်။

ဗီတာမင် B1 ချို့တဲ့မှုသည် ဆန်ဖြူစားခြင်းကြောင့် ဖြစ်ရသည်ဆိုလျှင် ဆန်ဖြူကို မည်သည့်အကြောင်းကြောင့် ပိုမိုစားသုံးကြပါသနည်း ဆန်းစစ်ရန်လိုအပ်ပါသည်။ ကျွန်တော့်အမြင်မှာ ဆန်ဖြူစားခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးများမှာ-

၁။ အနည်းငယ်ညှိသော ဆန်နှင့်စာလျှင် ဖြူဖွေးနေသော ဆန်မှာ မျက်စိပသာဒ နှစ်လိုဖွယ်ရှိခြင်း။

၂။ ဆန်ဖြူ ထမင်းသည်စား၍ ပိုကောင်းခြင်း။

၃။ ဆန်ဖြူသည် ပိုမိုအထားခံခြင်းဟူသောအချက် သုံးခုသာ တွေ့ရသည်။ အရသာကို ဦးစားပေးသည့် စိတ်အလိုလိုက်မှုများဖြစ်၍ တွေးဆ ဆင်ခြင်မှုတစ်ခုတည်းနှင့် ကျော်လွှားနိုင်သည့် အခြေအနေများဖြစ်သည်။

ဆန်ဖြူစားခြင်းကြောင့် ရရှိလာသောဆိုးကျိုးများမှာ-

၁။ **ဆန်ထွက်လျော့ခြင်း။** ပေါင် ၅၀ ကိုက် စပါးတင်း ၁၀၀ ကြိတ်လျှင် ဆန်ကွဲ ၁၀ ရာခိုင်နှုန်းပါ ဆန်ဖြူ ၂၁ အိတ်ခန့်ထွက်၏။ ဆန်ကွဲ ၁၀ရာခိုင်နှုန်းပါ ဆန်ဖြူ (ရှယ်စ) ၁၈ အိတ်ထက် ပိုရန်ခက်ခဲလှသည်။ ၃ အိတ်အထိ လျော့လာနိုင်ပါသည်။ အတိအကျမဟုတ် မှန်းဆချက်မျှသာဖြစ်ပါသည်။

၂။ ဆန်ဖြူဖြူတွင် ဗီတာမင် B1,B2 စသည့်တို့လျော့၍ အာဟာရချို့တဲ့သောရောဂါများ ဖြစ်လာနိုင် လာနိုင်ပါသည်။

၃။ ဆန်စက်များမှာ ဆန်ဖြူကြိတ်ခြင်းကြောင့် စွမ်းအင်ပိုမိုလိုအပ်ပြီး စွမ်းအင်ဖြုန်းတီးရာရောက်သည်။ ဥပမာအားဖြင့် ဘွိုင်လာသုံး စက်များမှာ ယခင် အတော်အသင့်ဖြူသော ဆန်ကြိတ်ခွဲစဉ်က စပါးခွံလောင်စာများ လုံလောက်ရုံမျှမက ပိုလျှံခဲ့ပါသည်။ ဆန်ဖြူဖြူစားသော ယခုခေတ်တွင် ဘွိုင်လာအားလုံးနီးပါးမှာ စပါးခွံလောင်စာမလုံလောက်၍ ဝယ်ရသည့်အနေအထားတွင်ရှိပါသည်။ ဒီဇယ်ဖြင့်မောင်းသော ဆန်စက်များမှာ ဒီဇယ်ဖိုးကုန်ကျစရိတ်ကြီးမား၍ ရပ်ထားရသည်မှာ အများအပြားဖြစ်ပါသည်။

***စာမျက်နှာ ၃၅ သို့***

# မန္တလေး မြို့သစ်ကြီး ပေါ်လာသော်လည်း မန္တလေးမြို့ လက်ရှိမြေဈေး မကျနိုင် ခန့်မှန်း


မန္တလေးမြို့သစ်ကြီးကို မန္တလေးမြို့အနီး အင်းဝမြို့ဟောင်းအနီးမှာ တည်ဆောက်ဖို့ သတင်းများထွက်ပေါ်ပြီးနောက် အင်းဝမြို့ရှိမြေကွက်များအား လိုက်လံဝယ်ယူနေခြင်းများကြောင့် အင်းဝမြေဈေးမှာ နေရာအလိုက် တန်ဖိုးတက်ပြီး၊ အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ယခုလမှာ မန္တလေးမြို့တွင်းနဲ့ မြို့သစ်မြေကွက်များမှာ အရောင်းအဝယ်အေးပြီးဈေးတန့်နေကြောင်း သိရပါတယ်။

မန္တလေးမြို့ ဝါရင့်မြေအကျိုးအဆောင်တစ်ဦးက “မန္တလေးမြို့သစ်ကြီး ထပ်ပေါ်လာလည်း လက်ရှိမြို့သစ်မြေဈေးက တန်ဖိုးမကျနိုင်ပါဘူး။ မန္တလေးမြို့က စီးပွားရေးအချက်အချာကျပြီး အတည်တကျနေတဲ့သူတွေများပါတယ်။ သူနေရာနဲ့သူ တန်ဖိုးရှိနေမှာပါ။ ဒေသစွဲစိတ်လည်းရှိတော့ မြို့သစ်တွေဘယ်လောက်ပဲပေါ်လာပါက မန္တလေးကို မထိခိုက်နိုင်ပါဘူး။ ရိုက်ခတ်မိလည်းအနည်းအကျဉ်းပဲရှိမယ်။ ခုလုပ်မယ့် မြို့သစ်စီမံကိန်းက ပုဂ္ဂလိကလုပ်ငန်းရှင်တွေ စုပေါင်းပြီး လုပ်ရမယ့် စီမံကိန်းဆိုတော့ အချိန်တိုတိုနဲ့ အကောင်အထည်မပေါ်နိုင်ဘူး။ နှစ်ပေါင်း ၂၀ လောက် အချိန်ယူမှ အကောင်အထည်ပေါ်နိုင်မယ်။ ဒါကြောင့် နှစ်ပေါင်း ၂၀ အတွင်းမထိခိုက်နိုင်ပါဘူး”လို့ ပြောပါတယ်။

မန္တလေးမြို့မြေဈေးမှာ တစ်ရိပ်ရိပ်တက်လာခဲ့ရာ ငွေတန်ဖိုးအလိုက် မြန်မာငွေဈေးနဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ငွေလဲနှုန်းပြောင်းလဲလာတဲ့အပေါ် မြေဈေးပြောင်းလဲလာကြောင်း သိရပါတယ်။ ယခုလတ်တလောမှာ ဒေါ်လာဈေး ငြိမ်နေခြင်း၊ ရွှေဈေးနှုန်း အတက်နှေးပြီး အကျနဲ့ ဈေးငြိမ်နေခြင်းများကြောင့် မန္တလေးမြို့မြေကွက်များမှာ အရောင်းအဝယ်ပြန်သွက်လာနိုင်ကြောင်း မြေအကျိုးဆောင်အချို့က သုံးသပ်ပါတယ်။

**ဇူးဇူး**

# မူဆယ် - မန်း ကုန်အရနည်းပြီး ဂိတ်နှင့် ကားများပြီး တွက်ခြေမကိုက်



ယခုရာသီမှာ မူဆယ်-မန္တလေး ကုန်အရနည်းခြင်းကြောင့် ကုန်စည်ပို့ဆောင်ခနှုန်းကျပြီး၊ ကုန်စည်ပို့ဆောင်ရေးဂိတ်များ တွက်ခြေမကိုက်ကြောင်း စိန်ထိပ်တန်းကုန်စည်ပို့ဆောင်ရေးဂိတ်ပိုင်ရှင် ကိုစန်းနိုင်ဦးက ပြောပါတယ်။

ရာသီကြောင့် ကုန်အရနည်းတဲ့အပြင် တဖြည်းဖြည်းနဲ့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ တိုးလာပြီး၊ အခြားမြို့များမှာ သုံးစွဲနေတဲ့ ကားများ မန္တလေးမှာ စုနေခြင်းကြောင့် ကုန်ရနည်းလာခြင်းဖြစ်ကြောင်း သိရပါတယ်။

“ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွေက ဆွေမျိုးတွေ စုဖွဲ့ကြပြီး၊ လုပ်ငန်းနားလည်လာတော့ ခွဲထွက်လုပ်လာကြတယ်။ ဒါကြောင့် တဖြည်းဖြည်းနဲ့ မန္တလေးမှာ ဂိတ်တွေများလာတာ။ နယ်နဲ့ မန္တလေးဆွဲတဲ့ကားတွေကလည်း ဒီရာသီကုန်ပါးချိန်မို့ မန္တလေးမှာ ကားများချိန်ဖြစ်နေတာ။ ဒါ့အပြင် တရုတ်နိုင်ငံဘက်က ကုန်အဆင်းမရှိသလောက် နည်းနေလို့ အဆင်းကုန်ဈေးတော်တော်ကျတယ်။ ပြည်တွင်းက သုံးနေတဲ့ကုန်တချို့ကိုလည်း ကိုယ်ပိုင်ကားတွေနဲ့ တစ်ပိုင်တစ်နိုင် သယ်ယူကြတာလည်း တွေ့ရတယ်။ ဒါကြောင့် အဆင်းကုန်မရလို့ အပေါ်မှာ ကားတွေပုံနေတဲ့အတွက် အတက်ကုန်ဈေးက ဈေးရနေတာ”လို့ ၎င်းကပြောပါတယ်။

မူဆယ် - မန်း အတက်ကုန်များမှာ ဆန်၊ ပြောင်း၊ မြေပဲ၊ ပဲတီစိမ်း၊ ရော်ဘာ၊ သစ်တောထွက် ပရဆေးပစ္စည်းများ တင်ပို့မှုရှိပြီး၊ အဆင်းကုန်များမှာ မြေဆီအဓိကထားဝင်နေပြီး၊ ဆောက်လုပ်ရေးသုံး ပစ္စည်းအချို့ဝင်နေကြောင်း သိရပါတယ်။ အတက်ကုန်ဈေးနှုန်းမှာ တစ်ပိဿာကို ကုန်ကျစ်၊ ကုန်ပွပေါ်မူတည်ပြီး ၉၀ ကျပ်ဝန်းကျင်ရှိပြီး၊ အဆင်းကုန်ဈေးနှုန်းမှာ ၃၈ ကျပ်၊ ၃၉ ကျပ်၊ ၄၀ ကျပ်သာရှိကြောင်း သိရပါတယ်။ ဝါတွင်း ကာလမှာလည်း ကုန်သယ်ယူမှုပါးမည်ဖြစ်ကြောင်း သိရပါတယ်။

**ဇူးဇူး**

# အိမ်ခြံမြေ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | ဒဂုံမြို့နယ်၊ နဝဒေးလမ်း | (၁၅x၅၀)ပေ | (၄)လွှာ၊ အခန်းဖွဲ့ပြီး | ၆၀၀ သိန်း | | ၇၀၂၄၇၅ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂ ◦၅x၅၀)ပေ | (ပ)ထပ် | ၁၇၀ သိန်း | | ၇၀၂၄၇၅ |
| ၃။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်အိမ်ရာ | (၄၀x၄၀)ပေ | (၃)ထပ် | ၅ သိန်း | ၁လအငှားနှုန်း | ၇၀၂၄၇၅ |
| ၄။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဓမ္မာရုံလမ်း | (၁၂ ◦၅x၅၀)ပေ | (၆)လွှာ၊ အခန်းဖွဲ့ပြီး | ၁၆၅ သိန်း | AC/မီတာ/ ရေမီတာပါ | ၀၉၅၁၉၃၂၃၀ |
| ၅။ | မြေ | ဒဂုံဆိပ်ကမ်းမြို့နယ်၊ အိမ်ရာရပ်ကွက် | (၃၀x၆၀)ပေ | မြေသီးသန့် | ၂၀၀ သိန်း | | ၇၀၂၄၀၅ |
| ၆။ | မြေ | ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက် နဝရတ်လမ်းသွယ် | (၄၀x၆၀)ပေ | မြေသီးသန့် | ၁၀၀၀ သိန်း | မင်းရဲကျော်စွာ လမ်းမနှင့်နီး | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | အိမ်/မြေ | သယ်န်းကျွန်းမြို့နယ်၊ ဇင်္ဂလလမ်း | (၄၀x၆၀)ပေ | BN (၂)ထပ် | ၂၇၅၀ သိန်း | အသင့်နေ၊ဖုန်းပါ၊ မြေပါ(၄၀x၆၀)နီးပါးရှိ | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | အလုံမြို့နယ်၊ ကွင်းကျောင်းလမ်းအနီး | (၅၅x၃၀)ပေ | RC (၃)ထပ် | ၅၀၄၀ သိန်း | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ စန္ဒာလမ်းသွယ် | (၈၀x၈၀)ပေ | RC(၂)ထပ်တိုက်သစ် | ၃၅၀၀ သိန်း | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၁၀။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာ(၄)လမ်း | (၃၀x၅၀)ပေ | RC (၁) ထပ် | ၂◦၂၀ သိန်း | ၁လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |

***SN***

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | စူပါဆလွန်း (၈၇) | ၁က | ၇၅ သိန်း | |
| ၂။ | စူပါဆလွန်း (၉၀) | ၃က | ၉၀ သိန်း | |
| ၃။ | ကိုရိုလာဗင် (၈၆) | ၁က | ၇၅ သိန်း | |
| ၄။ | ပရိုဘောက် (၂၀၀၇) | ၄ဃ | ၁၆၀ သိန်း | ၁◦၅ ဓာတ်ဆီ |
| ၅။ | နီဆန်း အေဒီ ဗင် (၂၀၀၇) | ၄ဃ | ၁၆၅ သိန်း | ဓာတ်ဆီ |
| ၆။ | ပါရာဒို (၉၇) | ၃ဃ | ၃၀၅ သိန်း | ဒီဇယ် |
| ၇။ | ပရီမီယို (၂၀၀၂) | ၄ဃ | ၁၉၀ သိန်း | ၁◦၈ ဓာတ်ဆီ |
| ၈။ | စူပါကပ်စတန် (၂၀၀၀) | ၈ဈ | ၁၇၅ သိန်း | ဒီဇယ် |
| ၉။ | အာ(လ်)ဖတ် (၂၀၀၁) | ၁ဃ | ၂၆၅ သိန်း | ဓာတ်ဆီ |
| ၁၀။ | တောင်းအေ့(စ်) (စက်မှုဇုန်) | ၈ဇ | ၁၂၅ သိန်း | (၉၇) ပုံစံ |

***SN***

# ကယားပြည်နယ်မှာ တရားမဝင် မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်လိုင်စင် အသစ်ပေးပြီ

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ကျောင်းသားအားကစားကွင်းရှိ အားကစားခန်းမမှာ ၂၀၁၂ ခုနှစ် ဇွန် ၅ ရက်ကစပြီး စုပေါင်းအဖွဲ့ဖြင့် တရားမဝင် မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်လိုင်စင်အသစ် ပြုလုပ်ပေးလျက်ရှိရာ ဇွန် ၂၀ ရက်အထိ မော်တော်ဆိုင်ကယ် ၁၀၄၉ စီးအတွက် စည်းကြပ်တန်ဖိုးငွေ ကျပ် ၅၇၈ သိန်းကျော် ရရှိနေပြီဖြစ်ကြောင်း သိရပါတယ်။ လိုင်စင်သစ်ပြုလုပ်ပေးရာမှာ ဆိုင်ကယ်ထုတ်လုပ်တဲ့နိုင်ငံနဲ့ ဆိုင်ကယ်ရဲ့ မော်ဒယ်အင်ဂျင်ပါဝါအလိုက် အောက်ပါအတိုင်း တန်ဖိုးသတ်မှတ်ခဲ့ပါတယ် -

**ရေတွက်ပုံ-ကျပ်**

| စဉ် | ထုတ်လုပ်နိုင်ငံ | ခုနှစ် ၁၉၉၈-၂၀၀၀ (အင်ဂျင်ပါဝါ) | | ခုနှစ် ၂၀၀၁-၂၀၀၅ (အင်ဂျင်ပါဝါ) | | ခုနှစ် ၂၀၀၆-၂၀၁၀ (အင်ဂျင်ပါဝါ) | | ခုနှစ် ၂၀၁၁ အထက် (အင်ဂျင်ပါဝါ) | |
|---|---|---|---|---|---|---|---|---|---|
| | | ၁၁၀ | ၁၂၅ | ၁၁၀ | ၁၂၅ | ၁၁၀ | ၁၂၅ | ၁၁၀ | ၁၂၅ |
| ၁ | ဂျပန် | - | ၂၀၃၉၂၅ | - | ၃၆၂၈၀၀ | - | - | - | - |
| ၂ | အိန္ဒိယ | ၆၅၅၅၀ | ၇၄၇၇၅ | ၇၅၈၀၀ | ၇၉၉၀၀ | ၁၀၈၆၀၀ | ၁၁၂၇၀၀ | ၁၁၈၈၅၀ | ၁၂၃၉၇၅ |
| ၃ | ထိုင်း | ၄၇၁၀၀ | ၅၆၃၂၅ | ၅၃၂၅၀ | ၆၁၄၅၀ | ၇၂၇၂၅ | ၉၈၃၅၀ | ၁၁၃၇၂၅ | ၁၄၇၅၅၀ |
| ၄ | တရုတ် | ၃၄၈၀၀ | ၃၆၈၅၀ | ၃၉၉၂၅ | ၄၁၉၇၅ | ၄၉၁၅၀ | ၅၄၂၇၅ | ၅၆၃၂၅ | ၅၉၄၀၀ |



ကယားပြည်နယ်အတွင်း မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်လိုင်စင်အသစ်ပြုလုပ်ပေးခြင်းကို ၂၀၁၂ ခုနှစ် ဇွန် ၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ လေးလအတွင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး၊ အများပြည်သူများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့တွင် ဇွန် ၅ ရက်မှ ဩဂုတ် ၄ ရက်အထိ နှစ်လ၊ ဘောလခဲခရိုင် ဘောလခဲတွင် ဩဂုတ် ၅ ရက်မှ စက်တင်ဘာ ၄ ရက်ထိ တစ်လနဲ့ လွိုင်ကော်မြို့မှာ စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၄ ရက်ထိ ဒုတိယအကြိမ် တစ်လ ထပ်မံဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

**မင်းအောင်**



# အနုပညာ အလုပ်ဆိုတာကြီးကို အရမ်းကြိုက်တယ်ဆိုတဲ့ သဇင်

➢ **ဂီတအပေါ်ခံစားမှုနဲ့ ရုပ်ရှင်အပေါ် ခံစားမှုက. . . .**

အနုပညာ အလုပ်ဆိုတာကြီးကို အရမ်းကြိုက်တာ။ စတုန်းကတော့ ဘယ်အလုပ်မဆို အရမ်းခက်ပါတယ်။ သီချင်းဆိုတာလည်း ညည်းလိုက်တာ လွယ်ပေမယ့် တကယ်တမ်းဆိုတဲ့အခါအရမ်းခက်တယ်။ သီချင်းရေးတဲ့သူ တစ်ယောက်ရဲ့ ခံစားမှုကို ကိုယ် မသိနိုင်ဖူးလေ။ သမီးဆိုရင် သီချင်းသွင်းမယ်ဆိုရေးတဲ့လူကိုခေါ်ပြီးတော့ သူဘယ်လိုဆိုစေချင်လဲ။ သူရဲ့ ခံစားမှုနဲ့အနီးစပ်ဆုံးတူအောင်တော့ ဆိုကြည့်ပေးတယ်။ တစ်ထပ်တည်းတော့ မဖြစ်ဘူးပေ့ါနော်။ အဲဒါဆိုလည်း အရမ်းခက်တယ်လေ။ ရုပ်ရှင်ပိုင်းကျတော့ အများနဲ့လုပ်ရတယ်။ တခြားအာရုံ ဘာမှ ထားလို့မရဘူး။ ဒီအလုပ်ထဲမှာပဲ စိတ်နှစ်ပြီး လုပ်ရတယ်။ တခြားအာရုံဝင်လာပြီဆိုရင် ဒီအလုပ်က ဘယ်လိုမှဆက်လုပ်လို့မရတော့ဘူး။ အခက်အခဲကတော့ နှစ်ခုစလုံးမှာ ရှိပါတယ်။ ဒါပေမယ့်လည်းအနုပညာအလုပ်လုပ်ရတဲ့ ခံစားမှုကို ကြိုက်တယ်။ လုပ်ရင်းလုပ်ရင်းနဲ့ သံယောဇဉ်ပိုတွယ်လာပြီးပိုလိုချင်လာတယ်။

➢ **သဇင်က ဇာတ်ရွေးပြီး ရိုက်ဖြစ်နေပြီးလား။**

သမီးတို့ကျတော့ ပရိသတ် လက်ခံနိုင်တဲ့ တန်းတစ်တန်းကို ရောက်သွားပြီ။ ဒါပေမယ့် ကာရိုက်တာကို ထိုင်ရွေးနေလို့မရဘူး။ ကိုယ်တွေက ဝါရင့်သရုပ်ဆောင်တွေလို့လည်း ပြောလို့မရဘူးလေ။ အက်တာကြီးတွေ ပါရင်လည်း အကုန်မေးတယ်။ ဒါရိုက်တာကိုလည်း မေးတယ်။ သင်လည်း သင်ခိုင်းတယ်။ မရမချင်းစိတ်လည်း အရမ်းပူတယ်။ ကြိုးစားပြီး အကောင်းဆုံးဖြစ်အောင်လည်း လုပ်တယ်။ သမီးအနေနဲ့ ကာရိုက်တာကိုရွေးတာ အရမ်းရှားတယ်။

➢ **ဘယ်လိုဇာတ်ရုပ်က ကိုယ်နဲ့ လိုက်တယ်ထင်လဲ။**

သမီးကတော့လူငယ်ဖြစ်နေတဲ့ အတွက် လူငယ် ကာရိုက်တာနဲ့ လိုက်တယ်။ နောက် ဟာသဆန်ဆန် တစ်လွဲလုပ်တဲ့ ပုံစံလေးတွေနဲ့ ပိုလိုက်တယ်လို့ ထင်ပါတယ်။

## သူထူးစံက သူမရဲ့ ဖခင်လိုပါပဲဆိုတဲ့ ချမ်းမီမီကို



➢ **ချမ်းမီမီကို နာမည်လေး ဖြစ်လာဖို့ ဘယ်သူတွေဆီက ပံ့ပိုးမှု အများဆုံး ရခဲ့တာလဲ။**

မော်ဒယ်ရှိုးပွဲတွေ လျှောက်ရင်းက ပရိသတ်က ချမ်းမီမီကိုဆိုပြီးသိလာတာပါ။ နောက် Miss ပထမဆုရတော့ လူတွေပိုသိလာတာပေ့ါ။ ချမ်းမီအများဆုံးပံ့ပိုးမှုရတာချမ်းမီအမေပါ။

➢ **အနုပညာလောကထဲစပြီး ဝင်ခဲ့တဲ့နှစ်က ဘယ်နှစ်ကလဲ။ လူသိလာတာကရော. . . . .**

အနုပညာလောကထဲ စပြီးဝင်တဲ့နှစ်က ၂၀၀၈ ခုနှစ်ပါ။ ဂွန်လွင်အေဂျင်စီမှာမော်ဒယ်ရှိုးလျှောက်ရင်းနဲ့လေ။ နောက် ၂၀၀၈ ခုနှစ် ၁၂ လပိုင်းကစပြီး လူသိလာတာပေ့ါ။

➢ **ညီမအနေနဲ့ ရုပ်ရှင်ရိုက်တဲ့အခါမှာ ဘယ်မင်းသားနဲ့ ရိုက်မှ အဆင်ပြေတယ်ဆိုပြီး ကိုယ်ဘာသာကိုယ်တွေးမိတာလေးများရှိလား။**

အဲလိုတော့ မရှိပါဘူး။ ဘယ်မင်းသားတွဲရိုက်မှအဆင်ပြေတယ်ရယ်လို့တော့မရှိပါဘူး။ ကိုသူထူးစံ ကတော့ ညီမဖခင်လိုပါပဲ။ ညီမကို လိုအပ်တာတွေ သင်ပြပါတယ်။

➢ **ချမ်းမီမီကို ကို ချစ်တဲ့ပရိသတ်တွေကို ဘာပြောချင်သေးလဲ။**

ပရိသတ်တွေက ချမ်းမီမီကိုရဲ့ ကျေးဇူးရှင်တွေပါ။ ပရိသတ်တွေရှိမှ ပရိသတ်တွေအားပေးမှုရှိမှ ချမ်းမီမီကိုအသက်ရှင်နိုင်မှာပါ။ ချမ်းမီမီကိုရဲ့နှလုံးသားက ပရိသတ်တွေပါပဲ။

## ဖက်ရှင်က ရာနှုန်းပြည့် အရေးပါတယ်လို့ ဆိုလာတဲ့ ခင်နှန်းထိုက်



မိန်းကလေးဆန်ဆန် ဆွဲဆောင်မှုရှိတဲ့ဖက်ရှင်တွေနဲ့ တွေ့ရတာများတဲ့ မင်းသမီးငယ်လေးတစ်ယောက်ရဲ့ဖက်ရှင်ထိတွေ့ခံစားမှုတွေကို မေးမြန်းခဲ့တဲ့အခါ . . . .

➢ **ဖက်ရှင်ကို ဘယ်လောက်ထိ စိတ်ဝင်စားမှု ရှိလဲ။**

ကိုယ်က ဒီအလုပ်လုပ်နေလို့ ဖက်ရှင်ကို အရမ်းစိတ်ဝင်စားတယ်။ အရင်ကထက်စာရင်လည်း ပိုပြီးစိတ်ဝင်စားလာတယ်။

➢ **ဘယ်လိုဖက်ရှင်မျိုးက ကိုယ်နဲ့ လိုက်ဖက်တယ်လို့ထင်လဲ။**

ဖက်ရှင်စတိုင်တော်တော် များများနဲ့လိုက်တယ်။ ဒါပေမယ့် ခပ်ရှင်းရှင်း ပုံစံလေးက ပိုအဆင်ပြေတယ်။

➢ **ခုလက်ရှိသဘောကျတဲ့ ဖက်ရှင်ဒီဇိုင်းက**

ဘာဂျာစကတ် အတိုလေးတွေ၊ ဘောင်ဘီအတိုလေးတွေနဲ့ တီရှပ်တွေကိုတွဲဝတ်ရတာသဘောကျတယ်။

➢ **ဖက်ရှင်က ကိုယ့်အတွက်ဘယ်လောက်ထိ အရေးပါတယ်လို့ သတ်မှတ်ထားလဲ။**

သမီးအတွက် ရာနှုန်းပြည့်အရေးပါတယ်လို့ ပြောရမှာပါ။ အနုပညာအလုပ်လုပ်နေတဲ့ သူအတွက်ကတော့ အလိုအပ်ဆုံးအရာပေ့ါ။

➢ **သူများတွေဖက်ရှင်နဲ့ ပတ်သက်ပြီး အကြံပေးချင်ရင်. . . . .**

ကိုယ့်မိသားစု သူငယ်ချင်းတွေဆို ကိုယ်သိသလောက်လေး အကြံပေးဖြစ်ပါတယ်။

## ဗီလိန်ဆန်တဲ့ဇာတ်မျိုး၊ ပရိသတ်အတုခိုးမှားမဲ့ ဇာတ်မျိုးမရိုက်ဘူးဆိုတဲ့ နန်းဆုရတီစိုး



➢ **နန်းဆုအနေနဲ့ရောကိုယ့်ရဲ့သရုပ်ဆောင်မှုပိုင်းမှာ ဘယ်လိုအားသာချက်၊ အားနည်းချက်တွေရှိနေတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ပြန်သုံးသပ်ဖြစ်လား။**

အားလုံးကတော့ စလုပ်လုပ်ချင်းမှာတော့ အားနည်းချက်တွေရှိကြတာပါပဲ။ နန်းဆုလည်းအဲဒီလိုပဲ အားနည်းချက်လေးတွေကိုပြန်လေ့လာပြုပြင်ရင်းနဲ့ပဲ ဆက်ပြီးကြိုးစားနေရတာပါပဲ။ အားနည်းချက်၊ အားသာချက်ဆိုတာတော့ အမြဲတမ်း လိုလိုရှိပါတယ်။ ဒီထဲမှာ နည်းနည်း အနေကြာလာတော့ အတွေ့အကြုံက ပြန်သင်ပေးသွားတာတွေရယ်၊ နန်းဆု လေ့လာထားတာတွေရယ်၊ ဒါရိုက်တာတွေ၊ ပရိုဂျူဆာတွေသင်ပေးတာတွေရယ်၊ ဝါရင့်သရုပ်ဆောင်တွေက သင်ပေးတာတွေရယ်ကြောင့် အရင်ကထက် စာရင် ကြိုးစားမှုရဲ့ရလဒ်က ပိုပြီး ကောင်းလာတယ်လို့ ထင်ပါတယ်။

➢ **ဇာတ်ကိုရော ဘယ်လိုရွေးပြီး ရိုက်လဲ။**

ဇာတ်ရွေးချယ်မှု ပိုင်းကတော့ နန်းဆုကိုလာပေးကြ ရင် နန်းဆုနဲ့ လိုက်မယ့် Comic ဆန်ဆန် Fancy ဇာတ်ရုပ်တွေများတယ်။ လူငယ်ဇာတ်တွေ များတယ်။ ဗီလိန်ဆန်တဲ့ဇာတ်မျိုး ပရိသတ်တွေ အတုခိုးမှားစေမယ့် ဇာတ်မျိုးဆိုရင်တော့ နန်းဆုမရိုက်ဖြစ်ပါဘူး။ ပရိသတ်အတွက်လည်း တစ်ခုခုကျန်စေမယ်။ နန်းဆုလည်း လုပ်ကွက်လေးရမယ်ဆိုရင်တော့ အကောင်းဆုံး လုပ်ပေးဖြစ်ပါတယ်။ အခုနောက်ပိုင်းတော့ Fancy Drama လေးတွေလည်း ရိုက်ဖြစ်လာ တော့ပရိသတ်ကလည်း Drama တွေ လည်းရိုက်ကြည့်ပါလို့ပြောကြလို့ အဲဒီလို ဇာတ်တွေလည်း ကြိုးစားပြီးတော့ ရိုက်ပါတယ်။

➢ **နန်းဆုက သရုပ်ဆောင်ပိုင်းအတွက်ရော ဘယ်လို ဝမ်းစာဖြည့်လဲဆိုတာ ပြောပါဦး။**

သရုပ်ဆောင်ဘက်မှာတော့ နန်းဆုကိုလူငယ်တစ်ယောက် အနေနဲ့ပဲကြည့်ပေးစေချင်တယ်။ နန်းဆုတို့ကျတော့ အရမ်းကြီးပြည့်ဝနေတာမဟုတ်သေးတော့ ကိုယ်တတ်သလောက် မှတ်သလောက်နဲ့ ကြိုးစား လေ့လာနေရတုန်းပါပဲ။ ဝမ်းစာဘယ်လို ဖြည့်လဲဆိုရင်တော့ အခွေတွေ၊ ရုပ်ရှင်တွေများများ ကြည့်ရတာပေ့ါ။ သူတို့တွေကတော့ဒီကားမှာ ဘယ်လိုလေးလုပ်ထားတယ်။ ကိုယ့်အလှည့်ကျရင်တော့ ဘယ်လိုလုပ်လိုက်မယ်ဆိုတာတွေ ကြည့်ဖြစ်တယ်။ ကိုယ်သရုပ်ဆောင်ရမယ့် အိုက်တင်ပိုင်းကို ကားမရိုက်ခင်ကြိုတင်လေ့ကျင့်ဖြစ်တာမျိုးတွေလည်း ရှိတယ်။


Since 2001
SHWE YAMONE
SHWE YEMONE CAR SALE CENTRE
CEDRIC
Audi
HONDA
MITSUBISHI
BMW
TOYOTA
LAND-ROVER
Mercedes-Benz
SUBARU
NISSAN
SHWE YAMONE CAR SALES & SERVICE CENTRE
NO.29, PYAY ROAD, YANGON, MYANMAR. PH/FAX : 01-656708, 656709
www.shweyamone-carcenter.com


ENGINEERING
DELIGHT ENGINEERING CO., LTD
ကျွန်တော်များကုမ္ပဏီမှ
– လူကြီးမင်းတို့၏ နေအိမ်၊ စက်ရုံ၊ အလုပ်ရုံ၊ တုန်သိုလှောင်ရုံ၊ ဆိပ်ကမ်းနှင့် တံတားများ၏ Foundation များအတွက်လိုအပ်သော Bored Pile များအားအကျယ် ( Ø 0.5m to Ø 1.5m ) နှင့် အနက် ( 50m ) အထိ Bored Pile Foundation လုပ်ငန်း၊ Retaining Wall Bored Pile တူးပေးခြင်းလုပ်ငန်းများ။
– စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်သောလေပိုက်လိုင်းများအား၊(Design,Estimate,Installation) ပြုလုပ်ခြင်းလုပ်ငန်းများ။
– လူနေအဆောက်အဦများအား PAE စနစ် (သို့) အခန်းပေး၊ အခန်းယူစနစ်ဖြင့်တည်ဆောက်ပေးခြင်း။
– တံတားများ၊ ဆိပ်ခံဘောတံတားများနှင့် ယာဉ်ရပ်နားတွင်းများအား စံချိန်စံညွှန်းနှင့်အညီဆောက်လုပ်ပေးခြင်း၊
– အထပ်မြင့် အဆောက်အဦများ၊ Shopping Centre များ၊ ဈေးများအား မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် Fire Protection System နှင့်မီးလောင်လျှင်အလွယ်တကူငြိမ်းသတ်နိုင်ရန် Fire Fighting System များအား (Design,Estimate,Installation) လုပ်ငန်းများအား လိုအပ်ချက်များအတိုင်းစိတ်ကျေနပ်မှုရရှိစေရန်အတွက် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။
Head Office;
Room No.(108),B-Block,Hnin Si Lane,6th Ward,Highway Complex, Kamayut, Township,Yangon,Myanmar. Tel : 01-523836, 532028. Fax : 01-514857
Naypyitaw Branch;
No.(Pa/106), Myoma Market, Zabu Thiri Township, Naypyitaw, Myanmar.
Tel : 09 49 210872, 09 49 210873, 09 86 22701.
E-mail : delightengg@myanmar.com.mm
delightengineering.delight@gmail.com

## အမေရိကန် အနောက်ပိုင်းဒေသမှာ ပူပြင်းခြောက်သွေ့မှုပျံ့နှံ့



လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်း အမေရိကန်ပြည်ထောင်စုအတွက် အလွန်တရာလိုအပ်နေတဲ့ မိုးရွာသွန်းမှုကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့ တချို့ကျန်ဒေသတွေမှာတော့ ခြောက်သွေ့နေကြောင်း ကမ္ဘာ့စီးပွားရေး အလားအလာ ခန့်မှန်းရေးဘုတ်အဖွဲ့ရဲ့ အပတ်စဉ် ရာသီဥတုနဲ့ သီးနှံအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ပူပြင်းခြောက်သွေ့ပြီး လေတိုက်ခတ်မှုများရင် မြေဆီလွှာ အစိုဓာတ်ဆုံးရှုံးပြီး အမေရိကန် အနောက်ပိုင်း ပြည်နယ်အတော်များများမှာတော့ မီးတွေလောင်တတ်ပါတယ်။

အလယ်ပိုင်းနဲ့ တောင်ပိုင်းလွင်ပြင်တွေ အနောက်အလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေ တချို့နေရာတွေမှာ မိုးရေချိန်လက်မစုစုပေါင်း ၂ လက်မကနေ ၄ လက်မအထိရပါတယ်။ဒီဒေသတွေထဲမှာ မြောက်ပိုင်းနဲ့ အရှေ့ပိုင်း တက္ကဆက်၊ မစစ္စပီမြစ်ဝှမ်းဒေသနဲ့ တောင်ပိုင်းအတ္တလန္တိတ်ပြည်နယ်တွေ ပါဝင်ပါတယ်။ယခင်ရက်သတ္တပတ်က ရွာတဲ့မိုးကြောင့် ပြောင်းစိုက်ဒေသတွေဖြစ်တဲ့ အိုင်အိုဝါ၊မင်နီဆိုတာ၊ နီဘရာစကာအရှေ့ပိုင်းနဲ့ ကင်းဆပ်ပြည်နယ်တွေ ပါဝင်ပါတယ်။ ဒါပေမဲ့ အရှေ့ပိုင်း ပြောင်းစိုက်ရပ်ဝန်းတွေဖြစ်တဲ့ အီလီနွိုက်၊ အင်ဒီယားနာနဲ့ နိုင်ဟိုင်းအိုးပြည်နယ်တွေမှာ ခြောက်သွေ့နေပါတယ်။

ခြောက်သွေ့တဲ့အခြေအနေတွေက စတင်ဒုက္ခပေးနေပြီဖြစ်ပြီး သီးနှံအခြေအနေတွေကို ရက်သတ္တပတ်အလိုက် ပြောင်းလဲမှုတွေဖြစ်ပေါ်လာပါတယ်။ ဇွန် ၁၇ ရက်မှာ ကုန်ဆုံးမဲ့ ရက်သတ္တပတ်အတွက် ထိပ်တန်းပြောင်းစိုက်ပြည်နယ် ၁၈ ခုက ပြောင်းသီးနှံ ၁၁ ရာခိုင်နှုန်းက အကောင်းဆုံးအခြေအနေ၊ ၅၂ ရာခိုင်နှုန်းက ကောင်းအခြေအနေ၊ ၂၈ ရာခိုင်နှုန်းက သင့်နဲ့ ၇ ရာခိုင်နှုန်းက ညံ့နဲ့ ၂ ရာခိုင်နှုန်းက အလွန်ညံ့အခြေအနေ ရှိပါတယ်။

***ဉာဏ်တင်၊***
***Sources.agprofessional.com***

## မြို့ကြီးများ၏ ၂၅-၆-၂၀၁၂ မှ ၂၉-၆-၂၀၁၂ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၅-၆-၂၀၁၂) | အင်္ဂါ(၂၆-၆-၂၀၁၂) | ဗုဒ္ဓဟူး(၂၇-၆-၂၀၁၂) | ကြာသပတေး(၂၈-၆-၂၀၁၂) | သောကြာ(၂၉-၆-၂၀၁၂) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၂၆°C/၇၉°F | ၄၀% ၂၅°C/၇၇°F | ၇၀% ၂၃°C/၇၃°F | ၇၀% ၂၃°C/၇၃°F | ၇၀% ၂၆°C/၇၉°F |
| ရန်ကုန်မြို့ | ၆၀% ၃၀°C/၈၆°F | ၇၀% ၃၀°C/၈၆°F | ၇၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F |
| မန္တလေးမြို့ | ၄၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F | ၇၀% ၃၀°C/၈၆°F | ၄၀% ၃၃°C/၉၁°F | ၅၀% ၃၁°C/၈၈°F |
| မြစ်ကြီးနား | ၆၀% ၂၇°C/၈၁°F | ၇၀% ၂၇°C/၈၁°F | ၇၀% ၂၉°C/၈၄°F | ၅၀% ၃၁°C/၈၈°F | ၆၀% ၂၇°C/၈၁°F |
| လားရှိုး | ၄၀% ၂၆°C/၇၉°F | ၅၀% ၂၇°C/၈၁°F | ၅၀% ၂၆°C/၇၉°F | ၄၀% ၂၇°C/၈၁°F | ၄၀% ၂၆°C/၇၉°F |
| ကျိုင်းတုံ | ၅၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၂°F | ၅၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၂°F |
| လှိုင်ကော် | ၅၀% ၂၆°C/၇၉°F | ၅၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F | ၇၀% ၂၄°C/၇၅°F |
| တောင်ကြီး | ၅၀% ၂၄°C/၇၅°F | ၅၀% ၂၄°C/၇၅°F | ၇၀% ၂၁°C/၇၀°F | ၅၀% ၂၁°C/၇၀°F | ၅၀% ၂၃°C/၇၃°F |
| မော်လမြိုင် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၆°C/၇၉°F | ၇၀% ၂၈°C/၈၂°F |
| ဘားအံ | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၂°F |
| တောင်ငူ | ၆၀% ၂၈°C/၈၂°F | ၅၀% ၂၉°C/၈၄°F | ၈၀% ၂၅°C/၇၇°F | ၇၀% ၂၅°C/၇၇°F | ၅၀% ၂၆°C/၇၉°F |
| မုံရွာ | မိုးအုံ့ ၃၅°C/၉၅°F | မိုးအုံ့ ၃၅°C/၉၅°F | ၇၀% ၃၁°C/၈၈°F | ၅၀% ၃၃°C/၉၁°F | ၅၀% ၃၁°C/၈၈°F |
| ပုသိမ် | ၆၀% ၃၀°C/၈၆°F | ၅၀% ၂၉°C/၈၄°F | ၈၀% ၂၆°C/၇၉°F | ၆၀% ၂၈°C/၈၂°F | ၅၀% ၃၁°C/၈၈°F |
| မြိတ် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၇°C/၈၁°F | ၆၀% ၂၉°C/၈၄°F | မိုးအုံ့ ၂၈°C/၈၂°F |
| စစ်တွေ | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၂°F | ၇၀% ၂၉°C/၈၄°F | ၇၀% ၃၀°C/၈၆°F | ၇၀% ၂၈°C/၈၂°F |
| မကွေး | ၂၀% ၂၉°C/၈၄°F | ၂၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၂၉°C/၈၄°F |
| ဖလမ်း | ၂၀% ၂၆°C/၇၉°F | ၅၀% ၂၆°C/၇၉°F | ၄၀% ၂၆°C/၇၉°F | ၆၀% ၂၆°C/၇၉°F | ၆၀% ၂၇°C/၈၁°F |

မိုးရွာမည့် ခန့်မှန်းချက်မှာ ရွာရန် ရာခိုင်နှုန်း ခန့်မှန်းချက်ဖြစ်ပါသည်။

***Source:wunderground.com***

## မုတ်သုံမိုး အခြေအနေကို အိန္ဒိယမိုးလေဝသဌာန လျှော့ချခန့်မှန်း

အိန္ဒိယနိုင်ငံအတွက် အရေးပါတဲ့ မုတ်သုံမိုးက ယခုနှစ်မှာ ပုံမှန်အတိုင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မိုးရွာသွန်းမှု နည်းနိုင်ကြောင်း၊ အိန္ဒိယမိုးလေဝသရုံးက ဇွန် ၂၂ ရက်က အနည်းငယ် လျှော့ချခန့်မှန်းခဲ့ပါတယ်။ "အကြိမ်အရေအတွက်ကို ပြောမယ်ဆိုရင် တစ်နိုင်ငံလုံးအတွက် မိုးရွာသွန်းမှုက တစ်နှစ်တာပျမ်းမျှမိုးရွာသွန်းတာရဲ့ ၉၆ ရာခိုင်နှုန်းသာရှိနိုင်ပါတယ်"လို့ အိန္ဒိယမိုးလေဝသဌာန (IMD)ရဲ့ ညွှန်ကြားရေးမှူးချုပ် လက်ဇမန်ဆင်းရာသိုးက နယူးဒေလီမှာ သတင်းထောက်တွေကို ပြောပါတယ်။

ပုံမှန်မုတ်သုံမိုးဆိုတာက ဇွန်ကနေ စက်တင်ဘာထိရှိတဲ့ လေးလတာကာလအတွင်းမှာ နှစ် ၅၀ အတွင်း မိုးရွာသွန်းခဲ့တဲ့မိုးရဲ့ ၉၆ ရာခိုင်နှုန်းကနေ ၁၀၄ ရာခိုင်နှုန်းအတွင်း ရရှိတဲ့ပမာဏကို ပြောတာဖြစ်ပါတယ်။ကာလရှည်ပျမ်းမျှနှုန်း LPA က ၈၉ စင်တီမီတာဖြစ်ပါတယ်။ အိန္ဒိယတစ်နိုင်ငံလုံးမှာ ဇူလိုင်-ဩဂုတ်လအတွင်း မိုးကောင်းမယ်လို့ ခန့်မှန်းထားပြီး ဒီလတွေက မိုးရေသောက် လယ်ယာစိုက်ပျိုးရေးကို မှီနေရပြီး ဒေါ်လာထရီလီယံပေါင်းများစွာရှိတဲ့ အိန္ဒိယစီးပွားရေးအတွက် အရေးကြီးတဲ့လတွေ ဖြစ်ပါတယ်။ ဇူလိုင်မိုးက ပျမ်းမျှမိုးရွာနှုန်း (LPA) ရဲ့ ၉၈ ရာခိုင်နှုန်းရမယ်လို့ ခန့်မှန်းထားပါတယ်။ ဩဂုတ်လမှာ ၉၆ ရာခိုင်နှုန်းရမယ်လို့ ခန့်မှန်းပါတယ်။

***ဉာဏ်တင်၊ Sources.thchindu.com***

## အေအက်ဖ်စီ ယူ-၂၂ ခြေစစ်ပွဲ မြန်မာအသင်းယှဉ်ပြိုင်သည့် ပွဲစဉ်တိုင်းတွင် မြန်မာအသင်း ဂျာစီ ၁၀၀၀ အခမဲ့ ဝေမည်

ဇွန် ၂၃ရက်က စတင် ကျင်းပလျက်ရှိသည့် အေအက်ဖ်စီ ယူ- ၂၂ ခြေစစ်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည့်ပွဲစဉ်တိုင်းတွင် အစောဆုံးလာ ရောက်အားပေးသည့် ပရိသတ် ၁၀၀၀ ဦး အား မြန်မာအသင်းဂျာစီများ အခမဲ့ ဝေငှပေးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဂျာစီများကို Digicel Company မှ တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာအသင်း ယှဉ်ပြိုင်မည့်ပွဲစဉ်များကို သုဝဏ္ဏကွင်းတွင် ကျင်းပမည်ဖြစ်ရာ ပွဲကစားမည့်ရက်များတွင် ဂိတ်အမှတ် ၇နှင့်၈တို့မှမြန်မာအသင်းဂျာစီများကို လက်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်များကို ဇွန်လ ၂၁ရက်နေ့မှစတင်ကာ သုဝဏ္ဏ ဘောလုံးကွင်းနှင့် မြန်မာဘီယာ ရောင်းချသည့်ဆိုင်များတွင် ရိုးရိုးတန်း ကျပ် ၁၀၀၀၊အထူးတန်းကျပ် ၂၀၀၀ဖြင့် ဝယ်ယူအားပေးနိုင်ကြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှလည်းရန်ကုန်မြို့တွင်းရှိ မြို့နယ်များသို့ ကားဖြင့် လှည့်လည်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**ယူ-၂၂ ခြေစစ်ပွဲမြန်မာအသင်းပွဲစဉ်များ**

| | | |
|---|---|---|
| ဇွန် ၂၃ | မြန်မာ-ဖိလစ်ပိုင် | (ညနေ ၆း၁၅) |
| ဇွန် ၂၅ | မြန်မာ-ဗီယက်နမ် | (ညနေ ၆း၁၅) |
| ဇွန် ၂၈ | မြန်မာ-တောင်ကိုရီးယား | (ညနေ ၆း၁၅) |
| ဇွန် ၃၀ | မြန်မာ-တရုတ်တိုင်ပေ | (ညနေ ၃း၁၅) |
| ဇူလိုင် ၃ | မြန်မာ-မလေးရှား | (ညနေ ၆း၁၅) |

## မြန်မာအသင်း၏ ပွဲစဉ်များကို ပရိသတ်များ ပိုမိုအားပေးနိုင်ရန်အတွက် ကားကြိုပို့ယာဉ် ၁၅စီး စီစဉ်ပေးမည်

အေအက်ဖ်စီယူ-၂၂ပွဲစဉ်များတွင် မြန်မာအသင်းပရိသတ်များ အပြန်ခရီးတွင် အဆင်ပြေစွာ သွားလာနိုင်ရန် ကားကြိုပို့ယာဉ်များ ပြေးဆွဲသွားရန် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီနှင့်ညှိနှိုင်းမှုများပြုလုပ်ခဲ့ရာ ကြိုပို့ယာဉ် ၁၅ စီး စီစဉ်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးက “အခုလက်ရှိအချိန်အထိတော့ ဘယ်မြို့နယ်တွေကို ပြေးဆွဲပေးမယ်ဆိုတာကတော့ မထသနဲ့ ညှိနှိုင်းနေတုန်းပါ။ ကားစီးရေ ၁၅စီး ပြေးဆွဲပေးဖို့ စီစဉ်ထားပါတယ်။ ပရိသတ်တွေအနေနဲ့လည်း အခုလိုမျိုး စီစဉ်ပေးမှသာ ကွင်းထဲကို လာကြည့်နိုင်မှာပါ”ဟုပြောကြားခဲ့သည်။

ယူ-၂၂ဘောလုံးပွဲ ပွဲပြီးဆုံးချိန်သည် ညဂနာရီကျော်ဖြစ်ရာ ကွင်းအတွင်းသို့ လာရောက်အားပေးသည့် ပရိသတ်များ အိမ်အပြန် အခက်အခဲမရှိစေရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှစီစဉ်ပေးခြင်းဖြစ်သည်။

# ကစားသမားများ၏ကြိုးစားအားထုတ်မှုအား ဦးဇော်ဇော် ချီးကျူး

### ခြေစမ်းပွဲတွင်အနိုင်ရ၍ဝမ်းသာသော်လည်းကျေနပ်အားရမှုမရှိသေးကြောင်းနည်းပြချုပ်ဖွင့်ဟ



အာရှယူ-၂၂ပြိုင်ပွဲ ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်းသည် ခြေစမ်းပွဲအဖြစ် ထိုင်းနိုင်ငံယူ-၂၂အသင်းနှင့်မော်လ်ဒိုက်နိုင်ငံယူ-၂၂အသင်းတို့နှင့်ခြေစမ်းကစားခဲ့ရာထိုင်းယူ-၂၂အသင်းကို သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိပြီး မော်လဒိုက်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ထိုင်းနိုင်ငံအသင်းနှင့်ရာဇမင်္ဂလာအားကစားကွင်းကြီးတွင်ယှဉ်ပြိုင်ကစားခဲ့ရာ ကျော်ကိုကို၏ဟက်ထရစ်သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါနိုင်ပွဲနှင့်ပတ်သက်၍မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က မြန်မာလူငယ်များ၏စိတ်ဓာတ်နှင့်ကြိုးစားအားထုတ်မှုအား ထုတ်ဖော်ချီးကျူးခဲ့ကြောင်း သိရသည်။

ဦးဇော်ဇော်က “ဒီနေ့ပွဲကစားသွားတာ အကောင်းကြီးမဟုတ်ပါဘူး။ဒါပေမယ့် ကစားသမားတွေအားလုံး စိတ်ဓာတ်ကောင်းကောင်းနဲ့ကြိုးစားကစားခဲ့လို့ ဒီရလဒ်ရတာပါ။ ဒီရလဒ်အတွက် ကျေနပ်အားရပါတယ်။ ဒီနိုင်ပွဲဟာ ခြေစမ်းပွဲပဲရှိပါသေးတယ်။ ခြေစစ်ပွဲမဟုတ်သေးဘူး။ ရှေ့လျှောက်အာရုံစူးစိုက်ပြီး ကြိုးစားကစားဖို့လိုပါတယ်။ ဒါပေမယ့် ထိုင်းကို အနိုင်ကစားခဲ့တဲ့အတွက်တော့ အားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ပြောကြားခဲ့သည်။

နည်းပြချုပ်ပတ်ဆောင်ဟွာက မြန်မာယူ-၂၂အသင်းအနေဖြင့် ထိုင်းယူ-၂၂အသင်းကိုသုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့၍ ဝမ်းမြောက်မိသော်လည်း အသင်း၏ခြေစွမ်းအပေါ် ကျေနပ်အားရမှုမရှိသေးကြောင်း ပြောကြားခဲ့သည်။

ပတ်ဆောင်ဟွာက “ဒီနေ့ပွဲအနိုင်ရလို့ ဝမ်းသာပါတယ်။ဒါပေမယ့်ခြေစွမ်းကိုတော့ အပြည့်အဝမကျေနပ်သေးပါဘူး။ ကျွန်တော့်ကစားသမားတွေဟာ ထိုင်းကစားသမားတွေလောက်မကောင်းသေးပါဘူး။ ကိုရီးယားကိုမပါသွားတဲ့ ညီညီမင်းတို့ ချစ်မင်းစိုးတို့ဆိုရင် ပွဲစစချင်းမှာခြေစွမ်းမပြနိုင်ခဲ့ပါဘူး။ဒါကြောင့် ပထမပိုင်းမှာ အသင်းရဲ့ခြေစွမ်းဖရိုဖရဲဖြစ်သွားတာကြောင့်လူတွေလဲပြီးကစားခဲ့ရပါတယ်။ ဒါကြောင့်ဒုတိယပိုင်းမှာ အဆင်ပြေသွားပါတယ်။ အသင်းကို အားကိုးလို့ရတယ်လို့တော့ မဟုတ်သေးပါဘူး”ဟု ပြောကြားခဲ့သည်။

ကြံ့ခိုင်ရေးနည်းပြဟောဂျွန်ကမူ အသင်း၏ကစားပုံကိုမကြိုက်သေးသော်လည်း ကစားသမားများ၏ကြိုးစားအားထုတ်မှုနှင့်စိတ်ဓာတ်ကို ချီးကျူးလိုကြောင်း၊ ယခုအတိုင်းဆက်လက်ကစားပါက အသင်းကောင်းတစ်သင်းဖြစ်လာနိုင်ကြောင်း ပြောဆိုသွားခဲ့ကြောင်း သိရသည်။

## နည်းပြသစ် အိုင်ဗန်ကိုလက်ဝ်နှင့်အတူ ရန်ကုန်ယူနိုက်တက် အသင်းကြီး လေ့ကျင့်ခန်း ပြန်ဆင်းပြီ

ရက်သတ္တပတ်နှစ်ပတ်နီးပါးမျှ ရပ်နားထားခဲ့သည့်ရန်ကုန်ယူနိုက်တက်အသင်းကြီး၏ပုံမှန်လေ့ကျင့်ခန်းများကို ပြီးခဲ့သည့်ဇွန် ၁၈ ရက်မှ စတင်၍ ကစားသမား အစုံအလင်ဖြင့် စတင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ဇွန်လ ၂ရက်နေ့ကကစားခဲ့သည့်မောရဝတီနှင့်ပွဲအပြီးတွင်ခွင့်ဖြင့် ပြန်သွားသည့် ကစားသမားအများစုကို ဇွန်လ ၁၇ရက်နေ့အထိ အနားယူခွင့်ပေးထားခဲ့ပြီး လက်ရှိအချိန်တွင် ကစားသမား ၂၂ဦးဖြင့် လေ့ကျင့်ခန်းဆင်းလျက်ရှိကြောင်း သိရသည်။

မြန်မာယူ-၂၂အသင်းတွင်ရွေးချယ်ခံထားရသည့် ကြည်လင်း၊ ကောင်းစည်သူနှင့်ရန်အောင်ဝင်းတို့သုံးဦးမှာ ပူးတွဲလေ့ကျင့်ခန်းများ ပြုလုပ်နေသောကြောင့် အသင်းသို့လာရောက်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ယူ-၂၂ပြိုင်ပွဲရှိသည့်အတွက် မြန်မာနေရှင်နယ်လိဂ် လူငယ်ပြိုင်ပွဲများအား ရပ်နားထားချိန်တွင် ကစားသမားအများစုကို ခွင့်ပေးထားသော်လည်း အသင်းကြီးစာရင်းတွင်ပါဝင်သည့် လူငယ်ကစားသမား ၁၁ဦးနှင့် လွင်ကိုနိုင်နှင့်ထူးကျော်တို့ပါ အသင်းကြီးနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိကြောင်း သိရသည်။

## ကမ္ဘောဇအသင်း၏ စင်ကာပူဖလား ပွဲစဉ်ကြောင့် ရောဝတီနှင့် ပွဲစဉ်အား ရက်ရွှေ့ပေးရန်တောင်းဆို



လာမည့်ဇူလိုင်လ ၅ရက်နှင့် ၈ရက်နေ့တို့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် RHB Singapore Cup 2012 ၏ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်ကို ဝင်ရောက်ယှဉ်ပြိုင်ရမည့် ကမ္ဘောဇအသင်းက ဇူလိုင်လ ၇ ရက်တွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်တစ်ပွဲဖြစ်သည့် ရောဝတီယူနိုက်တက်နှင့်ပွဲစဉ်အား ရက်ရွှေ့ပေးပါရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ကမ္ဘောဇအသင်းသည် စင်ကာပူဖလားဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဖိလစ်ပိုင်ကလပ် လိုယိုလာမာရယ်ကို အသင်းနှင့် ဇူလိုင်လ ၅ရက်နှင့် ၈ရက်တို့တွင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း စင်ကာပူဘောလုံးအဖွဲ့ချုပ်က အတည်ပြုကြေညာခဲ့သည်။

ကမ္ဘောဇအသင်းသည် ယခုနှစ်ဘောလုံးရာသီပထမအကျော့တွင် ရောဝတီယူနိုက်တက်အသင်းအား တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထိုအနိုင်ဂိုးကို လစ်ပီလစ်ပီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

## တစ်ပတ်အတွင်း သတင်းတိုများ

- မြန်မာယူ-၂၂အသင်းနည်းပြချုပ် ပတ်ဆောင်ဟွာက မော်လ်ဒိုက်ဗ်နှင့်ကစားခဲ့သည့်ပွဲစဉ်တွင် အရန်ကစားသမားများကို အဓိကထားပြီး ကစားခဲ့သော်လည်း ကျေနပ်လောက်သည့်ကစားပုံမျိုးကို ရရှိခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့်သာ တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရကြောင်း ပြောကြားခဲ့သည်။
- အေအက်ဖ်စီ ယူ-၂၂ခြေစစ်ပွဲများအား အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရခဲ့သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား Digicel Company မှ အဓိကပံ့ပိုးကူညီခဲ့ပြီး ကုမ္ပဏီ ၁၃ခုမှ ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။
- ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဖီဖာသည် မြန်မာနိုင်ငံတွင် FIFA 11 For Health Pilot Programme ကို လာမည့် အောက်တိုဘာလနှင့်နိုဝင်ဘာလတို့တွင် အခြေခံပညာကျောင်း ၁၁ကျောင်းမှ ၁၈ကျောင်းအထိ ကျောင်းသားကျောင်းသူ ၁၀၀၀ဦးဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။
- မြန်မာယူ-၂၂အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်းက မြန်မာအသင်းအနေဖြင့် ယခုကျင်းပမည့် အေအက်ဖ်စီယူ-၂၂ခြေစစ်ပွဲတွင် အောင်မြင်ရမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။
- နေပြည်တော်နည်းပြချုပ်ဖြစ်သူ မင်ကော့ဗ်စကီးက နေပြည်တော်အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံဖြစ်ရန်အလားအလာမရှိနိုင်ကြောင်း သုံးသပ်ပြောကြားလိုက်သည်။
- စင်ကာပူဖလားပြိုင်ပွဲဝင်မည့် ကမ္ဘောဇအသင်းကွင်းလယ်ကစားသမား အေးဆန်းသည် ပြီးခဲ့သည့်လေ့ကျင့်ရေးအစီအစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

## ဘန်အာဖာကို ချဲလ်ဆီးနှင့် အပြိုင် အာဆင်နယ်ကမ်းလှမ်းဖွယ်ရှိ

အာဆင်နယ်အသင်းသည် ချဲလ်ဆီးအသင်းနှင့်ယှဉ်ပြိုင်ကာ ပြင်သစ်လက်ရွေးစင် ဟေတမ်ဘန်အာဖာကို ကမ်းလှမ်းလာဖွယ်ရှိနေကြောင်း သိရသည်။ အသက် ၂၅နှစ်အရွယ်ရှိ ဘန်အာဖာသည်နယူးကာဆယ်အသင်းတွင် ခြေစွမ်းပြကစားလျက်ရှိပြီး အာဆင်နယ်အသင်းတွင် လာရောက်ကစားရန် နည်းပြအာစင်ဝင်းဂါးက လိုလားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဥရောပချန်ပီယံလိဂ်ဖလားပူပူနွေးနွေးပိုင်ရှင် ချဲလ်ဆီးအသင်းကလည်း ဘန်အာဖာကို စိတ်ဝင်စားလျက်ရှိရာကာလအတန်ကြာကပင် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီအတွက် အပြောင်းအရွှေ့ဈေးကွက်တွင်ငွေကြေးအင်အားသုံးစွဲ၍ လှုပ်ရှားလာဖွယ်ရှိနေပြီးကိုလုံးတိုက်စစ်မှူး လူးကက်စ်ပိုဒေါစကီးနှင့် မောင့်ပယ်လီယာတိုက်စစ်မှူး အိုလီဗာဂီရော့ဒ်တို့အား ခေါ်ယူရန်သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း သိရသည်။

ဘန်အာဖာကိုယ်တိုင်ကလည်း ချန်ပီယံလိဂ်တွင် ဝင်ရောက်ကစားရန် မျှော်လင့်လျက်ရှိရာ ချဲလ်ဆီးနှင့်အာဆင်နယ်တို့ထံမှ ကမ်းလှမ်းမှုများအား ကြိုဆိုဖွယ်ရှိနေကြောင်းလည်း သတင်းများက ဖော်ပြထားသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီက နယူးကာဆယ်အသင်းအတွက် ၃၂ပွဲကစားရာတွင် ၆ဂိုးသွင်းယူပေးထားသူဖြစ်သည်။

## ပရိသတ်များစည်းကမ်းမဲ့မှုကြောင့် ခရိုအေးရှားဘောလုံးအဖွဲ့ ချုပ်အား ပေါင် ၆၅၀၀၀ ဒဏ်ရိုက်

ယူအီးအက်ဖ်အေသည် ယူရို ၂၀၁၂ ပြိုင်ပွဲ အုပ်စုပွဲစဉ် အီတလီနှင့်ခရိုအေးရှားတို့၏ ပွဲစဉ်တွင် ခရိုအေးရှားပရိသတ်များက ကွင်းအတွင်းသို့ မီးပန်းများ ပစ်ပေါက်ခြင်းနှင့် လူမျိုးရေးခွဲခြားမှုများပြုလုပ်ခဲ့ခြင်းတို့ကြောင့် ဒဏ်ငွေပေါင် ၆၅၀၀၀ တပ်ရိုက်ခဲ့ကြောင်း သိရသည်။

ယင်းပွဲစဉ်ကို ပိုလန်နိုင်ငံ ပေါ့ဇ်နန်မြို့တွင်ကျင်းပခဲ့ရာခရိုအေးရှားပရိသတ်များက ကွင်းအတွင်းသို့ မီးပန်းများဖြင့် အကြိမ်ကြိမ်ပစ်ပေါက်မှုနှင့် အီတလီကစားသမား ဘာလော့တယ်လီအား ရည်ရွယ်၍လူမျိုးရေးအရလှောင်ပြောင်မှုများပြုလုပ်ခဲ့ကြသည်။

ယူရို ၂၀၁၂ပြိုင်ပွဲတွင် လူမျိုးရေးခွဲခြားမှုနှင့်ပတ်သက်၍ ယခုအကြိမ်သည်ပထမဆုံးတရားဝင်အပြစ်ပေးအရေးယူခြင်းဖြစ်ပြီး အလားတူဖြစ်ရပ်များပေါ်ပေါက်ခဲ့သော်လည်း သက်သေခိုင်လုံမှုမရှိ၍ အရေးမယူနိုင်ခဲ့ပေ။ ယင်းအရေးယူမှုအား ခရိုအေးရှားဘောလုံးအဖွဲ့ချုပ်အနေဖြင့် သုံးရက်အတွင်းအယူခံခွင့်ရှိကြောင်း သိရသည်။

## ကမ္ဘာ့ဝင်ငွေအကောင်းဆုံးအားကစားသမားစာရင်းတွင် ဖလွိုက်မေဝဲသား ထိပ်ဆုံးသို့ ရောက်ရှိလာ

### ထိပ်ဆုံးတွင်ရှိနေသည့် ဂေါက်သီးချန်ပီယံဟောင်း တိုက်ဂါးဝုဒ် နံပါတ်သုံးသို့ ဆင်းသက်ပေးခဲ့ရ




ကမ္ဘာ့ဝင်ငွေအကောင်းဆုံးကစားသမားစာရင်းကို ဖိုဘီမဂ္ဂဇင်းကစစ်တမ်းကောက်ယူထုတ်ပြန်ခဲ့ရာတွင် လက်ဝှေ့ချန်ပီယံ ဂျင်မီဖလွိုက်မေဝဲသားသည် ကမ္ဘာ့ဝင်ငွေအကောင်းဆုံးစာရင်းတွင် ထိပ်ဆုံးမှရပ်တည်နေခဲ့ကြောင်း ဖော်ပြခဲ့သည်။

ယခုအခါတွင် ဖလွိုက်မေဝဲသားသည် ချစ်သူဟောင်းကို ထိုးကြိတ်ခဲ့မှုဖြင့် ထောင်ဒဏ်သုံးလကျခံနေရသော်လည်း ၎င်း၏ဝင်ငွေများကို ဆန်းစစ်လေ့လာခဲ့ရာတွင် လက်ဝှေ့ထိုးသတ်ခြင်းမှရသည့် ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၈၅ သန်းရှိကြောင်း ဖိုဘီမဂ္ဂဇင်းက ရေးသားဖော်ပြထားခဲ့သည်။

အမေရိကန်ဂေါက်သီးချန်ပီယံဟောင်းဖြစ်သူ တိုက်ဂါးဝုဒ်၏ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၄သန်းသာရှိသည့်အတွက် အဆင့်သုံးနေရာသို့ ကျဆင်းခဲ့ရသည်။

ဒုတိယနေရာမှ ဝင်ငွေအကောင်းဆုံးကစားသမားအဖြစ် ဖိလစ်ပိုင်လက်ဝှေ့ကျော်မန်နီပက်ကွီအိုကအမေရိကန်ဒေါ်လာ ၆၂သန်းဖြင့် ရရှိခဲ့သည်။

ကမ္ဘာ့အချမ်းသာဆုံးအားကစားသမားတစ်ဦးဖြစ်သည့်အင်္ဂလန်နိုင်ငံ၏ ဘောလုံးအကျော်အမော် ဒေးဗစ်ဘက်ခမ်း၏ဝင်ငွေသည်အမေရိကန်ဒေါ်လာ ၄၆သန်းသာရှိသဖြင့် အဆင့်ရှစ်နေရာတွင် ရပ်တည်နေခဲ့ကြောင်း အဆိုပါမဂ္ဂဇင်းက ဖော်ပြထားသည်။

အားကစားသမားများ အနက် ပြေးခုန်ပစ် ကစားသမားများသည် တခြားအားကစားနည်းများထက် ဝင်ငွေနည်းပါးစွာရရှိနေသည်ကိုဝမ်းနည်းဖွယ်ရာမြင်တွေ့နေရကြောင်းဖြင့် ယင်း မဂ္ဂဇင်းက ထပ်မံဖော်ပြခဲ့သည်။

ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ်သတ်မှတ်ခြင်းခံထားရသူ အိုလံပစ်တာတိုအပြေးချန်ပီယံအူစိန်ဘော့တ်၏ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃သန်းသာရရှိခဲ့ပြီး အဆင့် ၆၃နေရာတွင်သာရပ်တည်နိုင်ခဲ့သည်။

အမျိုးသမီးတင်းနစ်ချန်ပီယံနှစ်ဦးဖြစ်သည့် ရုရှားတင်းနစ်မယ် ရှာရာပိုဗာက အမေရိကန်ဒေါ်လာ ၂၇ဒသမ ၉သန်းဖြင့် အဆင့် ၂၆နေရာတွင်ရပ်တည်ခဲ့ပြီး တရုတ်တင်းနစ်မယ်လီနာက အမေရိကန်ဒေါ်လာ ၁၈ဒသမ၄သန်းဖြင့် အဆင့် ၈၁နေရာတွင် ရပ်တည်ခဲ့ကြောင်းအဆိုပါမဂ္ဂဇင်းကဖော်ပြခဲ့သည်။

တိုက်ဂါးဝုဒ်သည် ယင်းမဂ္ဂဇင်းတွင် ၂၀၀၁ခုနှစ်ကတည်းက ဝင်ငွေအကောင်းဆုံးကစားသမားအဖြစ် နှစ်စဉ် ရပ်တည်နေခဲ့ရာ ယခုနှစ်စစ်တမ်းကောက်ယူမှုအရ အဆင့်သုံးသို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

## ဘောင်းဘီပေါ်က စာတမ်းကို လှစ်ပြခဲ့သည့် ဘန်တနာ ဒဏ်ငွေပေါင် ၇၀၀၀၀ နှင့် တစ်ပွဲပယ် ပြစ်ဒဏ်ခံရမည်




ယူရို ၂၀၁၂ အုပ်စုပွဲစဉ်တစ်ပွဲဖြစ်သည့် ဒိန်းမတ်နှင့်ပေါ်တူဂီတို့ပွဲတွင် ဒိန်းမတ်တိုက်စစ်မှူး ဘန်တနာသည် သူ၏အတွင်းခံဘောင်းဘီပေါ်တွင်ရေးထိုးထားသည့် Paddy Power ဆိုသည့် လောင်းကစားကုမ္ပဏီတစ်ခု၏အမည်နာမအား အောင်ပွဲခံရာတွင် လှစ်ဟဖော်ပြခဲ့သောကြောင့် ယူအီးအက်ဖ်အေ၏ဒဏ်ကြေးငွေပေါင် ၈၀၀၀၀ နှင့် တစ်ပွဲပယ်ပြစ်ဒဏ်ကိုကျခံရမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပွဲတွင် ပေါ်တူဂီအသင်းကို ၃-၂ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ ၎င်းသည်ဒုတိယချေပဂိုးသွင်းယူခဲ့ပြီးနောက် ယင်းကဲ့သို့ဘောင်းဘီချွတ်ပြ၍အောင်ပွဲခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒိန်းမတ်အသင်းသည်အုပ်စုမှထွက်ခဲ့ရပြီဖြစ်ရာ ဘန်တနာသည် ၂၀၁၄ ကမ္ဘာ့ဖလားတွင်ချက်နှင့်ယှဉ်ပြိုင်ရမည့်ပွဲ၌ ဝင်ရောက်ကစားခွင့် ရရှိမည်မဟုတ်ပေ။

## ဘာလော့တယ်လီအား မျက်နှာနှစ်ခုနှင့်လူသားဟု မီလ်နာ ညွှန်းဆို

### လေ့ကျင့်ရေးကွင်းတွင်တစ်မျိုး ကစားကွင်းတွင် တစ်မျိုးဟု ဆို



ခရိုအေးရှားနှင့်ပွဲမှ ဘာလော့တယ်လီ　　ထရိန်နင်ကွင်းအတွင်းမှ ဘာလော့တယ်လီ

အင်္ဂလန်လက်ရွေးစင်အသင်းမှ တောင်ပံကစားသမား ဂျိမ်းစ်မီလ်နာကဥရောပဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြန်လည်ဆုံတွေ့မည့် အီတလီကစားသမား မာရီယိုဘာလော့တယ်လီသည် မျက်နှာနှစ်ခုနှင့်လူသားဖြစ်သည်ဟု ညွှန်းဆိုပြောကြားလိုက်ကြောင်း သိရသည်။ အီတလီနိုင်ငံအသင်းတွင် ရှေ့တန်းတိုက်စစ်မှူးအဖြစ်ပါဝင်ကစားလျက်ရှိသည့် ဘာလော့တယ်လီသည် မန်စီးတီးအသင်းတွင်ကစားစဉ်အမြဲလိုလိုပြဿနာရှာတတ်သူဖြစ်ပြီး အသင်းပရိသတ်များနှင့်သော်လည်းကောင်း၊ နည်းပြနှင့်သော်လည်းကောင်း မကြာခဏဆိုသလို စကားများလေ့ရှိသူဖြစ်သည်။

၎င်းသည် အိုင်ယာလန်အသင်းနှင့်တွေ့ဆုံစဉ် အိုင်ယာလန်အသင်းဖက်သို့တစ်ဂိုးသွင်းပြီးနောက် အောင်ပွဲခံရာတွင် ပေါက်ကွဲမည့်ပုံစံပြခဲ့သည့်အတွက် ၎င်း၏အသင်းဖော်များက ပါးစပ်ကို အတင်းပိတ်ကာ ခေါ်ဆောင်ခဲ့ရသည်။ သို့သော်လည်း ၎င်းသည် အသင်းဖော်များနှင့်လေ့ကျင့်ရေးကွင်းဆင်းရာတွင်မူ ပျော်ပျော်ပါးပါးဖြင့်လေ့ကျင့်ခန်းများကို ပြုလုပ်လေ့ရှိသူဖြစ်ကြောင်း သိရသည်။

မီလ်နာက“တကယ်တော့ ဘာလော့တယ်လီနှစ်ယောက်ရှိပါတယ်။ တစ်ခါတစ်ခါကျရင် ဘာလော့တယ်လီဟာ လေ့ကျင့်ရေးအစီအစဉ်တွေမှာ ခပ်အေးအေးပဲနေလေ့ရှိတယ်။ ပြောရရင် ဘာကိုမှစိတ်မဝင်စားတဲ့ပုံပဲ။ ဒါပေမယ့် တခြားအချိန်တွေမှာဆိုရင် အံ့ဩလောက်စရာပါရမီကောင်းတွေကို ပြသတတ်ပါတယ်။ ပြဿနာရှာတတ်တာနဲ့ဒေါသကြီးတတ်တာကလွဲရင်ပေါ့”ဟု မီလ်နာက ညွှန်းဆိုခဲ့သည်။

## တစ်ပတ်အတွင်း သတင်းတိုများ

- စပိန်အသင်းကွင်းလယ်ကစားသမား အင်နီယေစတာက စပိန်အသင်းအနေဖြင့် ယူရိုဆုဖလားရယူသွားမည့်ဆန္ဒအား လုံးဝစွန့်လွှတ်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။
- ချဲလ်ဆီးအသင်းနှင့်လမ်းခွဲလိုက်ပြီ ဖြစ်သည့် ဒီဒီယာဒရော့ဘာသည် တရုတ်ကလပ်အသင်းတစ်သင်းဖြစ်သည့် ရှန်ဟိုင်းရှင်ဟွာအသင်းနှင့်နှစ်နှစ်ခွဲကာလရှိသည့် တရားဝင် စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်းသိရသည်။
- ချဲလ်ဆီးအသင်းမှဝန်ထမ်းသုံးဦးသည် ချဲလ်ဆီးအသင်းရရှိခဲ့သည့် ချန်ပီယံလိဂ်ဆုဖလားအား သူငယ်ချင်းများအား ပြသ၍ ဓာတ်ပုံအရိုက်ခံစဉ် ဆုဖလား၏လက်ကိုင်တစ်ဖက် ကျိုးပဲ့ပျက်စီးခဲ့သည့်အတွက် ပြန်လည်ပြုပြင်ခဲ့ရကြောင်း သိရသည်။
- အသက် ၃၀အရွယ်ရှိ ဆွစ်ဇာလန်တင်းနစ်ချန်ပီယံ ရော်ဂျာဖက်ဒရာသည် လာမည့်လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။
- လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင်မည့် တရုတ်အားကစားအဖွဲ့များ၏နည်းပြများနှင့် အားကစားသမားများအား တားမြစ်ဆေးဝါးများသုံးစွဲခြင်းမှလုံးဝရှောင်ကြဉ်ကြရန် တရုတ်အားကစားဆိုင်ရာအာဏာပိုင်များက တိုက်တွန်းပြောကြားလိုက်သည်။
- တစ်ဦးချင်းနှစ်တက်လှေလှော်ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံငါးကြိမ်ဖြစ်ခဲ့သည့် နယူးဇီလန်နိုင်ငံမှလှေလှော်ကစားသမား မဟီဒရိုင်စဒေးသည် ယာဉ်တိုက်မှုဖြစ်ပွားကာ ဒဏ်ရာများရရှိထားသော်လည်း လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။
- ယူရို ၂၀၁၂ပွဲစဉ် ခရိုအေးရှားနှင့်စပိန်အသင်းတို့ယှဉ်ပြိုင်ကစားသည့် ပိုလန်နိုင်ငံပီဂျီအီးအေရီယာနာကွင်းသို့သွားရာလမ်းအား ဟိုက်ဒရိုဘာဒိုဇာပိုလာစကာကုမ္ပဏီမှ လုပ်သားပေါင်းများစွာက ပိတ်ဆို့ကာ လုပ်အားခငွေများပေးချေရန် အော်ဟစ်တောင်းဆိုခဲ့ကြောင်း သိရသည်။
- ၂၀၁၁အီတလီဘောလုံးလောက လုပ်ပွဲအရှုပ်တော်ပုံ၌ပါဝင်ပတ်သက်ခဲ့သူများအား ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

# ကြုံခဲ့လေသမျှ စီးပွားရေးလောက

မောင်မောင်ရီ (ဘောဂဗေဒ)

**စွမ်းဆောင်ရည်မြင့်မားသောကုန်သွယ်ရေးညွှန်ကိန်း-အီးတီအိုင် (Enabling Trade Index-ETI)**

ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) က ၂၀၀၈ ခုနှစ်မှစပြီး ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ကုန်သွယ်ရေးစွမ်းဆောင်ရည်ကို လေ့လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်အတွက် အစီရင်ခံစာကို လွန်ခဲ့တဲ့ မေလက ထုတ်ပြန်ခဲ့ပါတယ်။ လေ့လာချက်တွင် ၁၃၂ နိုင်ငံပါရှိခဲ့ပြီး အာဆီယံဒေသမှ ဘရူနိုင်း၊ လာအိုနှင့် မြန်မာနိုင်ငံမပါကျန် ခုနစ်နိုင်ငံရဲ့ ကုန်သွယ်ရေးစွမ်းဆောင်ရည် အဆင့်ကို ဖော်ပြထားပါတယ်။ အာဆီယံ ခုနစ်နိုင်ငံနဲ့ ဆွေးနွေးဖက်-ခြောက်နိုင်ငံ(တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နဲ့ အိန္ဒိယ) တို့ရဲ့ ကုန်သွယ်ရေးစွမ်းဆောင်ရည်အဆင့်များကို အောက်တွင်နှိုင်းယှဉ် ဖော်ပြလိုက်ပါတယ်-

**The Enabling Trade Index 2012 ranking**

| ASEAN Countries | Rank | Score | East Asia Countries | Rank | Score |
|---|---|---|---|---|---|
| Singapore | 1 | 6.14 | New Zealand | 5 | 5.34 |
| Malaysia | 24 | 4.90 | Australia | 17 | 5.08 |
| Thailand | 57 | 4.21 | Japan | 18 | 5.08 |
| Indonesia | 58 | 4.19 | Korea (ROk) | 34 | 4..65 |
| Vietnam | 68 | 4.02 | China | 56 | 4.22 |
| Philippines | 72 | 3.96 | India | 100 | 3.55 |
| Cambodia | 102 | 3.52 | | | |

စင်ကာပူနိုင်ငံက ကမ္ဘာပေါ်မှာ ကုန်သွယ်ရေးစွမ်းဆောင်ရည် အမြင့်ဆုံးနိုင်ငံဖြစ်ကြောင်း တွေ့ရလို့ အာဆီယံဒေသအတွက် ဂုဏ်ယူစရာ ဖြစ်ပါတယ်။ အာဆီယံရဲ့ဆွေးနွေးဖက်နိုင်ငံဖြစ်တဲ့ နယူးဇီလန်နိုင်ငံကလည်း ကုန်သွယ်ရေးစွမ်းဆောင်ရည်မှာ ကမ္ဘာ့အဆင့်-၅ ဖြစ်လို့ အားရဖွယ်ကောင်းပါတယ်။ တရုတ်နိုင်ငံကတော့ ထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ရဲ့ အထက်အောက်ဖြစ်နေပါတယ်။ မလေးရှားနိုင်ငံရဲ့အဆင့်က ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေထက်သာလို့ ဂုဏ်ယူဖွယ်ကောင်းပါတယ်။ ထူးခြားတာက ဗီယက်နမ်နိုင်ငံဟာ မူလအာဆီယံအဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံထက် အဆင့်မြင့်နေပြီး ကမ္ဘောဒီးယားနိုင်ငံက အိန္ဒိယနိုင်ငံနဲ့ အဆင့်သိပ်မကွာတဲ့ အချက်ဖြစ်ပါတယ်။

**ကုန်သွယ်ရေးညွှန်ကိန်းမှာပါဝင်တဲ့ ကဏ္ဍ ၄ ရပ်**

ကုန်သွယ်ရေးညွှန်ကိန်းမှာ ပါဝင်တဲ့ ကဏ္ဍ-၄ ရပ်ကို ညွှန်းကိန်းခွဲလို့လည်း ခေါ်ပါတယ်။ ယင်းညွှန်ကိန်းခွဲ - ၄ ရပ်ကတော့ (က) ဈေးကွက်ဝင်ရောက်နိုင်ခွင့် (The market access)၊(ခ)နယ်စပ်စီမံအုပ်ချုပ်မှု (The border administration)၊ (ဂ) သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေး အခြေခံ အဆောက်အအုံ (The transport and communications infrastructure) နဲ့ (ဃ)စီးပွားရေးပတ်ဝန်းကျင် (The business Environment) တို့ဖြစ်ပါတယ်။ အဆိုပါ ညွှန်ကိန်းခွဲ-၄ ရပ်အောက်မှာ စွမ်းရည်တိုင်းတာတဲ့ မဏ္ဍိုင်-၉ခုရှိပါတယ်။ ညွှန်ကိန်းခွဲတစ်ခုချင်းအောက်မှာရှိတဲ့ မဏ္ဍိုင်-၉ ခုကို အောက်တွင်ဖော်ပြလိုက်ပါတယ်။

(က) **ဈေးကွက်ဝင်ရောက်နိုင်ခွင့်**

**မဏ္ဍိုင်-၁။** ပြည်တွင်းနှင့် နိုင်ငံခြားဈေးကွက် ဝင်ရောက်နိုင်ခွင့် (Domestic and foreign market access)

(ခ) **နယ်စပ်စီမံအုပ်ချုပ်မှု**

**မဏ္ဍိုင်-၂။** အကောက်ခွန်စီမံအုပ်ချုပ်မှုရဲ့ စွမ်းဆောင်နိုင်မှု (Efficiency of customs administration)

**မဏ္ဍိုင်-၃။** သွင်းကုန်-ပို့ကုန် လုပ်ထုံးလုပ်နည်းများရဲ့ စွမ်းဆောင်နိုင်မှု (Efficiency of import-export procedures)

**မဏ္ဍိုင်-၄။** နယ်စပ်စီမံအုပ်ချုပ်မှုရဲ့ ထင်သာမြင်သာရှိမှု (Transparency of border administration)

(ဂ) **သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး အခြေခံအဆောက်အဦ**

**မဏ္ဍိုင်-၅။** သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အဦရဲ့ အရည်အသွေးနဲ့ အသုံးချခံဖို့ အဆင်သင့်ရှိမှု (Availability and quality of transport infrastructure)

**မဏ္ဍိုင်-၆။** သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများရဲ့ အရည်အသွေးနဲ့ အသုံးချခံဖို့ အဆင်သင့်ရှိမှု (Availablity and quality of transport services)

**မဏ္ဍိုင်-၇။** သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာများ အသုံးပြုမှုနဲ့ အသုံးပြုခံဖို့ အဆင်သင့်ရှိမှု (Availability and use of ITCs)

(ဃ) **စီးပွားရေးပတ်ဝန်းကျင်**

**မဏ္ဍိုင်-၈။** စနစ်တကျ စီမံအုပ်ချုပ်သောပတ်ဝန်းကျင် (Regulatory environment)

**မဏ္ဍိုင်-၉။** ရုပ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှု (Physical Security)

**မှတ်ချက်**

အထက်ပါမဏ္ဍိုင် ၉ ခု မြင့်မားလေ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာမှု များလေဖြစ်ကြောင်း သတိပြုဖို့ ဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံဒေသမှာ စင်ကာပူနိုင်ငံက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)အများဆုံးရရှိတာ ဖြစ်ပါတယ်။ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုတာ ဒင်္ဂါးတစ်ပြားရဲ့ ခေါင်းနဲ့ ပန်းပဲဖြစ်ပါတယ်။ ခွဲလို့မရပါဘူး။

# ကမ္ဘာ့လယ်ယာထွက်ကုန်ပစ္စည်း ကုန်သွယ်ရေး

မောင်ရေချမ်း

**လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သဘောတူစာချုပ်**
**(Agreement on Agriculture)**
**အပိုင်း-၁**
**အာတီကယ်-၁**
**စကားလုံး အသုံးအနှုန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်**
**(Definition of Terms)**

**(က)** "ထောက်ပံ့ကူညီမှု၏ စုပေါင်းထားသော တန်ဖိုးပမာဏ" (အေအမ်အက်စ်) (Aggregate Measurement of Support-AMS) သည် အခြေခံလယ်ယာထွက်ကုန်ပစ္စည်း ထုတ်လုပ်သူများအား၊ မျက်နှာသာပေး၍ လယ်ယာထွက်ကုန်ပစ္စည်းတစ်ရပ်အတွက်ပေးသည့် ငွေကြေးတန်ဖိုးအရ ဖော်ပြထားသော အထောက်အပံ့၏ နှစ်စဉ်တန်ဖိုးဖြစ်သည်။ ယင်းနှစ်စဉ်တန်ဖိုးသည် အောက်တွင် ဖော်ပြထားသော ဤသဘောတူစာချုပ်၏ နောက်ဆက်တွဲ-၂ အောက်ရှိ လျှော့ချခြင်းမှ ကင်းလွတ်ခွင့်ပြုသည့်အထောက်အပံ့နှင့် မသက်ဆိုင်ပါ။

(၁) အခြေခံ ကာလအတွင်းပေးသည့် အထောက်အပံ့နှင့်စပ်လျဉ်း၍၊ အပိုင်း-၄ ရှိ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အစီအစဉ်ဇယားတွင် ရည်ညွှန်းသော ဆိုင်ရာ ဇယားများ၌ အသေးစိတ်ဖော်ပြသည့် ပေါင်းစပ်ပါဝင်သောထောက်ပံ့မှုပစ္စည်း၊

(၂) အကောင်အထည်ဖော်သော ကာလ၏ နှစ်တစ်နှစ်အတွင်း ပေးသည့် အထောက်အပံ့နှင့်စပ်လျဉ်း၍ ဤသဘောတူစာချုပ်၏နောက်ဆက်တွဲ-၃ ပါစည်းမျဉ်းများအတိုင်းတွက်ချက်ခဲ့ပြီး လိုအပ်သည့်အချက်အလက်နှင့် နည်းပညာကိုထည့်သွင်းစဉ်းစားလျက် အပိုင်း-၄ ရှိ အဖွဲ့ဝင်နိုင်ငံ၏ အစီအစဉ်ဇယားတွင်ရည်ညွှန်းသောပေါင်းစပ်ပါဝင်သည့် ထောက်ပံ့မှုပစ္စည်း။

**(ခ)** ပြည်တွင်းအထောက်အပံ့ ကတိကဝတ်များနှင့်ဆက်နွှယ်သော"အခြေခံလယ်ယာထွက်ကုန်ပစ္စည်း" (Basic Agricultural Product) ကို အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ အစီအစဉ်ဇယားနှင့် ဆက်နွှယ်မှုရှိသော ထောက်ပံ့မှုပစ္စည်းတို့တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း လက်တွေ့နှင့် အနီးစပ်ဆုံးဖြစ်သော ပထမရောင်းချသည့် ကုန်ပစ္စည်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

**(ဂ)** "ခန့်မှန်းခြေအသုံးစရိတ်များ" သို့မဟုတ် "အသုံးစရိတ်များ" (Budgetary Outlays or Outlays) တွင် လွန်ခဲ့သော အခွန်ရငွေပါဝင်သည်။

**(ဃ)** "ထောက်ပံ့ကူညီမှု၏ တူညီသော တန်ဖိုးပမာဏ" (Equivalent Measurement of Support)၏ အနက်အဓိပ္ပာယ်မှာ အခြေခံလယ်ယာထွက်ကုန်ပစ္စည်း ထုတ်လုပ်သူများအား ပေးသည့် ငွေကြေးတန်ဖိုးဖြင့်ဖော်ပြထားသော နှစ်စဉ်ထောက်ပံ့ကူညီမှု၏ အဆင့်ဖြစ်သည်။ ယင်းနှစ်စဉ်တန်ဖိုးအဆင့်သည် အောက်တွင်ဖော်ပြသော ဤသဘောတူစာချုပ်၏ နောက်ဆက်တွဲ-၂ အောက်ရှိလျှော့ချခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် အထောက်အပံ့နှင့် မသက်ဆိုင်ပါ။

(၁) အခြေခံကာလအတွင်း ပေးသည့် အထောက်အပံ့နှင့်စပ်လျဉ်း၍ အပိုင်း-၄ ရှိ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အစီအစဉ်ဇယားတွင် ရည်ညွှန်းသော ဆိုင်ရာဇယားများ၌ အသေးစိတ်ဖော်ပြသည့်ပေါင်းစပ်ပါဝင်သောထောက်ပံ့မှုပစ္စည်း၊

(၂) အကောင်အထည်ဖော်သော ကာလ၏ နှစ်တစ်နှစ်အတွင်းပေးသည့် အထောက်အပံ့နှင့်စပ်လျဉ်း၍ ဤသဘောတူစာချုပ်၏ နောက်ဆက်တွဲ-၄ ပါစည်းမျဉ်းများအတိုင်း တွက်ချက်ပြီး လိုအပ်သည့် အချက်အလက်နှင့် နည်းပညာကိုထည့်သွင်းစဉ်းစားလျက်အပိုင်း-၄ ရှိ အဖွဲ့ဝင်နိုင်ငံ၏အစီအစဉ်ဇယားတွင်ရည်ညွှန်းသောပေါင်းစပ်ပါဝင်သည့် ထောက်ပံ့မှုပစ္စည်း။

**(င)** "ပို့ကုန်ထောက်ပံ့ငွေများ"(Export Subsidies) သည် ဤသဘောတူစာချုပ်၏ အာတီကယ်-၉ တွင် စာရင်းပြုလုပ်ထားသော ပို့ကုန်ထောက်ပံ့ငွေများအပါအဝင် ပို့ကုန်ဆောင်ရွက်မှုအပေါ် ခွဲဝေပေးသည့် ထောက်ပံ့ငွေများကို ရည်ညွှန်းသည်။

**(စ)** "အကောင်အထည်ဖော်မှုကာလ" (Implementation Period) ဆိုသည်မှာ ၁၉၉၅ ခုနှစ်မှစတင်ပြီး ၆ နှစ်ကြာကာလကို ဆိုခြင်းဖြစ်သည်။ ခြွင်းချက်မှာ အာတီကယ်-၁၃ အတွက် ၁၉၉၃ ခုနှစ်မှစတင်ပြီး ၉ နှစ်ကြာကာလကို ဆိုခြင်းဖြစ်သည်။

**(ဆ)** "ဈေးကွက်ဝင်ရောက်နိုင်ခွင့်၊ အခွင့်အရေးများ" (Market access Concessions) တွင် ဤသဘောတူစာချုပ်အတိုင်း တာဝန်ယူထားသော ဈေးကွက်ဝင်ရောက်နိုင်ခွင့် ကတိကဝတ်များ အားလုံး ပါဝင်သည်။

**(ဇ)** "စုစုပေါင်း ထောက်ပံ့ကူညီမှု၏ စုပေါင်းထားသော တန်ဖိုးပမာဏ (Total Aggregate Measurement of Support and Total AMS ) ဆိုသည်မှာ လယ်ယာထွက်ကုန်ပစ္စည်း ထုတ်လုပ်သူများအား မျက်နှာသာပေးသည့် ပြည်တွင်းထောက်ပံ့ကူညီမှု၏ စုစုပေါင်းတန်ဖိုးဖြစ်သည်။ တွက်ချက်ပုံမှာ အခြေခံလယ်ယာထွက်ကုန်ပစ္စည်းများအတွက် ထောက်ပံ့ကူညီမှု၏ စုပေါင်းထားသော တန်ဖိုးပမာဏများအားလုံး ကုန်ပစ္စည်းသတ်မှတ်ချက်မရှိသည့် ထောက်ပံ့ကူညီမှု၏ စုပေါင်းထားသော တန်ဖိုးပမာဏများအားလုံးနှင့် လယ်ယာထွက်ကုန်ပစ္စည်းများအတွက် ထောက်ပံ့ကူညီမှု၏တူညီသောတန်ဖိုးပမာဏ အားလုံးတို့၏ စုစုပေါင်းတန်ဖိုးဖြစ်သည်။ ယင်းတို့မှာ-

(၁) အခြေခံကာလအတွင်း ပေးသည့် အထောက်အပံ့နှင့်စပ်လျဉ်း၍ လည်းကောင်း(တစ်နည်းအားဖြင့်အခြေခံ စုစုပေါင်း အေ အမ် အက်စ်)၊ အကောင်အထည်ဖော်သောကာလ၏နှစ်တစ်နှစ်အတွင်းပေးသည့် ခွင့်ပြုအမြင့်ဆုံး အထောက်အပံ့နှင့် စပ်လျဉ်း၍ လည်းကောင်း အပိုင်း-၄ ရှိ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ အစီအစဉ်ဇယားတွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

(၂) အကောင်အထည်ဖော်သော ကာလ၏ နှစ်တစ်နှစ်အတွင်း အမှန်တကယ်ပေးသည့် အထောက်အပံ့၏ အဆင့်နှင့်စပ်လျဉ်း၍ (လက်ရှိစုစုပေါင်း အေ အမ် အက်စ်) အာတီကယ်-၆ အပါအဝင် ဤသဘောတူစာချုပ်၏ စည်းမျဉ်းများအတိုင်း တွက်ချက်ပြီး လိုအပ်သည့် အချက်အလက်နှင့် နည်းပညာကို ထည့်သွင်းစဉ်းစားလျက်အပိုင်း-၄ ရှိ အဖွဲ့ဝင်နိုင်ငံ၏ အစီအစဉ်ဇယားတွင်ရည်ညွှန်းသော ပေါင်းစပ်ပါဝင်သည့် ထောက်ပံ့မှုပစ္စည်း။

**(ဈ)** အပိုဒ် (စ) တွင်ပါရှိသော "နှစ်" သည် အဖွဲ့ဝင်နိုင်ငံ၏ အစီအစဉ်ဇယားတွင် ဖော်ပြသော ပြက္ခဒိန်နှစ်၊ ဘဏ္ဍာရေးနှစ် သို့မဟုတ် ရောင်းဝယ်ရေးနှစ်ကို ရည်ညွှန်းသည်။

# Trade Facilitation & Trade Promotion

## ကုန်သွယ်မှု လျှင်မြန်ချောမွေ့ရေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်

ပင်လယ်ရေကြောင်း ကုန်သွယ်မှုကဏ္ဍ

## နိုင်ငံတကာဈေးကွက် ဝယ်လိုအားကောင်းပြီး တောင်သူတွေ အားထားစိုက်ပျိုးကြရမယ့် မြန်မာ့နှမ်း



ပင်လယ်ရေကြောင်းမှ နိုင်ငံတကာသို့ မြန်မာ့နှမ်းတင်ပို့ရောင်းချမှုသည် နှစ်စဉ်မှန်မှန် တိုးတက်လျက်ရှိပါတယ်။ နှမ်းကို ကုန်ကြမ်းအဖြစ် ရောင်းချ၍ လည်းကောင်း၊ ကုန်ချောအဖြစ် အခွံချွတ်၍ လည်းကောင်း၊ နှမ်းလှော်မှုန့်ပြုလုပ်၍ လည်းကောင်း တင်ပို့ရောင်းချကြပါတယ်။

နှမ်းကိုဆီကြိတ်၍ လည်းကောင်း၊ စားသုံးရန်မုန့်အမျိုးမျိုး ပြုလုပ်ရာတွင် အသုံးပြု၍ လည်းကောင်း စားသုံးကြပါတယ်။ နှမ်းဆီကို စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်ခြင်း၊ လေဖြတ်ခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့်အတွက်လည်း လူအများ ယုံကြည်နှစ်သက်စွာ စားသုံးကြပါတယ်။

ဈေးကွက်များတွင် အဓိကရောင်းချရတဲ့ နှမ်းတွေကတော့ သိပ္ပံနှမ်း၊ နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနီနှင့် ပန်းနှမ်း စသည့်အမျိုးအစားများဖြစ်ပါတယ်။ တင်ပို့ရောင်းချတဲ့ ဈေးကွက်တွေကတော့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ယူအေအီးနှင့် အိန္ဒိယ စသည့် အာရှနိုင်ငံများဖြစ်ပြီး အီးယူနိုင်ငံအချို့သို့လည်း အနည်းငယ်တင်ပို့ ရောင်းချခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ နိုင်ငံတကာသို့ မြန်မာ့နှမ်းတင်ပို့ရောင်းချခဲ့မှုအနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၄၀၀၀ ကျော်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၉၀၀၀ ကျော်နှင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တန်ချိန် ၃၆၀၀၀ ကျော်ဖြစ်တဲ့အတွက် နှစ်စဉ်တိုးတက် တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

***သန်းအုန်း***

## ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပပြုလုပ်မည့်

## CLMV Trade Missions with Business Meetings

အာဆီယံ-ဂျပန်စင်တာ (ASEAN-Japan Centre) မှကြီးမှူး၍ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၄ ရက်ထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ အာဆီယံ-ဂျပန်စင်တာခန်းမတွင် CLMV Trade Missions with Business Meetings ပြပွဲကို ကျင်းပပြုလုပ်မည်ဖြစ်သည်။

ပြပွဲတွင် လူနေမှုဘဝ (Lifestyle)ကိုပေါ်လွင်စေသည့် ပစ္စည်းများဖြစ်သည့် အသေးစားအိမ်သုံးပရိဘောဂပစ္စည်း၊ ထိုင်ခုံစွပ်၊ ပန်းကန်ခွက်ယောက်များ၊ အိမ်တွင်းအလှဆင်ပစ္စည်းများစသည့် လုပ်ငန်းများ ပါဝင်ပြသမည်ဖြစ်သည်။ အဆိုပါပွဲအား CLMV နိုင်ငံများမှ အိမ်တွင်းအလှဆင်ပစ္စည်းများ ဂျပန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်နှင့် ကုန်သွယ်မှုပမာဏ တိုးမြှင့်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်သည်။

ပြပွဲတွင် Liftstyle ပစ္စည်းများကို CLMV နိုင်ငံများမှ တစ်နိုင်ငံလျှင် ကုမ္ပဏီ ငါးခုမှ ခြောက်ခုအထိ ပါဝင်ပြသမည်ဖြစ်ပြီး စုစုပေါင်းပြသသူ ၂၄ ဦးမှ ၂၈ ဦးအထိ ပါဝင်ပြသမည်ဖြစ်သည်။ အဆိုပါပြပွဲအတွက် အာဆီယံ-ဂျပန်စင်တာမှ တာဝန်ရှိသူတစ်ဦးနှင့် အိမ်တွင်းအလှဆင်ဒီဇိုင်းကျွမ်းကျင်သူတစ်ဦးသည် ၂၀၁၂ ခုနှစ် ဩဂုတ် ၈ ရက်မှ ၁၁ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး ဩဂုတ် ၉ ရက်မှ ၁၀ ရက်များတွင် အဆိုပြုကုမ္ပဏီများသို့လှည့်လည်ကြည့်ရှုစစ်ဆေး၍ သတ်မှတ်စည်းကမ်းချက်များဖြစ်သည့် ကုန်ပစ္စည်းအရည်အသွေးမီ ထုတ်လုပ်နိုင်မှု၊ ဂျပန်ဈေးကွက်အကြိုက် ထုတ်လုပ်နိုင်ခြင်း ရှိ၊ မရှိစသည်တို့ကိုစစ်ဆေး၍ ပါဝင်ပြသရန် ကုမ္ပဏီ ငါးခုမှ ခြောက်ခုအထိ ရွေးချယ်မည်ဖြစ်သည်။ ရွေးချယ်ခံရသည့် ကုမ္ပဏီတစ်ခုစီမှ တစ်ဦးစီအတွက် အသွားအပြန်လေယာဉ်စရိတ်၊ တည်းခို နေထိုင်စရိတ်နှင့် ဒေသတွင်းသွားလာစရိတ်များကို အာဆီယံ-ဂျပန်စင်တာမှ ကျခံပေးမည်ဖြစ်ပါသည်။ စိတ်ဝင်စားသည့် မြန်မာကုမ္ပဏီများအနေဖြင့် ဇွန် ၂၅ ရက်မတိုင်မီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ၊ ကုန်စည်ပြပွဲဌာနစိတ်ဖုန်း ၀၆၇-၄၀၈၄၁၁၊ ဖက်စ် ၀၆၇-၄၀၈၃၁၁ နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပြပွဲဌာနတို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

***KKK***

| Trade Facilitation Contact Point, | Trade Promotion Contact Point, |
|---|---|
| 067-408312, 067-408320, 067-408232 | 067-408310, 067-408411, 067-408261 |

## ဈေးကွက်ဝင် ဘာစမာတီစပ်မျိုး(အိန္ဒိယ) စပါးများ ရှမ်းပြည်နယ်တွင် တိုးချဲ့စိုက်ပျိုးမည်

ရှမ်းပြည်နယ်၊ ဟဲဟိုးမြို့မှာ နှစ်စဉ်ဘာစမာတီစပါးစိုက်ဧကအနည်းငယ်စိုက်ပျိုးပြီး၊ ဒေသတွင်း ကြိတ်ခွဲလျက် ထွက်ရှိလာတဲ့ ဘာစမာတီဆန်များကို ဈေးကွက်ရှိရာ ရန်ကုန်မြို့ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ဟဲဟိုးမှစိုက်ပျိုး ထွက်ရှိတဲ့ ဘာစမာတီဆန်များဟာ ရနံ့မွှေးခြင်း၊ စားသုံးရန်နူးညံ့ကောင်းမွန်ခြင်းတို့ကြောင့် ရန်ကုန်မြို့ရှိ ဆန်ပွဲရုံများမှ ဈေးကောင်းပေးဝယ်ယူကြလို့၊ ယခုနှစ် ဟဲဟိုးဘာစမာတီ ၂၄ ပြည်ဝင် ဆန်တစ်အိတ် ရောင်းဈေးနှုန်းမှာ ၇၅၀၀၀ ကျပ်ထိ ရရှိခဲ့ကြောင်းသိရပါတယ်။

ဒါကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ တွက်ခြေကိုက်ရေးတို့ကိုရည်ရွယ်ပြီး ရှမ်းပြည်နယ်အတွင်း ပြည်နယ်၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ ဘာစမာတီစပ်မျိုး စပါးများ စိုက်ပျိုးရန် ဒေသခံတောင်သူများ၊ အသင်းအဖွဲ့များနဲ့ မျိုးစေ့ခြံများမှာ စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။

တောင်ကြီးမြို့ TPIS ရုံးခန်းမှ ဝန်ထမ်းများဟာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနဲ့တွေ့ဆုံပြီး ပြည်တွင်းစားသုံးမှုသာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချကာ နိုင်ငံခြားဝင်ငွေရရှိနိုင်သော ပြည်ပဈေးကွက် အလားအလာရှိတဲ့ ဘာစမာတီဆန်ရဲ့အခြေအနေများ ရှင်းလင်းဆွေးနွေးပြီး ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးချိန်မှာ ဘာစမာတီ စပါးများ တိုးချဲ့စိုက်ပျိုးမယ့်အခြေအနေများ မေးမြန်းခဲ့ရာ ယခုနှစ် မိုးစပါးစိုက်ပျိုးချိန်မှာ ဟဲဟိုးမြို့ စိုက်ပျိုးရေးဦးစီးဌာနအင်းခေါင် မျိုးပွားခြံမှာဧက ၁၀၀ နဲ့ အခြားမြို့နယ်များမှာ စမ်းသပ်စိုက်ပျိုးရန် ဧက ၈၀ စုစုပေါင်း ဧက ၁၈၀ စိုက်ပျိုးရန် လျာထားကြောင်း၊ ဆန်စပါးအသင်းခွဲ (တောင်ကြီး) နဲ့ တောင်သူများမှလည်း မျိုးစေ့မှာယူလျက်ရှိကြောင်း သိရပါတယ်။

ယခုနှစ် ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးချိန်မှာ စိုက်ပျိုးမယ့် ဘာစမာတီစပါးမျိုးမှာ ဘာစမာတီစပ်မျိုး (အိန္ဒိယ) ဖြစ်ပြီး၊ လယ်တစ်ဧကအတွက် မျိုးစေ့ ငါးကီလိုဝင်ဆန့်ကာ မျိုးစေ့တန်ဖိုး တစ်ဧကကို ၂၈၀၀၀ ကျပ်ဈေးနှုန်းနဲ့ စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးပေးလျက်ရှိကြောင်းနဲ့ မိုးစပါးစိုက်ပျိုးပြီးချိန်မှာ ဘာစမာတီစပ်မျိုး (အိန္ဒိယ) စပါးစိုက်ဧက ၃၀၀ ကျော်ရှိနိုင်ကြောင်း သိရပါတယ်။

***အောင်ကျော်***

## TPIS ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀)ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁)ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂)တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃)ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄)ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅)မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆)စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# တောက်ပတဲ့ အနာဂတ် မျိုးဆက်သစ်


အောင်မင်းသိုက် (MOC)



ကျောင်းဆင်းခေါင်းလောင်းသံနှင့်အတူ ကျောင်းခန်းထဲမှ ပျော်ရွှင်စွာထွက်လာတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားတွေကိုကြည့်ပြီး သူတို့ရဲ့အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းများကို တွေးဖြစ်ခဲ့ပါတယ်။ ယခုလိုတစ်နှစ်ထက် တစ်နှစ်ကြီးပြင်းလာကြမယ့် မျိုးဆက်သစ်သားသမီးများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးဟာ ယနေ့တိုင်းပြည်တာဝန် ထမ်းဆောင်လျက်ရှိတဲ့သူတိုင်းမှာ တာဝန်ရှိပါတယ်။

လက်ရှိ နိုင်ငံတော်ရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ မြန်မာနိုင်ငံကို စိတ်ဝင်စားစွာ ကမ်းလှမ်းလာကြပြီဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာမှာဖြစ်သလို အဲဒီအလုပ်အကိုင် အခွင့်အလမ်းများမှာ မိမိတို့ မျိုးဆက်သစ်တွေအနေဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်တွေအနေနဲ့ လုပ်ငန်းခွင်ဝင်နိုင်မှသာ အနာဂတ်ဘဝခရီးပိုမိုလှပမှာ ဖြစ်ပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်တဲ့အခါမှာ မိမိနိုင်ငံမှာ လုပ်ခဈေးပေါခြင်းဆိုတဲ့အချက်ကို အားသာချက်အဖြစ်နဲ့ ဖိတ်ခေါ်မယ့်အစား မိမိနိုင်ငံမှာ ကျွမ်းကျင်လုပ်သားတွေရှိပါတယ်။ လုပ်သားခ ဈေးပေါတာလိုချင်ရင် (ဥပမာ-အာဖရိကတိုက်) သွားရှာလို့ပြောနိုင်မယ့် အခြေအနေမျိုးဖြစ်အောင် မိမိရဲ့ မျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်ပေးဖို့ လိုအပ်နေပါပြီ။ အဲဒီလိုပြောတဲ့အခါ မြန်မာနိုင်ငံပညာရေးစနစ်က နိမ့်ကျနေလို့လားလို့ အချို့က မေးခွန်းထုတ်ပါလိမ့်မယ်။ ကျွန်တော့်ရဲ့သဘောထားအမြင်မှာတော့ (လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိပါသည်) မြန်မာနိုင်ငံပညာရေးစနစ်ဟာ အခြေခံပညာအဆင့်သင်ရိုးမှာ နိမ့်ကျမှုမရှိသေးဘူးလို့ သုံးသပ်မိပါတယ်။ နိုင်ငံခြားပညာတော်သင် မြန်မာကျောင်းသားများရဲ့ အတွေ့အကြုံအရ သင်္ချာအခြေခံနဲ့ ဘာသာရပ်ဆိုင်ရာ ဗဟုသုတတွေမှာ နိမ့်ကျခြင်းမရှိပါဘူး။ လက်ရှိမြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍ အဓိကပြဿနာကတော့ "ပညာရေးအသုံးမတည့်မှုတွေ ဖြစ်နေခြင်း" ဖြစ်ပါတယ်။ ဆိုလိုတာကတော့ လက်ရှိ မြန်မာနိုင်ငံရဲ့ပညာရေးအရ သမားရိုးကျဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့မျိုးအပြင် မျိုးဆက်သစ်များ အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင်မဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းတွေကိုပိုမိုဖွင့်လှစ်သွားဖို့ လိုအပ်လျက်ရှိပြီး အရည်အချင်းပြည့်မီတဲ့ ကျောင်းသူ/ကျောင်းသားများကို ပိုမိုမွေးထုတ်ပေးဖို့ လိုအပ်လာပြီဖြစ်ပါတယ်။

ဒေသတွင်းနိုင်ငံများဖြစ်တဲ့ ဥပမာ-စင်ကာပူ၊ ကိုရီးယားတို့မှာ ပညာရေးကို လုပ်ငန်းခွင် အသုံးချနိုင်မယ့် ပညာရေးအဖြစ် ဖော်ဆောင်ပေးလျက်ရှိပါတယ်။ ကိုရီးယားနိုင်ငံမှာ ဆင်းရဲမွဲတေမှုမှ ကြွယ်ဝချမ်းသာမှုသို့ဆိုတဲ့ Poverty to Prosperity ဆိုတဲ့ ရည်မှန်းချက်ထားပြီး အခြေခံပညာမူလတန်းမှ အင်ဂျင်နီယာနှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေးဆိုပြီး from Universal Primary to Promotion engineers and skilled workers ဆိုပြီး သိပ္ပံနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်သင်ကြားပေးလာခဲ့ပါတယ်။ စင်ကာပူနိုင်ငံမှာလည်း နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စက်မှုကုန်ထုတ်လုပ်ငန်းများမှာ လုပ်ငန်းခွင်ဝင်နိုင်အောင် စက်မှုကုန်ထုတ်လုပ်ငန်း၊ ယာဉ်နှင့်သင်္ဘော၊ လေယာဉ်ပျံများတည်ဆောက်ခြင်း၊ ဓာတုဆေးဝါးလုပ်ငန်း၊ ကွန်ပျူတာပညာရပ်ဆိုင်ရာ လုပ်ငန်းအစရှိတဲ့ ကဏ္ဍအလိုက်သက်ဆိုင်တဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ဥပမာ Medical Science Cluster အနေနဲ့ သက်ဆိုင်ရာလုပ်ငန်းခွင်ဝင်နိုင်မယ့် ပညာရပ်တွေကို အောက်ပါအတိုင်း ဖော်ထုတ်သင်ကြားပေးလျက်ရှိပါတယ်။




မိဘတွေအနေနဲ့ သားသမီးများကို ပညာအမွေ ပေးသလို မိမိအနာဂတ်မျိုးဆက်သစ်များ အလုပ်အကိုင် ရရှိရေးအတွက် နိုင်ငံတော်အတွက် နိုင်ငံတော်မှ လူ့စွမ်းအား အရင်းအမြစ်များအတွက် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်တဲ့အနေနဲ့ လိုအပ်သလိုနိုင်ငံခြားမှ အသိပညာရှင်၊ အတတ်ပညာရှင်များအား ကမ်းလှမ်းကာ သင်တန်းများဖွင့်လှစ်ပေးစေခြင်း၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာမှာသင်ကြားနေတဲ့ဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာ အရာထမ်းများအား ပညာတော်သင်ပိုမိုစေလွှတ်ခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မားရန် ပြုစုပျိုးထောင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအရ လိုအပ်သောကျွမ်းကျင်လုပ်သားများရရှိနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ တက္ကသိုလ်၊ ကောလိပ်များ ပိုမိုဖွင့်လှစ်ပေးခြင်းနှင့် လိုအပ်ပါက ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များဖိတ်ခေါ်ကာ သင်တန်းပေးစေခြင်း စသည်တို့အပြင် ပုဂ္ဂလိက ကဏ္ဍမှ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်မှုတို့ကို ပိုမိုအားပေးပြီး ထိရောက်စွာ အကောင်အထည်ဖော်သွားရန် လိုအပ်လာပြီလို့ မြင်ပါတယ်။

လက်ရှိ နိုင်ငံတော်ရဲ့ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း ကဏ္ဍများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍများမှာ ပါဝင်တဲ့ဆေးဝါးလုပ်ငန်း၊ အလှကုန်လုပ်ငန်း၊ လူသုံးအိမ်သုံးလုပ်ငန်းများနဲ့ ကွန်ပျူတာကဲ့သို့ အဆင့်မြင့်နည်းပညာသုံးလုပ်ငန်းများမှာ မျိုးဆက်သစ်လူငယ်များအနေနဲ့ အသိပညာရှင်များ၊ အတတ်ပညာရှင်များအဖြစ် လုပ်ငန်းခွင်ဝင်နိုင်အောင် ဘာသာရပ်ဆိုင်ရာအလိုက် အသက်မွေးဝမ်းကျောင်းများ ဖွင့်လှစ်ပေးမှသာ အနာဂတ်မျိုးဆက်သစ်များရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမယ်လို့ ယုံကြည်လျက်. . .

# Kaytumadi iSolution Limited မှ တင်သွင်းသည့် ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲအခမ်းအနားကျင်းပ




Kaytumadi iSolution Limited မှ တင်သွင်းသည့် ကမ္ဘာ့နောက်ဆုံးပေါ် ဘဏ်လုပ်ငန်းဆိုင်ရာ ထုတ်ကုန်ပစ္စည်းများဖြစ်သည့်Diebold (USA) ၏ Self-Service Terminal အဖြစ်အသုံးပြုနိုင်သောအလိုအလျောက်ငွေထုတ်စက် (ATM)၊ ဂျပန်နိုင်ငံထုတ် KUMAHIRA Bank Valut Door ပစ္စည်းများ၊ Safe Depost Box များနှင့် ထိုင်းနိုင်ငံ CSP ကုမ္ပဏီမှ Security Printing Product များအား မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ဆီဒိုးနားဟိုတယ်တွင် ဇွန် ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်ပစ္စည်း မိတ်ဆက်ပွဲ အခမ်းအနားတွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားပြီး Kaytumadi iSolution Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးမောင်ကနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ထို့နောက် နောက်ဆုံးပေါ် Diebold ကုန်ပစ္စည်းများနှင့်ပတ်သက်၍Diebold (USA) မှ ဈေးကွက်မန်နေဂျာ Mr. Sitthichai Parinyanusaorn က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

Diebold Corporation သည် အမေရိကန်ပြည်ထောင်စုတွင် ၁၈၅၉ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၅၀ကျော်ကြာအောင် လုပ်ငန်းအတွေ့အကြုံနှင့်အောင်မြင်မှုသမိုင်းကြောင်းရှိခြင်း၊ အမေရိကန် ပြည်ထောင်စုတွင် အကြီးဆုံး အလိုအလျောက် ငွေထုတ်စက် (ATM) ထုတ်လုပ်ဖြန့်ဖြူးသော ကုမ္ပဏီဖြစ်ခြင်း၊ Diebold ATM များသည် ငွေဖြည့်ရန် Cassette Box ငါးခုနှင့် Reject Box တစ်ခုပါရှိခြင်း၊ အလင်းပြန်မှုကို ကာကွယ်ပေးခြင်း၊ Anti Skimming System အသုံးပြုထားခြင်း၊ ရာသီဥတုဒဏ် ခံနိုင်ခြင်း၊ ကျစ်လစ်သိပ်သည်းခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ Self Service Terminal တည်ထောင်နိုင်ခြင်း စသည့်အားသာချက်များရှိကြောင်း သိရသည်။

Diebold ကုမ္ပဏီမှ ထုတ်လုပ်သော Opteva 522 နှင့် Opteva 562 ATM စက်များ၊ Opteva 378 Cash Recycler Machine (အလိုအလျောက် ငွေသွင်း ငွေထုတ်စက်)၊ Opteva 326 Cheque Deposit Machine (အလိုအလျောက် ချက်လက်မှတ်ဖြင့် ငွေသွင်းစက်) နှင့် Opteva 322 Self-Service Passbook update machine (မိမိကိုယ်တိုင် ငွေစုစာအုပ်ဖြင့် ငွေလက်ကျန်စစ်ဆေးနိုင်သောစက်)တို့ကို Mr. Sitthichai Parinyanusaorn က ကိုယ်တိုင်လက်တွေ့ပြုလုပ်၍ ရှင်းလင်းပြသခဲ့သည်။

ထို့ပြင် သုံးစွဲသူလုပ်ငန်းရှင်များကို အကျိုးများစေသည့်အချက်မှာစက်များ၏စွမ်းရည်ကို ပြည့်ဝစွာ သုံးစွဲနိုင်ရန် စွမ်းရည်ပြည့်ဝသော Kaytumadi iSolution Limited ဝန်ထမ်းများဖြင့် သတ်မှတ်ထားသော အချိန်တိုင်း စစ်ဆေးပြီး ၂၄နာရီအတွင်း ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံထုတ် KUMAHIRA Bank Vault Door နှင့် Safe Deposit Box များသည် ပေါ့ပါးလုံခြုံပြီး အလွယ်တကူ တပ်ဆင်နိုင်သည်။ ထို့ပြင် Leading Edge Technologies ကို အသုံးပြုထုတ်လုပ်ထားသော ပစ္စည်းများဖြစ်ကြောင်း သိရသည်။

Kaytumadi iSolution သည် ထိုင်းနိုင်ငံ CSP ကုမ္ပဏီနှင့်ပူးပေါင်းပြီး Security Printing Product များဖြစ်သည့် ATM Card, Credit/Debit Cards, Balance Passbook & Cheques, Plastic Cards အမျိုးမျိုး၊ Brand Protection, Flexible Packaging, Commercial Security Document, Government Document များကို ဆက်လက်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အမှိုက်ပုံက ဒေါ်လာများ



ကျွန်တော်သည် ရေသန့်ဘူးခွံဟောင်း၊ ပလတ်စတစ်အဟောင်းများ၊ တာယာဟောင်းအစများကို အမှိုက်ပုံများနှင့် လမ်းဘေးတွင် လိုက်လံကောက်ယူနေသည့် မြင်ကွင်းကို နယ်အနှံ့တွေ့ခဲ့ဖူးပါသည်။ သူတို့တွေ ကောက်ယူသိမ်းဆည်းနေတာကိုမြင်ရတော့ စိတ်ထဲမှ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ "ကောင်းလေစွ ကောင်းလေစွ" ဟု သာခုခေါ်မိပါသည်။

အဘယ့်ကြောင့်ဆိုသော် ပလတ်စတစ်နှင့် အခြားစွန့်ပစ်ပစ္စည်းများသည် တန်ဖိုးမဲ့ပစ္စည်းများ ဖြစ်ကြသည်။ ပလတ်စတစ်နှင့် အခြားပစ္စည်းဟောင်းများသည် စက္ကူအိတ်၊ သစ်ရွက်ထုပ်ပိုးခွံများကဲ့သို့ ဆွေးမြေ့ပျက်စီးမှု မလွယ်သဖြင့် လူနှင့်ပတ်ဝန်းကျင်ကို များစွာဒုက္ခပေးသည်ကိုလည်း မြင်တွေ့ခဲ့ဖူးပါသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ဆိုးကျိုးများကြောင့် မြို့တွင်းရှိ ရေသိုးမြောင်းများပိတ်ဆို့၍ ရေသိုးများ ကားလမ်းများနှင့် ရပ်ကွက်များ ရေလျှံခြင်း၊ စိုက်ပျိုးမြေများတွင် ပလတ်စတစ်စ အမှိုက်စများမျိုးစုံတို့ပါဝင်လာသဖြင့် သီးနှံနှင့် ရာသီပင်များ ဖြစ်ထွန်းမှုအားနည်းခြင်း၊ ပလတ်စတစ်အမှိုက်များကို မီးရှို့ပါကလည်း ဆိုးဝါးသောအနံ့များထွက်ရှိသဖြင့် ကျန်းမာရေးထိခိုက်ခြင်း စသော ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေပါသည်။ ဤကဲ့သို့ လူနှင့်ပတ်ဝန်းကျင်ကို ဒုက္ခပေးသော စွန့်ပစ်ပလတ်စတစ်နှင့် အခြားပစ္စည်းများကို သိမ်းဆည်းပေးသဖြင့် သာခုခေါ်မိခြင်းဖြစ်ပါသည်။

ယခင်က ကျွန်တော်မသိခဲ့သော အမှိုက်ပုံ၊ လမ်းဘေးတွေက စွန့်ပစ်ပစ္စည်းဖြစ်သော ပလတ်စတစ်ဖြတ်စ၊ ဆားကစ်ဖြတ်စ၊ ဘီယာဘူးခွံ၊ တာယာအဟောင်း၊ စီဒီပြားအဟောင်း၊ ကျွတ်ဖြတ်စ၊ ပီနံအိတ်ဖြတ်စ၊ Lather ဖြတ်စ၊ နိုင်လွန်ငါးဖမ်းပိုက်အဟောင်း ၊ ရေသန့်ဘူးခွံအဟောင်းနှင့် ဖိနပ်ဆိုးပြားအဟောင်း စသည့် အမှိုက်ပုံက စွန့်ပစ်ပစ္စည်းများသည် နိုင်ငံခြားသို့တင်ပို့နေသည်ကို သိရှိခဲ့ရပါသည်။

စွန့်ပစ်ပစ္စည်းများမှ ပလတ်စတစ်ပစ္စည်းများသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် တင်ပို့မှု တန်ဖိုး ဒေါ်လာ ၇ သိန်းဘိုးခန့် တရုတ်၊ စင်ကာပူ၊ နယ်သာလန်၊ နယူးဇီလန်နိုင်ငံများသို့ တင်ပို့ခဲ့သည်ကို သိရှိရပါသည်။ အမှိုက်ပုံထဲက စွန့်ပစ်ပစ္စည်းများသည် ဒေါ်လာများဖြစ်နေပြီး တင်ပို့သူ၊ စုဆောင်း၊ ကောက်ယူသူနှင့် တိုင်းပြည်အတွက်ပါ အကျိုးရှိမည့် Export လုပ်ငန်းတစ်ခုဖြစ်သည်။ ဤလုပ်ငန်းမျိုးသည် အလုပ်လက်မဲ့များအတွက် အဆင်းလည်းလှ ဝမ်းလည်းဝပြီး မွန်မြတ်သည့်လုပ်ငန်းတစ်ခုဖြစ်၍ အမှိုက်ထဲက ဒေါ်လာများရနေသည်ကို ပြည်သူအားလုံးသိရှိနိုင်ရန် စေတနာထား ရေးသားတင်ပြလိုက်ရပါသည်။

***ထွန်းမြင့်ထွန်း***

# တံတားဦးနယ်မှ ရွှေဟင်္သာသရက် မူဆယ်တင်ပို့

တံတားဦးမြို့နယ်တစ်ဝိုက်မှ ယခုလဆန်းပိုင်းအတွင်း ရွှေဟင်္သာသရက် လှိုင်လှိုင်တင်ပို့နေပြီး၊ ရင်ကွဲသရက်များလည်း ဂျပ်ဖာအနည်းငယ်ညှပ်ကာ တင်ပို့နေကြောင်း သိရှိရပါတယ်။ ယခုနှစ်သရက်ရာသီမှာ အစပိုင်း အပွင့်ကောင်း၊ သီးအားပိုခဲ့ပြီး အသီးအညှာမခိုင်ချိန်နဲ့ အသီးရင့်မာချိန်တို့မှာ လေပြင်းတိုက်ခတ်ခြင်းများ ကြုံတွေ့ခဲ့ရခြင်းများကြောင့် သရက်သီး အသီးတင်မှုမှာ သုံးပုံတစ်ပုံသာ ကျန်ရှိခဲ့ပါတယ်။ စိန်တလုံးသရက်မှာလည်း အိတ်စွပ်တစ်ဖာ ၁၁၀ ယွမ် (၁၄၅၀၀ ကျပ်)ရရှိခဲ့လို့ စိန်တလုံးသရက် တင်ပို့ရောင်းချမှုအပေါ်မှာ ခြံပိုင်ရှင်များ တွက်ခြေကိုက်ခဲ့ကြပါတယ်။ ယခုအပတ်မှာလည်း ခြံပိုင်ရှင်များဟာ မူဆယ်ကားခ ခြောက်ဘီးကား တစ်ဖာ ၁၂၀၀ ကျပ်၊ ဟိုင်းလတ်ကား တစ်ဖာ ၁၅၀၀ ကျပ်ရှိပြီး၊ ခြောက်ဘီးကားများနဲ့သာ အများဆုံးတင်ပို့လျက်ရှိပြီး၊ ရွှေဟင်္သာအိတ်စွပ် တစ်ဖာ ၁၀၀ မှ ၁၂၀ ယွမ် (၁၃၂၀၀ ကျပ်မှ ၁၅၈၀၀ ကျပ်)၊ အိတ်လွတ် ၅၀ ယွမ် (၆၆၀၀ ကျပ်) အမြင့်ဆုံး ရရှိကြောင်း၊ ရင်ကွဲသရက်မှာ အိတ်စွပ် ၄၅ မှ ၅၀ ယွမ် (၆၀၀၀ ကျပ်မှ ၆၆၀၀ ကျပ်)၊ အိတ်လွတ် တစ်ဖာ ၂၀ယွမ်မှ ၃၀ယွမ်(၂၆၀၀ ကျပ်မှ ၄၀၀၀ ကျပ်) ရရှိကြောင်း၊ ဟင်္သာသရက်အနေနဲ့ တစ်ရက် ၅၅၀ ဖာတင်တဲ့ ခြောက်ဘီးကားနဲ့ နေ့စဉ်ကား ခြောက်စီးခန့် တင်ပို့နေကြပြီး ရွှေဟင်္သာသရက် ရောင်းချမှုမှလည်း အကျိုးအမြတ်ရရှိမှု တွက်ခြေကိုက်လျက်ရှိကြောင်း သရက်ခြံပိုင်ရှင်များနဲ့ သရက်ပွဲစားများထံမှ သိရှိရပါတယ်။

***သက်လွင်ထူး***

***စာမျက်နှာ ၂၅ မှ အဆက်***

ဈေးကွက်မှာ ဟုမ်မာလီကို အမည်အမျိုးမျိုးနဲ့ တွေ့နိုင်ပါတယ်။ ဆန်မွှေး (Aromatic Rice)၊ သင်းရနံ့ ဆန် (Fragrant rice) ၊ မွှေးရနံ့ကြိုင်ဆန် (Scented rice) ၊ ရေမွှေးဆန် (Perfume rice) တို့ဖြစ်ပြီး စပယ်ဆန်မွှေးဆိုတဲ့အမည်ကတော့ လူသိများပါတယ်။ ဟုမ်မာလီစကားလုံးရဲ့အဓိပ္ပာယ်မှာလည်း စပယ်ရနံ့လို့ အဓိပ္ပာယ်ရပါတယ်။ ရှည်သွယ်၍ အလျား ၇ဒသမ ၄ မီလီမီတာရှိသော လုံးစင်ဆန်ဟာ ထူးခြားတဲ့ ဟုမ်မာလီဆန်ရဲ့ ရုပ အရည်အသွေးတစ်ခုပါ။ ဒါ့အပြင် အမိုင်လို့ပါဝင်မှု ၁၂-၁၉ ရာခိုင်နှုန်းရှိတာကြောင့် အကောင်းဆုံး ချက်ပြုတ်ခံနိုင်တဲ့ အရည်အသွေးရှိပါတယ်။ ဆန်ဖြူအဖြစ် ကြိတ်ဖွပ်လိုက်တဲ့အခါမှာလည်း ရှည်သွယ်ပြီးကြည်လင်နေပါတယ်။ ထူးခြားဆန်းပြားတဲ့ရနံ့နဲ့ ပေါင်းလိုက်တဲ့အခါ အံ့သြလောက်အောင်ကောင်းတဲ့ အရသာနဲ့ပြည့်စုံတဲ့ ထမင်းဖြူဖြူဖွေးဖွေးလေးကို ရရှိပါလိမ့်မယ်။

***သန်းသန်းမြင့်***

***စာမျက်နှာ ၂၅ မှ အဆက်***

ဆန်ဖြူစားသုံးမှုကို လျှော့ချရန်မှာ အဓိကစားသုံးသူတို့၏ အသိပညာပေါ်တွင်မူတည်လေသည်။ ဆန်ဖြူ စားသုံးရန်မသင့်ဟူသော စိတ်များဖြစ်ပေါ်လာအောင် ပညာပေးခြင်း၊ လှုံ့ဆော်ခြင်း၊ စည်းကမ်းများသတ်မှတ်ပေးခြင်းတို့ လုပ်သင့်ပေသည်။ ဆီစားသုံးမှုလျှော့ချရေးကဲ့သို့ ဆန်ဖြူစားသုံးမှု လျှော့ချရေးတို့ ကို ပညာပေးဇာတ်လမ်းများ၊ မီဒီယာများတွင် ဖော်ပြသင့်ပေသည်။ တဘက်စွန်းရောက်လှသော ဆန်လုံးညို (လုံးတီး) စားသုံးရန်တိုက်တွန်းမှု ပညာပေးမှုသည် နှစ်ပေါင်း ၅၀ ကျော် ဆောင်ရွက်ခဲ့သော်လည်း လက်တွေ့တွင် အထက်မှာဖော်ပြသကဲ့သို့ ကျွန်ုပ်၏ပတ်ဝန်းကျင်တွင် နှစ်ဦးသာတွေ့ခဲ့ဖူးသော အခြေအနေကိုလည်း သတိချပ်သင့်ပါသည်။ လျှော့ကြိတ် ဆန်ဈေးကွက်ပေါ်လာသကဲ့သို့ ပေါင်းဆန်ဈေးကွက်လည်း ဖြစ်ပေါ်လာစေရန် ကြိုးစားသင့်ပါသည်။ သို့ပါ၍ ဆန်ဖြူဖြူစားသုံးခြင်းကို ရှောင်ကျဉ်သင့်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၂၅-၆-၂၀၁၂ မှ ၁-၇-၂၀၁၂ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ရဲရင့်တည်ကြည်ပြီး၊ ရဲစွမ်းသတ္တိနှင့် ပူးတွဲလုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ကြေးနီ၊ ရွှေတို့နှင့်ပတ်သက်၍ အကျိုးခံစားရမှု အားကောင်းမည်။ တောတောင်အရပ်များသို့ လှည့်လည်သွားလာရသော စီးပွားရေး လုပ်ငန်းများတွင် ထက်မြက်ပြင်းထန်ခြင်း၊ နတ်များပူဇော်ခြင်းကြောင့် အခက်အခဲများ တွေ့တတ်သောသဘောရှိနေတတ်ပါသည်။ မင်းခစား၊ မင်းမှုထမ်းဖြစ်လျှင် ကိုးကွယ်ဆည်းကပ်သော လွဲမှားမှုမျိုးရှိနေတတ်ပါသည်။ ကျန်းမာရေးသင့်တင်နေမည်။

**ယတြာ။ ။ ဆီထမင်းလှူဒါန်းပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ငြိမ်သက်တည်ကြည်နေခြင်းကြောင့် စီးပွားရေးတွင် ကံကောင်းမှုများကြုံနေရတတ်သည်။ အတွေးအခေါ် အဆုံးအဖြတ် မှန်ကန်နေလိမ့်မည်။ သစ်သီးဝလံ၊ ပန်းမန်၊ ကောက်ပဲသီးနှံ၊ လယ်ယာလုပ်ငန်းများနှင့် အကျိုးပေးကောင်းနေလိမ့်မည်။ အမျိုးသမီးများ၏ စွဲမက်မှု ကူညီပံ့ပိုးမှုများ ရရှိတတ်မည်။ ကိုယ်စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံနေတတ်ပါသည်။ အခက်အခဲဟူသမျှ လွယ်ကူစွာ ပပျောက်နိုင်စွမ်းရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အအေးမိခြင်းကြောင့်ဖြစ်တတ်သော ရောဂါ သတိပြုသင့်ပါသည်။

**ယတြာ။ ။ ယပ်တောင်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အရည်အချင်းကောင်းများ ရှိသော်လည်း မိမိတွဲဖက်လုပ်ကိုင်ရသော အသိုင်းအဝိုင်းကြောင့် မိမိအရည်အချင်းမပေါ်ဘဲ ပျောက်ကွယ်နေတတ်သည်။ ခွန်အားနှင့်ပြုလုပ်ရသော စီးပွားရေးလုပ်ငန်းများ သင့်တင့်နေမည်။ မြေနှင့်ပတ်သက်သောလုပ်ငန်း၊ မြေမှထွက်သောပစ္စည်းများနှင့်ပတ်သက်၍ကံကောင်းနေတတ်ပါသည်။ စိတ်နေစိတ်ထား မြင့်မြတ်ခြင်းရှိသော်လည်း မာန်မာနကြီးခြင်းကြောင့် ဒဏ်ရာ၊ ဒဏ်ချက် ရရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် မီးပူလောင်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့ ဖြစ်တတ်ပါသည်။ ၎င်းကြောင့် ကျန်းမာရေးညံ့နေတတ်ပါသည်။

**ယတြာ။ ။ မုသားပြောခြင်းရှောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စကားပြောလိမ္မာကျွမ်းကျင်မှု ရှိနေမည်။ ဘာသာရေးနှင့်ဆိုင်သော စီးပွားရေးလုပ်ငန်း၊ ကမ္မဋ္ဌာန်းတရားနှင့် ဘာသာရေး ပညာရပ်များဆိုင်ရာ စီဒီတွေနှင့် ဘုန်းကြီးတရားခွေ၊ ဗုဒ္ဓဘာသာစာပေ၊ စာအုပ်ထုတ်လုပ်ရောင်းဝယ်သော စီးပွားရေးလုပ်ငန်း အထူးအကျိုးပေးအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာရှိများ၏ ချီးကျူးခံရမည်။ ကျန်းမာရေးဂရုစိုက်ပါ။ အရေပြားနှင့်ပတ်သက်သော ပွေး၊ ဝဲ၊ ခူနာတို့ ဖြစ်တတ်သည်။ အဆွေခင်ပွန်းကောင်း ရရှိမည့်ကာလဖြစ်သည်။

**ယတြာ။ ။ ဘုရားပူးခရီး ထွက်လိုက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ဉာဏ်ပညာထက်မြက်ကောင်းမွန်သောကြောင့် အများ၏လေးစားရိုသေမှုကို ခံစားရတတ်သည်။ ဘဏ်လုပ်ငန်း၊ ငွေစု၊ ငွေချေးလုပ်ငန်းများ အကျိုးပေး အားကောင်းလိမ့်မည်။ ပညာရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ပါက ဝင်ငွေအားကောင်းနေလို့မ်မည်။ ကျန်းမာရေးအနေဖြင့် အာကာသမပွင့်ဘဲ ပထဝီလွန်ကဲသောရုပ်ဝတ္ထုအဖြစ်ခံပါက စိုးရိမ်ဖွယ်ရှိတတ်သော သဘောရှိနေမည့်ကာလပိုင်းဖြစ်ပါသည်။

**ယတြာ။ ။ ရေနွေးကြမ်းလှူပါ။**



**သောကြာသားသမီးများအတွက်** အပေါင်းအသင်းမှားခြင်း၊ မိတ်ဆွေများ၏ လှည့်ဖြားမှုများ ကြုံဆုံရခြင်းတို့ကြောင့် စီးပွားရေး ပျက်စီးဆုံးရှုံးစေတတ်သည်။ ယာဉ်၊ ကား၊ စည်းစိမ်ခံစားမှုရှိသော ပစ္စည်းဥစ္စာများကို စီးပွားရေးအနေဖြင့် ထုတ်လုပ်ရောင်းဝယ်ပါက အောင်မြင်မှုများ ရရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ခွဲသလိပ် အားကြီးသော ပန်းနာရင်ကျပ် လေရောဂါတို့ဖြစ်တတ်ပါသည်။ ရတနာပစ္စည်းများနှင့်ပတ်သက်၍ အဝင်အထွက် ရှိနေတတ်ပါသည်။

**ယတြာ။ ။ မိမိအိမ်မှဘုရား၏ နဖူးသင်းကျစ်တွင် စိန်တလုံးလှူဒါန်းလိုက်ပါ။**



**စနေသားသမီးများအတွက်** လက်အောက်ငယ်သား တပည့်အခြွေအရံများကြောင့် လာဘ်လာဘများ ရရှိခံစားရတတ်သည်။ အပင်ပန်းခံနိုင်မှုရှိခြင်းကြောင့် အောင်မြင်မှုများရရှိလိမ့်မည်။ ပန်းပုလုပ်ငန်း၊ ပရဆေးပစ္စည်းများနှင့် ပတ်သက်သော ထုတ်လုပ်ရောင်းဝယ်ခြင်း စီးပွားရေးလုပ်ငန်းမှ အကျိုးခံစားခွင့်အားကောင်းလို့မ်မည်။ ကျန်းမာရေးအနေဖြင့် လေ၊ သလိပ်ရောဂါကြီးထွားမှု ရှိလာတတ်သည်။ မြစ်တွဲနာကြောင့် အန္တရာယ်ဖြစ်တတ်သည်။ အနေအစားသတိထားသင့်သည့်ကာလ ဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ နွားနို့လှူပါ။**

## ရက်သတ္တပတ်အတွင်း စီးပွားရေးသတင်းတိုများ

**ဝါရှင်တန်**

စွန့်စားမှုအန္တရာယ်နဲ့ ယူရိုဇုန်အန္တရာယ်တို့နဲ့ နီးကပ်စွာဆက်နွှယ်နေမှု တို့ကြောင့် ကမ္ဘာ့ဘဏ်ကြီး ၁၅ ခုရဲ့ ချေးငွေအဆင့်ကို မူဒီကြွေးမြီအဆင့် သတ်မှတ်ရေးအေဂျင်စီက လျှော့ချ လိုက်ပြီးနောက် ဒီဘဏ်ကြီးတွေရဲ့ အခြေအနေဆိုးဝါးပြင်းထန်တဲ့ အခြေ အနေကို ရောက်ရှိခဲ့ပါတယ်။ ဒီဘဏ် ကြီးတွေထဲမှာ ဂိုလ်မန်ဆက်၊ ဘာကလေ၊စီတီဂရူ၊ HSBCနဲ့ ဒွိုက်ချ်ဘဏ်တို့ပါဝင်ပြီး ဘဏ်လုပ်ငန်း နယ်ပယ်မှာနာမည်ကြီးနေတဲ့ ဒီဘဏ်ကြီးတွေရဲ့ အဆင့်ကို ဇွန် ၂၁ ရက်က လျှော့ချခဲ့တာ ဖြစ်ပါတယ်။

Source.AFP

**ရီယိုဒီဂျနေရို**

ကမ္ဘာ့ ဘဏ္ဍာရေးအကျပ်အတည်းတိုင်းမှ အကာအကွယ်ရနိုင်ဖို့အတွက်နဲ့ ၄င်းတို့ရဲ့ ကုန်သွယ်မှုဆက်ဆံရေးကို ခိုင်မာစေဖို့အတွက် အစီအစဉ်တစ်ရပ်အဖြစ် တရုတ်နဲ့ ဘရာဇီးနိုင်ငံတို့ ငွေကြေးဖလှယ်မှုသဘောတူညီချက်ကို ရခဲ့ပါတယ်။ ဒီသဘောတူညီချက်အရ သက်ဆိုင်ရာ ဗဟိုဘဏ်တွေက ပြည်တွင်းသုံးငွေ ရီယယ် ဘီလီယံ ၆၀ သို့မဟုတ် ယွမ် ဘီလီယံ ၁၉၀ (ဒေါ်လာ ဘီလီယံ၃၀)ကိုဖလှယ်ခွင့်ရှိမှာဖြစ်ပါတယ်။

Sources.bbc.co.uk

**လူဇင်ဘတ်**

ယူရိုဇုန်မိတ်ဖက်နိုင်ငံများထံမှ စပိန်နိုင်ငံက ဒုက္ခကြုံတွေ့နေရတဲ့ ၄င်းရဲ့ဘဏ်တွေအတွက် ဘဏ်ကယ်တင်ငွေကို တရားဝင်တောင်းခံလိမ့်မယ်လို့ ပြင်သစ်နိုင်ငံရဲ့ ဘဏ္ဍာရေးဝန်ကြီးသစ် ပယ်ရီမော့စကိုဗစ်စီက ဇွန်၂၀ ရက်ကပြောပါတယ်။တရားဝင် ပန်ကြားလွှာကို ဇွန် ၂၂ ရက်မှာ ပေးပို့လိမ့်မယ်လို့ ယူဆကြောင်း ယူရိုငွေကြေးမျှဝေသုံးစွဲ နေတဲ့ နိုင်ငံ ၁၇ နိုင်ငံရဲ့ ဘဏ္ဍာရေးဝန် ကြီးများတွေ့ဆုံပွဲအပြီး သတင်းစာ ရှင်းလင်းပွဲ မှာ မော့စကိုဗစ်စီက ပြောတာ ဖြစ်ပါတယ်။

Sources.AFP

**ဟနွိုင်း**

ယခုနှစ် ပထမ နှစ်ဝက်မှာ ဗီယက်နမ်နိုင်ငံရဲ့ လယ်ယာ၊ သစ်တောနဲ့ သားငါးကဏ္ဍတွေက ပို့ကုန်တန်ဖိုးက နှစ်အလိုက်နှိုင်းယှဉ်ချက်အရဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံဖိုး ရှိကြောင်း ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ပြောပါတယ်။ အဓိကလယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ရငွေက ၉ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး ဒေါ်လာ၇ ဒသမ ၇ ဘီလီယံ၊ သားငါးကဏ္ဍရဲ့ ဝင်ငွေက ၁၀ ဒသမ ၆ ရာခိုင်နှုန်းမြင့် တက်ပြီး ဒေါ်လာ ၂ဒသမ ၉ ဘီလီယံ နဲ့ သစ်တောကဏ္ဍမှ ၂၂ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ပြီး ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံဖိုးရှိခဲ့တယ်လို့ဆိုပါတယ်။

Sources.VNS

## EU

### အီတလီနဲ့ စပိန်တို့က ကယ်တင်မှုချေးငွေတောင်းခံရမည့် အခြေအနေရှိ

ယူရိုစီးပွားရေးနယ်မြေရဲ့ လေးပုံတစ်ပုံကျော်ရှိတဲ့ အီတလီနဲ့ စပိန်တို့က လာမဲ့ ၁၂ လအတွင်း နိုင်ငံတော် ကယ်တင်မှုချေးငွေကို တောင်းခံရမည့် အခြေအနေကို ဦးတည်နေကြောင်း၊ ထိုအခြေအနေကကမ္ဘာ့စီးပွားရေးလောကအတွင်း ထိတ်လန့်စိုးရိမ်မှုကို ဖြစ်စေနိုင်ကြောင်း Fedelity Investments မှဂျမီစတတ်ဒပ်က ပြောပါတယ်။

လာမဲ့နှစ်မှာ ကြွေးမြီလေလံများကိုဆောင်ရွက်တဲ့အခါ ဒီနှစ်နိုင်ငံက ယိုင်နဲ့ သွားနိုင်တဲ့ လက္ခဏာရှိကြောင်း ဒါကြောင့် တစ်ခုတည်းသော ငွေကြေးကို ကယ်တင်ဖို့အတွက် ဥရောပ အာဏာပိုင်တို့ကဘဏ္ဍာရေး ထောက်ပံ့မှုများကို မဖြစ်မနေ ပေးရတော့မှာ ဖြစ်ကြောင်း စတတ်ဒပ်ကို တယ်လီဖုန်း နဲ့ ဇွန် ၁၉ ကတွေ့ဆုံမေးမြန်းချိန်ကပြောပါတယ်။

ဥရောပတောင်ပိုင်းဒေသက ဒီနှစ်နိုင်ငံရဲ့ အစိုးရကြွေးမြီက ယူရို ၂ ဒသမ ၈ ထရီလီယံ (ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံ) ရှိပါတယ်။ ဂရိ၊ ပေါ်တူဂီနဲ့ အိုင်ယာလန်သုံးနိုင်ငံကြွေးမြီစုစုပေါင်းရဲ့ လေးဆရှိတဲ့အတွက် ဥရောပရဲ့ကြွေးမြီ အကျပ်အတည်း ခံစစ်ကြောင်းကို ခြိမ်းခြောက် လျက်ရှိပါတယ်။ ဒီကိစ္စကို ဖြေရှင်းရာမှာ ပို့ကုန်မြှင့်တင်ပြီး သူတို့ ချေးငွေတွေရဲ့ပကတိတန်ဖိုးကို လျှော့ချဖို့ သို့မဟုတ်ငွေကြေးတန်ဖိုးကျနေတာကို ကုစားဖို့ မဆောင်ရွက်ဘူးဆိုရင် ဂျာမနီနိုင်ငံရဲ့ကြွေးမြီ ယုံကြည်နိုင်မှု အခြေအနေကိုပါ ထိခိုက်နိုင်ကြောင်း သူက ပြောပါတယ်။

Source.bloomberg.com

## East Asia

### သတ္တုပါရှားပါးမြေ တင်ပို့မှု ထိန်းချုပ်ရခြင်းအတွက် တရုတ်နိုင်ငံက ကာကွယ်ပြောကြား



အမေရိကန်ပြည်ထောင်စု၊ ဥရောပနဲ့ ဂျပန်တို့ရဲ့တင်ပြချက်အရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ကအရေးယူဆောင်ရွက်မှုများ ပြုလုပ်လာပြီးနောက်ပိုင်း သတ္တုပါရှားပါးမြေ ( Rare Earth) တူးဖော်တင်ပို့မှုကို ထိန်းချုပ်ရသည့် ကိစ္စနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက ကာကွယ်ပြောကြားခဲ့ကြောင်း Australia Associate Press သတင်းဌာနက ဖော်ပြပါတယ်။ ထိုကဲ့သို့ ထိန်းချုပ်ရခြင်းမှာ သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ရန်နဲ့ ကုန်ခန်းနေသော သဘာဝ သယံဇာတများ ထိန်းသိမ်းရန်ဖြစ်ကြောင်းနဲ့ ဒဗလျူတီအိုင်ရဲ့ လွတ်လပ်စွာ ကုန်သွယ်ခွင့် ကတိကဝတ်များနဲ့ကိုက်ညီကြောင်းတရုတ် အစိုးရက ဇွန် ၃၀ ရက်က ကာကွယ်ပြောကြားပါတယ်။

ရှားပါးမြေ တင်ပို့တာကို ကန့်သတ်တော့မယ်ဖြစ်ကြောင်းနဲ့ ဒီကုန်ကြမ်းသတ္တုကိုအသုံးပြုတဲ့ ကုန်ပစ္စည်းတွေ ထုတ်လုပ်မှုကို ကိုယ်တိုင်ဆောင်ရွက်တော့မှာ ဖြစ်ကြောင်းတရုတ်နိုင်ငံက ကြေညာလိုက်တဲ့အခါ အဆင့်မြင့် ပစ္စည်းထုတ်လုပ်သူတွေ တုန်လှုပ်သွားခဲ့ပါတယ်။

တရုတ်နိုင်ငံက ရှားပါးမြေတင်ပို့တာကို ကန့်သတ်ချုပ်ချယ်နေတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အမေရိကန်၊ ဥရောပနဲ့ ဂျပန်တို့က မတ်အတွင်းက ဒဗလျူတီအိုကို တိုင်တန်းခဲ့ပါတယ်။ တရုတ်နိုင်ငံမှာ ကမ္ဘာ့ရှားပါးမြေအရန် သိုက်ရဲ့ ၂၃ ရာခိုင်နှုန်းရှိပါတယ်။ သတ္တုဓာတ် ၁၇ မျိုးပါဝင်တဲ့ ရှားပါးမြေကမ္ဘာ့ထုတ်လုပ်မှုရဲ့ ၉၀ ရာခိုင်နှုန်းကို တရုတ်ကထုတ်လုပ်ပါတယ်။ ရှားပါးမြေကို မျိုးစပ်ကားများ၊ လက်နက်ပစ္စည်း၊ တီဗွီများ၊ မိုဘိုင်းဖုန်းနဲ့ ကင်မရာ မှန်ဘီလူးတွေ ထုတ်လုပ်ရာမှာ အသုံးပြုပါတယ်။

အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနဲ့ တခြားနိုင်ငံတွေကလည်း ရှားပါးမြေတွေရှိပါတယ်။ ဒါပေမဲ့ ဈေးနှုန်းသက်သာတဲ့ တရုတ်သတ္တုရိုင်းတွေ ဈေးကွက်ထဲ ဝင်လာတဲ့အတွက် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း သတ္တု ထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ပါတယ်။

Source.bernama.com

## South East Asia

### ယူရိုဇုန် အကျပ်အတည်းကြောင့် ထိုင်းစီးပွားရေးကဏ္ဍလေးခု ထိခိုက်

ထိုင်းဘဏ္ဍာရေးဌာနမှာ ဘတ်ငွေ ဘီလီယံ ၅၀၀ အပိုရှိနေပြီဖြစ်တဲ့အတွက် ယူရိုဇုန်အကျပ်အတည်း ဂယက်ကို ထိုင်းနိုင်ငံက တောင့်ခံနိုင်မှာဖြစ်ကြောင်း ထိုင်းဒုတိယ ဝန်ကြီးချုပ်နဲ့ ဘဏ္ဍာရေးဝန်ကြီး ကစ်တီရပ်နာ-ရနောင်းကပြောပါတယ်။ အထည်လိုပ်၊ အီလက်ထရွန်းနစ်၊ လက်ဝတ်ရတနာနဲ့ ရော်ဘာလုပ်ငန်းတွေမှာ အလုပ်လက်မဲ့အကြီးအကျယ်မြင့်တက်နေတာကို ထိန်းချုပ်ဖို့ အစီအမံတွေကို ဆောင်ရွက်ဖို့ လိုနေသေးကြောင်း ဇွန် ၂၀ ရက်က ပြောပါတယ်။ ယူရိုဇုန်စီးပွားရေး အကျပ်အတည်းနဲ့ ထိုင်းနိုင်ငံအပေါ် သူ့ရဲ့ ဂယက်ရိုက်ခတ်မှုကို ဆွေးနွေးခဲ့တဲ့ စီးပွားရေးဝန်ကြီးတွေရဲ့ အစည်းအဝေးကို ဝန်ကြီးချုပ် ယင်းလပ်ရှင်နာဝပ်ထရာ ဦးစီး ကျင်းပပြီးတဲ့နောက် ယခုကဲ့သို့ ဒုတိယဝန်ကြီးချုပ်က ပြောခဲ့တာဖြစ်ပါတယ်။

ဥရောပ စီးပွားရေး အကျပ်အတည်းက ကူးစက်လာတဲ့ ဂယက်အတွက်ပြင်ဆင်ထားဖို့ ထိုင်းဗဟိုဘဏ်နဲ့ အမျိုးသားစီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးမှု ဘုတ်အဖွဲ့ကို ညွှန်ကြားထားပါတယ်။ အကျပ်အတည်းက ပို့ကုန်နဲ့ ဘဏ္ဍာရေးကဏ္ဍကို ထိခိုက် စေနိုင်ပါတယ်။ ဒါပေမဲ့ ထိုင်းစီးပွားရေးအပေါ် ဂယက်ရိုက်ခတ်မှုက နောက်ဆုံးမှာ အနည်းငယ်သာ ရှိနိုင်မှာ ဖြစ်ပါတယ်။

“ဒါပေမဲ့ ဒီအကျပ်အတည်းက သာမန် အကျပ်အတည်း တစ်ခု မဟုတ်တဲ့အတွက် အစိုးရက အမှုမဲ့အမှတ်မဲ့နေမှာမဟုတ်ပါဘူး။ ပြီးတော့ ဥရောပသမဂ္ဂက ပြဿနာကိုတစ်ကမ္ဘာလုံးကို ပြန့်မသွားအောင်ထိန်းချုပ်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်” လို့ သူက ပြောပါတယ်။

အခွန်ရငွေတွေနဲ့ နိုင်ငံပိုင် လုပ်ငန်းတွေက ဝင်ငွေမြင့် တက်လာတဲ့အတွက် ဘဏ္ဍာရေး အရန်ထားငွေက ဘတ်ငွေ ဘီလီယံ ၃၀၀ ရှိခဲ့တဲ့အတွက် လက်ရှိပမာဏက ပုံမှန်အဆင့်ထက် ကျော်လွန် တောင့်တင်းမှု ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီး ဌာနက ပြောပါတယ်။ နိုင်ငံရဲ့ ယခုနှစ်အတွက် စီးပွားရေး ဖွံ့ဖြိုးမှုရည်မှန်းချက် ကို ၅ ဒသမ ၅ ရာခိုင်နှုန်းကနေ ၆ ဒသမ ၅ ရာခိုင်နှုန်းထိ ရရှိဖို့နဲ့ ပို့ကုန်ဖွံ့ ဖြိုးမှု အတွက် ၁၅ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ငွေကြေးပြောင်းလဲမှုတွေကို အနီးကပ်ကြီးကြပ်ဖို့ ထိုင်း ဗဟိုဘဏ်ကို ဝန်ကြီးများက ညွှန်ကြားထားပါတယ်။

Source.bloomberg.com

ဘဏ်တင် စုစည်းတင်ပြသည်

## IMF

### အိုင်အမ်အက်ဖ်ကို မြှင့်တင်နိုင်ရေးအတွက် ထွန်းသစ်စနိုင်ငံများက စည်းကမ်းချက်များ သတ်မှတ်

အနာဂတ်မှာ ဖြစ်ပေါ်လာမဲ့ အကျပ်အတည်းတွေကို ကာကွယ်ဖို့အတွက် ရန်ပုံငွေအဖွဲ့အတွက် ငွေကြေး ထည့်ဝင်ဖို့ ၎င်းတို့အသင့်ဖြစ်နေကြောင်း၊သို့သော် သူတို့ရဲ့ဩဇာကိုတိုးချဲ့နိုင်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်ပြီးမှသာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ထွန်းသစ်စနိုင်ငံများရဲ့ ခေါင်းဆောင်များက ဇွန် ၁၈ ရက်မှာ ပြောပါတယ်။ BRICS လို့ခေါ်တဲ့ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့တောင်အာဖရိကနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေက အိုင်အမ်အက်ဖ်ကိုသူတို့ရဲ့ ထည့်ဝင်ငွေတိုးမြှင့်ထည့်ပေးမယ်။ ဒါပေမဲ့ လက်ရှိရန်ပုံငွေတွေ ကုန်သွားပြီးတဲ့အခါမှသာပေးမယ်လို့ ပြောပါတယ်။

ပိုမိုဆိုးဝါးလျက်ရှိနေတဲ့ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကို ကာကွယ်နိုင်အောင် ကူးစက်ခံမဲ့အန္တရာယ် ရှိနေတဲ့နိုင်ငံတွေကိုကယ်တင်ဖို့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က အရေးပေါ်ရန်ပုံ ငွေဒေါ်လာဘီလီယံ ၅၀၀ ပေးအပ်ဖို့နှိုးဆော်ခဲ့ပါတယ်။ ဒါပေမဲ့ ငွေကြေးက ပြတ်လပ်နေခဲ့ပါတယ်။ အိုင်အမ်အက်ဖ်ငွေကြေးကို တိုးမြှင့်ပေးနိုင်ဖို့အတွက် ငွေကြေးတွေရရှိအောင် ဆောင်ရွက်ပေးဖို့ BRICS နိုင်ငံငါးနိုင်ငံ ခေါင်းဆောင်တွေက သဘောတူညီခဲ့ပါတယ်။ ဒီသဘောတူညီချက်အရ သူတို့တစ်နိုင်ငံချင်းအလိုက် အိုင်အမ်အက်ဖ်ထည့်ငွေကို တိုးမြှင့်ဖို့သဘောတူခဲ့ကြောင်း အိန္ဒိယနိုင်ငံက ထုတ်ပြန်တဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ထွန်းသစ်စနိုင်ငံတွေကသူတို့ထည့်မဲ့ငွေပမာဏကို တိတိကျကျမပြောသေးပါဘူး။ ဒါပေမဲ့ ဇွန် ၁၈ ရက်နဲ့ ၁၉ ရက်မှာ ကျင်းပမဲ့ ဂျီ-၂၀ အစည်းအဝေးမှာကြေညာမှာဖြစ်ကြောင်းနဲ့ ဘရာဇီးနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ဂွီဒို မန်တဲ့ဂါက ပြောပါတယ်။ လက်ရှိ ရှိနေတဲ့ငွေတွေကို အတော်များများသုံးပြီးမှ နောက်ပိုင်းမှသာသူတို့ရဲ့ထည့်ဝင်ငွေသုံးလိမ့်မယ်လို့ မျှော်လင့်ကြောင်း BRICS နိုင်ငံတွေရဲ့ ပူးတွဲကြေညာချက်မှာဖော်ပြထားပါတယ်။

BRICS နိုင်ငံခေါင်းဆောင်တွေက ဂျီ-၂၀ နိုင်ငံတွေ မက္ကဆီကိုနိုင်ငံလောစ်ကာဘိုစ်မှ ထိပ်သီးဆွေးနွေးပွဲ မစတင်မီယခုလိုတွေ့ဆုံခဲ့ကြတာ ဖြစ်ပါတယ်။

Source.AFP



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ဇွန် ၂၂ ရက်မှာ အာရှရှိ ထွန်းသစ်စနိုင်ငံ အများစုရဲ့ ငွေကြေးတန်ဖိုး ကျဆင်းခဲ့ပါတယ်။ကမ္ဘာ့စီးပွားရေးနဲ့ ပတ်သက်တဲ့ စိုးရိမ်မှုတွေနဲ့ အဓိကဘဏ်ကြီးတွေရဲ့ချေးငွေအဆင့်တွေ အဆင့်နှိမ့်ချခံရမှုတွေကြောင့် အာရှငွေကြေးတွေရဲ့ မှုန်ဝါးနေတဲ့ အလားအလာတွေကို ပိုမိုဆိုးဝါးလာစေခဲ့ပါတယ်။

ထွန်းသစ်စအာရှငွေကြေးတွေက လာမဲ့ ရက်သတ္တပတ်ထဲမှာလည်း ဆက်လက်အားနည်းနေဦးမဲ့ လက္ခဏာတွေကို တွေ့ရကြောင်း ဝယ်ရောင်းသမားတွေနဲ့ လေ့လာဆန်းစစ်ရေးမှူးတွေကပြောပါတယ်။အာရှငွေကြေးတွေထဲမှာ တောင်ကိုရီးယားဝမ်၊မလေးရှားရင်းဂစ်နဲ့ အင်ဒိုနီးရှားရူပြားတို့က ဖိအားပေးမှု ပိုမိုခံစားနေရပြီး စင်ကာပူဒေါ်လာကတော့ လုံခြုံစိတ်ချရာအဖြစ် စီးဝင်လာမဲ့ငွေကြေးတွေကနေ အကျိုးခံစားခွင့်ရှိနိုင်တယ်လို့ဆိုပါတယ်။

**တရုတ်ယွမ်**

တရုတ်စက်ရုံတွေရဲ့ ထုတ်လုပ်မှုတွေ ထပ်မံကျဆင်းနေတာကို စီးပွားရေးကိန်းဂဏန်းတွေမှာ တွေ့ရတဲ့အတွက် ဈေးကွက်အပေါ်ယုံကြည်မှုကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ဇွန် ၂၂ ရက်က လက်ငင်းဈေးကွက်မှာ ယွမ်တန်ဖိုး အနည်းငယ်ကျဆင်း ခဲ့ပါတယ်။ ပြည်တွင်းနဲ့ပြည်ပမှာ စီးပွားရေးမရေရာမှုတွေက ဒေါ်လာ၊ ယွမ်ဖလှယ်နှုန်းကို အကျိုးသက်ရောက်မှုဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ ဗဟိုဘဏ်က ငွေလဲလှယ်နှုန်း တည်ငြိမ်အောင် ဆက်ထိန်းထားနိုင်အောင် ငွေလဲလှယ်နှုန်းကို လက်ငင်းဈေးကွက်ထက်ပိုမို သတ်မှတ်ပေးခဲ့တယ်လို့ ဝယ်ရောင်းသမားတွေက ပြောပါတယ်။

လက်ငင်းဈေးကွက်မှာ ယွမ်တန်ဖိုးကတစ်ဒေါ်လာကို ၆ ဒသမ ၃၆၄၂ ယွမ်နှုန်းရှိခဲ့တဲ့အတွက် ဇွန် ၂၁ ရက်က ဈေးဖြစ်တဲ့ တစ်ဒေါ်လာ ၆ဒသမ ၃၅၉၉ အောက် တန်ဖိုး အများကြီးကျဆင်းခဲ့ပါတယ်။ နေ့ချင်း အကျနှုန်းမှာ အမြင့်ဆုံး ၆ ဒသမ ၃၆၁၀ ယွမ်နဲ့ အနိမ့်ဆုံး ၆ ဒသမ ၃၆၅၉ ယွမ်နှုန်းရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ရူပီးရဲ့တန်ဖိုးက ဇွန် ၂၂ ရက် မနက်ပိုင်းက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ၀ ဒသမ ၅၇ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၅၆ ဒသမ ၈၇ ရူပီးနှုန်းရှိခဲ့ပါတယ်။မတည်ငွေတွေ အပြင်ထွက်တာ ပိုများတာရယ်၊အမေရိကန်ဒေါ်လာကို သွင်းကုန်လုပ်ငန်းရှင်တွေအတွက် အဝယ်လိုက်လာတာရယ်စတဲ့ အကြောင်းတွေကြောင့် ရူပီးတန်ဖိုးကျခဲ့ရပါတယ်။ဒါပြင် ယူရိုနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး မြင့်တက်လာတာကလည်း ပြည်တွင်းရူပီးအပေါ်အကျိုးသက်ရောက်မှု ရှိခဲ့ပါတယ်။ပြည်တွင်းသုံးငွေပြန်လည်နာလန်ထူလာဖို့အတွက် အိန္ဒိယဗဟိုဘဏ်ကဝင်ရောက်ထိန်းကျောင်းမှု မပြုလုပ်ခင် ဇွန် ၂၁ရက်နေ့ကရူပီးတန်ဖိုးက တစ်ဒေါ်လာကို ၅၆ ဒသမ ၅၇ ရူပီးနှုန်းထိ မကြုံဘူးအောင် ကျဆင်းခဲ့ပါတယ်။

**ဂျပန်ယန်း**

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် စိုးရိမ်မှုများ ပိုမိုရှိလာခြင်းနဲ့ အမေရိကန်ဗဟိုဘဏ်ရဲ့ မူဝါဒအစည်းအဝေးမှာ စီးပွားရေးတွန်းအားပေး အစီအစဉ်သစ်ကို ထူးထူးခြားခြား မကြေညာသေးခြင်းစသည့် အချက်တို့ကြောင့် ယူရိုနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးက ဇွန် ၂၀ ရက်မှာ ပိုမိုမြင့်တက်ခဲ့ပါသေးတယ်။

ယန်းငွေတန်ဖိုးမှာ အမျိုးမျိုးရောထွေးလျက်ရှိနေသည်။ တစ်ယူရိုကို ၁၀၀ ဒသမ ၉၇ ယန်းမှ ၁၀၀ဒသမ ၆၈ ယန်းသို့ကျဆင်းပြီး ဒေါ်လာတန်ဖိုးမှာ ၇၉ ဒသမ ၄၉ ယန်းမှ ၈၀ ဒသမ ၂၆ ယန်းသို့ရောက်ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဗဟိုဘဏ် အစည်းအဝေးက စီးပွားရေး တွန်းအားပေး အစီအစဉ်နဲ့ပတ်သက်ပြီး ကြေညာခြင်းမရှိဘဲ ပြီးဆုံးသွားပြီးနောက် တစ်ရက်အကြာမှာ ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ဇွန် ၂၂ ရက် မနက်ပိုင်းဈေးအဖွင့်မှာ ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။ရှစ်လဆက်တိုက်ကျဆင်းခဲ့တဲ့ တရုတ်စက်ရုံကုန်ထုတ်လုပ်မှုအပေါ် စိုးရိမ်မှုတွေက အကြောင်းရင်းတစ်ရပ် ဖြစ်တယ်လို့ ဝယ်ရောင်းသမားတွေက ပြောပါတယ်။ရင်းဂစ်တန်ဖိုးက ဇွန် ၂၀ ရက်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၁၈၅၀ ရင်းဂစ်နှုန်းထိ တန်ဖိုးကျခဲ့ပါတယ်။မူဒီအေဂျင်စီက ကမ္ဘာ့အထင်ကရ ဘဏ်ကြီးတွေရဲ့ ချေးငွေအဆင့်ကို လျှော့ချခဲ့တဲ့အတွက် ဈေးကွက်အပေါ်ယုံကြည်မှုတွေ ယောက်ယက်ခတ်စေခဲ့တယ်လို့ ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**တောင်ကိုရီးယားဝမ်**

ဇွန် ၂၂ ရက်မှာ အာရှငွေကြေးအများစု တန်ဖိုးကျဆင်းခဲ့တဲ့အနက် တောင်ကိုရီးယားဝမ်၊ မလေးရှားရင်းဂစ်နဲ့ အင်ဒိုနီးရှားရူပြားတို့ကို ပိုမိုအကျိုးသက်ရောက်မှု ရှိစေခဲ့ပါတယ်။

ဒေါ်လာ/ဝမ်ဖလှယ်နှုန်းမှာ စွန့်စားမှုကို ရှောင်ရှားလိုတဲ့အတွက် ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ဒါပေမဲ့ ပင်လယ်ရပ်ခြားရှိ ရန်ပုံငွေအဖွဲ့တွေနဲ့ တောင်ကိုရီးယားပို့ကုန်လုပ်ငန်းတွေက ဈေးအတက်မှာ ဒေါ်လာကို ရောင်းထုတ်လာတာတွေ့ရပါတယ်။

ဝမ်ငွေတန်ဖိုးက ဇွန် ၂၁ ရက်က တစ်ဒေါ်လာကို ၁၁၅၁ ဒသမ ၆ ဝမ်နှုန်းရှိရာမှ ၂၂ ရက်မှာ တစ်ဒေါ်လာကို ၁၁၅၆ ဒသမ ၈ ဝမ်နှုန်းထိကျဆင်းခဲ့ပါတယ်။

**ထိုင်းဘတ်**

ဥရောပကြွေးမြီ အကျပ်အတည်းကြောင့် တောင်ကိုရီးယား ဗဟိုဘဏ်က ပို့ကုန်အလားအလာခန့်မှန်းချက်ကို လျှော့ချခန့်မှန်းခဲ့ပြီးနောက် ထိုင်းဘတ်ငွေတန်ဖိုး ရက်သတ္တပတ် အလိုက်ကျဆင်းတာအများဆုံးဖြစ်ခဲ့ပါတယ်။

ဘလွမ်းဘတ်သတင်းဌာနက ပြုစုထားတဲ့ စာရင်းအရ ဘန်ကောက်မြို့မှာ ဇွန် ၂၂ ရက် မနက် ၈ နာရီမိနစ် ၂၀ ကဒေါ်လာတန်ဖိုးက ယခု ရက်သတ္တပတ် အတွင်း ၁ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၃၁ ဒသမ ၉၇ ဘတ်နှုန်းရှိခဲ့ပါတယ်။

Source.bloomberg,reuters,bernama,PTI,AFP

## ငွေကြေးတွန်းအားပေး အစီအစဉ်ချမှတ်ဖို့ အင်္ဂလန်ဘဏ်က မဲခွဲဆုံးဖြတ်

လှည့်လည်ငွေကြေးတိုးမြင့်ရေး အစီအစဉ် (Quantitative Easing Programme)အရ စီးပွားရေး ဆုတ်ကပ်ဒဏ်ခံနေရတဲ့ ဗြိတိသျှစီးပွားရေးအတွင်းသို့ ငွေကြေးသစ်တွေဖြည့်ဆည်းပေးဖို့ အင်္ဂလန်ဗဟိုဘဏ် မူဝါဒရေးဆွဲသူတွေက ၅ မဲနဲ့ ဇွန် ၂၀ ရက်က ဆုံးဖြတ်ခဲ့ပါတယ်။ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး မာဗင်ကင်းနဲ့ အခြားဗဟိုဘဏ်အဖွဲ့ဝင်သုံးဦးက စီးပွားရေး တွန်းအားပေးအတွက် ပေါင်ဘီလီယံ ၅၀(ဒေါ်လာ ၇၉ ဘီလီယံ) ပေးဖို့ ဇွန်လဆန်းပိုင်းက ထောက်ခံမဲပေးခဲ့ပါတယ်။ ဒါပေမဲ့ ကန့်ကွက်မဲပေးသူအရေအတွက်ကပိုများခဲ့ပါတယ်။ ဗဟိုဘဏ်ရဲ့ အဓိက အတိုးနှုန်းကို သုံးနှစ်ကြာရှိခဲ့တဲ့ စံချိန်တင် အနိမ့်ဆုံးနှုန်းသုည ဒသမ ၀၅ ရာခိုင်နှုန်းအတိုင်းထားဖို့ ငွေကြေးမူဝါဒကော်မတီ ( MPC) အဖွဲ့ဝင် ကိုးဦးစလုံးကမဲပေးဆုံးဖြတ်ခဲ့ကြပါတယ်။

ဗြိတိသျှဗဟိုဘဏ်က ၂၀၀၉ ခုနှစ် နှစ်ဦးပိုင်းကစပြီး နိုင်ငံစီးပွားရေးအတွက် ပေါင် ၃၂၅ ထရီလီယံထည့်သွင်းမြှုပ်နှံခဲ့ပေမဲ့ ဗြိတိန်နိုင်ငံက စီးပွားရေးဆုတ်ကပ်ထဲ ပြန်ကျနေတဲ့အတွက် ထပ်မံလိုအပ်နေသေးတယ်လို့ လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

လှည့်လည် ငွေကြေး တိုးတက်ရေး အစီအစဉ်အရ ဘဏ်ကငွေကြေးကိုဖန်တီးပြီးအစိုးရနဲ့ ကုမ္ပဏီဘွန်း စာချုပ်တွေလို အက်ဆက်တွေကို ဝယ်ယူပါတယ်။ ဒီလိုနဲ့ ငွေထုတ်ချေးနိုင်တဲ့စွမ်းအားနဲ့စီးပွားရေးအခြေအနေ တိုးတက်အောင်ဆောင်ရွက်ပေးပါတယ်။

Source.AFP



ဘဏ်တင် စုစည်းတင်ပြသည်

## ပြည်တွင်းပြည်ပတွင် ဖြစ်ပေါ်နေသော အကြောင်းများကြောင့် ရူပီးတန်ဖိုးကျ

လွန်ခဲ့တဲ့လအနည်းငယ်က ရူပီးတန်ဖိုးအကြီးအကျယ်ကျဆင်းမှုက ကမ္ဘာနဲ့ပြည်တွင်းမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းတရားတွေပေါင်းစည်းမှုကြောင့် ဖြစ်ကြောင်းနဲ့ အနာဂတ်ငွေလဲနှုန်းအပြောင်းအလဲက ထိုပြဿနာများကို ဖြေရှင်းမှုအပေါ် တည်မှီနေကြောင်း အိန္ဒိယဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဒူဗူရီဆပ်ဘရောင်းက ဇွန် ၂၀ ရက်က ပြောပါတယ်။ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း လိုငွေမြင့်မားမှုရွှေနဲ့ ရေနံကဦးဆောင်ပြီး သွင်းကုန်များ မြင့်တက်လာတဲ့အတွက် ကုန်သွယ်ရေးလိုငွေမြင့်မားမှု စတာတွေက ပြည်တွင်း၌ ဖြစ်ပေါ်နေတဲ့ အကြောင်းတရားတွေ ဖြစ်နေပြီး အတောမသတ်နိုင်သေးတဲ့ ယူရိုဇုန်အကျပ်အတည်းက ရူပီးတန်ဖိုးကျဆင်းရတဲ့ အပြည်ပြည်ဆိုင်ရာ အကြောင်းတရားတွေထဲမှာ အရေးပါတဲ့အကြောင်းတရားတွေ ဖြစ်ကြောင်း သူက ပြောပါတယ်။

“ကမ္ဘာပေါ်မှာ ဖြစ်ပွားနေတဲ့ အကြောင်းတရားတွေကြောင့် လွန်ခဲ့တဲ့နှစ် ဩဂုတ်-ဒီဇင်ဘာကာလအတွင်း ရူပီးတန်ဖိုးကျဆင်းပြီး၊မတ်ကနေယနေ့ထိ တန်ဖိုးကျဆင်းရတာက ပြည်တွင်းကရော ပြည်ပကပါ ဖြစ်ပေါ်တဲ့ အကြောင်းတရားတွေကြောင့် ဖြစ်ပါတယ်”လို့ ဆပ်ဘရောင်းက ဇွန် ၂၀ ရက်ကပြုလုပ်တဲ့ အိန္ဒိယကုန်သည်ကြီး များကျင်းပတဲ့ အခမ်းအနားတစ်ခုမှာ ပြောပါတယ်။

၂၀၁၂ - ၁၃ ခု ဘဏ္ဍာရေးနှစ်မှာ ပို့ကုန်က ဒေါ်လာ ၃၀၄ ဘီလီယံရှိပြီး သွင်းကုန် တန်ဖိုးကဒေါ်လာ ၄၈၆ ဘီလီယံရှိတဲ့အနက် ရေနံကဒေါ်လာ ၁၅၅ဒသမ ၆ ဘီလီယံနဲ့ ရွှေတင်သွင်းမှုက ၆၆ ဒသမ ၁ ဘီလီယံရှိပါတယ်။ ငွေကြေးစီးဝင်မှုတွေကို ဆွဲဆောင်နိုင်ဖို့အတွက် အိန္ဒိယဗဟိုဘဏ်က လိုအပ်တဲ့ အစီအမံ အမျိုးမျိုးကို ဆောင်ရွက်နေကြောင်း ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးက ပြောပါတယ်။

Source.lbnlive.com

## Sesame Street ကားကို ဆက်လက် ရိုက်ဖို့ စီစဉ်




Fox ရုပ်ရှင်ကုမ္ပဏီကနာမည်ကြီး TV ရှိုးတစ်ခုဖြစ်တဲ့ Sesame Street ရုပ်ရှင်ကားနဲ့ပတ်သက်တဲ့ လုပ်ပိုင်ခွင့်တွေကို ဝယ်ယူလိုက်တယ်လို့ သတင်းထွက်ခဲ့ပါတယ်။ ဒါကြောင့် Sesame Street ကားသစ်ထွက်ပေါ်လာဖို့ သေချာသွားပြီဖြစ်ပါတယ်။ Sesame Street ဇာတ်ကားကို ရေးသားခဲ့သူ ဂျိုးမာဇာရီနိုကို ရုပ်ရှင်ဇာတ်ညွှန်းရေးဖို့ အပ်နှံထားပြီးပြီလို့ Foxစတူဒီယိုက ပြောကြောင်း The Hollywood Reporter ရဲ့ သတင်းမှာ ဖော်ပြထားပါတယ်။

ဂျင်မ်ဟင်ဆန်ရဲ့ လက်ရာ Muppets က ဝင်ငွေ ဒေါ်လာ ၁၅၈ သန်းနဲ့ Box Office ရဲ့ ထိပ်ဆုံးနေရာကို ဝင်ထိုင်လိုက်ပြီးတဲ့နောက် ဒီသတင်းထွက်ပေါ်လာဖြစ်ပါတယ်။ Street မှာပါတဲ့ နာမည်ကျော်ဇာတ်ကောင်တွေက အယ်လမို နဲ့ ဘစ်ဘတ်တို့ဖြစ်ပါတယ်။ ဒီဇာတ်ကားထဲမှာ ဘတ်၊ အာနီနဲ့ ကွတ်ကီမွန်းစတားစတဲ့ ဇာတ်ကောင်တွေလဲ ပါဝင်ပါတယ်။ ဇာတ်ကားကို သက်ရှိသရုပ်ဆောင် ရုပ်သေးနဲ့ အင်နီမေးရှင်းတွေနဲ့ ဖန်တီးမှာဖြစ်ပါတယ်။ ဇာတ်ကားက Emmy ဆု ၁၀၀ လောက်ကိုရရှိထားပြီး နိုင်ငံပေါင်းများစွာမှာ ပြသလျက်ရှိပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး Foxက The Hollywood Reporter ရဲ့သတင်းကိုဝေဖန်ခြင်းမရှိပါ။ ယခုနောက်ဆုံး ပရောဂျက်က ဖေဖော်ဝါရီက သီချင်းအတွက် အော်စကာဆုရထားတဲ့ The Muppets ရဲ့ အောင်မြင်မှုကထွက်လာတဲ့ အသီးအပွင့်တွေကို ခံစားရမယ်လို့ တွက်ထားပါတယ်။

## SHORT NEWS

### Brave ဇာတ်ကားဖြင့် Pixar က ရဲရင့်တဲ့ ခြေလှမ်းစတင်

ကစားစရာ အရုပ်ကားများနဲ့ ချက်ချာလိမ္မာတဲ့ တိရစ္ဆာန်တွေကို ဇာတ်လိုက်နေရာပေးပြီး ရုပ်ရှင်တွေ ဖန်တီးခဲ့တဲ့ Pixar က သမားရိုးကျ ရုပ်ရှင်နယ်ထဲကို လှမ်းဝင်လာပါတယ်။ မင်းသမီးကလေးတစ်ယောက်ကို ဇာတ်ကောင်ထားတဲ့ Brave ဇာတ်ကားဖြစ်ပါတယ်။ အမေရိကန် စတူဒီယို Pixar က Finding Nemo, Toy Story နဲ့ Wall E ဇာတ်ကားတွေ လုပ်ရင်း နာမည်ရလာတဲ့ ကုမ္ပဏီဖြစ်ပါတယ်။

### အိန္ဒိယမှာ အဖိုးနည်း ဝန်ပါကားတွေ Box Office ရောက်

ဘောလိဝုဒ်မှာ အသေးကလေးတွေက ခမ်းနားနေပါတယ်။ ယခုနှစ် ပထမငါးလအတွင်းမှာ အဖိုးနည်းနည်းနဲ့ ရိုက်ထားတဲ့ ရုပ်ရှင်ကားတွေက ဝင်ငွေ မြင့်တက်နေကြောင်း ရောင်းဝယ်ရေးကျွမ်းကျင်သူတွေက ပြောပါတယ်။ ဒီလို အကျိုးအမြတ်ဖြစ်ခဲ့တဲ့ထဲမှာ ရူပီး ကုဋေ (ဒေါ်လာ ၂၂ သန်း) ကုန်ကျတဲ့ ကားကြီးတွေပါတယ်လို့လည်း ပြောပါတယ်။

### လီလီအေလန်က အယ်လ်ဘမ်သစ် ထုတ်မည်

အယ်လဘမ်သစ် တစ်ခုထုတ်ဖို့ စီစဉ်နေကြောင်း ဗြိတိသျှ ပေါ့ပ်အဆိုတော် လီလီအေလန်က ကြေညာပါတယ်။ သူမရဲ့ ဒုတိယအယ်လ်ဘမ် It's Not Me,It's You ကို ဂရက်ကာစတင် က ထုတ်လုပ်ခဲ့ပြီး ၂၀၀ ခုနှစ်မှာ ဖြန့်ချိပါတယ်။ အဲဒီ အယ်လ်ဘမ်ပြီးတဲ့နောက် ယခု အယ်လ်ဘမ်က အမျိုးအစားအသစ်နဲ့ ပထမဆုံးထုတ်တဲ့ အယ်လ်ဘမ်ဖြစ်ပါတယ်။

### တောင်ကိုရီးယား သရုပ်ဆောင် ဂေါင်ဝူးက ရင်သိမ့်တုန် Suspect ကားတွင် ပါဝင်မည်

Suspect ရုပ်ရှင်ကားမှာ ဂေါင်ဝူးပါဝင်မယ်ဆိုတဲ့ သတင်းတွေ ဇွန် ၂၂ ရက်က ထွက်ပေါ်လာပါတယ်။ ဒီဇာတ်ကားကို မင်းသားက အာရုံတော့ ညွှတ်နေပါတယ်။ ဒါပေမဲ့ ယတိပြတ်မဆုံးဖြတ်ရသေးပါဘူးလို့ သူရဲ့ စီမံခန့်ခွဲမှု အေဂျင်စီက ပြောပါတယ်။ လောလောဆယ်မှာသူက Big ဇာတ်ကားအတွက် အလုပ်တွေရှုပ်နေလို့ သူနဲ့ဒီကိစ္စကို အသေးစိတ် မဆွေးနွေးရသေးဘူးလို့ Soop Entertainment က ပြောပါတယ်။

## တောင်ကိုရီးယား Wonder Girls အာရှဘက်ကိုခြေဦးလှည့်



အမေရိကန်ပြည်ထောင်စုရဲ့ ဂီတဈေးကွက်ကြီးထဲမှာ ရဲရင့်စွာဝင်ရောက်လှုပ်ရှားခဲ့တဲ့ တောင်ကိုရီးယား **K-pop** အဖွဲ့တွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ **Wonder Girls** က အာရှဒေသတွေဘက်ကို ခြေဦးလှည့်လာပါတယ်။ အဖွဲ့ဝင်ငါးဦးပါတဲ့ ဒီအဖွဲ့က ဇူလိုင်လထဲမှာ ဂျပန်နိုင်ငံမှာ စတင်ဖျော်ဖြေပါမယ်။ လုံမငယ်တို့က ဆိုးလ်မြို့မှာ သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တစ်ကိုယ်တော် ဖျော်ဖြေပွဲတွေကိုလည်း ဇူလိုင် ၇ ရက်မှာ တင်ဆက်သွားမှာ ဖြစ်ပါတယ်။ အမေရိကန်ကနေ ပြန်ပေါ်မလာတော့လို့ တဖွဖွပြောနေတဲ့ သူတို့ပရိသတ်တွေ ပျော်ရွှင်ကြည်နူးစေဖို့ ဆောင်ရွက်ပေးတာလို့ ဆိုပါတယ်။

"ဘာတွေတင်ဆက်သွားမယ်ဆိုတာထက် ကျွန်မတို့ရဲ့ ချစ်ပရိသတ်ကြီးနဲ့ အပြန်အလှန်ဆက်သွယ်မှု ပြုလုပ်ချင်တဲ့ဆန္ဒက ပိုပါတယ်။ အများစုကြိုက်မဲ့ သီချင်းတွေကို သူတို့ကြိုက်မဲ့စတိုင်နဲ့ တင်ဆက်သွားမှာပါ။ ဂီတအမျိုးအစားသစ်တွေကိုလည်း ဖော်ထုတ်သွားမှာပါ"လို့ ဆိုးလ်မြို့မှာ ဇွန် ၂၀ ရက်က ကိုရီးယားဟာရယ်သတင်းဌာနနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဆန်းရီက ပြောကြားပါတယ်။

"ဒီနှစ်နွေပြီးရင် ကျွန်မတို့ နယူးယောက်ကို ပြန်ပါမယ်။ အမေရိကန်မှာ ကျွန်မတို့ရဲ့ ပထမအယ်လ်ဘမ်အတွက် ပြင်ဆင်ပါမယ်"လို့ သူမက ထပ်လောင်းပြောကြားပါတယ်။ **"Like This"** ဆိုတဲ့ အဓိကဦးဆောင်သီချင်းနဲ့ **Wonder Girls** တွေက သူတို့ရဲ့ မူလလမ်းကခွဲထွက်ပြီး စွမ်းအားကြီးမားတဲ့ ဟစ်ဟော့ပုံစံတွေကို တင်ဆက်မှာဖြစ်ပါတယ်။

အယ်လ်ဘမ်သစ်မှာ အဖွဲ့ဝင်တစ်ယောက်ချင်းရဲ့ စရိုက်လက္ခဏာတွေကို ပိုမိုဖော်ထုတ်ပါမယ်။ သူတို့ရဲ့ သီချင်းရေးတဲ့ ပါရမီတွေကိုလည်း ပြသပြီး ၂၀၀၇ ခုနှစ်ကစပြီး အဖွဲ့ကို စီမံခန့်ခွဲခဲ့တဲ့ အဆိုတော်နဲ့ ထုတ်လုပ်သူ ပတ်ဂျင်ယန်းရဲ့ လောင်းရိပ်အောက်က လွတ်မြောက်စပြုလာပြီဆိုတာကို ပြသမှာဖြစ်ပါတယ်။ "ထုတ်လုပ်သူ ပတ်ဂျင်ယန်းကလည်း အယ်လ်ဘမ်ထုတ်လုပ်မှုမှာ လွတ်လပ်စွာပါဝင်ခွင့်ပေးဖို့ ဆန္ဒရှိပါတယ်"လို့ အဖွဲ့ထဲမှာပါတဲ့ ဆိုဟီးက ပြောပါတယ်။ ဒီအဖွဲ့က တောင်ကိုရီးယားမှာ ၂၀၀၇ ခုနှစ်က **Tell me** နဲ့ **So Hot** ဆိုတဲ့သီချင်းတွေနဲ့ပေါက်ခဲ့ပြီး အမေရိကန်ဈေးကွက်ကို အင်္ဂလိပ်ဘာသာစကားနဲ့ သီဆိုတဲ့ **No body** ဆိုတဲ့ သီချင်းနဲ့ ၂၀၀၉ ခုနှစ်က စတင်တိုးဝင်ခဲ့ပါတယ်။

# COMMERCE INTERNATIONAL

## လာမဲ့နှစ် အနည်းငယ်အတွင်း အာဆီယံက အီးယူကို ကျော်တက်နိုင်

တစ်နေ့နေ့တွင် အရှေ့တောင် အာရှနိုင်ငံများအသင်း(အာဆီယံ)က ဥရောပသမဂ္ဂ (အီးယူ) ကို စီးပွားရေး စွမ်းအားကြီးမားတဲ့ အဖွဲ့အဖြစ် ကျော်လွှားသွားနိုင်ကြောင်း စင်ကာပူ နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။

“ကျွန်တော်တို့ရဲ့ အလားအလာက အတက်ဘက်၊သူတို့အလားအလာကအချိန်ကာလ အစိတ်အပိုင်းတစ်ခုအထိ တန့်နေမဲ့လက္ခဏာ ရှိပါတယ်။ အဲဒီလို တန့်နေပြီးတဲ့နောက်မှာတောင် သူတိုရဲ့ ဖွံ့ဖြိုးတိုးတက်နှုန်းကမြင့်မြင့်မားမားရှိနေမဲ့လက္ခဏာ မရှိပါဘူး။ ရေရှည်မှာတော့ကျွန်တော်တို့ က သူတို့ကို ကျော်တက်သွားမှာပါ”လို့ ဝန်ကြီး ကာဆီဝီဆွာနာသန် ရှန်မူဂမ်က ပြောပါတယ်။

“ငြိမ်ချမ်းမှုနဲ့၊ ညီညွတ်မှုရှိမှ၊ ပြင်းထန်တဲ့ တင်းမာမှုတွေမရှိမှ ဒီလိုတိုးတက်မှုရှိလာနိုင်မှာဖြစ်ပါတယ်”လို့လည်းထပ်လောင်းပြောကြားပါတယ်။

စင်ကာပူနိုင်ငံက ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့နဲ့အတူ ၁၉၆၇ ခုနှစ်က အာဆီယံကို အုတ်မြစ်ချခဲ့တဲ့ နိုင်ငံတစ်ခု ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း အာဆီယံအသင်းက ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဘရူးနိုင်းနိုင်ငံတို့ကို အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါတယ်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေရဲ့ လူဦးရေ စုစုပေါင်းက သန်း ၆၀၀ ရှိတဲ့အတွက် ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံ တွေမှာ ရှိတဲ့ လူဦးရေထက်သန်း ၁၀၀ ပိုပါတယ်။ စီးပွားရေးအရ ကြည့်မယ်ဆိုရင် အာဆီယံရဲ့ စုစုပေါင်းပြည်တွင်းထုတ်ကုန်ဒေါ်လာ ၃ ဒသမ ၁ ထရီလီယံရှိပြီး ဥရောပသမဂ္ဂက ဒေါ်လာ ၁၅ ဒသမ ၈ ထရီလီယံရှိပါတယ်။

ဒါပေမဲ့ ရှေ့အလားအလာလမ်းကြောင်းမှာ အာဆီယံကအလေးသာနေပါတယ်။ ၂၀၁၁ ခုနှစ်က အီးယူအဖွဲ့ ဝင်နိုင်ငံတွေက စီးပွားရေးဆုတ်ကပ်ဖြစ်နေပြီး အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေးတိုးတက်နှုန်းက ၄ ဒသမ ၅ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာ ၆ ရာခိုင်နှုန်း ထိရောက်မှုရှိမယ်လို့ အကြမ်းဖျင်း ခန့်မှန်းထားပါတယ်။ စီးပွားရေးအခြေအနေမြင့်တက်လာတာနဲ့အမျှ အာဆီယံနိုင်ငံတွေကကမ္ဘာ့ရေးရာမှာ အခန်းကဏ္ဍတိုးမြင့်လာတာကို တွေ့ရပါတယ်။ မကြာသေးမီက မြန်မာနိုင်ငံမှာ အတိုက်အခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါတီကကြားဖြတ်ရွေးကောက်ပွဲမှာ အမတ်နေရာ ၄၅ နေရာအနက် ၄၀ နေရာမှာ အနိုင်ရခဲ့ပါတယ်။

မြန်မာနိုင်ငံသမ္မတက အလေးအနက်ထားပြီး ဆောင်ရွက်နေတယ်လို့ ကျွန်တော်ယူဆပါတယ်။ ကြားဖြတ် ရွေးကောက်ပွဲအဖြေက ဒီအချက်ကို ပြသနေပါတယ်လို့ မစ္စတာ ရှန်မူဂမ်က ပြောပါတယ်။ Source.washingtonpost.com

အိန္ဒိယဝါဂွမ်းထုတ်လုပ်သူများနဲ့ ပို့ကုန်လုပ်ငန်းရှင် ၁၂ ခုက အမှုဆောင်များက ဗီယက်နမ်စီးပွားဖက်တွေနဲ့ ဟိုချီမင်းစီတီမြို့မှာ ဇွန် ၁၉ ရက်က တွေ့ဆုံဆွေးနွေးပြီး စီးပွားရေးအခွင့်အလမ်းတွေကို ရှာဖွေခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက ပြောပါတယ်။ သူတို့အားလုံးက အိန္ဒိယဝါဂွမ်းချည်မျှင် တင်ပို့ရေးလုပ်ငန်း တိုးမြှင့်ရေး ကောင်စီ ( Texprocil)က ကိုယ်စားလှယ်တွေဖြစ်ပါတယ်။

“ကုန်ကြမ်းရနိုင်တဲ့အရင်းအမြစ်သစ်တွေကို ရှာဖွေဖို့ ဗီယက်နမ်တင်သွင်းသူတွေက စိတ်ဝင်စားနေပါတယ်။ ထုတ်ကုန်အမျိုးအစားများများရှိနေတဲ့ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်တွေက ယခုလိုစီးပွားရေး လုပ်ငန်းတွဲဖက်ဖို့ ညှိနှိုင်းမှုတွေက တစ်ဆင့် ဗီယက်နမ်ဝါဂွမ်းလုပ်ငန်းတွေအတွက် လိုအပ်နေတဲ့ကွပ်လပ်မှန်သမျှကို ဖြည့်ဆည်း ပေးနိုင်မှာဖြစ်ပါတယ်”လို့ Texprocil ဥက္ကဌ အမစ်ဂူပါရေလီယာက ပြောပါတယ်။

ဗီယက်နမ်နိုင်ငံက လိုအပ်နေတဲ့ဝါဂွမ်းရဲ့ ၉၈ ရာခိုင်နှုန်းကနေ ၉၉ ရာခိုင်နှုန်းလောက်ကို ပြည်ပကနေ တင်သွင်းလျက်ရှိရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိကြောင်း အများစုမှာ အမေရိကန်၊ အိန္ဒိယ၊ ဘရာဇီးနဲ့တောင်အာဖရိကတို့မှ ဖြစ်ကြောင်း ဗီယက်နမ်ချည်မျှင်နဲ့ အထည်ချုပ်လုပ်ငန်းအသင်း ကိုယ်စားလှယ် ငုယင်းဗန်တွန်းက ပြောပါတယ်။ ဗီယက်နမ်က လိုအပ်ချက်ရဲ့ ၂၀ ရာခိုင်နှုန်းကိုအိန္ဒိယမှ တင်သွင်းကြောင်း သူက ပြောပါတယ်။ ဗီယက်နမ် အထည်ချုပ်လုပ်ငန်းအတွက် ချည်မျှင်ပမာဏအမြောက်အမြားလိုအပ်တဲ့အတွက် အိန္ဒိယကုမ္ပဏီတွေအတွက် အခွင့်ကောင်းဖြစ်ပါတယ်။ Source.VNS

## အိန္ဒိယ အထည်ချုပ်ကုမ္ပဏီများက ဗီယက်နမ်မှာ မိတ်ဖက်သစ်ရှာ



## GMS နိုင်ငံများက ကုန်သွယ်မှုအတွက် ပြည်တွင်းငွေကြေးများကို သုံးဖို့ စိတ်ဝင်စား

ငွေကြေးဖလှယ်မှုနှုန်း မတည်မငြိမ် ဖြစ်တဲ့ အန္တရာယ်ကနေ ကာကွယ်ဖို့အတွက် အစီအမံတစ်ရပ်အနေနဲ့ အပြန်အလှန် ကုန်သွယ်မှု သဘောတူ စာချုပ်တွေ ချုပ်ဆိုတဲ့အခါ ပြည်တွင်းငွေကြေးတွေကို အသုံးပြုသွားဖို့ မဟာမဲခေါင်ဒေသခွဲ(GMS) နိုင်ငံများကစဉ်းစားနေကြကြောင်း ထိုင်းဗဟိုဘဏ်က ပြောကြားသည်။

၎င်းအစီအစဉ်ကို ထမြောက် အောင်မြင်အောင် အကောင်အထည် ဖော်ဖို့အတွက် GMS ဒေသအတွင်းရှိ နိုင်ငံတွေမှာရှိတဲ့ ဗဟိုဘဏ်တွေက ပူးပေါင်း ဆောင်ရွက်ပြီး ပုဂ္ဂလိက ကဏ္ဍရဲ့ ယုံကြည်မှုရအောင် ထူထောင်ရမယ်လို့ ထိုင်းဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ပရာဆန်ထရိုင်ရက်ဗိုရာကူးက ပြောပါတယ်။

တရုတ်ယွမ် ငွေကြေးကိုသုံးပြီး တရုတ်တွေနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ရာမှာ ငွေကြေး သဘောတူစာချုပ်က ထိုင်းစီးပွားရေးလုပ်ငန်းရှင်တွေကို အားပေးလျက်ရှိကြောင်း ထိုင်းနဲ့ တရုတ်တို့ မကြာမီက ပြုလုပ်ခဲ့တဲ့ ငွေကြေးသဘောတူစာချုပ်ကို ရည်ညွှန်းပြီး သူက ပြောပါတယ်။

မြန်မာနိုင်ငံ ဗဟိုဘဏ်ကလည်း ထိုင်းနိုင်ငံနဲ့ငွေကြေးဖလှယ်မှု သဘောတူစာချုပ်ချုပ်ဆိုဖို့ စိတ်ဝင်စား မှုရှိကြောင်း မြန်မာနိုင်ငံဗဟိုဘဏ်က တာဝန်ရှိသူတွေနဲ့ သူနဲ့ ဆွေးနွေးခဲ့တာတွေကို ရည်ညွှန်းပြီး သူက ပြောပါတယ်။

Sources.Xinhua.

ဘဏ်တင် စုစည်းတင်ပြသည်